
www.burmeseclassic.com

# …ေယာက်တော်လှအောင်

…န်းသီးကြွေခိုက် ကျီးနင်းလိုက်



CHARD WORMSER

he Late Mrs. Five

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တန်းသီးခြွေခိုက် ကျိုးနှင်းဆိုက်

## အလောက်တော်လှအောင်

# The Late Mrs.Five

by

**RICHARD WORMSER**

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၂၇၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၃၃၀၂၀၈

❒

ပုံနှိပ်ခြင်း
ပထမအကြိမ် - ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ
ဒုတိယအကြိမ် - ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - (၅၀၀)

❒

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်ခြင်း
ကလျာပုံနှိပ်တိုက်
အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

❒

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနန်းသာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး

❒

တန်ဖိုး
၁၉၀၀. ကျပ်


# အခန်း (၁)

အမေရိကန်ပြည်ထောင်စု၏ သည်ဘက်ခြမ်းသည် ကင်းဆတ်ပြည်နယ်နှင့် အင်ဒီးယားနား ပြည်နယ်များကဲ့သို့ပင် မြေပြန့်ဖြစ်သည်ဟု ကျွန်တော် ထင်မှတ်ထားခဲ့မိပါသည်။

သို့သော်လည်း သည်နယ်မြေသို့ ကိုယ်တိုင် ရောက်လာရသောအခါတွင် ကျွန်တော် ထင်မှတ်ထားခဲ့သလို မဟုတ်ကြောင်း မြင်တွေ့ရလေသည်။

တောင်ကုန်းပေါ်များပြီး သစ်ပင်ထူထပ်သည်။ မော်တော်ကားလမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် တောင်တန်းကြီးများ ရှိနေသည်။

ထိုတောင်တန်းကြီးများမှ စီးဆင်းလာသည့် ချောင်းကလေးများက မော်တော်ကားလမ်းကို ဖြတ်သောအခါ အုတ်တံတားကလေးများ ထိုးထားသည်ကို တွေ့မြင်ရလေသည်။

ကျွန်တော် ရောက်လာသည့် နေရာသည် တောင်ကြားလွင်ပြင်ကလေးဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်နေကြသည်။ ကိုယ့်ဝင်း ကိုယ့်ခြံနှင့် သီးသန့်နေထိုင်ကာ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံပင်များကလည်း စိမ်းလန်းစိုပြည်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှုခင်းများမှာ အလွန်တရာ သာယာလှပလေသည်။ မော်တော်ကား မောင်းနေရင်း ပတ်ဝန်းကျင်၏ အလှမှာ ကျွန်တော် နစ်မျောနေမိပါသည်။

ကျွန်တော် မောင်းလာသော မော်တော်ကားမှာ အသစ်ဖြစ်ပြီး ကျွန်တော် ပိုင်ဆိုင်သော ကားလည်း ဖြစ်လေသည်။

သို့သော် ကုမ္ပဏီ၏ အလုပ်ကိစ္စဖြင့် ယခုလို ခရီးသွားလာနေရသည့် အခါတိုင်း မော်တော်ကားနှင့် ပတ်သက်၍ ကုန်ကျစရိတ်များအားလုံးကို ကျွန်တော် အလုပ်လုပ်နေသည့် ကုမ္ပဏီက ကျခံပေးပါသည်။ မော်တော်ကား တန်ဖိုး လျော့သွားသည့်အတွက်ပါ ကုမ္ပဏီက တာဝန်ယူသည်။

အဝေးပြေးလမ်းမကြီးအတိုင်း မောင်းလာရင်း တောင်ကြားလွင်ပြင်ကလေးသို့ ရောက်လာသည်တွင် လမ်းခွဲကလေးတစ်ခုကို တွေ့ရသည်။ ထိုလမ်းခွဲကလေးတွင် 'လောင်ဒီစဘတ်မြို့သို့' ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကလေး တစ်ခု ရှိနေသည်။

ထိုဆိုင်းဘုတ်ကို မြင်သောအခါကျမှ ကျွန်တော်တို့ကုမ္ပဏီမှ ထုတ်လုပ်သည့် မြောင်းဆောင်ဖော်စက်တစ်လုံး မရောင်းရသေးဘဲ သည်မြို့ကလေးတွင် ရှိနေသေးကြောင်း သတိရမိသည်။ ထိုမြောင်းဆောင်ဖော်စက်နှင့် ပတ်သက်သော စာရွက်စာတမ်းများလည်း ကျွန်တော်နှင့်အတူ ပါလာသည်။

လမ်းကြုံနေသည့်အတွက် ထိုကိစ္စကို တလက်စ,တည်း ဆောင်ရွက်ပေးရန် ကျွန်တော် ဆုံးဖြတ်လိုက်လေသည်။ သို့ဖြင့်ပင် ထိုလမ်းခွဲကလေးအတိုင်း လောင်ဒီစဘတ်မြို့ရှိရာသို့ ချိုးကွေ့ခဲ့မိသည်။

မြို့ဆိုသော်လည်း ရွာသာသာ သေးသေးကလေး ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ လမ်းမကြီးများ တစ်ဘက်တစ်ချက်ရှိ သစ်ပင်များကို ခုတ်လှဲထားသည်။ ဘဏ်တိုက် နှစ်ခု၊ ဟိုတယ်ကလေး တစ်လုံး၊ ရုပ်ရှင်ရုံ သုံးရုံ၊ ကုန်မျိုးစုံဆိုင်ကြီး တစ်ဆိုင်၊ တရုတ်စားသောက်ဆိုင် တစ်ဆိုင်နှင့် အခြား စားသောက်ဆိုင် သုံးဆိုင် ရှိသည်ကို တွေ့ရသည်။

မီးရထားလမ်းနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ ကျွန်တော် သွားရမည့် 'ဂျေ၊ အက်ဖ်၊ ဂရေး၊ တိရစ္ဆာန် အစားအစာနှင့် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးကုမ္ပဏီ' ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်ရလေသည်။



ကုမ္ပဏီ၏ ပစ္စည်းပြခန်းထဲမှာလည်း ကျွန်တော်တို့ ကုမ္ပဏီက ထုတ်လုပ်သော မြောင်းဆောင်ဖော်စက်တစ်လုံး ခင်းကျင်းပြသ,ထားသည်ကိုပါ အထင်းသား လှမ်းမြင်နေရသည်။

ဂျေ၊ အက်ဖ်၊ ဂရေး ကုမ္ပဏီရှေ့တစ်နေရာတွင် မိန်းမပျိုတစ်ယောက် အလုပ်ထိုင်လုပ်နေသည်ကိုပါ တွေ့ရသည်။ ကျွန်တော့်ဘက်သို့ ကျောခိုင်းထိုင်နေသည်။ ပစ္စည်းပုံသည့် ကွက်လပ်ကလေးနှင့် ဂိုဒေါင်အတွင်းရှိ ကုန်ပစ္စည်းများကို သယ်ပိုးရွှေ့ပြောင်းနေကြသော အလုပ်သမားများကိုပါ တွေ့ရသည်။

တိရစ္ဆာန် အစားအစာများ၊ မျိုးစေ့များနှင့် သံဆူးကြိုးများ ထုတ်ရောင်းနေကြသည်။

ထိုင်နေသော မိန်းမပျိုဆီသို့ ကျွန်တော် လျှောက်သွားသည်။ ကုမ္ပဏီအကြီးအကဲနှင့် တွေ့လိုကြောင်း ကျွန်တော်က ပြောသည်။ စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသော မိန်းမပျိုက ကျွန်တော့်ကို မော့ကြည့်သည်။

"ဒီမှာ မရှိဘူး၊ ထောင်ထဲမှာ ထင်တယ်"

သူ့အဖြေကြောင့် ကျွန်တော် လန့်သွားသည်။ ကျွန်တော့်အမူအရာကို မိန်းမပျိုက အကဲခတ်လိုက်မိပုံရသည်။ ထို့ကြောင့် သူ့မျက်နှာပေါ်မှာ အပြုံးကလေး တစ်ချက် ပွင့်သွားသည်။

"ရှင်ဟာ ကျွန်မတို့ဆီမှာ ကုန်ဝယ်နေကျ ဖောက်သည် မဟုတ်ဘူး ထင်တယ်၊ ဖေဖေ ထောင်ထဲမှာဆိုလို့ လန့်မသွားပါနဲ့ရှင်၊ ဖေဖေက ဒီမြို့မှာ ရဲအရာရှိချုပ်လည်း လုပ်တယ်လေ"

"ဩော်…ဒီလိုလား၊ မင်းဟာ ဒီကုမ္ပဏီကဆိုရင်တော့ ကျုပ် သိချင်တာကလေး တစ်ခုများ ပြောပြနိုင်မလား မသိဘူး၊ ကျုပ်က မင်းတို့ဆီမှာ ကုန်ပစ္စည်းဝယ်မယ့်လူ မဟုတ်ပါဘူး၊ ဟောဟိုအထဲမှာ ပြသ,ထားတဲ့ မြောင်းဆောင်ဖော်စက်လုပ်တဲ့ ကုမ္ပဏီက ကိုယ်စားလှယ်ပါ"

ကျွန်တော့်စကား ဆုံးသောအခါ မိန်းမပျိုက ခေါင်းတစ်ချက်ညိတ်ပြီး ထိုင်ရာမှ ထ,သည်။ သူ့အရပ်တော်တော်မြင့်သည်ကို မြင်လိုက်ရသောကြောင့် ကျွန်တော် အံ့အားသင့်သွားမိပြန်သည်။ ငါးပေ ခုနစ်လက်မလောက်တော့ ရှိပေမည်။ ထိုသို့ အရပ်မြင့်ရသည်မှာလည်း သူ၏ ခြေတံများ ရှည်လျားသောကြောင့် ဖြစ်သည်။ ထိုင်နေစဉ်ကမူ အရပ်ပုပု မိန်းကလေးတစ်ယောက်ဟု ထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ပုသော မိန်းကလေးများကို ကျွန်တော် သဘောမကျပါ။ အရုပ်မြင့်သော မိန်းကလေးများနှင့် ပတ်သက်လျှင် ကျွန်တော် ကံကောင်းလေ့ရှိသောကြောင့်လည်း သူတို့ကို ပိုသဘောကျခြင်း ဖြစ်နိုင်ပါသည်။

"ရှင်ဟာ ကျွန်မတို့ဆီက ဝယ်နေကျ ဖောက်သည် မဟုတ်ကြောင်း သိသာပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဖေဖေဟာ ရဲ့အရာရှိဖြစ်ကြောင်း သိတာနဲ့ တစ်ပြိုင်တည်း ကျွန်မတို့ ဖောက်သည်တွေက သူတို့ စိုက်ပျိုးရေးခြံတွေကို စောင့်ရှောက်ပေးဖို့ တန်းပြောကြတော့တာပဲလေ"

"လူတိုင်းပဲလား"

"လူတိုင်းလိုလိုပဲ ဆိုကြပါစို့၊ မြောင်းဘောင်ဖော်စက်နဲ့ ပတ်သက်ပြီး ဘာတွေများ ရှင် သိချင်ပါသလဲ"

"အဲဒီစက်မျိုး ဘယ်နှစ်လုံး ရောင်းရပြီလဲ၊ ဝယ်သုံးတဲ့ လူတွေက ကြိုက်ရဲ့လား၊ အခု ပြထားတဲ့စက်ကို လူတွေက ဘာကြောင့် မကြိုက်သလဲ ဆိုတာတွေ သိချင်လို့"

"ဒါဆိုရင်တော့ ဖေဖေနဲ့ မေးမှဖြစ်မယ်ထင်တယ်၊ ကျွန်မက ဒီမှာ စာရင်းအင်း မှတ်တာတို့၊ တယ်လီဖုန်း လက်ခံစကားပြောတာတို့၊ ပစ္စည်းဝယ်တဲ့ အမှာစာတွေ လက်ခံတာတို့လောက်ပဲ လုပ်တာပါ၊ ဒါပေမဲ့ ရှင်တို့ မြောင်းဘောင်ဖော်စက်က ဒီနယ်မှာတော့ သိပ်ပြီး အသုံးတည့်မယ် မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နယ်မှာရှိနေတဲ့ စိုက်ပျိုးရေးသမားတွေက မြေပြန့်ကိုပဲ အဓိကထားပြီး စိုက်ပျိုးကြတယ်၊ တောင်ကုန်းတွေပေါ်မှာ စိုက်ပျိုးလေ့ မရှိကြဘူး၊ သိတယ် မဟုတ်လား"

မိန်းမပျိုက စကားတပြောပြောနှင့် အဆောက်အဦတွင်းသို့ လျှောက်သွားသည်။ ကျွန်တော်ကလည်း သူနှင့်အတူ လိုက်သွားသည်။ မြောင်းဘောင်ဖော်စက်နားမှာ ရပ်သည်။ သူ့သွားကို လက်သည်းကလေးဖြင့် တို့ရင်း စဉ်းစားသလို လုပ်နေသည်။ သူ့လက်သည်းကလေးများမှာ သဘာဝအရောင် ဆေးဆိုးထားသည်ကို တွေ့ရသည်။

"ဒီစက်ကို ဘာဖြစ်လို့ အပြာရောင်ဆေး သုတ်ထားတာလဲဟင်"

"အင်း…ဆေးသုတ်တဲ့ဌာနနဲ့ ကျုပ်နဲ့တော့ မဆိုင်ဘူး၊ ဒါပေမဲ့ ကျုပ်အထင်ကို ပြောရရင် ကျုပ်တို့သူဌေးက တခြားစက်တွေနဲ့ မတူအောင် သုတ်ခိုင်းတယ် ထင်တယ်၊ တခြားကုမ္ပဏီတွေက ထုတ်လုပ်တဲ့ မြေတူးစက်တို့ မြေညှိစက်တို့ မြောင်းဘောင်ဖော်စက်တို့ဟာ များသောအားဖြင့် အနီရောင်တို့ အဝါရောင်တို့ လိမ္မော်ရောင်တို့ သုတ်လေ့ရှိကြတယ် မဟုတ်လား၊ ကျုပ်တို့စက်က အပြာရောင်ဆိုတော့ မှတ်မိလွယ်တယ်၊ ကျုပ်တို့ စက်အမျိုးအစားကလည်း အင်မတန်ကောင်းတော့ သုံးဖူးသူတိုင်း ဒါကို မြင်လိုက်ရင် ချက်ချင်း ကျုပ်တို့ စက်ကောင်းကြောင်းကို သတိရကြမယ်လေ"



"ဟော…ဖေဖေ ပြန်လာပြီ"

မိန်းမပျိုက ထိုသို့ပြောရင်း ကျွန်တော့်ကို ချိုချိုကလေး ပြုံးပြကာ တစ်ဖက်သို့ လှည့်ထွက်သွားလေသည်။

ကျွန်တော်သည် အိတ်ထဲမှ သက်သေခံ အထောက်အထား ကတ်ပြားကို ထုတ်ယူပြီး ဖေဖေ ဆိုသူထံသို့ လျှောက်သွားသည်။ ဖေဖေ ဆိုသူမှာ အသက် ငါးဆယ်ကျော်ခန့် ရှိမည်။ တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ သမ္မတယောင်းဟာရီထရူးမင်းနှင့် ရုပ်ချင်းအတော်ဆင်သည်။

"မစ္စတာဂရေး…ကျွန်တော့်နာမည် ပေါလ်ပိုတာပါ ခင်ဗျာ"

သူက အနည်းငယ်ပြုံးပြီး ကျွန်တော် ကမ်းပေးသည့် ကတ်ပြားကို ယူဖတ်ကြည့်သည်။

"အင်း…ဟုတ်ပြီ၊ ဒါပေမဲ့ ကျုပ်က မစ္စတာဂရေး မဟုတ်ဘူး၊ မစ္စတာဂရေးက ကျုပ်ယောက္ခမ၊ ကျုပ်နာမည်က အော်တိုမက္ကလိန်း"

"ဝမ်းနည်းပါတယ် မစ္စတာ မက္ကလိန်း၊ ဒီနားတစ်ဝိုက်မှာက မြေပြန့်ဖြစ်နေတဲ့အတွက် ကျွန်တော့်တို့ရဲ့ မြောင်းဘောင်ဖော်စက်ဟာ သိပ်အသုံးမဝင်ဘူးလို့ ခင်ဗျားသမီးက ကျွန်တော့်ကို ပြောပြပါတယ်၊ မြေပြန့်ကိုပဲ အာရုံစိုက်လုပ်နေကြတဲ့ စိုက်ပျိုးရေးသမားတွေကြားမှာ ကျွန်တော်တို့စက် အသုံးဝင်ကြောင်း ပြဖို့ အကြောင်းပေါ်လာပါတယ်ခင်ဗျာ၊ ဒီနယ်တစ်ဝိုက်မှာ တောင်ကုန်းတွေ အင်မတန် ပေါများတာကို တွေ့ရပါတယ်၊ ဒါပေမဲ့ အဲဒီတောင်ကုန်းတွေပေါ်မှာ စိုက်ပျိုးရေး လုပ်ကြတာကိုတော့ မတွေ့ရပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီနယ်မှာ ရှိနေကြသူတွေက မြေပြန့်စိုက်ပျိုးရေးသမားတွေ ဖြစ်နေကြလို့ပါပဲ၊ အမှန်ကတော့ ကျွန်တော်တို့ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ မြောင်းဘောင်ဖော်စက်နဲ့ တောင်ကုန်းတွေမှာ လှေကားထစ်တွေ လုပ်နိုင်ပါတယ်၊ အဲဒီလို လှေကား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထန်တွေဖော်ပြီး စိုက်ပျိုးရေးကိုပါ တွဲဖက်လုပ်ကြမယ်ဆိုရင် စိုက်ပျိုးနိုင်တဲ့ မြေအကျယ်အဝန်း ပိုရလာမှာ ဖြစ်ပါတယ်”

မစ္စတာ အော်တိုမက္ကလိန်းသည် ကျွန်တော် ပြောနေသည်များကို နားထောင်ရင်း သူ့သမီး ရှိရာဘက်သို့ မသိမသာ လျှောက်သွားသည်။ သူ့သမီးက စားပွဲတစ်လုံးမှာ ထိုင်ပြီး စာရင်းစာအုပ်များဖြင့် အလုပ်များနေပုံရသည်။

“ဘယ်သူ့များ ဖုန်းဆက်သေးသလဲ အင်ဒီ”

ဟုလည်း သူ့သမီးကို လှမ်းမေးသည်။

“ဘေလ်ကလွဲပြီး ဘယ်သူမှ မဆက်ပါဘူး ဖေဖေ၊ ဘေလ်နဲ့တော့ ဖေဖေ စကားပြောပြီးရောပေါ့”

“အင်း…ပြောပြီးပြီ၊ သူ ပို့လိုက်တဲ့ ချက်လက်မှတ်လည်း ရပြီးပြီ၊ ပစ္စည်းတွေတော့ နည်းနည်းနောက်ကျမယ်လို့ သူ ထပ်ဖုန်းဆက်ရင် ပြောလိုက်စမ်း၊ မစ္စတာပိုတာ…ကျုပ် ရုံးခန်းထဲကို လိုက်ခဲ့ဦး၊ မောင်ပြောတာတွေ ကျုပ် တော်တော်စိတ်ဝင်စားနေပြီ”

သူ့ရုံးခန်းအတွင်းသို့ သူ့နောက်မှ ကျွန်တော် လိုက်သွားသည်။ အုတ်နံရံကို ကျောခိုင်းပြီး သုံးဘက်တွင် မှန်များဖြင့် ကာထားသော ရုံးခန်း ဖြစ်လေသည်။ ကုလားထိုင်အသီးသီးမှာ ကျွန်တော်တို့ ဝင်ထိုင်ကြသည်။ စီးကရက်ဗူး ကိုယ်စီထုတ်ပြီး အပြန်အလှန် တည်ကြသည်။ ပြီးတော့မှ ကိုယ့်စီးကရက် ကိုယ် သောက်ကြသည်။

“အင်း…မောင်ပြောတာတွေက တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒါပေမဲ့ မောင်တွက်ထားတာ တစ်ခု မှားသွားပြီ၊ ဒီနယ်မှာရှိနေတဲ့ တောင်ကုန်းတွေကို စိုက်ပျိုးရေးသမားတွေ ပိုင်ကြတာ မဟုတ်ဘူး၊ သူတို့က မြေပြန့်ကွက်လပ်ကလေးတွေကိုပဲ ပိုင်ကြတာ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မောင်တို့ ကုမ္ပဏီက မြောင်းဖောင်ဖော်စက်က တောင်ကုန်းတွေမှာ လှေကားထစ်တွေ လုပ်နိုင်တယ်ဆိုလို့ ကျုပ် ပိုစိတ်ဝင်စားသွားတယ်၊ ဒီနယ်မှာရှိတဲ့ တောင်ကုန်းတွေကို ဂျွန်ပေါးလီးယတ်ဖိုက်ဆိုတဲ့ လူက ပိုင်တယ်၊ ပိုက်ဆံချမ်းသာတာက တော့ မပြောနဲ့တော့၊ တစ်ကမ္ဘာလုံးမှာ ရှိနေတဲ့ ပိုက်ဆံတွေအားလုံးကို သူ တစ်ယောက်တည်း ပိုင်နေသလားလို့တောင် အောက်မေ့ရတယ်၊ ဒါကြောင့် မောင့်ရဲ့ မြောင်းဖောင်ဖော်စက်တွေ သူ့ကိုရောင်းရင် ဖြစ်နိုင်မယ်ထင်တယ်၊



ဒီကိစ္စ ကျုပ်တော့ မတတ်နိုင်ဘူး”

“မစ္စတာဖိုက်က သူ့တောင်ကုန်းတွေပေါ်မှာ ဘာတွေများ စိုက်ပျိုးပါ သလဲ ခင်ဗျာ”

ဟု ကျွန်တော်က ပြန်မေးသည်။

“သူ့နာမည်က မစ္စတာဖိုက် မဟုတ်ဘူး၊ မစ္စတာ ပေါးလီးယတ်လို့ ခေါ်တယ်၊ ဖိုက်ဆိုတာက နံပါတ်ငါးကို ပြောတာ၊ ဘိုးစဉ်ဘောင်ဆက် နံပါတ် စဉ်ထိုးပြီး မှည့်လာခဲ့တဲ့ နာမည်၊ သူ့အဖေက နံပါတ်လေး၊ သူ့အဘိုးက နံပါတ်သုံး၊ သူ့တောင်ကုန်းတွေပေါ်မှာ ကောက်ပဲသီးနှံစိုက်ပျိုးရေး မလုပ်ပါဘူး၊ ဘိုးဘွားလက်ထက်ကစပြီး မြင်းမွေးခဲ့တယ်၊ သူ့တောင်ကုန်းတွေပေါ်မှာ မြင်းစီး တယ်၊ အမဲလိုက်တယ်၊ သူ့မြင်းတွေအတွက် လိုအပ်တဲ့အစာကိုတောင် မစိုက်ဘူး၊ လိုသမျှအားလုံး ကျုပ်ဆီကပဲ ဝယ်တယ်၊ ကျုပ် ဖောက်သည်တွေထဲမှာတော့ တိရစ္ဆာန်အစားအစာ အများဆုံးဝယ်တဲ့ ပုဂ္ဂိုလ်ကြီးပဲပေါ့”

ဝိတ်စိုတစ်ရာ ပြန်ပြောဖို့ ကျွန်တော် ပါးစပ်ပြင်လိုက်ချိန်မှာပင် ကျယ်လောင်စူးရှသော ဥသြဆွဲသံတစ်ခု ရုတ်တရက် ပေါ်လာသည်။ ကျွန်တော် အထိတ်တလန့် ဖြစ်သွားသော်လည်း အော်တိုမက္ကလိန်းကမူ ဘာမှမဖြစ်သလို အိတ်ဆောင် ရွှေနာရီလေးကို ထုတ်ကြည့်သည်။

“လေကြောင်းအန္တရာယ် အချက်ပေးဥသြ ဆွဲတာပါ၊ ဒီအချိန်တိုင်းမှာ အမြဲတမ်း အစမ်းဆွဲကြည့်လေ့ရှိတယ်”

အထိတ်တလန့် ဖြစ်သွားမိသည့်အတွက် ကျွန်တော် အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်မိသည်။ သူ သတိမထားမိအောင် ဣန္ဒြေဆည်လိုက်ရသည်။

“ဒီနေ့ နေ့လယ်စာ ကျွန်တော် ကျွေးပါရစေခင်ဗျာ”

‘ကောင်းသားပဲ’ ဟုပြောကာ သူက အလွယ်တကူပင် လက်ခံလိုက်လေသည်။

သူ့ရုံးခန်းထဲမှ ကျွန်တော်တို့ ထွက်လာကြသည်။ ထိုအချိန်မှာပင် လူငယ်တစ်ယောက်က သူ့သမီးအင်ဒီ ထိုင်နေသည့် စားပွဲရှိရာသို့ ဝင်လာသည်။ သူ့သမီးနာမည်မှာ အင်ဒီဟု ဆိုသောကြောင့် ဘယ်လိုနာမည်မျိုးများ အထူး အဆန်း မှည့်ထားပါလိမ့်ဟု ကျွန်တော် တွေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အချိန်မှန်ရောက်လာလို့ တော်သေးတယ် ဂျင်မ်"

အင်ဒီက ထိုင်ရာမှ ထ,ကာ ကိုယ်ပေါ်ရှိ ဂါဝန်ကို ဆွဲဆန့်ရင်း ဝင်လာသူလူငယ်ကို လှမ်းပြောသည်။

"မင်းအဖေကို နေ့လယ်စာ လိုက်ကျွေးမလို့ မစ္စမက္ကလိန်း၊ မင်းပါ လိုက်စားနိုင်မယ်ဆိုရင် အတော်ပဲ"

"နှစ်မိနစ်လောက် စောင့်နော်"

မိန်းမပျိုက ကျွန်တော့်ကို ခေါင်းပြန်ညိတ်ပြရင်း တစ်ဘက်အခန်းထဲသို့ ဝင်သွားသည်။ သူ့အမူအရာမှာ ကလက်တက်တက် ပုံစံမျိုးမဟုတ်။ တည်တည် ငြိမ်ငြိမ်ပင် ဖြစ်လေသည်။

သူ့ကိုစောင့်ရင်း ရောက်တတ်ရာရာများကို ကျွန်တော်တို့နှစ်ယောက် ပြောနေမိကြသည်။ လောင်ဒီစဘာတ်မြို့ကလေး လှကြောင်း၊ ပတ်ဝန်းကျင် ရှုခင်းများလည်း သာယာကြောင်းကို ပြောပြမိသည်။ အော်တိုမက္ကလိန်းသည် သည်မြို့ဇာတိ မဟုတ်ကြောင်း၊ ရဲအရာရှိအဖြစ် မြို့ကြီးပြကြီးများတွင် နှစ်ပေါင်း သုံးဆယ် အမှုထမ်းခဲ့ကြောင်းများကိုပါ ကျွန်တော် သိလိုက်ရလေသည်။

"တကယ်ကတော့ ဒီမြို့မှာလာပြီး ကျုပ်အခြေချဖို့ မဟုတ်ဘူး၊ ကျုပ်ဇာတိလည်း မဟုတ်ဘူးလေ၊ လွန်ခဲ့တဲ့ နှစ်,နှစ်လောက်က ကျုပ်မိန်းမ ဆုံးသွားတယ်၊ ကျုပ်ယောက္ခမ မစ္စတာဂရေးက သူ့မြေး အင်ဒီကို တွေ့လို ကြောင်း စာရေးတယ်၊ ဒါနဲ့ ကျုပ်တို့သားအဖ ဒီကို ရောက်လာတယ်၊ ဒီရောက် လာပြန်တော့လည်း ကျုပ်ယောက္ခမရဲ့ စီးပွားရေး လုပ်ငန်းတွေကို ဦးစီးဦးဆောင် လုပ်ပေးမယ့်သူ မရှိပြန်ဘူး၊ ဒါနဲ့ပဲ ကျုပ်လည်း ဒီမှာ သောင်တင်နေတော့တယ် ဆိုပါတော့"

"ဟုတ်တာပေါ့လေ၊ ဒါနဲ့ပဲ ဒီမြို့မှာ တာဝန်ခံ ရဲအရာရှိအဖြစ် ခင်ဗျား ကို ခန့်လိုက်ကြရော ဆိုပါတော့"

"ဟုတ်တယ်၊ ထောက်ပံ့ကြေးက တစ်နှစ်မှ သုံးရာတည်းပါ၊ မော်တော်ကားစရိတ် နည်းနည်းပါးပါး ရတယ်၊ ဒီမြို့မှာရှိတဲ့ ရဲတပ်ဖွဲ့အင်အားက ယာဉ်ထိန်းရဲသားတစ်ယောက်နဲ့ ည,ပတ္တရောင်လှည့်တဲ့ ရဲသားတစ်ယောက်ပဲ ရှိပါတယ်"

"ဒီမြို့ကလေးကလည်း အစစအရာရာ အေးအေးချမ်းချမ်း ရှိပုံရပါ



တယ်ခင်ဗျာ"

"ကျုပ်နဲ့ သင့်လျော်တယ်ပဲ ဆိုပါတော့လေ"

ကျွန်တော်တို့နှစ်ယောက် စကားပြတ်သွားကြသည်။ ဘာဆက်ပြောရ မှန်း မသိဘဲ ကြောင်တက်တက် ဖြစ်နေသောကြောင့် ကျွန်တော်ကပဲ စကားမရှိ စကားရှာ ပြောရတော့သည်။

"မိန်းကလေးတစ်ယောက်ကို အင်ဒီဆိုတဲ့ နာမည် မှည့်ထားတာ အတော်တော့ ဆန်းတယ်နော်"

"ကျွန်မနာမည်အမှန်က အင်ဒရီယာပါ"

အသံနှင့်အတူ ကျွန်တော်တို့အနားသို့ သူသမီး ရောက်လာသည်။

"ဒါလည်း မှည့်ရိုးမှည့်စဉ် နာမည်မျိုးတော့ မဟုတ်သေးဘူး"

"ဒါပေမဲ့ ကျွန်မအဖို့တော့ ရိုးသွားပြီ"

အပြင်သို့ ကျွန်တော်တို့သုံးယောက် ထွက်လာကြသည်။ အင်ဒီမှာ နှုတ်ခမ်းအသစ်ဆိုးပြီး ဆံပင်ကိုပါ သပ်ရပ်စွာ ဖြီးလာသည်။ သူလို ချောမော လှပသည့် မိန်းမပျိုကလေးတစ်ယောက်အဖို့ ယခုလို အလှပြင်နေဖို့ မလိုဟု ကျွန်တော် ထင်ပါသည်။ မူလကတည်းက ချောမောလှပပြီး ဖြစ်သောကြောင့် ဘယ်လိုပဲနေနေ စွဲမက်စရာရုပ်မျိုး ဖြစ်ပါသည်။

ကျွန်တော်တို့သုံးယောက် ရင်ပေါင်တန်း လျှောက်လာကြရာတွင် အင်ဒီက အလယ်မှဖြစ်သည်။ လက်တစ်ဖက်က ကျွန်တော့်တံတောင်ဆစ်ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်က သူ့အဖေ လက်မောင်းကို ခပ်တင်းတင်း ကလေး ဆုပ်ကိုင်ထားလေသည်။

"ကျွန်မတို့လုပ်ငန်း သိပ်ကိုအောင်မြင်နေတာ ဖေဖေက ရှင့်ကို ပြော ပြီးရောပေါ့နော်"

ဟု အင်ဒီက ကျွန်တော့်ကို မေးသည်။

"မစ္စတာ ဟေးလီးယတ်အကြောင်း ပြောပြတယ်၊ မြောင်းဆောင်ဖော် စက် သူ့ကို ကြိုးစားရောင်းကြည့်မလို့လေ၊ တခြား သူလိုတဲ့ပစ္စည်းတွေ ရှိရင် လည်း ရောင်းရတာပေါ့"

"ရှုန်ဖိုက်လား၊ သူက အင်မတန် ချမ်းသာတဲ့လူပဲ"

လမ်းမပေါ်သို့ ကျွန်တော်တို့ ရောက်လာကြသည်။ တစ်ခါတစ်ရံတွင်

www.burmeseclassic.com

www.burmeseclassic.com



လူအချို့ကို မြင်လျှင်မြင်ချင်း သဘောကျတတ်ပါသည်။ ယခုလည်း အော်တိုမက္ကလိန်းတို့ သားအဖကို မြင်လျှင်မြင်ချင်း ကျွန်တော် သဘောကျသွားမိလေသည်။ သူတို့သားအဖနှစ်ယောက်သည် စိတ်တူသဘောတူ ရှိကြပုံပေါ်သည်။

အင်ဒီသည် အလွန်တရာ ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်ကိုမူ အငြင်းပွားဖွယ်ရာ လုံးဝမရှိပါ။

"မောင့်အနေနဲ့ အစားအသောက် ချေးမများဘူးဆိုရင် တရုတ်ဆိုင်မှာပဲ သွားစားကြရအောင်လား"

ဟု အော်တိုမက္ကလိန်းက ပြောသည်။

နေ့လယ်စာ စားကြဖို့အတွက် လူအချို့သည်လည်း သူတို့လုပ်ငန်းများရှိရာမှ ထွက်ခွာလာကြလေရာ လမ်းပေါ်တွင် အတော်ကလေး စည်ကားနေသည်ကို တွေ့ရသည်။ အချို့က သူတို့သားအဖကို အော်ဟာစ်နှုတ်ဆက်သွားကြလေသည်။

ဘဏ်တိုက်တစ်ခုရှေ့သို့ ရောက်သောအခါ အော်တိုမက္ကလိန်းက ငွေဝင်အပ်ဦးမည်ဟု ပြောသည်။ သို့သော်လည်း သူ့သမီးက ဆွဲခေါ်သောကြောင့် ကန့်လန့် ကန့်လန့်ဖြင့် ပါလာလေသည်။

သူတို့သားအဖနှစ်ယောက်၏ ဆက်ဆံရေးကို ကြည့်ရသည်မှာ သားအဖဆက်ဆံရေးမျိုး မဟုတ်ဘဲ သားအမိ ဆက်ဆံရေးကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။

အော်တိုမက္ကလိန်းသည် အသက်ငါးဆယ်ကျော် ဖြစ်သော်လည်း ရုပ်ရည်အများကြီးတင်သူ ဖြစ်သည်။ သို့သော် သမီးနှင့် ပတ်သက်ပြီး အလွန်စိတ်ပူတတ်ပုံရသည်။ အံ့သြဖွယ်ကောင်းလောက်အောင်လည်း သည်းခံနိုင်သည်ကို တွေ့ရသည်။

လောင်ဒီစဘတ် အမျိုးသားဘဏ်တိုက်ရှေ့သို့ ရောက်သောအခါ ဘဏ်တိုက်ထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာပြီး ကျွန်တော်တို့ရှေ့မှ လျှောက်သွားသည်။

သည်နေရာတွင် ယောကျာ်းများအကြောင်းကို ကျွန်တော် စဉ်းစားကြည့်နေမိသည်။ ကျွန်တော့်ကို လက်တွဲလျက် လိုက်ပါလာသော မိန်းမပျိုကလေးသည် အလွန်တရာ ချောမောလှပသူ ဖြစ်သည်။ ကျွန်တော်နှင့်လည်း အပေးအယူ



မျှနေသည်။ ယနေ့ည သူ့ကို အပြင်ခေါ်ပြီး ညစာ ကျွေးပါရစေ ဆိုလျှင်လည်း ငြင်းဆန်မည့်ပုံမျိုးမရှိ။ အလွယ်တကူ လက်ခံမည့်ပုံမျိုး ဖြစ်သည်။

သို့သော်လည်း ကျွန်တော်သည် ကိုယ့်လက်မောင်းကို တွဲခိုလာသည့် မိန်းကလေး ချောချောလှလှတစ်ယောက် ရှိနေပါလျက်နှင့် ရှေ့က လျှောက်သွားနေသော အမျိုးသမီးကို မျက်တောင်မခတ် လှမ်းငေးကြည့်နေမိသည်။

ထိုအမျိုးသမီး၏ ခြေထောက်များက အလွန်တရာ ဖြောင့်စင်းလှပလေသည်။ ဟန်ပါပါ လမ်းလျှောက်သွားသောအခါ ပြည့်ဖြိုးသည့် တင်အစုံကလည်း နိမ့်တုံမြင့်တုံ ဖြစ်သွားသည်။ ကျွန်တော့်မျက်စိထဲတွင် အလွန်ကြည့်ကောင်းနေသည်။ သူ့မျက်နှာကလေးကို မြင်လိုက်စမ်းချင်ပါဘိ။ သူ့အသက်အရွယ် ဘယ်လောက်ရှိပြီကို သိလိုက်ချင်စမ်းပါဘိ။

ရှေ့က အမျိုးသမီးအား ကျွန်တော် စိတ်ဝင်စားနေသည်ကို အင်ဒီက ရိပ်မိဟန်တူသည်။

"ရှေ့က အမျိုးသမီး စီးထားတဲ့ ဖိနပ်က ကျွန်မကိုယ်ပေါ်မှာ ရှိနေတဲ့ပစ္စည်းတွေ အားလုံးလောက် တန်ဖိုးကြီးတယ်"

ဟု အင်ဒီက ပြောသည်။

ထို့အချိန်မှာပင် ရှေ့မှအမျိုးသမီးက တစ်ဖက်သို့ ချိုးကွေ့သွားသည်။ မလှမ်းမကမ်းမှာ ရပ်ထားသည့် ဖြူစတေရှင်ဝက်ဂွန်းကားကြီးဆီသို့ ဦးတည်သွားနေသည်။ သို့ကလို ဘယ်ဘက်သို့ သူကွေ့လိုက်သောကြောင့် သူ့မျက်နှာကို ကျွန်တော် ကောင်းစွာ မြင်လိုက်ရလေသည်။

အလွန်တရာ သာယာအေးချမ်းနေသော ရာသီဥတုသည် နေဆယ်စင်း ထွက်လာသကဲ့သို့ ပူပြင်းသွားတော့သည်။ တသုန်သုန် တိုက်ခတ်နေသော လေကလည်း ချက်ချင်းငြိမ်သွားသည်ဟု ထင်လိုက်ရသည်။ အသက်ရှူကျပ်ပြီး မွန်းချင်သလိုလိုပင် ဖြစ်လာမိလေသည်။

ထိုအမျိုးသမီး၏ လှပသော ခြေထောက်များကို ကျွန်တော် မက်မက်မောမော လှမ်းကြည့်နေမိသည်မှာ အဆန်းမဟုတ်ချေတော့ပြီ။

ထိုခြေထောက်ပိုင်ရှင် ထိုအမျိုးသမီးကိုပင် တရံရောအခါတုန်းက ကျွန်တော် လက်ထပ်ခဲ့ဖူးသောကြောင့် ဖြစ်ပါသတည်း။

ထိုခြေထောက်များသည် ကမ္ဘာပေါ်တွင် ကျွန်တော် အကြိုက်ဆုံး အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် ပိုင်ဆိုင်ခဲ့သည့် ခြေထောက်များပင် ဖြစ်ပါသည်။ ကျွန်တော်၏ ဧနီးယောင်း အက်ဒစ်စတိုင်းပိုတာ ပိုင်ဆိုင်ခဲ့သည့် ခြေထောက်များပင် ဖြစ်ပါသည်။

ယခုအခါတွင်မူ သူနာမည်သည် အက်ဒစ်စတိုင်းပိုတာ ဟုတ်ချင်မှလည်း ဟုတ်တော့မည်။

ကျွန်တော့်ဆီမှာ ရှိသမျှများကိုလည်း သူ ခွာယူသွားခဲ့ပြီ။ ကျွန်တော့်မှာ ဖြူခါပြာခါ ဖြစ်ကျန်ရစ်ခဲ့သည်။

သို့သော်လည်း ယခု သူမောင်းထွက်သွားတော့မည့် စတေရှင်ဝက်ဂွန်းကားကြီးလောက်တော့ တန်ဖိုးရှိနိုင်မည် မဟုတ်ပါ။

အက်ဒစ်သည် နောက်ထပ် ဥစ္စာသိုက်တစ်ခုကို တွေ့နေပြန်ပြီထင့်။

◆◆◆

# အခန်း (၂)

မတ္တလိန်းနှင့် အင်ဒီကို တစ်စုံတစ်ယောက်က ရပ်စကားပြောသောကြောင့် ကျွန်တော် စောင့်နေရသည်။ သူတို့ ဘာတွေပြောနေကြသည်ကို ကျွန်တော် မသိပါ။

အလွန်တန်ဖိုးကြီးမားသော ကျွန်တော်၏ ဧနီးဟောင်းအက်ဒစ်က တန်ဖိုးကြီးမားသည့် ပြစတေရှင်ဝက်ဂွန်းကားကြီး မောင်းထွက်သွားသည်ကိုသာ ကျွန်တော် ငေးကြည့်နေမိလေသည်။

အင်ဒီကို သူတို့ အသိတစ်ယောက်က ဖြတ်နှုတ်ဆက်ပြီး စကားပြောနေသောကြောင့် ထိုအမျိုးသမီး မည်သူမည်ဝါ ဖြစ်ကြောင်း ကျွန်တော် မေးခွင့်မရလိုက်တော့ပါ။ အမှန်ဆိုလျှင် အင်ဒီကို သူတို့အသိက လမ်းမှဖြတ်ပြီး စကားမပြောလျှင် ကျွန်တော်က မေးနေဖို့ပင် လိုမည်မဟုတ်။ သူတို့ တောမြို့ကလေး၏ စရိုက်အတိုင်း အက်ဒစ်သည် မည်သူမည်ဝါဖြစ်ကြောင်း အင်ဒီက သူ့အလိုလို ပြောပြပြီး ဖြစ်နေပေလိမ့်မည်။

တရုတ်စားသောက်ဆိုင်ထဲသို့ရောက်ပြီး နေရာအသီးသီး ယူကြသည်။ စားသောက်ဖွယ်ရာများကို မှာသည်။ ထိုအချိန်ကျမှပင် ကျွန်တော်လည်း ကိုယ့်စိတ်ကိုယ် ပြန်ထိန်းနိုင်ပြီး ဣန္ဒြေရရ နေနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မြို့ကလေးပေါ်တွင် ဂျွန်ဖိုက် ရှိ၊မရှိ မက္ကလိန်းက သူ့သမီးကို လှမ်းမေးသည်။

"မနေ့ညတုန်းက ဟင်နရီလိုက်ဖ်တန်နဲ့ ခွစ်ကျွန်ဖိုက်ကို ဟိုတယ်မှာ တွေ့ခဲ့တယ်၊ မြင်းကိစ္စအတွက် ပြည်နယ်မြို့တော်ကို ဂျွန်ဖိုက်သွားနေတယ်လို့ သူတို့ ပြောတယ် ဖေဖေ၊ ဒီနေ့ ညနေပိုင်းလောက်မှ ဂျွန်ဖိုက် ပြန်ရောက်မယ်လို့ ပြောတာပဲ၊ ဟင်နရီလိုက်ဖ်တန်က မစ္စတာ ဂျွန်ဖိုက်တို့ရဲ့ ရှေ့နေလေ၊ သိတယ် မဟုတ်လား မစ္စတာပိုတာ"

"ကိုယ့်ကို ပေါလ်လို့ပဲ ခေါ်ပါ"

"ကောင်းပါပြီ ပေါလ်၊ ရှင် နေကောင်းပါတယ်နော်၊ ရှင့်ကို ကြည့်ရတာ မျက်နှာမကောင်းသလိုပဲ"

"ကောင်းပါတယ်၊ ခရီးနည်းနည်းပန်းရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်"

ဟု ကျွန်တော်က အလိုက်သင့် ပြန်ဖြေလိုက်ရလေသည်။

ကျွန်တော်၏ ဇနီးဟောင်းကို အမှတ်မထင် မြင်တွေ့လိုက်ရသောကြောင့် စိတ်များ မတည်မငြိမ် ဖြစ်သွားရသည့်အကြောင်း အင်ဒီလို ချောမောလှပသည့် မိန်းမပျိုကလေးတစ်ယောက်အား ပြောမပြလိုတော့ပါ။

အက်ဒစ်အကြောင်းကို ပြောမည်ဆိုလျှင် နာကျည်းမှုများ ပါသွားတော့မည်။ ဒေါသများ ပါသွားတော့မည်။ ထိုအခါတွင် အင်ဒီလို မိန်းမပျိုကလေး တစ်ယောက်က တခြားဘက်မှလှည့်ပြီး တွေးကောင်းတွေးတော့မည်။ ကျွန်တော် ပြောသည်များကို ယုံချင်မှ ယုံတော့မည်။

အိမ်ထောင်တစ်ခု ပျက်ကြပြီဆိုရာတွင် သူ့ဘက် ကိုယ့်ဘက် ဇာတ်လမ်းရှိကြစမြဲပင် ဖြစ်ပါသည်။ တစ်ဖက်သတ်ကြီး ကောင်းနေပါလျက်နှင့် ကွဲရသည်ဆိုသော အိမ်ထောင်မျိုးသည် ကမ္ဘာပေါ်တွင် မရှိပါ။ နှစ်ဖက်စလုံး တစ်မျိုးစီ ချွတ်ယွင်းကြသောကြောင့် လက်တွဲဖြုတ်ကြရခြင်းသာ ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ဇာတ်လမ်းကတော့ ကမ္ဘာပေါ်တွင် မဖြစ်ဘူးသော ဇာတ်လမ်းများအနက် တစ်ခု ဖြစ်ပါသည်။ ကျွန်တော့်ဘက်က အစစ အရာရာ ကောင်းခဲ့ပါလျက်နှင့် မကွာရှင်း မပြတ်စဲလျှင် မဖြစ်နိုင်တော့သောကြောင့် ကွာရှင်းပြတ်စဲခဲ့ရခြင်း ဖြစ်ပါသည်။ သို့သော်လည်း သည်အကြောင်းကို အင်ဒီအား ပြောပြနေလို့ သူက ယုံကြည်နိုင်ပါမည်လော။



သည်နယ်သို့ ရောက်လာခိုက် ဂျွန်ဖိုက်နှင့် တလက်စ,တည်း တွေ့သွားရန် အော်တိုမက္ကလိန်းက ကျွန်တော့်ကို ပြောပြနေသည်။ ဂျွန်ဖိုက်နှင့် တွေ့ဖို့ကလည်း ညနေအထိလောက်သာ စောင့်ရမည်ဖြစ်ပြီး မနက်ဖြန်အထိ နေဖို့မလိုကြောင်း ရှင်းပြသည်။

ကျွန်တော်တို့ကုမ္ပဏီမှ ထုတ်လုပ်သည့် အခြားပစ္စည်းများ ရောင်းချခြင်း ရှိ၊မရှိ ကျွန်တော်က မေးကြည့်သည်။ ယခုအထိ ဘာတစ်ခုမှ မရောင်းချရသေးကြောင်း၊ သို့သော်လည်း လာရောက်စုံစမ်းသူ သုံးယောက်တော့ရှိကြောင်း၊ ညနေတွင် ပြန်ရောက်လာမည့် ဂျွန်ဖိုက်ကို စောင့်ရင်း ပိုနေသည့်အချိန်တွင် ထိုလူသုံးယောက်နှင့် သွားရောက်တွေ့ဆုံသင့်ကြောင်း သူက အကြံပေးသည်။

သည်ကစပြီး လုပ်ငန်းကိုင်ငန်းအကြောင်းကို ကျွန်တော်တို့ ဆွေးနွေးဖြစ်ကြတော့သည်။

ကျွန်တော်တို့ စကားဝိုင်းအတွင်းသို့ မကြာခဏ ဆိုသလို အင်ဒီ ပါလာတတ်သည်။ သူ့ထင်မြင်ချက်များကို ဝင်ရောက်ဆွေးနွေးတတ်သည်။ အင်ဒီကတော့ သူ့ကိုယ်သူ စာရင်းအင်းမှတ်သည့် အလုပ်လောက်သာ လုပ်ပါသည်ဟု ဆိုသော်လည်း သူ ဝင်ရောက်ဆွေးနွေးသည်များကို ကြည့်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများတွင် အတော်ကြီး နှံ့စပ်ကျွမ်းကျင်နေပြီဖြစ်ကြောင်း သိသာပါသည်။

စားပွဲထိုးက အစားအသောက်များ လာချပေးသည်။ အလွန်တရာ အရသာရှိသော စားကောင်းသောက်ဖွယ်များ ဖြစ်ပါသည်။ ထို့ကြောင့်လည်း အက်ဒစ်အကြောင်းကို ကျွန်တော် မေ့သွားသည်။

နေ့လယ်စာ စားသောက်ပြီးသောအခါ သူတို့ ကုမ္ပဏီသို့ ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ ကုမ္ပဏီသို့ ရောက်သောအခါ ပြည်နယ်မြို့ပေါ်တွင် ရှိနေသည့် ကျွန်တော်တို့ ကုမ္ပဏီ၏ ကိုယ်စားလှယ်ထံသို့ ဖုန်းလှမ်းဆက်သည်။ မြောင်းဆောင်ဖော်စက် စုံစမ်းသူ လယ်သမားသုံးယောက်အကြောင်းကို မေးကြည့်သည်။ ကိုယ်စားလှယ်က လယ်သမားသုံးယောက်၏ လိပ်စာများကို ပေးသည်။

တစ်ဆက်တည်းမှာပင် လမ်းကြုံနေသောကြောင့် သူ့မြို့သို့လာပြီး သူတို့မိသားစုနှင့် တစ်ရက်လောက်နေရန် ဖိတ်ခေါ်သည်။ ကျွန်တော့်ဆီသို့ လာတိုင်း သူတို့မိသားစုကို ကျွန်တော်က ဧည့်ခံခဲ့စမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေါလ်…ခင်ဗျားမိန်းမရော အတူတူ ပါလာသလား"

ဟု သူက မေးသည်။

"မပါဘူး၊ ကျွန်တော်တို့ ကွာရှင်းပြတ်စဲလိုက်ကြပြီ၊ အခု ကျွန်တော် လူပျို ဖြစ်နေပြီလေဗျာ"

ကျွန်တော့်အဖြေကြောင့် တစ်ဖက်မှ ကိုယ်စားလှယ်မှာ စကားဆက်ဖို့ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။ ကျွန်တော် မော့ကြည့်လိုက်သောအခါ အင်ဒီက ကျွန်တော့်ကို ကြည့်နေကြောင်း သတိထားလိုက်မိသည်။ ကျွန်တော့်စကားကို ကြားသောအခါ သူ့မျက်နှာ ပြုံးသွားသည်ကိုလည်း မြင်တွေ့လိုက်ရလေသည်။

ခဏကြာတော့ သူတို့နယ်မြေ မြေပုံတစ်ချပ်ကို သွားယူပြီး စားပွဲပေါ်မှာ ခင်းသည်။ မြောင်းဆောင်ဖော်စက် ဝယ်ယူရန် စုံစမ်းနေသည့် လယ်သမား သုံးယောက်၏ နေရပ်လိပ်စာများကို မြေပုံပေါ်မှာ ထောက်ပြနေသည်။ ကျွန်တော်က ယနေ့ည ကျွန်တော်နှင့်အတူတူ ညစာ လိုက်စားနိုင်မည်လားဟု မေးသည်။

အင်ဒီက မဆိုင်းမတွ ပြန်ဖြေသည်။

"အို…သိပ်ကောင်းတာပေါ့ရှင်၊ ဟိုတယ်မှာ သွားစားမယ်၊ နောက်ပြီးတော့ အဲဒီမှာ က,ကြရအောင်"

"ဒီလိုဆိုရင် ညနေ ခုနစ်နာရီမှာ မင်းကို လာခေါ်မယ်"

"ဟောဒီမှာ"

သူက မြေပုံပေါ်ရှိ တစ်နေရာကို ထောက်ပြသည်။ ဘေးက အဖြူသား နေရာပေါ်မှာလည်း လိပ်စာကို ရေးချနေသည်။

"ခြံဝမှာရှိတဲ့ စာတိုက်ပုံးပေါ်မှာ ဂျေ-အက်ဖ်-ဂရေး ဆိုတဲ့ နာမည် ရေးထားတယ်၊ ကျွန်မအဘိုးရဲ့ နာမည်ပဲ၊ ကျွန်မတို့က အဘိုးအိမ်မှာ အတူတူ နေကြတာ"

သူတို့ဆီမှ ကျွန်တော် ထွက်ခဲ့ပြီး လောင်ဒီစဘတ်ဟိုတယ်မှာ အခန်း သွားငှားသည်။ ပစ္စည်းများကို ဟိုတယ်မှာ ထားခဲ့ပြီး လယ်သမား သုံးယောက် နှင့်တွေ့ရန် ထွက်လာခဲ့သည်။

လယ်သမားတစ်ယောက်ဆီသို့ ရောက်သောအခါ သူ့မှာ မြေညှိစက် တစ်လုံး ဝယ်ယူထားပြီး ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်တို့



ကုမ္ပဏီမှ ထုတ်လုပ်သည့်စက်များ၏ အစွမ်းထက်ပုံများကိုသာ ကျွန်တော် ရှင်းပြရတော့သည်။

သူကလည်း အစိုးရထံမှ လိုင်စင်ယူပြီး သူချက်လုပ်နေသည့် ဘရန်ဒီ လုပ်ငန်းကို ရှင်းပြသည်။ နမူနာလည်း ထုတ်တိုက်သည်။ ဘရန်ဒီ ချက်လုပ်ရာတွင် အသုံးပြုနိုင်သည့် ပစ္စည်းများကိုပါ ကျွန်တော်တို့ကုမ္ပဏီမှ ထုတ်လုပ်ကြောင်း သူ့ကို ရှင်းပြရသည်။

လောင်ဒီစဘတ်မြို့သို့ပြန်ရန် သူ့ခြံထဲမှ ကျွန်တော် ထွက်လာသောအခါ ညနေ ငါးနာရီ ထိုးနေပေပြီ။ သို့သော်လည်း အလင်းရောင်က ကောင်းကောင်း ရှိနေသေးသည်။ ယနေ့ ကုန်ဆုံးသွားခဲ့သည့် တစ်နေ့တာအကြောင်းကို ပြန်စဉ်းစား ကြည့်အသောအခါ ကျွန်တော် အများကြီး စိတ်ချမ်းသာသွားပါသည်။

ယနေ့ တစ်နေ့တာ၏ နောက်ဆုံးအချိန်များကို လှမ်းမျှော်ကြည့်လိုက် သည်တွင် ပို၍ပင် စိတ်ချမ်းသာမိတော့သည်။

ယနေ့ည အင်ဒီနှင့် ကျွန်တော် တွေ့ရတော့မည် မဟုတ်လော။

ငါးနာရီနှင့် ဆယ်မိနစ် ရှိသောအခါ ဂိတ်ဝကြီးတစ်ခုရှေ့သို့ ကျွန်တော် ရောက်လာသည်။

'ဟေးလီးယတ်တောင်ကုန်း၊ ဂျွန်ဟေးလီးယတ် ၅' ဟူသော စာတန်းထွင်းထားသည့် ကျောက်တုံးကိုပါ မြင်တွေ့ရသည်။ ကျောက်တုံးနှင့် လမ်းညွှန်ထားပုံမှာ အလွန်တရာ လှပလေသည်။

ယနေ့ ညနေပိုင်းတွင် သူပြန်ရောက်မည်ဟု သူ့ရှေ့နေနှင့် သူ့ဇနီးက ပြောကြောင်း အင်ဒီထံမှ ကျွန်တော် သတင်းကြားထားခဲ့သည်။ အင်ဒီနှင့် ချိန်းထားသည့်အချိန်ကို ရောက်ဖို့လည်း တစ်နာရီခွဲကျော် လိုသေးသည်။ ထို့ကြောင့် လမ်းညွှန်ဆိုင်းဘုတ်ကလေး ညွှန်ပြထားသည့်လမ်းအတိုင်း ကျွန်တော် ကားမောင်းထွက်ခဲ့သည်။

လမ်းက တောင်ကုန်းပေါ်သို့ မြင့်တက်လာသည်။ လမ်းဘေးဝဲယာတွင် သစ်ပင်မျိုးစုံကို စီတန်းစိုက်ထားသည်။ သည်နယ်မြေတွင် ပေါက်ရောက်သော သစ်ပင်မျိုး မဟုတ်ပါ။ ထိုအပင်များကို ကြည့်ခြင်းအားဖြင့် ဂျွန်ဟေးလီးယတ် တို့မိသားစုသည် ရှားပါးသစ်ပင်များကို စုဆောင်းစိုက်ပျိုးတတ်သူများဖြစ်ကြောင်း သိသာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းဘေးမှာ လူနှစ်ယောက်ကို တွေ့ရသည်။ အညိုရောင် ရှပ်အင်္ကျီများနှင့် အစိမ်းရောင် ကိုယ်ကျပ်ဘောင်းဘီများကို ဝတ်ဆင်ထားကြလေသည်။ ယူကလစ်ပင်များ၏ ပင်စည်မှ ကွာစပြုနေသောအခေါက်များကို ခွာချနေကြသည်။ ထို့ကြောင့် မစ္စတာဂျွန်ဖိုက်သည် ကိုယ်ပိုင်သစ်တောအမှုထမ်းများကိုလည်း ခန့်ထားကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။ သစ်ပင်များအားလုံးကို ကြည့်ခြင်းအားဖြင့် ကျွမ်းကျင်သူ သစ်တောပညာရှင်များက ထိန်းသိမ်းပေးထားကြောင်း ထင်ရှားနေသည်။

ကိုယ်ပိုင်မော်တော်ကားလမ်းသည် တောင်ကုန်းပေါ်သို့ ခပ်မတ်မတ်ကလေး တက်သွားသည်။ အပေါ်ရောက်သောအခါ တစ်ဖက်ရှိ ချောက်ကမ်းပါးနားမှာ လမ်းဆုံးသွားသည်။ သည်နေရာသည်ပင်လျှင် ဟေးလီးယတ် တောင်ကုန်းထိပ် ဖြစ်ပေလိမ့်မည်။

မော်တော်ကား ခြောက်စီးစာ ဆောက်လုပ်ထားသည့် ကားဂိုဒေါင်နားမှာ ကျွန်တော့်ကားကို ရပ်သည်။ ပတ်ဝန်းကျင်ကို လှည့်လည် အကဲခတ်သည်။

ကျွန်တော်၏ ဘေးနှစ်ဖက်တွင် ချောက်ကမ်းပါးများ ရှိသည်။ တောင်ထိပ်ပေါ်တွင် အိမ်ကို ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အိမ်မှာ ရိုးရိုးအိမ်တစ်ဆောင်လို မဟုတ်ပါ။ ရဲတိုက်ကြီးတစ်ခုလို အလွန်တရာ ကြီးမားခန့်ထည်သည့် အိမ်ကြီးတစ်ဆောင် ဖြစ်ပါသည်။

အိမ်ပတ်လည်တွင် စိုက်ပျိုးထားသည့် အပင်များကမူ သည်အရပ်သည်ဒေသတွင် ပေါက်ရောက်တတ်သည့် သစ်ပင်များချည်း ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

လမ်းကလေးအတိုင်း အိမ်ကြီးဆီသို့ ကျွန်တော် လျှောက်ခဲ့သည်။ အိမ်ရှေ့ဘက်တွင် အုတ်တံတိုင်း ကာရံထားသည်ကို တွေ့ရသည်။ လူစိမ်းများ ချောက်ထဲသို့ အားလွန်ကျမသွားအောင် အုတ်တံတိုင်းကာရံပေးထားခြင်း ဖြစ်ပေလိမ့်မည်။

အိမ်ရှေ့မှာ အသင့်တွေ့ရသော လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်သည်။ ခေါင်းလောင်းသံက အိမ်ကြီးထဲမှာ မြည်ဟည်းသွားသည်။ ခဏကြာအောင် ကျွန်တော် စောင့်နေသည်။ အတွင်းမှ လှုပ်ရှားသံကို မကြားရပါ။ ထို့ကြောင့် ဒုတိယအကြိမ် ထပ်နှိပ်လိုက်ပြန်သည်။ အိမ်ကြီးက ကြီးမားလွန်း



သောကြောင့် နောက်ဖေးတွင် အိမ်ဖော်များ ရှိနေမည်ဆိုပါက အိမ်ရှေ့သို့ ချက်ချင်းရောက်လာနိုင်စရာ အကြောင်းမရှိချေ။

အိမ်ရှေ့မှာ ရပ်စောင့်နေရင်း စီးကရက်တစ်လိပ် မီးညှိဖွာသည်။ ကျွန်တော်၏ ကတ်ပြားမီးခြစ်ထဲမှ မီးခြစ်ဆံသည် နောက်ဆုံး မီးခြစ်ဆံဖြစ်ကြောင်း သတိထားမိသည်။ မော်တော်ကားထဲမှာ ရှိနေသော ဗူးထဲမှ မီးခြစ်တစ်လုံး ထပ်ယူရဦးမည်ဟုတွေးရင်း မီးခြစ်ဆံကို ဘေးသို့ပစ်ချလိုက်သည်။ မီးခြစ်ကတ်ပြားကိုမူ ဘောင်းဘီအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။ သန့်သန့်ရှင်းရှင်း လှည်းကျင်းထားသည့်နေရာ ဖြစ်သောကြောင့် သုံးပြီး မီးခြစ်ဗူးကို စည်းကမ်းမဲ့ ပစ်မချသင့်ပေ။

ခဏကြာအောင် စောင့်သော်လည်း မည်သူတစ်စုံတစ်ယောက်မှ တံခါးလာဖွင့်ပေးခြင်း မရှိသဖြင့် ကားရှိရာသို့ ပြန်လာခဲ့သည်။

ကားဂိုဒေါင်ထဲမှာ မော်တော်ကား လေးစီးလား၊ ငါးစီးလား ရှိနေသည်ကို တွေ့ရသည်။ တစ်နေရာကတော့ လွတ်နေသည်။

ကားစက်နှိုးသည်။ ဟိုတယ်သို့ ပြန်ရမည်။ ရေချိုးရမည်။ အဝတ်အစားလဲရမည်။

ပြီးတော့ ချိန်းထားသည့်အတိုင်း အင်ဒီကို သွားခေါ်ကာ အခြားဟိုတယ်တစ်ခုသို့ သွားရပေမည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဘလောက်အင်္ကျီအနက်ကို အောက်မှခံဝတ်ပြီး အပြာနုရောင်အင်္ကျီကို အပေါ်မှ ထပ်ဝတ်ထားသော အင်ဒီသည် လှချင်တိုင်း လှနေလေသည်။ နားမှာ ပန်ထားသော နားဆွဲကလည်း သစ်သီးများ ထည့်ထားသည့် ခြင်းတောင်းကလေး များပုံစံ ဖြစ်လေသည်။

"ပေါလ်…စိတ်မရှိပါနဲ့နော်၊ ဘိုးဘိုးက သူနဲ့အတူတူ လာပြီး ဝိုင် အရက်တစ်ခွက်လောက် သောက်ပါဦးတဲ့"

ကျွန်တော် ရောက်သွားသောအခါ အင်ဒီက စိတ်မကောင်းသည့် အမူအရာဖြင့် ဆီးကြိုပြောသည်။ သည်လောက်ကိစ္စမှာ ကျွန်တော့်အဖို့ အပန်း မကြီးကြောင်း၊ သည်ထက်ပိုပြီး စိတ်ပျက်စရာများနှင့်ပင် ကြုံတွေ့ခဲ့ဖူးကြောင်း ကျွန်တော်က သူ စိတ်ကောင်းအောင် ပြန်ပြောရသည်။

"ကိုယ်တွေ့ မကြုံဘူးသေးဘဲနဲ့ ရှင်က ပြောနိုင်နေပြီကိုး၊ လာ..လာ.. ဒီဘက်ကိုလာ"

အိမ်ကြီးမှာ မစ္စတာဂျွန်ဖိုက်၏ အိမ်လောက်တော့ မကြီး။ သို့သော် လည်း ယခုခေတ် ဆောက်လုပ်နေကြသည့် သာမန်အိမ်များထက်တော့ အများကြီး ပိုကြီးလေသည်။ မှန်တံခါးများ တပ်ထားသည့် ပြတင်းပေါက်များကို



တွေ့ရသည်။ ရှေးအိမ်များအတိုင်း အံထိုးတံခါးများလည်း တပ်ဆင်ထားသည်။

အင်ဒီ ဦးဆောင်ခေါ်သွားသည့်နောက်သို့ ကျွန်တော် လိုက်ခဲ့သည်။ အိမ်နောက်ဘက်မှာရှိသော မှန်များကာရံထားသည့် အခန်းတစ်ခုထဲသို့ ရောက် လာသည်။ သည်အခန်းကလေးက ကျန်အခန်းများထက် ပိုပြီး နွေးနေသည်။ အခန်းလယ်ရှိ လက်တန်းမပါသော ကုလားထိုင်တစ်လုံးပေါ်တွင် အဘိုးကြီး တစ်ယောက် ထိုင်နေသည်။ သူ့အတွက် အပူငွေ့ကို ပိုပေးထားခြင်း ဖြစ်ပေလိမ့် မည်။

အဘိုးကြီးကို ကြည့်ရသည်မှာ အင်ဒီ၏ အဘိုးအရွယ်ထက် ပိုပြီး ကြီးနေပုံရသည်။ အဘိုး၏ အဘိုးအရွယ်လောက် ရှိသည်ဟု ခန့်မှန်းရသည်။ ပါးရိုးများအောက်တွင် တွဲကျနေသည့် အရေပြားများကို ကြည့်ခြင်းအားဖြင့် တစ်ကြိမ်တုန်းက အသားအရေ ပြည့်ပြည့်ဖြိုးဖြိုး ရှိခဲ့ကြောင်း သိသာပါသည်။ သို့သော်လည်း ယခုအခါမှာတော့ အရိုးစုကြီးကို မတ်မတ်စိုက်ထောင်ထားသကဲ့ သို့ပင်။

"ဘိုးဘိုး…သူက…"

အင်ဒီက စကားစ,သည်။ သို့သော်လည်း အဘိုးကြီးက ရှည်လျားသော လက်တစ်ဖက်ကို မြှောက်ပြသည်။

"သိတယ်၊ သမီးကို ဒီနေ့ည အပြင်ခေါ်သွားမယ့် သူငယ်ပဲ"

"သူ့နာမည် ပေါလ်ပိုတာလို့ ခေါ်ပါတယ် မစ္စတာဂရေး"

ယခုတစ်ကြိမ် ဝင်ပြောသူမှာ အော်တိုမက္ကလိန်း ဖြစ်သည်။ ထိုအသံ ကြားတော့မှပင် အိုးနှင့်ထည့်စိုက်ထားသော ဓောင်ထန်းပင်ကလေးဘေးမှာ ထိုင်နေသည့် အော်တိုမက္ကလိန်းကို မြင်ရသည်။ သူ့လက်ထဲမှာ ဖန်ခွက်တစ်လုံး ကိုင်ထားသည်။ ဝိုင်အရက်ပင် ဖြစ်ပေလိမ့်မည်။ ရဲအရာရှိဟောင်းကြီးတစ်ယောက် အနေဖြင့် ဝိုင်အရက် သောက်နေသည်မှာ လိုက်ဖက်လှသည်တော့ မဟုတ်။

"သူ့ကို ဝိုင်အရက်တစ်ခွက် ပေးလိုက်ပါ၊ မင်း သောက်တတ်တယ် မဟုတ်လား သူငယ်"

ဟု အဘိုးကြီး မစ္စတာ ဂရေးက ကျွန်တော့်ကို လှမ်းမေးသည်။

"သောက်တတ်ပါတယ် ခင်ဗျာ၊ ဒါပေမဲ့ ဝိုင်အရက်ကိုတော့ တစ်ခါ ဘစ်ရံပဲ သောက်လေ့ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်က အလိုက်သင့် ပြန်ဖြေသည်။

မစ္စတာ ဂရေးထံမှ အသံတစ်မျိုး ထွက်လာသည်။ မည်သည့်အသံမျိုး ဟူ၍ တိတိကျကျ ကျွန်တော် ခွဲခြားမပြောတတ်ပါ။ ဝတ္ထုရေးဆရာများ ရေးကြသည့်အထဲတွင် အသက်အရွယ် အိုမင်းသော အဘိုးကြီးများ ပြုလုပ်တတ်သည့် အသံမျိုးဖြစ်သည်ဟု ထင်ပါသည်။

"အင်ဒရီယာ သူ့ကို ဖန်ခွက်တစ်လုံးပေးလိုက်၊ သူငယ် မင်းဘာသာ မင်း ကြိုက်သလောက်ထည့်သောက်၊ အင်ဒရီယာကို ဘာဖြစ်လို့ အပြင်မှာ မင်းက ညစာ ခေါ်ကျွေးရတာလဲ"

"ယောက်ျားတွေက အမျိုးသမီးတွေ ဖိတ်မန္တကပြုပြီး အပြင်ကို ခေါ်သွားတတ်ကြတဲ့ သဘောအတိုင်းပါပဲခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးတွေက ယောက်ျားတွေအဖို့ စိတ်ဝင်စားစရာကောင်းတယ် မဟုတ်ပါလား"

ကျွန်တော်ကလည်း ဖြစ်ချင်ရာဖြစ်ဟူသည့် သဘောဖြင့် တည့်တည့်ပင် ပြန်ပြောလိုက်မိလေသည်။ မြင်လျှင်မြင်ချင်း ဆောက်နှင့်ထွင်း ဆိုသလို ကြုံတွေ့လိုက်ရသည့်အတွက် အဆိုးဆုံး အခြေအနေများကို ကျွန်တော် မျှော်မှန်းလိုက်မိပြီးလည်း ဖြစ်လေသည်။

မစ္စတာ ဂရေးထံမှ အသံတစ်မျိုး ပေါ်ထွက်လာပြန်သည်။

"ဒီအိမ်ထဲမှာ စားစရာသောက်စရာတွေ လွှင့်ပစ်လို့တောင် မကုန်နိုင်ဘူး၊ ပိုက်ဆံဖြုန်းတီးတယ်ဆိုတာ မိုက်မဲတဲ့အလုပ်ကွ၊ ဒီအိမ်မှာစား"

အဘိုးကြီးက တိုတိုတောင်းတောင်းပင် ပြောသည်။ အင်ဒီ ကမ်းပေးသည့် ဝိုင်အရက်ခွက်ကိုယူပြီး ကျွန်တော် မြည်းကြည့်သည်။ အရသာ မဆိုးလှပါ။

"မစားတော့ပါဘူး ခင်ဗျာ၊ ကုန်သင့်ကုန်ထိုက်တဲ့ ငွေကိုမှ အကုန်မခံနိုင်ဘူးဆိုရင် မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လိုလုပ်ပြီး စိတ်ပျော်ရွှင်မှု ရနိုင်တော့မှာလဲ၊ နောက်ပြီးတော့ ညစာ မစားခင် အရက်ကလေး နည်းနည်း ပါးပါးသောက်လည်း ကျွန်တော်တို့ သောက်ချင်လို့ပါ ဘိုးဘိုး"

ကျွန်တော်က လေသံကို အချိုသာဆုံးဖြစ်အောင် ကြိုးစားပြီး ပြန်ဖြေသည်။

"တော်တော်မိုက်ရိုင်းတဲ့ ခွေးမသားလေးပဲ၊ မဟုတ်ဘူးလား အော်တို" အဘိုးကြီး၏ တည့်တည့်အုပ်လိုက်သော စကားကြောင့် အော်တိုမက္ကလိန်းက ရယ်နေသည်။



"ကျွန်တော်တော့ ဒီလိုမထင်ပါဘူး ခင်ဗျာ"

ဟုလည်း သူ့ယောက္ခမကြီးကို ပြန်ပြောသည်။

"ထားလိုက်ပါတော့လေ၊ ကျုပ်လို အဘိုးကြီးတစ်ယောက်အဖို့တော့ စိတ်ချမ်းသာစရာ ဒါမျိုးပဲ ရှိတော့တယ်၊ ကျုပ်နှလုံးရောဂါ နှစ်ကြိမ်ဖြစ်ဖူးတယ်၊ တစ်ကြိမ် လေဖြတ်ဖူးတယ်၊ ညက်နေအောင် ခြေထားတဲ့အစာ တစ်နေ့ကို သုံးပန်းကန် စားရတယ်၊ ဝိုင်အရက်တစ်ခွက် သောက်ရတယ်၊ တစ်သက်လုံး ဝီစကီသောက်လာခဲ့တာ အခုတော့ ဒါနဲ့ပဲ ကျေနပ်နေရတယ်၊ ဒါကိုပဲ ဘဝလို့ ခေါ်ကြသလား"

"ဒီလိုလည်း မဟုတ်ပါဘူး ဘိုးဘိုး၊ ငယ်ငယ်တုန်းက ကြုံခဲ့ရတာကလေးတွေကို ပြန်တွေးပြီး စိတ်ချမ်းသာအောင် နေပေါ့ခင်ဗျာ"

"အထူးစီစဉ်ထားတဲ့ အစားအစာတဲ့လေ၊ ဗိုက်တာမင်တွေလည်း အများကြီးပါတယ်တဲ့၊ အသားဓာတ်တွေလည်း ကဲထားတယ်တဲ့၊ တစ်နေ့တစ်နေ ဒါတွေကိုပဲ စားနေရတယ်၊ ကျုပ်အသက် နှစ်ဆယ်လောက်တုန်းက သဘော်သား တစ်ယောက်နဲ့ တွေ့ဖူးတယ်၊ သူက ကြက်တွေ အစာပိုစားစေတဲ့ဆေး သူ့မှာ ရှိတယ်တဲ့၊ အဲဒီဆေးကို ဝယ်ပါတဲ့၊ ကြက်တွေကိုကျွေးရင် ကြက်တွေပိုပြီး အစာစားပါလိမ့်မယ်တဲ့၊ အလကားပဲ၊ ဘာမှမစွမ်းဘူး၊ ဟား...ဟား...ဟား"

အဘိုးကြီးက သူ့ဘာသာသူ သဘောကျပြီး တဟားဟား ရယ်နေသည်။

ထိုအချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ အင်ဒီက သူ့အဖေကို လှမ်းကြည့်သည်။ သူ့အဖေက အင်ဒီကို ထိုင်မြဲထိုင်နေရန် လက်ကာပြလိုက်ပြီး ဖုန်းရှိရာသို့ လျှောက်သွားသည်။ တယ်လီဖုန်းမှာ ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ရှိနေသောကြောင့် အော်တိုမက္ကလိန်း ပြောနေသည်များကို အတိုင်းသား ကြားနေရပါသည်။

"ဒီလိုဆိုတော့လည်း ညစာကို ကျုပ်တစ်ယောက်တည်း စားရတော့မှာပေါ့လေ၊ ကျုပ်တို့အဖို့တော့ အံ့စရာမဟုတ်..."

မစ္စတာ ဂရေး၏ စကားမဆုံးပါ။ အော်တိုမက္ကလိန်း ဖုန်းပြောနေသည့် အသံက ကျွန်တော်တို့ဆီသို့ ပျံ့လွင့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မက္ကလိန်း စကားပြောနေတယ်၊ သေသွားတယ်၊ ဘာ…ကောင်းပြီ၊ ကျုပ် ဟိုကို တောက်လျှောက်တက်သွားလိုက်မယ်၊ ခင်ဗျားတို့ ပြည်နယ်ရဲတပ်ဖွဲ့ကို အကြောင်းမကြားခင် ကျုပ်ကို အချိန်နှစ်မိနစ်လောက်တော့ ပေးဦး၊ ဟိုကို ကျုပ် အလျင်ရောက်ချင်တယ်”

“သေသွားတယ်” ဟူသော စကားကြောင့် မစ္စတာ ဂရေးက သူ့စကားကို မဆက်တော့ဘဲ တစ်ပိုင်းတန်းလန်းဖြင့်ပင် ရပ်ထားလိုက်လေတော့သည်။ သူ့မျက်လုံး အစုံမှာလည်း အရောင်တောက်လာလေသည်။

အော်တိုမက္ကလိန်းက သူ့ခေါင်းကို ပြန်ပွတ်နေသည်။ သူ့မျက်နှာအမူအရာကလည်း ပြောင်းလဲသွားလေရာ သမ္မတဆောင်း ထရူးမင်းနှင့် ရုပ်ချင်းမဆင်တော့ပါ။ ရဲအရာရှိ၏ ပုံပန်းသဏ္ဌာန်များလည်း ပြန်ပေါ်လာသည်ဟု ထင်ရလေသည်။

“ရဲလုပ်ငန်းတစ်ခု ပေါ်လာပြန်ပြီ၊ ကျွန်တော့်ကို ညစာ စားဖို့ စောင့်မနေပါနဲ့ မစ္စတာဂရေး”

“ကောင်းပြီ အော်တို၊ အဲဒီကောင်တွေကို ကောင်းကောင်းပညာပြလိုက်စမ်းပါကွာ”

မစ္စတာဂရေးက အော်တိုမက္ကလိန်းကို ပြောသည်။ အော်တိုမက္ကလိန်းလည်း အိမ်ပြင်သို့ တန်းထွက်သွားလေတော့သည်။

အင်ဒီက သူ့အဘိုးကို လှမ်းပြောသည်။

“ဘိုးဘိုး သမီးတို့ကို ဘိုးဘိုးနဲ့အတူတူ အိမ်မှာပဲ နေစေချင်တယ်ဆိုရင်…”

“ထားလိုက်စမ်းပါ၊ သမီးနဲ့ ပေါလ်နဲ့ လွတ်လွတ်လပ်လပ် သွားကြ၊ ရေဒီယို နားထောင်ပြီး နေခဲ့မယ်၊ ဘိုးဘိုးက မျက်စိမှုန်တော့ တယ်လီဗီးရှင်းကြည့်လို့မရတော့ဘူး သူငယ်ရဲ့”

“သမီး ဦးထုပ်သွားယူလိုက်ဦးမယ်”

ဟု အင်ဒီက ပြောသည်။

ကျွန်တော်တို့ လက်ထဲရှိ ဖန်ခွက်များထဲတွင် ဝိုင်အရက်က လက်တစ်လုံးစီလောက် ကျန်နေသေးသည်။ မစ္စတာဂရေးက သူ့အရက်ခွက်ကို မြှောက်လိုက်သည်။



“ကျုပ်မြေးမလေးအတွက်…ပိုတာ မင်းမှာ မိန်းမ ရှိသလား”

ကျွန်တော့်ကိုလည်း တစ်ဆက်တည်း လှမ်းမေးသည်။ ထို့ကြောင့် ကျွန်တော် ပြုံးလိုက်မိလေသည်။

“ဘယ်လို မေးခွန်းကြီးကိုများ ဘိုးဘိုး မေးလိုက်ပါလိမ့်ခင်ဗျာ၊ မရှိပါဘူး၊ ကျွန်တော့်မှာ အိမ်ထောင်မရှိပါဘူး ဘိုးဘိုး”

“မြေးမလေး အင်ဒရီယာအတွက် စိတ်ပူလို့ မေးတာကွ၊ အော်တိုကို ဒီမှာ အလုပ်ပေးထားလိုက်တယ်၊ ဒါကြောင့် မြေးမကလေးက ဘိုးဘိုးနဲ့အတူတူ နေနိုင်သွားတယ်၊ အသက်ကြီးလာပြီဆိုတော့ အစစအရာရာ မလွယ်တော့ဘူးကွယ့်၊ မြေးမကို ခေါ်မထားဘဲ သူနာပြုဆရာမ ငယ်ငယ်ရွယ်ရွယ်တစ်ယောက်ကို ခေါ်ခန့်ထားမယ် ဆိုပါတော့၊ အဲဒီကလေးမ ငယ်ငယ်ကလေးကို လက်ထပ်လိုက်ပြီး သေတဲ့အထိ နေသွားမယ် ဆိုပါတော့၊ ဒီလိုဆိုရင် ကျုပ်က အရူးကြီးဖြစ်မသွားပေဘူးလား၊ ဒီလိုတော့လည်း အဖြစ်မခံနိုင်ဘူးလေ၊ အင်ဒရီယာ ယောကျ်ားရပြီး တခြားကို ထွက်မသွားခင်မှာပဲ ကျုပ် သေချင်ပါတယ်၊ ဒါမှပဲ ကျုပ် လူရူးအလုပ်တွေကို မလုပ်မိတော့မှာပေါ့”

“ဘိုးဘိုး စိတ်ကူးတွေကတော့ တကယ့်အံ့စရာတွေပဲနော်”

ကျွန်တော် ဒါလောက်ပဲ ပြန်ပြောနိုင်ပါသည်။ မစ္စတာဂရေးက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ပြီးတော့ အနားမှာရှိနေသည့် တောင်ထန်းပင်အရွက်ကလေးများဘက်သို့ လက်တစ်ဖက် လှမ်းလိုက်သည်။

“အမှန်ကတော့ သေဖို့ကောင်းပါပြီ၊ ဘိုးဘိုးဘဝမှာ ဘာမှလည်း မရှိတော့ဘူးလေ၊ ဒါပေမဲ့ လူတွေဟာ ဘယ်တော့မှ သေဖို့အဆင်သင့် မဖြစ်ကြဘူး၊ လောကကြီးမှာ ဘယ်လိုမှ အသုံးမဝင်တော့ပေမယ့်လည်း မသေချင်ကြသေးဘူး၊ ဘိုးဘိုးကတော့ ဒီလိုမဟုတ်ဘူး၊ သေဖို့ အမြဲတမ်း အဆင်သင့် ဖြစ်နေတယ်၊ ကျုပ်အနားမှာ ကျုပ်မြေးကလေး အင်ဒရီယာ ရှိနေတယ် မဟုတ်လား”

အင်ဒီက ဦးထုပ်ယူပြီး ပြန်ရောက်လာသည်။ ဦးထုပ်မှာ ငွေကြိုးကလေးများနှင့် ခက်နွယ်ထားလေသည်။

“ဘိုးဘိုး…ဘိုးဘိုးတစ်ယောက်တည်း နေခဲ့လို့ ဖြစ်တယ်ဆိုတာ သေချာတယ်နော်”

“အော်တို ပြန်ရောက်လာမှာပါ သမီးရယ်၊ ရဲကိစ္စအတွက် သူ့အပြင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာ မဟုတ်လား၊ သူပြန်လာရင် ဘာတွေကြုံခဲ့ရတယ်ဆိုတာ ဘိုးဘိုးကို သူပြန်ပြောပြမယ်၊ အဲဒါကို ထိုင်နားထောင်မယ်၊ လောင်ဒီစဘာတ်မြို့ကလေးလို နေရာမျိုးမှာ ဘယ်လောက်မှ မကြာနိုင်ပါဘူး၊ ရောမမြို့ကြီးတွေမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ သူလို ရဲအရာရှိတစ်ယောက်အဖို့ ဒီလိုမြို့ကလေးက ပြဿနာကို ချွေးတစ်စက်မကျဘဲ ဆယ့်ရှစ်မိနစ်လောက်နဲ့ ပြီးပြတ်သွားအောင် ရှင်းပေးနိုင်မှာပါ''

အင်ဒီက မစ္စတာဂရေးကို စိုက်ကြည့်နေရင်း မျက်မှောင်တစ်ချက်ကုပ်လိုက်သည်။

''ဘိုးဘိုးကလည်း ဖေဖေ့ကို သရော်နေပြန်ပြီ''

အင်ဒီက မစ္စတာဂရေး၏ ဘယ်ဘက်မျက်ခုံးကို ကုန်းနမ်းသည်။ လက်ဆွဲနှုတ်ဆက်ရန် ကျွန်တော်က လမ်းကမ်းပေးသည်။ သို့သော်လည်း အဘိုးကြီးက လက်ဆွဲနှုတ်ဆက်ရမည်မှာ သူ့အတွက် ဝန်လေးဟန်ဖြင့် ကျွန်တော့်ကို လက်ဝှေ့ယမ်းပြသည်။ အိမ်ရှေ့တံခါးမကြီးမှတစ်ဆင့် အပြင်သို့ ကျွန်တော်တို့ ထွက်လာကြသည်။

မော်တော်ကား မောင်းထွက်လာသောအခါ အပြင်မှာ မှောင်နေချေပြီ။ လမ်းမီးများ ထွန်းထားကြလေပြီ။ အင်ဒီက သူ့ဘက်မှ မော်တော်ကားမှန်ကို ဖွင့်သည်။ အပြင်မှ လေအေးများ တိုးဝင်လာသည်။

''ဒီကားကို ကျွန်မ သဘောကျသွားပြီ ပေါလ်၊ ရှင့်ကိုယ်ပိုင်ကားလား၊ ကုမ္ပဏီပိုင်တဲ့ကားလား''

''ဟော...အမျိုးသမီး ငွေစကား ကြေးစကား တယ်ပြောပါလား''

''ပြောရတာပေါ့ရှင်၊ မိန်းကလေးတွေက ယောကျ်ားကလေးတွေကို ကြည့်ရင် ငါ့ရဲ့ အိမ်ထောင်ဖက် ဖြစ်နိုင်ပါ့မလားဆိုတဲ့ မျက်စိနဲ့ ကြည့်ကြစမြဲပဲ၊ ငါ့ဘဝတစ်လျှောက်လုံး တင့်တောင့်တင့်တယ် ထားသွားနိုင်ပါ့မလားဆိုတာ စူးစမ်းစမြဲပဲ၊ ယောကျ်ားကလေးတွေကရော မိန်းကလေးတွေကို ဘယ်လိုမျက်စိမျိုးနဲ့ ကြည့်တတ်ကြသလဲ၊ ကျွန်မကို မပြောနဲ့၊ ကျွန်မ သိပြီးသား''

မြို့လယ်ကောင်သို့ ကျွန်တော်တို့ ရောက်လာကြသည်။ မီးရောင်များက မြို့ပြင်ဘက်မှာထက် ပိုလင်းသည်။

''မင်းကလည်း မင်းအဘိုးနဲ့ တလေသံတည်းပါပဲလား''



ထိုသို့ ကျွန်တော် ပြောဆဲမှာပင် မီးနီဖွင့်ပြီး ဥသြအဆက်မပြတ်ဆွဲသွားသော မော်တော်ကားတစ်စီးက ကျွန်တော်တို့ ကားနောက်မှ တရကြမ်းမောင်းလိုက်လာသည်။ ထို့ကြောင့် ကျွန်တော့်ကားကို လမ်းဘေးသို့ ကမန်းကတန်း ကပ်ပေးလိုက်ရသည်။ လှမ်းကြည့်လိုက်သောအခါ ပြည်နယ်ရဲတပ်ဖွဲ့မှ ကားဖြစ်သည်ကို တွေ့ရသည်။

လမ်းမပေါ်သို့ ကျွန်တော်တို့ ကားကို ပြန်မောင်းတက်ခိုက်တွင် အင်ဒီက သူ့အဘိုးကို မည်မျှချစ်ကြောင်း ပြောပြနေသည်။ ခဏအကြာတွင် ဟိုတယ်သို့ ကျွန်တော်တို့ ရောက်လာကြသည်။

အရက်နှစ်ခွက်စီ သောက်ပြီးပြီ။ တစ်ပွဲ က,ပြီးပြီ။ ကြက်ကင်နှင့် ခွပ်ပြုတ် သောက်ပြီးပြီ။ ဒုတိယအကြိမ် က,ရန် ထိုင်ရာမှ ထခဲ့ကြသည်။

ကျွန်တော် အများကြီး စိတ်ချမ်းသာနေပါသည်။ အင်ဒီလည်း စိတ်ချမ်းသာနေကြောင်း ကျွန်တော် သိပါသည်။ ပထမတစ်ကြိမ်ကထက် ပိုပြီး ပူးပူးကပ်ကပ် ရှိလာသည်ကိုလည်း တွေ့ရသည်။ ကောင်းသောလက္ခဏာပင် ဖြစ်ပါသည်။

သူ့ကိုယ်လုံးကလေးကို တင်းတင်းကျပ်ကျပ် ဖက်ထားရင်း ကျွန်တော်တို့စားပွဲဆီသို့ လှမ်းကြည့်လိုက်မိသည်။ နောက်ထပ် မှာထားသည့်ဟင်းတစ်ပွဲ မရောက်ပါစေနှင့်ဟုလည်း ဆုတောင်းမိသည်။

ဆုတောင်းပြည့်ပါသည်။ ဟင်းခွက် ရောက်မနေသေးပါ။

သို့သော် ဟင်းခွက်အစား အင်ဒီ၏အဖေ အော်တိုမက္ကလိန်း ရောက်နေသည်ကို တွေ့ရသည်။ ကျွန်တော့်ကုလားထိုင်မှာ ထိုင်နေသည်။ သူ့မျက်နှာကြီးက တည်တည်ကြီး ဖြစ်နေပြီး ပင်ပန်းနွမ်းနယ်ကာ စိတ်ထိခိုက်နေပုံလည်းရသည်။ သူ့ဦးထုပ်ကို ပေါင်ပေါ်မှာ တင်ထားသည်။

ကျွန်တော်နှင့် မျက်လုံးချင်း ဆုံလိုက်သည်တွင် ခေါင်းဆတ်ပြပြီး လှမ်းခေါ်သည်။

ကျွန်တော် ခြေလှမ်းမှားသွားသည်။ လဲကျတော့မလို ယိုင်သွားသည်။ အင်ဒီက ဖြတ်ကနဲ မော့ကြည့်သည်။ သူ့လက်မောင်းကိုဆွဲပြီး ကျွန်တော်တို့စားပွဲရှိရာသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့သည်။

ထိုအခါကျမှပင် သူ့အဖေကို သူ လှမ်းမြင်သည်။ စိတ်မှောင်လက်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လည်း ညည်းညည်းညူညူ ပြောသည်။

"ဘိုးဘိုးများ တစ်ခုခုဖြစ်လို့လား မသိဘူး"

စားပွဲရှိရာသို့ မပြေးရုံတမည် ကျွန်တော်တို့ သုတ်ခြေတင်လာခဲ့ကြသည်။ မဂ္ဂလိန်းက ကျွန်တော်တို့ကို လုံးဝပြုံးမပြပါ။

"မင်းတို့အတွက် ကျသင့်တဲ့ငွေတွေ ငါရှင်းပေးလိုက်ပြီးပြီ၊ တခြားမှာထားတာတွေ ဆက်မပေးတော့ဖို့လည်း ပြောလိုက်ပြီးပြီ၊ လာ...သွားကြစို့"

အင်ဒီက လှမ်းမေးသည်။

"ဘိုးဘိုး..."

သို့သော် သူစကားမဆုံးပါ။

"မဟုတ်ဘူး၊ သမီးအိမ်ကို ပြန်တော့၊ တက္ကစီ ငှားပြန်"

"အင်ဒီ ကိုယ့်ကားယူသွား၊ မနက်ကျတော့မှ ကိုယ့်ဆီကို မောင်းပြီး ပြန်ယူခဲ့ပေါ့"

ဟု ကျွန်တော်က လှမ်းပြောသည်။

"တက္ကစီနဲ့ပဲပြန်၊ လာ...လိုက်ခဲ့ ပိုတာ"

ဟု အော်တိုမဂ္ဂလိန်းက ဖြတ်ပြောသည်။

သူ့ကို တစ်နေ့လုံး ကျွန်တော် မြင်တွေ့နေခဲ့ရသည်။ သို့သော်လည်း ယခုမြင်တွေ့နေရသော သူ့အမူအရာက တစ်မျိုးဖြစ်နေလေသည်။ ရောဂါဝေဒနာ တစ်ခုခုကို ခံစားနေရပြီး စိတ်မတည်မငြိမ် ဖြစ်နေပုံမျိုးနှင့် တူလေသည်။

ယခုလို သူလုပ်ပုံကို ကျွန်တော် နားမလည်ကြောင်း မကျေမနပ် ပြန်ပြောမိသည်။ ထိုအခါတွင် ကျွန်တော့်ကို ပြန်ကြည့်သည့် သူ့အကြည့်မှာ မုန်းတီးစက်ဆုပ်ပုံမျိုး ဖြစ်နေလေသည်။

"ဒီနေရာမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားချင်သလား၊ ငါ့မှာ လက်ထိတ်အဆင်သင့် ပါလာတယ်၊ နှစ်ပေါင်း သုံးဆယ်ကျော် အတွေ့အကြုံ ရှိလာခဲ့တဲ့ ငါ့အနေနဲ့ လူတစ်ယောက်ကို ဘယ်လိုလက်ထိတ်ခတ်ရမယ်ဆိုတာ ကောင်းကောင်းသိတယ်၊ လက်ထိတ်အခတ်ခံချင်တယ်ဆိုရင် ပြော"

"သွားစို့ အင်ဒီ"

ကျွန်တော်က အင်ဒီကို လှမ်းပြောသည်။

ခန်းမထဲမှ ကျွန်တော်တို့ ထွက်လာကြသောအခါ မည်သူကမှ ကြည့်



မနေပါ။ အပြင်ရောက်သောအခါတွင်လည်း လမ်းပေါ်တွင် မည်သူမှ မရှိပါ။ အငှားကားနှစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ တစ်စီးမှာ ရေဒီယိုဖွင့်ပြီး ဒရိုင်ဘာနှစ်ယောက်က နားထောင်နေကြသည်။

"အင်ဒီ အိမ်ပြန်တော့"

ဟု အော်တိုမဂ္ဂလိန်းက သူ့သမီးကို လှမ်းပြောပြန်သည်။

ဟိုတယ်မှ အန့်ထွက်လာသည့် အလင်းရောင်အောက်တွင် အင်ဒရီယာမှာ အလှကြီး လှနေသည်ကို တွေ့ရပါသည်။ သူ့မျက်လုံးအစုံမှာလည်း တဖိတ်ဖိတ် တောက်နေသည်။

"ဖေဖေ...ဟိုတယ်ထဲမှာ ရှုန်းရင်းဆန်ခတ်တွေ ဖြစ်မှာစိုးလို့ သမီး အေးအေးဆေးဆေး လိုက်လာတာ၊ ဘာကြောင့် ဖေဖေ ဒီလိုလုပ်တာလဲဆိုတာ သမီးမှာ သိခွင့်ရှိတယ်၊ အခုတော့ ဖေဖေက သမီးကို ဆယ့်နှစ်နှစ်သမီးကလေးလို ဆက်ဆံနေတယ်"

"ဒီကိစ္စ သမီးနဲ့ ဘာမှမဆိုင်ဘူး၊ ရဲကိစ္စသက်သက်ပဲ၊ ကဲ...အိမ်ပြန်တော့"

"အကြောင်းတစ်ခုခုကြောင့် ပေါလ်ကို ဖေဖေ ဖမ်းတာလား"

"ဟုတ်တယ်၊ သူ့ကို စစ်စရာရှိလို့ မြို့တော်ခန်းမကို ခေါ်သွားမယ်၊ သမီးတို့ ညဦးပိုင်း အစီအစဉ်တွေကို အခုလို ဖျက်ဆီးပစ်လိုက်ရတဲ့အတွက် ဝမ်းနည်းပါတယ်လို့ ပြောစေချင်သလား၊ ဝမ်းနည်းစကား ဖေဖေပြောတယ်လို့ပဲ သဘောထားလိုက်ပါ၊ ဟုတ်ပြီလား၊ ကဲ...ပြန်တော့"

"ပေါလ်...ရှင့်အတွက် ရှေ့နေတစ်ယောက် ကျွန်မ ခေါ်ပေးရမလား"

ဟု အင်ဒီက ကျွန်တော့်ကို လှမ်းမေးသည်။

"ကိုယ် ဘယ်လိုလုပ် သိနိုင်မှာလဲ အင်ဒီ၊ အခုဟာက ဘာမသိညာမသိ မဟုတ်လား"

"အဲဒီလောက်တော့ ဖေဖေ ပြောနိုင်တယ်၊ သူ့အတွက် ရှေ့နေ တစ်ယောက် လိုလိမ့်မယ်၊ ဒီမြို့ပေါ်မှာ အကောင်းဆုံး ရှေ့နေကတော့ ဟာဒ်နစ်ဂီ လိုက်ဖိတ်နော်ပဲ၊ အခုဟာကလည်း အကောင်းဆုံးဖြစ်အောင် ငါလုပ်ထားတာပဲ ပိုတာ၊ မင်းကို ငါ လာမဖမ်းရင် ယူနီဖောင်းဝတ်ထားတဲ့ ပြည်နယ်ရဲတပ်ဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က လာဖမ်းရမှာ၊ ကဲ···လာ''

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း နောက်ထပ် သူ့ဆီမှ ဘာမှကြားရတော့မည် မဟုတ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။

အင်ဒရီယာကို ကြည့်ပြီး ကျွန်တော် ပြုံးလိုက်ပါသည်။ ကျွန်တော်တို့၏ ညဦးပိုင်းကလေး ပျက်စီးသွားရသည့်အတွက် တောင်းပန်လိုက်သည့် အပြုံးပင် ဖြစ်ပါသည်။

အင်ဒရီယာသည် တစ်ဘက်သို့ ပြေးသွားပြီး အငှားကားတစ်စီးပေါ်သို့တက်ကာ ထွက်ခွာသွားတော့သည်။ သူစီးသွားသည့် မော်တော်ကား ထွက်သွားသည်ကို ကျွန်တော် လှမ်းကြည့်နေသေးသည်။ သို့သော်လည်း အော်တိုမက္ကလိန်းက ကျွန်တော့်လက်မောင်းကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်သည်။

''မင်းမှာ ကုတ်အင်္ကျီ မပါဘူးလား''

''ကျွန်တော် တည်းနေတဲ့ ဟိုတယ်က အခန်းထဲမှာ ကျန်ခဲ့တယ်''

''ဩော်···နောက်ပြီးရင် ကုတ်အင်္ကျီ ပြန်ယူမယ်လို့ ငါ့သမီးကို အကြောင်းပြပြီး မင်းဟိုတယ်ခန်းထဲကိုရောက်အောင် ခေါ်သွားဦးမယ်ပေါ့လေ၊ မင်းဟာ မိန်းမကျွမ်း တော်တော်ကျွေတဲ့အကောင်၊ ဟုတ်တယ် မဟုတ်လား''

''အင်ဒရီယာဟာ ခင်ဗျားသမီးဖြစ်တယ်ဆိုတာကိုလည်း ပြန်စဉ်းစားဦးလေ၊ ရဲအရာရှိစိတ်မျိုး မမွေးဘူးဆိုရင် ခင်ဗျားသမီးအကြောင်းကို ခင်ဗျား အသိဆုံးနေမှာပေါ့၊ ဒီစကားတွေ ပြောနေစရာ ဘာအကြောင်းမှ မရှိပါဘူး၊ တစ်ကောင်ကောင်က ကျုပ်ကို လုပ်ကြံပြီး အမှုဖွင့်နေပြီ မဟုတ်လား''

''ကျုပ်မှာလည်း ကုတ်အင်္ကျီပါမလာဘူး၊ ဒီနေရာမှာ ကြာကြာနေရင် အအေးမိကုန်လိမ့်မယ်''

အော်တိုမက္ကလိန်းက ပြောပြောဆိုဆိုဖြင့် ကျွန်တော့်လက်မောင်းကို ကိုင်ပြီး ဆက်လျှောက်လာခဲ့သည်။

မြို့တော်ခန်းမသည် နှစ်ထပ်တိုက် ဖြစ်သည်။ လမ်းဘေးအတွင်းကျကျ နေရာတွင် တည်ရှိပြီး သစ်ပင်များ အုပ်ဆိုင်းနေသည်။ ပတ်လည်တွင်လည်း မြက်ခင်းများ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

ရှေ့ပေါက်မှ ကျွန်တော်တို့ မဝင်ပါ။ ဘေးဘက်မှကွေ့ပြီး နောက်ဖေးပေါက်မှ ဝင်ခဲ့ကြသည်။ အဆောက်အဦ၏ နောက်ဘက်တွင် ရဲဌာန၏အခန်းသို့



ရောက်သွားသည်။ ရဲဌာန ဆိုသော်လည်း ကြီးကြီးကျယ်ကျယ် မဟုတ်ပါ။ စားပွဲတစ်လုံး၊ တယ်လီဖုန်းတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် ဗိုင်တွဲများတင်သည့် စင်သုံးခုမျှသာ ရှိပါသည်။

ရုံးခန်း၏နောက်ဘက်တွင် သံတိုင်များ ကာထားသည့် အခန်းတစ်ခုကို တွေ့ရသည်။ အတွင်းဘက်မှာ အချုပ်ခန်းများ ရှိနေသည်။

စားပွဲပေါ်မှာ သုံးမြှောင့်သစ်သားတုံးကလေးတစ်ခု ရှိသည်။ ထိုသစ်သားတုံးတွင် 'ကက်ပတိန်အော်တိုမက္ကလိန်း' ဟု ရေးထားသည်။

ရုံးခန်းထဲမှာ ယောကျ်ားအများအပြား ရှိနေသည်ကို တွေ့ရသည်။ တစ်ယောက်က ပြည်နယ်ရဲတပ်ဖွဲ့ဝင် ယူနီဖောင်းကို ဝတ်ထားသည်။ ကျန်လူအားလုံးက အရပ်ဝတ်များဖြင့် ဖြစ်သည်။ သို့သော်လည်း သူတို့၏ ပုံယန်းသဏ္ဌာန်များကို ကြည့်ရခြင်းအားဖြင့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း သိသာပါသည်။

''ဒါပဲ···ဒါပဲ''

အော်တိုမက္ကလိန်းက ပြောပြောဆိုဆို ကျွန်တော့်ကို အခန်းအတွင်းသို့ တွန်းသွင်းလိုက်လေသည်။ ရုတ်တရက်မို့ ကျွန်တော်မှာ ယိုင်လဲကျတော့မလို ဖြစ်သွားသည်။ ယူနီဖောင်းဝတ် ရဲသားက ကျွန်တော့်ကိုကြည့်ပြီး အကဲခတ်နေသည်။

''မြန်မြန်လုပ်ပါဗျာ''

ဟု အသက်ကြီးကြီး လူတစ်ယောက်က ဝင်ပြောသည်။

''အောင်မယ်···မြန်မြန်လုပ်ပါလို့ သူကပဲ ပြောရတယ် ရှိသေး၊ ဒါတွေဖြစ်လာအောင် ခင်ဗျားလုပ်တာပဲ မဟုတ်လား၊ ဒီငတိက ကျုပ်အိမ်ကို ရောက်နေတဲ့ ကျုပ်ဧည့်သည်၊ ကျုပ်နဲ့ စီးပွားရေးအတူတူ လုပ်နေတဲ့ ကုမ္ပဏီကြီး တစ်ခုရဲ့ ကိုယ်စားလှယ်၊ နောက်ပြီး ဒီနေ့ည ကျုပ်သမီးနဲ့ အတူတူ ညစာစားဖို့ ချိန်းပြီး အပြင်ကိုသွားနေတဲ့လူ၊ ဒီလိုလူမျိုးကို ကျုပ်ကိုယ်တိုင် လိုက်ဖမ်းအောင် မောင်ရင်တို့ကပဲ ဖန်တီးလိုက်ကြတာ မဟုတ်လား''

မက္ကလိန်းက မကျေမနပ်ဖြင့် ဆက်ပြောနေသည်။

''ကျွန်တော့်ကို ဘာအမှုနဲ့ အရေးယူတယ်ဆိုတာ တစ်ယောက်ယောက်က ပြောပြကြပါဦးဗျာ''

ဟု ကျွန်တော်က ဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဝင်လာလျှင် ဝင်လာချင်း ဖြည်းဖြည်းလုပ်ပါဗျာဟု ပြောသော အသက်ခပ်ကြီးကြီး လူတစ်ယောက်က ပြန်ပြောသည်။

"စိတ်အေးအေးထားပါ မစ္စတာပိုတာ၊ အခုကိစ္စက ဘာမှလည်း ဖြစ်မှာမဟုတ်ပါဘူး"

"သိပ်ဟုတ်တာပေါ့ဗျာ၊ အင်မတန်ကို ကြီးကျယ်တဲ့ တိုက်ဆိုင်မှုကြီး တစ်ခုပေါ့၊ မဟုတ်ဘူးလား၊ ကျုပ်ကတော့ ဘာမှမယုံဘူး"

အော်တိုမက္ကလိန်းက ဝင်ပြောပြန်သည်။

"ဒါပေမဲ့ အခုတော့ ဒီပြဿနာကြီးက ဖြစ်လာပြီ မဟုတ်လားဗျာ၊ ဒီမှာ မစ္စတာပိုတာ ကျွန်တော့်နာမည်က လက်ဖတင်နင် ဂင်ဘာယ်လ်ပါ၊ ပြည်နယ် စုံထောက်တပ်ဖွဲ့က ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဘယ်သူတွေလဲဆိုတာ ခင်ဗျား သိအောင် ကြိုပြောထားရတာပါ၊ ခင်ဗျားဟာ ရီကာဂိုမြို့က ပေါလ်ပိုတာ ဖြစ်ပါ တယ်ဆိုတာ သေချာရဲ့လား"

"ကျွန်တော်က ရီကာဂိုမြို့က ပေါလ်ပိုတာ ဖြစ်ကြောင်း မစ္စတာ အော်တိုမက္ကလိန်းက သက်သေခံတာတောင် ခင်ဗျား မယုံဘူးဆိုရင် ကျွန်တော့်မှာ သက်သေခံ အထောက်အထားတွေ ပါလာပါတယ်"

"ထုတ်ပြပါ"

ဟု လက်ဖတင်နင်ဂင်ဘာယ်လ်က ပြောသည်။

ကျွန်တော်က အိတ်ထဲရှိ ပိုက်ဆံအိတ်ကိုထုတ်ပြီး သူ့ဆီကို ကမ်းပေး လိုက်သည်။

"ပိုက်ဆံတွေ နှိုက်ယူထားပြီးမှပေးပါ"

သူပြောသည့်အတိုင်း ပိုက်ဆံများကို ကျွန်တော် နှိုက်ယူထားလိုက် သည်။ သူက ကျွန်တော်၏ သက်သေခံအထောက်အထား ကတ်ပြားများ၊ ယာဉ်မောင်းလိုင်စင်၊ အာမခံကတ်ပြားများကို ထုတ်ယူကြည့်နေသည်။ နောက်ဆုံး ကျွန်တော်၏ လိပ်စာကတ်ပြားကလေးများ ထွက်လာသည်။ ထိုကတ်ပြားကလေး များကို လက်ဖတင်နင် ဂင်ဘာယ်လ်က သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်။

"ဒီကတ်ပြားပေါ်မှာ ရေးထားတဲ့အတိုင်းဆိုရင် သူဟာ ဟိုက်ဒရို စက်မှုလုပ်ငန်းကုမ္ပဏီကလို့ သိရတယ် မက်"

ဂင်ဘာယ်လ်က မက္ကလိန်းကို လှမ်းပြောသည်။



"ကိုယ့်လူ ဘယ်လိုစုံထောက်ကျောင်းမျိုးကများ ဆင်းလာသလဲ မသိဘူးနော်၊ ကတ်ပြားပေါ်မှာ ရေးထားတာကိုတော့ ဖတ်တတ်သားပဲ"

မက္ကလိန်းက ငေါ့တော့တော့ ပြန်ပြောသည်။ သို့သော်လည်း လက် ဖတင်နင် ဂင်ဘာယ်လ်ကမူ ယဉ်ကျေးသိမ်မွေ့စွာပင် ပြောနေလေသည်။ ယခု တစ်လလောက်အတွင်း ကျွန်တော် တွေ့ခဲ့ရသမျှ လူများအနက် အယဉ်ကျေးဆုံး ဟုလည်း ဆိုနိုင်ပါသည်။

"ကတ်ပြားတွေကတော့ ခပ်ညံ့ညံ့တွေပဲ၊ ဒါပေမဲ့ ဒီကတ်ပြားတွေကို ကိုင်ထားတယ်ဆိုတော့ ပေါလ်ပိုတာအစစ်လို့ပဲ ကျွန်တော်တို့ ယူဆကြရတော့ မှာပေါ့"

"အဲဒီကတ်ပြားပိုင်ရှင်အစစ်ကို နားရင်းရိုက်ပြီး လုယူလာတာလည်း ဖြစ်နိုင်သေးတာပေါ့ ကိုယ့်လူ"

မက္ကလိန်းက ဂင်ဘာယ်လ်ကို ထပ်ငေါ့လိုက်ပြန်သည်။

"မက်...ရဲ့အရာရှိတစ်ယောက်ရဲ့ မိတ်ဆွေကို တခြားဘယ်လို ရဲအရာရှိကမှ ဖမ်းလားဆီးလား မလုပ်ချင်ပါဘူးဗျာ၊ ခင်ဗျားကိုယ်တိုင် ရဲအရာရှိ ပဲ၊ ဒီလောက်တော့ ခင်ဗျား သဘောပေါက်ထားဖို့ ကောင်းပါတယ် မစ္စတာပိုတာ၊ ဒီနေ့ နေ့လယ်စာ စားပြီးတဲ့နောက်ပိုင်းမှာ ခင်ဗျား ဘာတွေလုပ်တယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြနိုင်မလား၊ ဖြစ်နိုင်ရင် ခင်ဗျား မှတ်မိသလောက် ကျေးဇူး ပြုပြီး အသေးစိတ် ပြောပြစေချင်ပါတယ်"

"ရပါတယ်ဗျာ၊ နေ့လယ်စာ စားပြီးတော့ အဲဒီကျသင့်တဲ့ငွေကို ကျွန်တော် ထုတ်ပေးတယ်၊ အော်တိုမက္ကလိန်းအတွက်လည်း ကျွန်တော်ကပဲ ပေးလိုက်တယ်၊ ဒါကြောင့် လာဘ်ထိုးမှုနဲ့ ကျွန်တော့်ကို ထပ်ပြီးတရားစွဲချင်သပ, ဆိုရင်လည်း စွဲနိုင်ပါသေးတယ်"

ကျွန်တော်ကလည်း အချဉ်ပေါက်လာသောကြောင့် သူ့ကို ငေါ့လိုက်မိ သည်။ ယူနီဖောင်း ဝတ်ထားသူက ပြုံးသည်။ သို့သော်လည်း လက်ဖတင်နင် ဂင်ဘာယ်လ်၏ မျက်နှာကတော့ ခပ်တည်တည်ပင် ရှိနေသည်။

"အခုကိစ္စက ရယ်စရာလုပ်နေရမယ့် ကိစ္စမျိုး မဟုတ်ဘူး မစ္စတာ ပိုတာ၊ အခုအတိုင်းဆိုရင်တော့ ခင်ဗျားထွက်ဆိုချက်တွေကို ရေးယူပြီး ခင်ဗျား ကိုယ်တိုင် လက်မှတ်ထိုးမှ ဖြစ်တော့မယ်ထင်တယ်၊ ခင်ဗျား ဘာပြောချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ ရွှေနေငှားခွင့် မရှိဘူးလား၊ နောက်ပြီး ကျုပ်ကို ဘာအမှုနဲ့ အရေးယူနေကြတယ် ဆိုတာကိုလည်း ပြောပြကြဦးမှပေါ့"

ကျွန်တော့်စကား ဆုံးသောအခါ မဂ္ဂလိန်းက သူ့နောက်မှာ ရှိနေသော အချုပ်ခန်းဘက်သို့ လက်မတစ်ဘက်ဖြင့် ထိုးပြလိုက်သည်။

"ကျုပ်တို့ ဒီကိစ္စကို ခဏရပ်ထားပြီး လက်ဖက်ရည်သောက်ကြရင် ကောင်းမယ်ထင်တယ် ဂင်ဘယ်လ်၊ သူ့အတွက် ရွှေနေငှားပြီးတဲ့အထိ ကျုပ်တို့ စောင့်သင့်တယ်"

မဂ္ဂလိန်း၏စကားကို ကြားရသောအခါ လက်ဖတင်နင်ဂင်ဘယ်လ်မှာ အနည်းငယ် စိတ်တိုလာပုံရလေသည်။ ထို့ကြောင့် ကျွန်တော့်ဘက် လှည့်ကြည့်ပြီး ဆက်ပြောသည်။

"မစ္စတာပိုတာ ခင်ဗျားကို ဘာအမှုနဲ့မှ အရေးယူနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ ရှေ့နေရှေ့ရပ်တွေအကြောင်း အခုလို ပြောလာကြပြီ ဆိုရင်တော့ ခင်ဗျားကို ကျုပ်တို့ တိုင်ချက်ဖွင့်ရတော့မယ်၊ အဲဒီအခါကျတော့မှ ခင်ဗျားရှေ့နေ ငှားပေါ့ဗျာ၊ ရှေ့နေငှားပြီးပြီ ဆိုရင်တော့ တရားရုံးတော်ကို စွဲချက်တင်တာတို့ အာမခံကိစ္စ လုပ်တာတို့ကို ထုံးတမ်းစဉ်လာအတိုင်း ဆက်လုပ်ကြရတော့မှာပေါ့။ တစ်ခုတော့ ရှိတယ်၊ အခုအချိန်မှာ ခင်ဗျားရဲ့ အစစ်ခံချက်ကို အေးအေးဆေးဆေး ပေးမယ် ဆိုရင် ပြီးတာနဲ့တစ်ပြိုင်တည်း ခင်ဗျားကို ကျွန်တော်တို့ လွှတ်ပစ်လိုက်နိုင်တယ်"

"ဟား…ဟား…ဒီလိုကြေးလား"

ဟု မဂ္ဂလိန်းက လှမ်းပြောသည်။

"ဒီလိုကြေးပဲ လုပ်ရတော့မယ် ကက်ပတိန် မဂ္ဂလိန်း၊ တစ်ခုတော့ ကျွန်တော် ပြောပါရစေ၊ ကျွန်တော်တို့ ပြည်နယ်ရဲတပ်ဖွဲ့ကို ခင်ဗျား အကြောင်းကြားတုန်းက ဒီအမှုကို ကျွန်တော့်လက် အပ်ပြီးသားပါ၊ ဒါကြောင့် အခုအချိန် အထိ ဒီအမှုဟာ ကျွန်တော့်အခွင့်အာဏာအတွင်းမှာ ရှိနေပါတယ်၊ ကျွန်တော်တို့ အထက်အရာရှိတစ်ယောက်ယောက်က အမှုလိုက်အရာရှိတစ်ယောက်ရွေးပြီး တာဝန်မပေးသေးသမျှ ကာလပတ်လုံး ကျွန်တော်ဟာ တာဝန်ရှိတဲ့ အရာရှိ တစ်ယောက် ဖြစ်တယ်ဆိုတာကိုတော့ ပြောပြပါရစေ"

"ကဲ…အဲဒါတွေ ထားလိုက်ပါတော့ဗျာ၊ ကျွန်တော်လည်း ညစာ မစားရသေးဘူး၊ မြန်မြန်ပြီးသွားအောင်ပဲ လုပ်လိုက်ကြရအောင်"



သူတို့ချင်း အငြင်းပွားနေကြလျှင် သံသရာက ပို၍ရှည်တော့မည်။ ကျွန်တော်လည်း ညစာ မစားရသေး၊ ထို့ကြောင့် ကြားကဖြတ်ပြီး ဝင်ပြောလိုက်ရတော့သည်။

"ကျွန်တော့်နာမည် ပေါလ်ပိုတာ ဖြစ်ပါတယ်၊ ဟိုက်ဒရိုစက်မှု ကုမ္ပဏီရဲ့ အရောင်းဌာနတာဝန်ခံ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ကုမ္ပဏီ ရုံးစိုက်ရာ အရပ်ကတော့ ရှီကာဂိုမြို့ပါ၊ အခုလောလောဆယ်မှာ ကျွန်တော်တို့ကုမ္ပဏီထုတ် ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော် နယ်လှည့်ခရီး သွားနေပါတယ်၊ ဖောက်သည်တွေနဲ့တွေ့ဖို့ နောက်ထပ် ဖောက်သည်သစ်တွေရှာဖို့ ဖောက်သည်ဟောင်းတွေမှာ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုအခက်အခဲတွေ ရှိနေသလဲ ဆိုတာသိဖို့ နယ်လှည့်နေတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ကုမ္ပဏီရဲ့ အကြီးအကဲဟာ မစ္စတာ ဟာဗေးပလန်း ဖြစ်ပါတယ်၊ ဟုတ်,မဟုတ် ခင်ဗျား စုံစမ်းကြည့်ချင် တယ်ဆိုရင် အဲဒီ ကျွန်တော့်ပိုက်ဆံအိတ်ထဲက ကတ်ပြားပေါ်မှာ သူ့အိမ်ဖုန်း နံပါတ် ရှိပါတယ်"

ယူနီဖောင်းဝတ်ထားသူသည် ကျွန်တော် ပြောသမျှများကို လက်ရေးတိုဖြင့် လိုက်လံရေးမှတ်နေလေသည်။ ကျွန်တော် ဘယ်လောက်ပင် ခပ်မြန်မြန် ပြောပြော သူက မီအောင်လိုက်ရေးနေသည်။

လောင်ဒီစဘတ်လွင်ပြင်သို့ ကျွန်တော် ရောက်လာကြောင်း၊ ကျွန်တော်တို့ ကုမ္ပဏီမှစက်များကို ဝယ်ယူလိုသည်ဆိုသော လယ်သမားသုံးဦးနှင့် ကျွန်တော် သွားရောက်တွေ့ဆုံကြောင်း၊ တစ်ယောက်မှာ ဘရန်ဒီအရက်များကို စမ်းသပ်ချက်လုပ်နေကြောင်း နမူနာများကိုပင် ကျွန်တော် မြည်းခဲ့သေးကြောင်း ဟေးလီးယတ်တောင်ကုန်းသို့ဝင်သည့် လမ်းခွဲသို့ ရောက်သောအခါ ညနေ ငါးနာရီထိုးပြီး ဆယ်မိနစ် ရှိနေပြီဖြစ်ကြောင်း။

"ဘာကြောင့် ကျွန်တော် အချိန်တိတိကျကျ မှတ်မိနေသလဲဆိုရင် ကျွန်တော်တို့ ဖောက်သည်ရှာတဲ့ နေရာမှာ ဖောက်သည်ကို အနှောင့်အယှက် မဖြစ်အောင် အများကြီး သတိထားရပါတယ်၊ ဒါကြောင့် နာရီကို ကျွန်တော် ကြည့်လိုက်မိတာ ဖြစ်ပါတယ်၊ ငါးနာရီဆယ်မိနစ်ဆိုတဲ့အချိန်ဟာ ဘယ်လောက်မှ နောက်မကျသေးတဲ့အတွက် ဟေးလီးယတ်တောင်ကုန်းပေါ်ကို ကျွန်တော် မော်တော်ကား မောင်းတက်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာရောက်သောအခါ၊ လက်ဖတင်နှင့် ဂင်ဘယ်လ်က ကျွန်တော့် စကားကိုဖြတ်ပြီး ဝင်မေးသည်။

"ခင်ဗျားကို တစ်ယောက်ယောက်ကများ မြင်သွားသေးသလား"

"လမ်းသေးမှာ လူနှစ်ယောက်တော့ မြင်ခဲ့တယ်၊ သစ်တောအမှုထမ်းတွေလိုလို သစ်ပင်ထိန်းသိမ်းတဲ့ လူတွေလိုလိုပဲ၊ ကျွန်တော့်ကို သူတို့ မြင်တာ မမြင်တာတော့ မသိဘူး၊ ဒါနဲ့ တောင်ကုန်းပေါ်က အိမ်ရှိရာကို ကျွန်တော် မောင်းတက်သွားတယ်၊ ဘယ်အချိန် အိမ်ရှေ့ရောက်တယ် ဆိုတာတော့ တွက်ကြည့်ပေါ့ဗျာ၊ လမ်းခွဲကလေးကိုရောက်တော့ ငါးနာရီနဲ့ ဆယ်မိနစ် ရှိနေပြီ၊ ကိုယ်မရောက်ဖူးတဲ့လမ်းဆိုတော့ မော်တော်ကားကို အရမ်းမြန်မြန်ကြီး မောင်းမှာ မဟုတ်ပါဘူး။

မော်တော်ကားကို ကျွန်တော် ရပ်တယ်၊ အိမ်ရှေ့ဘက်ကို ကျွန်တော် လျှောက်သွားတယ်၊ လူခေါ်ခေါင်းလောင်းနှိပ်တယ်၊ ဘယ်သူမှ ထွက်မလာဘူး၊ စီးကရက်တစ်လိပ် ညှိသောက်တယ်၊ အိမ်ထဲကလူကို စောင့်နေတယ်၊ အိမ်က ကြီးလွန်းတော့ နောက်ဖေးမှာ ရှိနေတဲ့လူတွေ အိမ်ရှေ့ရောက်အောင်လာဖို့ အချိန် နည်းနည်းကြာမယ်လို့ ကျွန်တော် မှန်းကြည့်မိတယ်၊ ပတ်ဝန်းကျင်ရှုခင်းတွေက သာယာတော့ အဲဒါတွေကို ကျွန်တော် ငေးကြည့်နေတယ်၊ ခဏကြာတော့ မော်တော်ကား ရှိရာကို ပြန်လာတယ်၊ ကားမောင်းပြီး မြို့ထဲကို ပြန်လာခဲ့တယ်၊ ကျွန်တော် တည်းနေတဲ့ ဟိုတယ်ကို ပြန်ရောက်ပြီး စာရေးဆီက သော့တောင်းယူတဲ့အချိန်ဟာ ညနေ ခြောက်နာရီလောက် ရှိနေပြီ"

လက်ဖတင်နှင့် ဂင်ဘယ်လ်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ အော်တိုမက္ကလိန်းမှာ စောစောကထက်ပိုပြီး တည်ငြိမ်လာသည်။ ဂင်ဘယ်လ်၏ မျက်နှာရိပ်မျက်နှာကဲကိုလည်း အကဲခတ်ကြည့်နေသည်။

"အင်း...တော်တော်ကလေး အရေးကြီးလာပြီ၊ ဟေးလီးယတ်တောင်ကုန်းပေါ်မှာ ရပ်ထားတဲ့ ကားရှိရာကို ပြန်လာတုန်းက ခင်ဗျား စီးကရက်သောက်နေတုန်းပဲလား၊ ဒါမှမဟုတ် အိမ်ရှေ့မှာ လွှင့်ပစ်ခဲ့ပြီလား"

ဟု ဂင်ဘယ်လ်က ကျွန်တော့်ကို မေးသည်။

ယနေ့တစ်နေ့တာ၏ အရေးအကြီးဆုံးသော အပိုင်းသည် ဟေးလီးယတ့်တောင်ကုန်း ဖြစ်နေကြောင်း ကျွန်တော် ရိပ်စားလိုက်မိပါသည်။



"ကျွန်တော် စဉ်းစားပါရစေဦး၊ ဟုတ်တယ်၊ ကျွန်တော် ဆေးလိပ်သောက်နေတုန်းပဲ၊ ဟေးလီးယတ်ခြံဝင်းဂိတ်ကို ရောက်တဲ့အခါမှာ 'ရပ်' ဆိုတဲ့ ဆိုင်းဘုတ် ရှိပါရောလား၊ အဲဒီဆိုင်းဘုတ်ကို မြင်တဲ့အခါမှာ ယာဉ်စည်းကမ်းကို လိုက်နာတတ်တဲ့ နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ အလိုလို ကျွန်တော့် မော်တော်ကားကို ရပ်လိုက်မိတယ်၊ ကားရပ်ပြီးလို့ ဆက်မမောင်းခင် ဆေးလိပ်တိုကို ကားထဲက ဆေးလိပ်ပြာခံခွက်ထဲ ထိုးခြေထည့်လိုက်တယ်"

"ခင်ဗျား အဲ့ဒီတုန်းက မြင်ခဲ့ရတဲ့ လူနှစ်ယောက်ကို အပြန်ကျတော့ရော မြင်သေးသလား"

"သူတို့အကြောင်းကို ကျွန်တော် မစဉ်းစားမိဘူး၊ အင်း...မမြင်ဘူးဗျ၊ သူတို့ကို မြင်တယ်လို့ မထင်ဘူး"

ဂင်ဘယ်လ်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူ့နှုတ်ခမ်းကိုလည်း မသိမသာ ကိုက်နေသည်။

"အခုထွက်ဆိုချက်တွေကို ခင်ဗျား လက်မှတ်ထိုးမလား"

ကျွန်တော်က ထိုးမည်ဖြစ်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ဂင်ဘယ်လ်က ယူနီဖောင်းဝတ်ထားသူဘက်သို့ လှည့်ပြောသည်။

"အပေါ်ထပ်က မြို့တော်စည်ပင်သာယာရေးရုံး စာရေးရဲ့ စားပွဲပေါ်မှာ လက်နှိပ်စက် ရှိလိမ့်မယ်၊ အဲဒီလက်နှိပ်စက်နဲ့ အခုထွက်ဆိုချက်တွေကို သွားရိုက်ချေ၊ နောက်ပြီးတော့ မစ္စတာ ဂျွန်ဟေးလီးယတ်ဖိုက်ရဲ့ သစ်တောတွေကို ထိန်းသိမ်းပေးနေတဲ့ လူနှစ်ယောက်နဲ့ အဆက်အသွယ် ရအောင်လုပ်"

"ကောင်းပါပြီခင်ဗျာ၊ သူတို့က ရုက္ခဗေဒပညာရှင်တွေပါ၊ သူတို့နဲ့ အဆက်အသွယ်ရအောင် ကျွန်တော် ချက်ချင်းလုပ်ပါ့မယ်"

ဟု ယူနီဖောင်းဝတ် ရဲသားက ပြန်ဖြေသည်။

ဂင်ဘယ်လ်က ဆက်လုပ်ခွင့် ပေးလိုက်သည်။ ရဲသား ထွက်သွားသည်။ ဂင်ဘယ်လ်က သူ့နှုတ်ခမ်းကို ကိုက်နေသည်။ မက္ကလိန်းနှင့် ကျွန်တော့်ကို တစ်လှည့်စီ မသိမသာ အကဲခတ်နေသည်။ နောက်ဆုံးတွင်မှ သူက ပြောသည်။

"ဖာတ်လမ်းကတော့ အံ့သြစရာကောင်းလောက်အောင် ရှင်းနေသော့တာပဲ မက်၊ ဒါမျိုးတွေကို ခင်ဗျားလည်း အကြိမ်ကြိမ် ကြားခဲ့ဖူးမှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ဘယ်လိုသဘောရသလဲ''

မက္ကလိန်းက တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေသည်။

''ကျုပ် ဘယ်သိမှာလဲ၊ သူ ညာပြောနေတယ်ဆိုရင် ဒီ့ထက်ပိုတိကျအောင် အသေးစိတ် ပြောပြစရာတွေ သူ့မှာ ကျန်ချင်ကျန်ဦးမှာပေါ့၊ နေစမ်းပါဦး မောင်ရင်က ဘာဖြစ်လို့ ကျုပ်ကို ဒီမေးခွန်း မေးရတာလဲ၊ သူ့ကို ဖမ်းဖို့ဟာ ကျုပ် စိတ်ကူးမှမဟုတ်တာဘဲ''

အခန်းထဲမှာ တိတ်ဆိတ်သွားသည်။ လက်ဖတင်နင် ဂင်ဘယ်လ်က မသိမသာ သက်ပြင်းချကာ ကျွန်တော့်ဘက် လှည့်ပြောပြန်သည်။

''ဒီကိစ္စမှာ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ပြောဖို့တော့ ခပ်ခက်ခက်ပဲ၊ ဂျွန်ဟေးလီးယတ်ဖိုက်က ညနေခြောက်နာရီကျော်ကျော်လောက်မှာ သူ့အိမ်ကို ပြန်ရောက်လာတယ်၊ ကားဂိုဒေါင်ထဲမှာရှိတဲ့ ကားထဲမှာ သူ့မိန်းမ အသတ်ခံထားရတာကို တွေ့ရတယ်''

''ဒါဆိုရင်လည်း လူသတ်မှုပဲ ဖြစ်ရမှာပေါ့ဗျာ၊ မက်ရဲ့အိမ်မှာ ကျွန်တော် ရှိနေတုန်းက လူသတ်မှုတစ်ခု ဖြစ်တယ်လို့ သူပြောတာ ကြားခဲ့သေးတယ်၊ ဒါပေမဲ့ ကျွန်တော်နဲ့ ဒီကိစ္စ ဘာဆိုင်သလဲ''

''အဲဒီတောင်ကုန်းပေါ်ကို ခင်ဗျား ရောက်ခဲ့တယ်ဆိုတာ အစက ကျွန်တော်တို့ မသိဘူး၊ အခု ခင်ဗျား ပြောပြမှ သိရတယ်၊ အခုအတိုင်း ဆိုရင်တော့ ခင်ဗျားနဲ့ ပတ်သက်တဲ့အပိုင်းက တော်တော်ကလေး ပိုပြီးဆိုးရွားလာတဲ့ သဘောရှိတယ်၊ အခု လူသတ်မှုနဲ့ ခင်ဗျား ဘယ်လိုမှ မဆိုင်ကြောင်း ကျွန်တော် ယုံကြည်လောက်အောင် ပြောပြစမ်းပါဦး''

''ကျွန်တော်က ဘာပြောပြတတ်မှာလဲ၊ ဒီကိစ္စကို ကျွန်တော် ဘာမှ မသိဘူး၊ လူသတ်မှု အဲဒီနေရာမှာဖြစ်ကြောင်းလည်း မသိဘူး၊ ခင်ဗျား အခုပြောပြတော့မှ ဂျွန်ဟေးလီးယတ်ဖိုက်ရဲ့ မိန်းမ အသတ်ခံရတယ်ဆိုတာ ကျွန်တော် သိတာ၊ ဟေးလီးယတ် တောင်ကုန်းပေါ်ကို ကျွန်တော် တက်သွားတာလည်း ရိုးရိုးသားသား တက်သွားတာ၊ အလုပ်ကိစ္စအတွက် တက်သွားတာ၊ နေ့ခင်းပိုင်းတုန်းက ဒီအကြောင်းကို မစ္စတာ မက္ကလိန်းနဲ့ ကျွန်တော် ဆွေးနွေးခဲ့တယ်၊ မြောင်းဘောင်ဖော်စက်အကြောင်း ဂျွန်ဟေးလီးယတ်ဖိုက်နဲ့ သွားဆွေးနွေးဖို့ ဆိုတာလည်း ကျွန်တော် စိတ်မကူးဘူး၊ မစ္စတာ အော်တိုမက္ကလိန်းပေးတဲ့



အကြံဉာဏ်၊ မစ္စတာ ဂျွန်ဟေးလီးယတ်ရဲ့ နာမည်ကိုရော မစ္စက်ဂျွန်ဟေးလီးယတ်ရဲ့ နာမည်ကိုပါ ဘယ်တုန်းကမှ ကျွန်တော် မကြားခဲ့ဖူးဘူး၊ နေ့ခင်းတုန်းက အော်တိုမက္ကလိန်းပြောမှ သူတို့နာမည်တွေ ကျွန်တော် ကြားဖူးတာ''

ကျွန်တော့်စကားကြောင့် ဂင်ဘယ်လ် ခေါင်းထောင်လာသည်။

''အခုမှ ခင်ဗျား လိမ်ပြောတော့တာပဲ၊ ဒါဆိုရင်တော့ ကျုပ် တော်တော်ကလေး သဘောပေါက်လာပြီ၊ ဟော့...အခုအစစ်ခံချက်ကို လိုက်ရေးထားစမ်း၊ ဟိုကောင် ပြန်လာရင် လက်နှိပ်စက်အောက်မှာ ဆက်ရေး၊ ဒီမှာ မစ္စတာပိုတာ၊ အခုပြောတာကိုလည်း ခင်ဗျား လက်မှတ်ထိုးရမယ်''

''ထိုးပါတယ်ဗျာ၊ လက်မှတ်ထိုးတာများ ဘာခက်တာမှတ်လို့''

ကျွန်တော်ကလည်း အေးအေးဆေးဆေးပင် ပြန်ပြောသည်။ လက်ဖတင်နင်ဂင်ဘယ်လ်က မက္ကလိန်းဘက်သို့ လှည့်သွားသည်။

''မက်...တရားသူကြီးအဖြစ် ဆောင်ရွက်ဖို့ ဒီနယ်မှာရှိနေတဲ့ ဂျူရီလူကြီးတစ်ယောက်ယောက်ကို စီစဉ်ပေးပါ။ ခင်ဗျားတို့ ခရိုင်ရှေ့နေကြီး ဒီမှာ ရှိမနေတာ တော်တော်ဆိုးတာပဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ခရိုင်ရှေ့နေ မရှိပေမယ့်လည်း ပေါလ်ပိုတာကို တိုင်ချက်ဖွင့်ဖို့ ကျွန်တော်တို့ စီစဉ်ရတော့မယ်၊ လောလောဆယ်တော့ သူ့ကို ခင်ဗျား ထောင်ထဲမှာပဲ ချုပ်ထားပေးပါ၊ ပြီးတော့မှ ပြည်နယ်မြို့တော်ကို ခေါ်သွားပြီး ဟိုမှာ ကျွန်တော် ဆက်ချုပ်မယ်၊ ကျန်တာတွေ ကျွန်တော် ဆက်စီစဉ်သွားပါ့မယ်''

''ကောင်းပြီ''

အော်တိုမက္ကလိန်းက တိုတိုတောင်းတောင်းပြောပြီး အခန်းပြင်သို့ထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်လည်း သူဆက်မထွက်ဖြစ်ပါ။ သာမန်လူများထက် ထူးခြားပြီး အရပ်မြင့်သော လူတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။ သူ့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်အစားများမှာ အခန်းထဲတွင် ရှိနှင့်နေကြသည့် ကျွန်တော်တို့အားလုံးပေါင်း၏ အဝတ်အစားများထက်ပင် တန်ဖိုးကြီးနေမည်ဟု ခန့်မှန်းရလေသည်။

''လက်ဖတင်နင်...မက်...လူကြီးမင်းများအားလုံး မင်္ဂလာပါ၊ မစ္စတာပိုတာ၊ ကျုပ်နာမည် ဟင်နရီလိုက်ဖ်တန်ပါ၊ မောင် ရှေ့နေတစ်ယောက် လိုနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ အင်ဒရီယာ မက္ကလိန်းက ပြောလိုက်လို့ ကျုပ် လာတာပါ''

ထိုသူက ဝင်လာရင်း အားလုံးကို နှုတ်ဆက်ကာ တစ်ဆက်တည်း ကျွန်တော့်ကိုပါ လှမ်းပြောလိုက်သည်။

''အင်း...လိုလိမ့်မယ်လို့ ကျွန်တော်လည်း ထင်ပါတယ်''

ကျွန်တော်ကလည်း မရေမရာ ပြန်ဖြေမိသည်။

''ထင်ပါတယ် ဆိုတာက ဘယ်လိုတုန်း''

''ဒီနေ့ အမျိုးသမီးတစ်ယောက် သေသွားတဲ့နေရာနားကို ကျွန်တော် ရောက်သွားမိတယ်၊ ဟောဒီ ရဲတပ်ဖွဲ့ဝင်တွေက အဲဒါကို လူသတ်မှုဖြစ်အောင် လုပ်နေကြတယ်၊ ကျွန်တော့်ကိုလည်း လူသတ်သမားလို့ စွပ်စွဲနေကြတယ်''

လက်နှိပ်စက် သွားရိုက်သော ယူနီဖောင်းဝတ်ရဲသား စာရွက်များကိုင်ပြီး ပြန်ဝင်လာသည်။ လက်ဖတင်နင်ဂင်ဘယ်လ်က ထိုစာရွက်များကို အရပ်ဝတ်နှင့် လူတစ်ယောက်ထံ ကမ်းပေးသည်။ ပြီးတော့ မစ္စတာ ပွန်ဖိုက်နှင့် မစ္စပွန်ဖိုက်ကို ကျွန်တော် မသိကြောင်း၊ နာမည်များကိုပင် မကြားဖူးကြောင်း၊ မစ္စတာ အော်တိုမက္ကလိန်း ပြောတော့မှ နာမည်များကို ကြားဖူးခြင်း ဖြစ်ကြောင်းများ အောက်တွင် ဆက်ရေးစေသည်။

အရပ်ဝတ်နှင့် လူက ဖောင်တိန်ဆွဲထုတ်ပြီး သွက်လက်စွာ ရေးထည့်နေသည်။ ပြီးသောအခါ ဂင်ဘယ်လ်က ကျွန်တော့်ဆီသို့ စာရွက်များကို ကမ်းပေးသည်။

''ဖတ်ကြည့်ပြီး တစ်ရွက်ချင်း အပေါ်မှာ လက်မှတ်ထိုးပါ၊ နောက်ဆက်တွဲလက်ရေးနဲ့ ဆက်ရေးထားတဲ့ဘေးမှာလည်း လက်မှတ်တိုကလေး ထိုးလိုက်ပါဦး''

ရှေ့နေ ဟာင်နရီလိုက်ဖ်တန်က သူ၏လှပသော ငွေရောင်ဆံပင်များကို လက်နှင့်သပ်လိုက်သည်။

''သိပ်ပြီး အလျင်မလိုကြနဲ့ဦးလေ၊ ကျွန်တော့်အမှုသည်အနေနဲ့ ဘယ်စာရွက်ပေါ်မှာမှ လက်မှတ်ထိုးဖို့ လိုမယ်မထင်ဘူး''

သူက ကျွန်တော့်ဆီသို့ လက်ကမ်းသည်။ ကျွန်တော်က မိတ္တူတစ်စုံ ပေးလိုက်သည်။

လက်နှိပ်စက် ရိုက်ထားသော ကျွန်တော်၏ ထွက်ဆိုချက်များကို



ကျွန်တော်တို့နှစ်ယောက် ခပ်သွက်သွက် ဖတ်ကြည့်ကြသည်။ ဟာင်နရီလိုက်ဖ်တန်က သီချင်းကလေးတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းနေသည်။ ဖတ်ပြီးသွားသောအခါကျမှ ကျွန်တော့်ဘက် လှည့်မေးသည်။

''ဒါတွေအားလုံး အမှန်ပဲလား မစ္စတာပိုတာ''

''အားလုံးအမှန်ပါပဲ''

''ဟေးလီးယတ်တောင်ကုန်းပေါ်ကို ရောက်သွားတဲ့အချိန်ကတော့ နည်းနည်းအရေးကြီးတယ်၊ အိုး...အရေးမကြီးပါဘူးလေ၊ လက်မှတ်သာ ထိုးလိုက်ပါ၊ ကျွမ်းမကျိန်သေးသမျှ ကာလပတ်လုံး ဒါတွေဟာ ဘာတန်ဖိုးမှ မရှိပါဘူး''

သူက လက်ထဲမှ စာရွက်ကို ကျွန်တော့် ပြန်ပေးသည်။ လက်ဖတင်နင်ဂင်ဘယ်လ် ပြောသည့်အတိုင်း စာရွက်များပေါ်မှာ ကျွန်တော် လက်မှတ်ထိုးသည်။

''ကဲ...ကျွန်တော့်ရုံးခန်းကို ခင်ဗျားတို့အားလုံးလည်း သိနေကြသားပဲ၊ ကျွန်တော့်အမှုသည်နဲ့ ကျွန်တော် ဟိုမှာသွားပြီး ဆွေးနွေးလိုက်ဦးမယ်''

''မဖြစ်နိုင်ဘူး ထင်ပါတယ် ခင်ဗျာ''

ဟု ဂင်ဘယ်လ်က ပြောသည်။

''ဒီအမှုမှာ ခင်ဗျားက အမှုလိုက်အရာရှိလား''

ဟာင်နရီလိုက်ဖ်တန်က ဂင်ဘယ်လ်ကို လှမ်းမေးသည်။

''ဟုတ်ပါတယ်၊ ကျွန်တော် အမှုလိုက်အရာရှိပါပဲ မစ္စတာ လိုက်ဖ်တန်၊ အာမခံ မပေးဘဲ ရုံးတင်တရားစွဲဖို့ ကျွန်တော်တို့ စီစဉ်နေကြပါတယ်၊ အကြောင်းက ဒီလိုလေ၊ သူ့ထွက်ဆိုချက်တွေဟာ လိမ်ပြီးပြောတဲ့ ထွက်ဆိုချက်တွေ ဖြစ်နေတယ်၊ လူသတ်မှုတစ်ခုမှာ အခုလို လိမ်ပြီးထွက်ဆိုချက်ပေးတယ်ဆိုတော့...''

ဟာင်နရီလိုက်ဖ်တန်က လက်ဖတင်နင်ဂင်ဘယ်လ်၏ စကားကို လက်တစ်ဘက်မြှောက်ပြပြီး ရပ်ခိုင်းလိုက်သည်။

''ဥပဒေအကြောင်း ကျေးဇူးပြုပြီး ကျုပ်ကို ပြောပြမနေပါနဲ့ လက်ဖတင်နင်၊ ဥပဒေအကြောင်းကို ကျုပ် နားမလည်ဘူးဆိုရင်လည်း ကျုပ်အခွင့်ကျုပ်ပဲ ရှိပါစေတော့၊ မော်တော်ဆိုင်ကယ် ဘယ်လိုပြင်ရမယ် ဆိုတာများ ခင်ဗျားကို ကျွန်တော် ပြောပြခဲ့ဖူးသလား''

www.burmeseclassic.com

www.burmeseclassic.com



"ဒါက တခြားပါဗျာ၊ ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားကို ကျွန်တော် တစ်ခုမေးမယ်၊ မိန်းမတစ်ယောက် အသတ်ခံသွားရတဲ့အခါမှာ အဲဒီမိန်းမနဲ့ လက်ထပ်ပြီး လေးနှစ်လုံးလုံး ပေါင်းသင်းလာတဲ့ လူတစ်ယောက်က ဒီမိန်းမကို လုံးလုံးမသိဘူး၊ နာမည်ကိုတောင်မှ မကြားဖူးပါဘူးဆိုရင် ခင်ဗျား ယုံမလား"

ဟင်နရီလိုက်ဖ်တန် ဘာပြန်ဖြေသည်ကို ကျွန်တော် မကြားလိုက်ရတော့ပါ။ အခြားဘာသံကိုမှလည်း မကြားရတော့ပါ။

ကျွန်တော့်တစ်ကိုယ်လုံးမှာ တောင့်တင်းသွားလေသည်။ တစ်ကိုယ်လုံးမှာရှိနေသော သွေးများအားလုံးကလည်း ပွက်ပွက်ဆူနေကြပြီဟု ထင်မှတ်ရလေသည်။ အသိအာရုံပေါင်း များစွာတို့ကလည်း ခေါင်းထဲသို့ စုပြုံပြေးဝင်လာကြလေသည်။

အက်ဒစ်၏ လှပသော ခြေထောက်များကို မျက်စိထဲမှာ ပြန်လည်မြင်ယောင်လာသည်။ နေ့ခင်းတုန်းက အော်တိုမက္ကလိန်းတို့ သားအဖနှစ်ယောက်နှင့်အတူ နေ့လယ်စာစားဖို့ တရုတ်စားသောက်ဆိုင်သို့အသွား ဘဏ်တိုက်ထဲမှ ထွက်လာပြီး မြစေတော့ရှင်ဝက်ဗ္ဗန်ကားကြီးဆီသို့ လျှောက်သွားနေသော အက်ဒစ်၏ခြေထောက်များကို သတိပြန်ရလာသည်။

တစ်စုံတစ်ခုပြောဖို့ ကျွန်တော် ကြိုးစားပါသည်။ ကျွန်တော့်ပါးစပ်ထဲမှ အသံများ ဗလုံးဗထွေး ထွက်သွားပါသည်။ ဘာသံတွေ ထွက်သွားကြောင်း ကျွန်တော် မသိပါ။ ကျွန်တော်ကိုယ်တိုင်လည်း နားမလည်လိုက်ပါ။

"သူ့အတွက် ရေတစ်ခွက် ခပ်ပေးလိုက်စမ်းဟေ့"

ဟူသော လက်ဖတင်နင်ဂင်ဘယ်လ်၏ အသံတစ်ခုသာ နားထဲသို့ ဝင်လာသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်ကိုဆွဲပြီး ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းသည်။ ပြီးတော့ ကျွန်တော့်နှုတ်ခမ်းမှာ ရေခွက်တေ့ပေးသည်။ ဖန်ခွက်ထဲမှရေကို ခက်ခဲပင်ပန်းစွာ သောက်လိုက်ရပါသည်။

ရေအနည်းငယ် ဝင်သွားသည့်အတွက် ကျွန်တော် နေသာ ထိုင်သာ အတော်ကလေး ရှိသွားပါသည်။ ခေါင်းထဲမှာတော့ အုံခဲနေပါသည်။ ထိုကြားထဲမှပင် ကျွန်တော် ကြိုးစားပြီး ပြန်ပြောမိပါသည်။

"အက်ဒစ်…အက်ဒစ်…အသတ်ခံရတာ အက်ဒစ်လား၊ နေ့ခင်းတုန်းက မြို့ထဲမှာ သူ့ကို ကျွန်တော် လှမ်းတွေ့လိုက်မိတယ်၊ ဒီတုန်းက ကျွန်တော်



နဲ့အတူတူ မစ္စတာ အော်တိုမက္ကလိန်းလည်း ရှိနေတယ်၊ ကျွန်တော်တို့ နေ့လယ်စာစားဖို့သွားကြတုန်းက"

"ဟုတ်တယ်၊ ကျုပ်လည်း သူ့နဲ့ အတူတူရှိနေတယ်၊ ကျုပ် မှတ်မိပြီ"

ဟု မက္ကလိန်းက ပြောသည်။

"အား…ဟုတ်တာပေါ့၊ ခင်ဗျား မှတ်မိနိုင်တာပေါ့၊ ဒီအမျိုးသမီးက ယောက်ျားတစ်ယောက်ကို…"

ဟင်နရီလိုက်ဖ်တန်က ဝင်ပြောသည်။ သို့သော်လည်း သူ့စကားကို ဆုံးအောင် ကျွန်တော် မစောင့်နိုင်တော့ပါ။

"သူဟာ မစ္စက်ဂျွန်ဟေးလီးယတ်ဗိုက်ဖြစ်ကြောင်း စောစောက ကျွန်တော့်ကို ဘာဖြစ်လို့ ပြောမပြခဲ့တာလဲဗျာ"

ကျွန်တော့်စကားကြောင့် အော်တိုမက္ကလိန်းက ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။ သူ အတော်လည်း စိတ်တိုသွားပုံရလေသည်။

"သူဟာ မင်းမယားဟောင်းဖြစ်ကြောင်း မင်းကရော ငါ့ကို ဘာဖြစ်လို့ ပြောမပြတာလဲ၊ သူဟာ မင်းမယားဟောင်း ဖြစ်တယ်ဆိုတာ ဂျွန်ဗိုက်နဲ့ တွေ့ရတော့မှ တို့သိရတာ၊ သူတို့လင်မယားမှာ ရန်သူတွေများ ရှိသလားလို့ တို့က မေးတယ်၊ ဂျွန်ဗိုက်က သူ့မယားရဲ့ ယောက်ျားဟောင်း ပေါလ်ပိုတာ ဆိုတာတော့ ရှိတယ်လို့ ပြောတယ်၊ သစ်တောထဲမှာ အလုပ်လုပ်နေတဲ့လူနှစ်ယောက်ကလည်း အီလီနွိုင်ပြည်နယ် လိုင်စင်နံပါတ်ပြား ကပ်ထားတဲ့ မော်တော်ကားတစ်စီးတော့ ဟေးလီးယတ်တောင်ကုန်းပေါ် တက်သွားတာ တွေ့လိုက်ရတယ်တဲ့၊ အချိန်သိပ်မကြာဘဲ ပြန်ဆင်းလာတယ်လို့ ပြောတယ်"

"ကျွန်တော်တို့ အမှားတစ်ခုခုတော့ လုပ်နေမိကြပြီထင်တယ်"

လက်ဖတင်နင်ဂင်ဘယ်လ်၏ စကားကြောင့် သူ့ဘက်သို့ အားလုံး လှည့်ကြည့်ကြသည်။ ဂင်ဘယ်လ်က လေအေးကလေးနှင့် ဆက်ပြောသည်။

"မစ္စတာပိုတာ ခင်ဗျားကို ကျွန်တော် လွှတ်ပေးရတော့မယ်ထင်တယ်၊ ခင်ဗျားရဲ့မိန်းမ အင်း…မိန်းမဟောင်း ဆိုပါတော့လေ၊ အသတ်ခံရတဲ့လူဟာ ခင်ဗျား မိန်းမဟောင်း ဖြစ်တယ်ဆိုတာလည်းကြားရော ခင်ဗျား ပုံမှ်က်ယန်းဖျက် ဖြစ်သွားတာဟာ ဟန်လုပ်တာမျိုး မဟုတ်ဘူး၊ တကယ်အထိတ်တလန့်ဖြစ်သွားတဲ့ပုံမျိုးပဲ၊ လူသတ်သမား တော်တော်များများဟာ တခြားလူတွေထက်

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးတည်ငြိမ်တယ်၊ တခြားလူတွေ လှုပ်လှုပ်ရှားရှား ဖြစ်တတ်ကြသလောက် သူတို့ကျတော့ ဣန္ဒြေဆောင်နိုင်ကြတယ်၊ ခင်ဗျားကတော့ ဒီလိုမဟုတ်ဘူး၊ ဒါလေးတစ်ခုတော့ ခင်ဗျားအတွက် ကျွန်တော် မှတ်ထားပေးပါ့မယ်"

ဂင်ဘယ်လ်က ထိုသို့ပြောနေသော်လည်း အော်တိုမက္ကလိန်း၏ အမူအရာက တမျိုးဖြစ်နေပြန်သည်။ ကျွန်တော့်အပေါ် ရန်လိုသည့် အမူအရာမျိုး ဖြစ်ပေါ်လာပြန်သည်။

"ကျုပ်ဘက်ကနေပြီး ခင်ဗျားတို့ ကြည့်ကြဦးလေ၊ လူတစ်ယောက် ကျုပ်ဆီကို ရောက်လာတယ်၊ ကျုပ်ဆိုင်ထဲမှာ ပြထားတဲ့စက်ဟာ သူတို့ကုမ္ပဏီက ထုတ်တဲ့စက်ပါပဲလို့ ပြောတယ်၊ ဒီတော့ သူဟာ ဒီစက်ထုတ်လုပ်တဲ့ ကုမ္ပဏီကလူ ဟုတ်၊မဟုတ် ကျုပ်အနေနဲ့ စစ်ဆေးနေစရာ မလိုတော့ဘူး၊ ပြီးတော့ စီးပွားရေး ကိစ္စတွေကို ကျုပ်တို့ ပြောကြတယ်၊ သူ သိချင်တဲ့အကြောင်းတွေကို သွယ်ဝိုက် ပြီးမေးတာ ဖြစ်ချင်လည်း ဖြစ်မယ်၊ သူသတ်ချင်တဲ့မိန်းမ ဘယ်အိမ်မှာ နေတယ် ဆိုတာကို မသိမသာ ရေလာမြောင်းပေးလုပ်ပြီးမေးတာ ဖြစ်ချင်လည်း ဖြစ်မယ်၊ သူသတ်ချင်တဲ့ မိန်းမဟာ ဒီအချိန်ဆိုရင် အိမ်မှာ တစ်ယောက်တည်း ရှိနေလိမ့် မယ်လို့ ကျုပ်က ပြောပြချင်ပြမိလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ယောက်ျားက ခရီးသွားနေတယ်၊ ဒီနေ့ ကြာသပတေးနေ့ ဖြစ်တဲ့အတွက် သူတို့အိမ်က အိမ်ဖော် တွေအားလုံး ရက်အားရကြတဲ့နေ့လည်း ဖြစ်တယ်"

"အဲဒါတွေ တစ်ခုမှ ကျွန်တော် မသိပါဘူးဗျာ၊ တကယ့်ကို ရိုးရိုး သားသား မသိတာပါ၊ မစ္စက်ဂျွန်ဟောလီးယတ်ဖိုက်ဆိုတာ ဘယ်သူဖြစ်ကြောင်း လည်း ကျွန်တော် မသိခဲ့ရိုး အမှန်ပါ"

ဟု ကျွန်တော်က သူ့စကားကိုဖြတ်ပြီး ဝင်ပြောမိသည်။

"ဒါပေမဲ့ ခင်ဗျားတို့ ကျုပ်ဘက်ကနေပြီး သေသေချာချာ စဉ်းစား ကြည့်ကြဦး၊ ဒီငတိဟာ ကျုပ်ကို ခုတုံးလုပ်သွားတာမျိုး ဖြစ်မနေဘူးလား၊ ကျုပ်ဟာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ အကြီးဆုံးမြို့ကြီးတွေမှာ ရဲအရာရှိ လုပ်ခဲ့တဲ့ အကောင်၊ အခုတော့ ဒီလိုရွာငယ်ဖနုပဒ်မှာလာပြီး ခုတုံးအလုပ်ခံလိုက်ရ တယ်ဆိုတော့ တောက်…"

အော်တိုမက္ကလိန်းသည် ပြောရင်းမှပင် ဒေါသဖြစ်လာပုံရလေသည်။ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။



"မက်…စိတ်အေးအေးထားပါလေ၊ မဆိုင်တာတွေ ဆွဲထည့်ပြီး ပြော မနေပါနဲ့"

ဟု ဟင်နရီလိုက်ဖ်တန်က ဝင်ပြောသည်။

လိုက်ဖ်တန်၏စကားကို ကြားရသောအခါ ကျွန်တော်လည်း စိုးရိမ်စ ပြုလာမိတော့သည်။ သို့သော်လည်း ကိုယ့်စိတ်ကိုယ်ထိန်းပြီး သူ့ကို ပြုံးပြလိုက်မိ သည်။ ဟင်နရီလိုက်ဖ်တန်ကမူ မျက်နှာထားတည်တည်ကြီး ဖြစ်နေချေသည်။ အော်တိုမက္ကလိန်းကိုလည်း သူနှင့် မည်သို့မျှ မပတ်သက်နိုင်ကြောင်း ရှင်းပြနေ လေသည်။ လေးလေးနက်နက် သဘောမထားသည့် သဘောမျိုးဖြင့် ရယ်ကာ မောကာ ပြောနေသည်။

"မစ္စတာ မက္ကလိန်း ကျွန်တော် ပြောတာကို ယုံပါခင်ဗျာ၊ ဒီနေ့ ခင်ဗျားနဲ့ တွေ့ရတဲ့အချိန်အထိ ခင်ဗျားနာမည်ကို ကျွန်တော် မကြားခဲ့ဖူးပါဘူး၊ အခုဟာကလည်း ကျွန်တော် နယ်လှည့်ရင်း ဒီနားရောက်လာလို့ လောင်ဒီစဘတ် မြို့ကိုမြင်ပြီး ကျွန်တော်တို့ စက်တစ်လုံးရှိနေတာ သတိရလို့ ဝင်လာမိတာပါ။ နောက်ပြီးတော့ အက်ဒစ် နောက်အိမ်ထောင်ပြုထားတယ် ဆိုတာကိုလည်း ကျွန်တော် လုံးလုံး မသိခဲ့ပါဘူး"

ကျွန်တော်ကလည်း အတတ်နိုင်ဆုံး ဝင်ရှင်းပြမိသည်။ ယခုတစ်ကြိမ် တွင်မှ အက်ဒစ်၏ နာမည်ကို ကျွန်တော့်နှုတ်မှ အလွယ်တကူပင် ပြောချ လိုက်နိုင်ပါသည်။

လက်ဖတင်နှင်ဂင်ဘယ်လ်က ကျွန်တော့်ကို လှမ်းကြည့်သည်။

"မစ္စတာပိုတာ ခင်ဗျားတို့နှစ်ယောက် ကွာရှင်းပြတ်စဲရတဲ့ အကြောင်း တွေကိုများ ပြောပြနိုင်မလား"

ဟု လှမ်းမေးသည်။

"အင်မတန် စုတ်ပွဲ့တဲ့ မေးခွန်းတစ်ခု ခင်ဗျား မေးလိုက်တာပဲဗျ"

ကျွန်တော်ကလည်း ထောင်းကနဲ စိတ်ထွက်သွားမိသောကြောင့် ခပ်မာမာ ပြန်ပြောလိုက်မိလေသည်။

"မောင်လည်း စိတ်အေးအေးထားလေ၊ ရဲအရာရှိတွေကို ကလန်ကဆန် မပြောနဲ့၊ သူတို့ကို ဆရာလို့ မခေါ်နိုင်တာ အရေးမကြီးဘူး၊ ကလန်ကဆန် ပြောရင် အမှုပိုကြီးသွားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဟင်နရီလိုက်ဖ်တန်က ကျွန်တော့်ကို လှမ်းတားသည်။

"ဆရာလို့ မခေါ်နိုင်ရင်လည်း မော်တော်ဆိုင်ကယ်ပြင်တဲ့ အကောင်လို့ ခေါ်နိုင်ပါတယ်ဗျာ"

ဂင်ဘယ်လ်က အသောဝင်ဖောက်လိုက်သောကြောင့် ဟင်နရီလိုက်ဖ်တန်က ပြုံးသည်။

"လက်ဖတင်နင်ဂင်ဘယ်လ် သိချင်တာက မောင်တို့ရုံးကို သွားကြသလား၊ ရုံးမှာ ကွာရှင်းပြတ်စဲခွင့် တောင်းကြသလား၊ ကွာရှင်းပြတ်စဲခွင့်နဲ့ ပတ်သက်ပြီး တရားဥပဒေအကြောင်းဆိုင်ရာ ဆောင်ရွက်ချက်တွေ ဘယ်လိုရှိခဲ့သလဲ ဆိုတာမျိုးပဲ ဖြစ်ပါလိမ့်မယ်"

ဟင်နရီလိုက်ဖ်တန်က အပြုံးမပျက် ဝင်ဖြေရှင်းပေးသည်။

"ကျွန်တော် သိချင်တာကတော့ ဒီထက်များတာပေါ့ဗျာ၊ ဒါပေမဲ့ မစ္စတာလိုက်ဖ်တန်က ဒါလောက်ပဲ ပြောပါဆိုရင်လည်း ဒါလောက်ပဲ နားထောင်ရတာပေါ့"

ကျွန်တော်တို့အားလုံး စိတ်သက်သာရာ ရသွားကြပြန်သည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ချေချောင်ငံ ဆက်ဆံလာကြပြန်သည်။

"ကျွန်တော်တို့နှစ်ယောက် ကွာရှင်းပြတ်စဲလိုက်ကြတာ တစ်နှစ်လောက် ရှိသွားပါပြီ၊ ပိုပြီးတိကျအောင် ပြောရမယ်ဆိုရင် ဆယ့်တစ်လရှိသွားပြီဆိုပါတော့၊ နီဗားဒါးပြည်နယ်က ရှေ့နေတစ်ယောက်ဆီက ကျွန်တော့်ဆီကို စာတစ်စောင် ရောက်လာတယ်၊ သူ့စာနဲ့အတူတူ ကွာရှင်းပြတ်စဲခွင့် ရုံးမိန့်စာတစ်ခု ပါလာတယ်၊ ကျွန်တော် နောက်ထပ် အိမ်ထောင်ပြုလိုသပ,ဆိုရင် အဲဒီ ရုံးမိန့်စာကို လည်ပင်းဆွဲချင် ဆွဲထားနိုင်တယ်ဆိုတယ်လို့လည်း ရှေ့နေက ကျွန်တော့်ကို အကြံပေးထားပါတယ်၊ ဒါပေမဲ့ ကျွန်တော်..."

"တော်ပြီ...တော်ပြီ...ဒါလောက်ဆိုရင် လုံလောက်ပါပြီ၊ ကဲ... ကျုပ်တို့ သွားရတော့မလား လက်ဖတင်နင်"

ကျွန်တော့်စကားကို ဟင်နရီလိုက်ဖ်တန်က ဝင်ဖြတ်ပစ်လိုက်သည်။

"ခင်ဗျား အမှုသည်အနေနဲ့ ဒီမြို့က ထွက်မသွားခင် ကျွန်တော်နဲ့ ထပ်တွေ့သွားစေချင်ပါတယ်၊ ဟိုတယ်မှာ သူ အခန်းငှားထားတာ ကျွန်တော်သိပါတယ်၊ နောက်တစ်နေ့မနက်အထိ နေဖို့ ငှားထားတာပါ၊ မနက်ဖြန်လောက်



ဆိုရင် အမှုအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော်လည်း ဒီထက် ပိုသိချင်သိနိုင်ရောပေါ့လေ၊ မစ္စတာပိုတာ ခင်ဗျား စိတ်ထိခိုက်တာ မထိခိုက်တာကတော့ထားပေါ့ဗျာ၊ ဒါပေမဲ့ မနက်ဖြန် မနက်ကျရင်တော့ ခင်ဗျားတို့ နောက်ကြောင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော် ဒီထက်ပိုပြီး သိချင်တယ်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ ဟင်နရီလိုက်ဖ်တန်က ကျွန်တော့်လက်မောင်းကိုဆွဲပြီး အခန်းအပြင်သို့ထွက်ရန် ခြေလှမ်းပြင်သည်။ ထိုအချိန်မှာပင် အော်တိုမက္ကလိန်းက ချက်ချင်းအသက်ဝင် လှုပ်ရှားလာသည်။

"ခဏနေကြပါဦး၊ ဒီနေ့ ကျုပ် သတိထားမိတာ တစ်ခုရှိတယ်၊ မင်း ငါ့ဆီကို လာတုန်းက ဒန့်မီးခြစ် ပါမလာဘူး"

အော်တိုမက္ကလိန်းက ကျွန်တော့်ကို လှမ်းပြောသည်။ သူ့လေသံမှာ တိုက်ရွှနှင့် ပတ်သက်ပြီး အတော်စိတ်ကြီးဝင်သွားသည့် လေသံမျိုး ဖြစ်နေလေသည်။

"ကျုပ် စီးပွားရေးလုပ်ငန်းတွေ လုပ်တဲ့အချိန်ကာလ,ပြီး ဒါတစ်ခုတော့, သတိထားခဲ့မိတယ်၊ ကုမ္ပဏီကြီးတွေက ကိုယ်စားလှယ်တွေဟာ များသောအားဖြင့် သူတို့ကုမ္ပဏီနာမည် ရေးထိုးထားတဲ့ ဒန့်မီးခြစ်တွေ ကိုင်လေ့ရှိကြတယ်၊ ဒွန်ဖိုက်အိမ်ရှေ့မှာ မင်း စီးကရက်သောက်တယ်လို့လည်း ပြောတယ်၊ ဆေးလိပ်တိုကို ခြံဝက 'ရပ်' ဆိုတဲ့ ဆိုင်းဘုတ်နားကျတော့ ပြာခံခွက်ထဲမှာ ထိုးခြေလိုက်တယ်လို့လည်း ပြောတယ်၊ မင်း ဘာမီးခြစ်နဲ့ ဆေးလိပ်မီးညှိသလဲ"

လက်ဖတင်နင်ဂင်ဘယ်လ်မှာ စိတ်မရှည်နိုင်သလို ဖြစ်လာသည်။ သို့သော်လည်း အော်တိုမက္ကလိန်း ဘာဆိုလိုကြောင်း ကျွန်တော် ချက်ချင်းသဘောပေါက်လိုက်ပါသည်။

ဟေးလီးယတ်တောင်ကုန်းပေါ်မှ ကျွန်တော် ပြန်ဆင်းလာသည်ကို သစ်တောအလုပ်သမားနှစ်ယောက် မြင်ရသည်ဆိုလျှင် ထိုသို့ မြင်သည့်အခါတွင်လည်း ကျွန်တော် ဆေးလိပ်သောက်နေသည်ကိုပါ သတိထားမိမည်ဆိုလျှင် သူတစ်ယောက်သည် ဆေးလိပ်သောက်နေရင်းဖြင့် မိန်းမတစ်ယောက်ကို မည်သို့ အသေသတ်နိုင်ပါမည်နည်း။

"ဟုတ်တယ်၊ ဒါဟာ တော်တော်စဉ်းစားစရာကောင်းတဲ့ အချက်ပါ၊ ဒွန်ဖိုက်ရဲ့ အိမ်ရှေ့မှာ ကျွန်တော် စီးကရက် မီးညှိသောက်တယ်၊ ဇစ်ပိုမီးခြစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မီးညှိပါတယ်၊ မီးခြစ်ဆံကို အဲဒီအိမ်ရှေ့မှာပဲ လွှင့်ပစ်ခဲ့ပါတယ်၊ အဲဒီအချိန်ကစပြီး အခုထက်ထိ မိုးမရွာသေးပါဘူး၊ ဒါကြောင့် ကျွန်တော် ပစ်ချခဲ့တဲ့ မီးခြစ်ဆံကို အဲဒီနေရာမှာ သွားရှာကြည့်ရင် တွေ့ကောင်းတွေ့နိုင်ပါလိမ့်မယ်၊ အဲဒီမီးခြစ်ဆံကို ကျွန်တော် ခွဲဆုတ်လိုက်တဲ့ စက္ကူမီးခြစ်ကတ်ပြားက တော့ ဟောဒါပါပဲ၊ ဒီထဲက နောက်ဆုံးအဆံပါပဲ၊ ဟေးလီးယတ်တောင်ကုန်းပေါ်မှာ သိပ်ကို သန့်ရှင်းနေတဲ့အတွက် ဒီမီးခြစ်ကတ်ပြားကို ကျွန်တော် လွှင့်ပစ်ဖို့ ဝန်လေးခဲ့ပါတယ်''

ကျွန်တော်က ဘောင်းဘီအိတ်ထဲမှာ ရှိနေသော စက္ကူမီးခြစ်ကတ်ပြားအခွံကို ထုတ်ယူပြီး စားပွဲပေါ်သို့ ပစ်ချပေးလိုက်သည်။

''ကျွန်တော်ဟာ မစ္စတာမက္ကလိန်းလို မြို့ကြီးပြကြီးတွေမှာ ရဲအရာရှိလုပ်ခဲ့တဲ့လူ မဟုတ်ပါဘူး၊ ဒါပေမဲ့ သာမန်ပဲ အသိဉာဏ်ရှိတဲ့လူတောင်မှ စဉ်းစားကြည့်နိုင်ပါတယ်၊ မစ္စတာဂျွန်ဟေးလီးယတ်ဖိုက်ရဲ့ အိမ်ရှေ့မှာ ကျန်ခဲ့တဲ့ မီးခြစ်ဆံကိုရှာပြီး ဟောဒီအထဲက ဆုတ်ပစ်လိုက်တဲ့ နေရာနဲ့ ဆက်ကြည့်ကြပါ၊ အဲဒီမီးခြစ်ဆံဟာ ဒီထဲက ခွဲဆုတ်လိုက်တာ ဟုတ်သလား မဟုတ်ဘူးလား ဆိုတာ အလွယ်ကလေး သိနိုင်ပါလိမ့်မယ်၊ ဒီအတိုင်းမှန်ရင် ကျွန်တော်ဟာ လက်တစ်ဖက်က စီးကရက်သောက်နေပြီး ကျန်လက်တစ်ဖက်နဲ့ မိန်းမတစ်ယောက်ကို သတ်နိုင်မလား မသတ်နိုင်ဘူးလားဆိုတာ စဉ်းစားကြည့်ကြပါ၊ ခင်ဗျားတို့ ကျွန်တော့်ကို လူသတ်မှုနဲ့ စွပ်စွဲလို့ ရနိုင်ပါဦးမလား''

''မီးခြစ်ဆံက ဟိုမှာရှိနေသေးတယ် ဆိုရင်တော့ ဒီမီးခြစ်ထဲက ခွဲဆုတ်တာ ဟုတ်,မဟုတ် အလွယ်ကလေး သိနိုင်ပါတယ်၊ စက်နဲ့ ခွဲဆုတ်တာမှ မဟုတ်တဲ၊ ရိုးရိုးလက်နဲ့ ခွဲဆုတ်တာပဲ၊ လွယ်လွယ်ကလေး စစ်ဆေးကြည့်လို့ ရတာပေါ့''

ဟု ဂင်ဘယ်လ်က ပြောသည်။

အော်တိုမက္ကလိန်းက တစ်စုံတစ်ရာ ဝင်ပြောသေးသည်။ သို့သော်လည်း သူ ဘာပြောကြောင်း သဲသဲကွဲကွဲ ကျွန်တော် မကြားလိုက်ရပါ။ လက်ဖတင်နှင့် ဂင်ဘယ်လ် ပြန်ပြောသည့် စကားကိုသာ ကျွန်တော် ကြားလိုက်ရပါသည်။

''ဟုတ်တယ် မက်၊ ဒါလည်း လှည့်ကွက်ကလေးတစ်ခု ဖြစ်နိုင်တယ်၊ သူ တောင်ကုန်းပေါ်ကို ဘယ်အချိန်ရောက်တယ် ဆိုတာကို သက်သေ



ထူနိုင်အောင် မီးခြစ်ဆံကို တမင်ချခဲ့တာလည်း ဖြစ်နိုင်ပါတယ်''

''သိပ်ဟုတ်တာပေါ့ ကိုယ့်လူ၊ နောက်ပြီးတော့ အဆံမရှိတော့တဲ့ မီးခြစ်ကို ဘယ်လိုလူမျိုးက တရိုတသေ ပြန်ယူလာမှာလဲ''

ဟု မက္ကလိန်းက ပြောသည်။

''ကျွန်တော့်လိုလူမျိုးက ယူလာတာပေါ့ဗျာ၊ ယူလာလို့ပဲ ဒီမှာ ခင်ဗျားတို့ တွေ့နေကြရပြီလေ၊ ကျွန်တော်ဟာ ကျွန်တော်တို့ ကုမ္ပဏီရဲ့ အရောင်းမန်နေဂျာ ဖြစ်တယ်၊ ကျွန်တော်တို့ ကုမ္ပဏီက ထုတ်လုပ်တဲ့စက်တွေရောင်းဖို့ သွားကြိုးစားတယ်၊ ကိုယ့်ဖောက်သည် ဖြစ်လာနိုင်တဲ့လူတစ်ယောက်ရဲ့ အိမ်ရှေ့မှာတော့ ဘယ်နည်းနဲ့မှ အမှိုက်မရှုပ်ခဲ့ဘူးပေါ့ဗျာ''

''မစ္စတာ ပိုတာ၊ ရဲအရာရှိတွေနဲ့ ဆက်ပြီးလေရှည်မနေနဲ့တော့၊ ဒီအကြောင်းတွေက မောင်နဲ့ ကျုပ်နဲ့ နှစ်ယောက်ချင်း ပြောကြရမယ့်ကိစ္စတွေ''

ဟာင်နရီလိုက်ဖ်တန်က ကျွန်တော့်ကို ဝင်ဟန့်ပြန်သည်။

''ဒါဟာ သေသေချာချာ ကြိုတင်ပြင်ဆင်ပြီးလုပ်တာ၊ ရိုးသားတဲ့လူဆိုတာ သူတို့အတွက် သက်သေခံ အထောက်အထားရအောင် ကြားလူကို ခွဲမထည့်ဘူး၊ ကျုပ်ထင်တယ်၊ သူအဖမ်းခံရတော့မယ်လို့ ကြိုတွက်ထားပုံရတယ်၊ ဒါကြောင့် ထွက်ပေါက်ရှာလို့ရအောင် ဒီမီးခြစ်ခွံကို သူ သိမ်းထားတာပဲ ဖြစ်ရမယ်''

ဟု မက္ကလိန်းက မှတ်ချက်ချပြန်သည်။

''စိတ်အေးအေးထားပါလေ''

ဟု ဂင်ဘယ်လ်က ဝင်ရောက်ဖျောင်းဖျသည်။

သို့သော်လည်း မက္ကလိန်းကတော့ ပိုလို့ပင် ဒေါသကြီးလာလေသည်။

''အချိန်နဲ့ ပတ်သက်ပြီး သက်သေခံ အထောက်အထားရအောင် သူ လုပ်ခဲ့တာပဲ၊ ရိုးသားတဲ့လူတွေဟာ ဒါမျိုး မလုပ်ဘူးကွ''

ယခုတစ်ကြိမ်တွင်မူ ဟာင်နရီလိုက်ဖ်တန်က ဝင်ရောက်ဟန့်တားသည်။

''အိုး…မက်…ဒေါသမကြီးနဲ့လေ၊ ဖြည်းဖြည်းပြောပါ''

ထိုအခိုက်မှာပင် ရဲသားတစ်ယောက် ဝင်လာသည်။

''သစ်တောထဲမှာ အလုပ်လုပ်နေတဲ့ လူတွေကို ကျွန်တော် ခေါ်လာခဲ့ပါပြီခင်ဗျာ၊ သူတို့ကို ရုပ်ရှင်ရုံထဲမှာ သွားတွေ့ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



ရဲသားစကားကို ကြားသောအခါ ဟင်နရီလိုက်ဖ်တန်က တဟားဟား ရယ်သည်။

"ဘယ်လိုလဲဗျ၊ သက်သေလိုက်မယ့်လူက ဘယ်သူဖြစ်သွားပြန်ပြီလဲ၊ သစ်ပင်ခုတ်တဲ့လူတွေကိုပြဖို့ ခင်ဗျားတို့ ခေါ်လာကြပြန်ပြီလား"

"တိုက်ဆိုင်မှုဆိုတာတွေက ဖြစ်နိုင်တာချည်းပဲဗျ၊ ဒါပေမဲ့..."

ဂင်ဘယ်လ်က လက်မြှောက်ပြလိုက်သောကြောင့် မက္ကလိန်း၏ စကားမှာ တစ်ပိုင်းတန်းလန်းနှင့် ရပ်သွားသည်။

"လူကြီးမင်းများခင်ဗျာ၊ ကျွန်တော်တို့ ပြောနေကြတဲ့ ပြဿနာဟာ သေရေး ရှင်ရေး ပြဿနာတွေ ဖြစ်ပါတယ်၊ ဒါကြောင့် ခဏစောင့်ကြပါဦး၊ ရဲဘော် မင်းခေါ်လာတဲ့ ဒင်ဒရော်လောဂျစ်တွေကို အခန်းထဲ သွင်းလိုက်"

ဗလကောင်းကောင်း ယောကျ်ားနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

"မင်းကို အမျိုးသမီး ခေါ်ခဲ့ဖို့ ငါ လွှတ်လိုက်တာ မဟုတ်ဘူးကွ"

ဂင်ဘယ်လ်က ရဲသားကို လှမ်းကြိမ်းသည်။

"ဒင်ဒရော်ဆိုတာ ကျွန်တော် ဘာမှန်းမသိပါဘူး ခင်ဗျာ၊ ဆရာ ခေါ်ခိုင်းလိုက်တာကို ကျွန်တော် ကောင်းကောင်းနားမလည်ပါဘူး၊ ဒါကြောင့် သူတို့ အကုန်လုံးကို သိမ်းကျုံးခေါ်လာခဲ့တာပါ ဆရာ"

"လူတွေစုံတော့လည်း ပိုကောင်းတာပေါ့လေဗျာ၊ တစ်ချိုးလောက် ယိမ်းကလေး က,လိုက်ကြတာပေါ့၊ မဟုတ်ဘူးလား၊ ဟား...ဟား..."

ဟင်နရီလိုက်ဖ်တန်၏ ပြက်လုံးကြောင့် နောက်ဝင်လာသူ ယောကျ်ား နှစ်ယောက် မျက်နှာပြုံးသွားလေသည်။ ကိုယ်ပေါ်တွင် အညိုရောင် ရှပ်အင်္ကျီနှင့် အစိမ်းရောင် ကိုယ်ကျပ်ဘောင်းဘီများ ဝတ်ဆင်ထားခြင်း မရှိတော့ပါ။ သူတို့ အထဲမှ တစ်ယောက်က လှမ်းပြောသည်။

"ဒင်ဒရော်လော်ဂျီဆိုတာ သစ်ပင်များကို လေ့လာတဲ့ ဘာသာရပ်ကို ခေါ်တာပါခင်ဗျာ၊ ဒင်ဒရော်လောဂျစ်ဆိုတာကတော့..."

"ဒီမှာ ကိုယ့်လူ မော်ရင်တို့ကို အင်္ဂလိပ်ဘာသာ သင်ခန်းစာ ပို့ချခိုင်းဖို့ခေါ်ကာ မဟုတ်ဘူး၊ မင်းတို့နာမည်တွေ ဘယ်သူလဲပြော"

ဂင်ဘယ်လ်၏ စကားကြောင့် ဒင်ဒရော်လောဂျစ် ဆိုသူမှာ ပါးစပ်



ပိတ်သွားသည်။

"ဟိုဘယ်ဘက်က သူငယ်ကို ကျုပ်သိတယ်၊ ကျုပ်သမီးနဲ့ သူငယ် ချင်းပဲ၊ အတူသွား အတူလာ လုပ်ဖူးတယ်၊ သူ့နာမည် ဒင်နီရယ်ဘင်နီယံတဲ့"

အော်တိုမက္ကလိန်းက ဝင်ရှင်းပြသည်။

"မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ဒင်နီယယ်ဘင်နီယံ ဖြစ်ပါ တယ်၊ ဒါက ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက် ဟာရီးခရော်စ်လေပါ၊ ဟိုဟာက တော့ သူ့ဇနီးပါ၊ ကျွန်တော်တို့ကို ဘာကိစ္စ ခေါ်တာပါလဲ မစ္စတာမက္ကလိန်း"

"လက်ဖတင်နင်က အမှုလိုက် ရဲအရာရှိပဲ၊ သူ့ကိုသာမေး"

"ဟုတ်ပါပြီ၊ ဒီနေ့ညနေပိုင်းတုန်းက ယောလီးယတ် တောင်ကုန်းပေါ် ကို မစ္စတာပိုတာ မော်တော်ကား မောင်းတက်သွားတာ မင်းတို့နှစ်ယောက် လှမ်းမြင်ခဲ့တယ်၊ ဒါမှန်သလား"

ဟု ဂင်ဘယ်လ်က မေးသည်။

"အီလီဇဘ္ဘိုင်ပြည်နယ် လိုင်စင်နံပါတ်ပြား တပ်ထားတဲ့ ကားတစ်စီး မောင်းတက်သွားတာကို ကျွန်တော်တို့ မြင်လိုက်ရပါတယ်ခင်ဗျာ၊ မောင်းသွားတဲ့ လူကိုတော့ မမြင်လိုက်ရပါဘူး၊ ဒါကြောင့် ဘယ်သူဆိုတာ ကျွန်တော်တို့ မမှတ်မိနိုင်ပါဘူး"

ဟု ဒင်နီယယ်က ပြန်ဖြေသည်။

"မင်းရော မြင်သလား ခရော်စ်လေ"

"ကျွန်တော်တို့နှစ်ယောက် သစ်ပင်တွေအကြောင်း ပြောနေကြပါတယ် ခင်ဗျာ၊ ဒါကြောင့် သတိမထားလိုက်မိပါဘူး"

"အီလီဇဘ္ဘိုင်ပြည်နယ် လိုင်စင်နံပါတ်ပြား တပ်ထားတဲ့ မော်တော်ကား တောင်ကုန်းပေါ်က ပြန်ဆင်းလာတာကိုရော မင်းတို့ မြင်သလား"

"မမြင်ပါဘူး"

ခရော်စ်လေကပင် ပြန်ဖြေသည်။

"ဒီနေ့တစ်ညနေလုံး အတိုခုံးအဖြေကို အခုမှပဲ ကြားရဖူးတော့တယ် ကဲ...ရှေ့နေကြီး မီးခြစ်ဆံကလေးက ဒီအမှုမှာ ဘာမှအထောက်အကူမပြုနိုင်ဘူး ဆိုတာ ရှင်းပြီမဟုတ်လား"

လက်ဖတင်နင်ဂင်ဘယ်လ်က ဟင်နရီလိုက်ဖ်တန်ကို လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖ်တန်ကတော့ ပြုံးနေသည်။ ပြီးတော့ သစ်တောအမှုထမ်းများဘက်သို့ လှည့်မေးသည်။

"မစ္စတာ ခရော့စ်လေ…တောင်အောက်ကို ပြန်မောင်းဆင်းလာတဲ့ မော်တော်ကားသံကို မောင် ကြားလိုက်ရသေးသလား၊ ဒါမှမဟုတ် မောင်နဲ့အတူတူ အလုပ်လုပ်နေတဲ့ လူကရော ကြားလိုက်မိသလား"

ထိုမေးခွန်းကို ကြားလိုက်ရသည်တွင် ဂင်ဘယ်လ်က 'ဘုရားရေ' ဟု တစ်ချက်ရေရွတ်လိုက်လေသည်။

"ဗျာ…အင်း…ကျွန်တော်တို့ ကြားပါတယ်ခင်ဗျာ၊ မစ္စတာပိုတာ မောင်းတက်သွားပြီးနောက် ဆယ့်ငါးမိနစ်လောက်အကြာမှာ မော်တော်ကား ပြန်မောင်းဆင်းသွားသံကို ကျွန်တော်တို့ ကြားလိုက်ရပါတယ်"

"ကျွန်တော်ဟာ ဌာနိပိုက်ရဲ့ ရှေ့နေ ဖြစ်ပါတယ်၊ ဒါကြောင့် မေးလိုက်ရတာပါ။ ယတ်တောင်ကုန်းတစ်ဝိုက်ကို ကျွမ်းကျင်ပါတယ်၊ တောင်ကုန်းပေါ်က မော်တော်ကား ပြန်မောင်းဆင်းလာတယ်ဆိုရင် မော်တော်ကား နံပါတ်ပြားကို မမြင်ချင်လို့ မရပါဘူး၊ အဲဒီအနားတစ်ဝိုက်ကတော့ လှမ်းမြင်နေရမှာပါပဲ၊ ကျုပ်ပြောတာ မှန်ရဲ့လား မစ္စတာ ဘင်နီယံနဲ့ မစ္စတာ ခရော့စ်လေ"

"မမြင်ချင်လို့ မရပါဘူး"

ဟု ဒင်နီယယ်ဘင်နီယံက ပြန်ဖြေသည်။

"ကိုင်း…မစ္စတာပိုတာ ကျုပ် ရုံးခန်းကိုသွားပြီး စကားပြောကြစို့"

လိုက်ဖ်တန်က ကျွန်တော့်ကို လှမ်းပြောသည်။

"ခရိုင်ရှေ့နေကြီး ရောက်လာတော့မှပဲ ပညာချင်းပြိုင်ကြတာပေါ့ မစ္စတာလိုက်ဖ်တန်၊ ကျွန်တော့်လူတွေကတော့ မီးခြစ်ဆံ သွားရှာကြလိမ့်မယ်၊ သူတို့ ရှာတွေ့ကြလိမ့်မယ်လို့လည်း ကျွန်တော် ထင်ပါတယ်၊ မီးခြစ်ဆံကို ရှာတွေ့လာပြီး ဒီက မီးခြစ်ခွံနဲ့ မတူဘူးဆိုရင် ဒါမှမဟုတ် မီးခြစ်ဆံကို ကျွန်တော့်လူတွေ ရှာမတွေ့ဘူးဆိုရင် သက်သေခံ အထောက်အထားတွေကို ကျွန်တော် ဖျက်ဆီးပစ်လိုက်တယ်လို့ စွပ်စွဲနိုင်ပါတယ်"

"ကောင်းပါပြီ လက်ဖတင်နင်၊ ကျုပ် စဉ်းစားပါ့မယ်"

ဟင်နရီလိုက်ဖ်တန်က ထိုသို့ပြောပြီး ကျွန်တော်တို့နှစ်ယောက် အပြင်သို့ ထွက်လာခဲ့ကြလေတော့သည်။

◆◆◆

## အခန်း (၄)

စောစောတုန်းက မြို့တော်ခန်းမအတွင်းသို့ ကျွန်တော်တို့ ဝင်လာကြသည့် အချိန်ထက်ပိုပြီး အပြင်မှာ အေးနေလေပြီ။

ကျွန်တော့်တစ်ကိုယ်လုံးမှာ ခိုက်ခိုက်တုန်လာသည်။ ထို့ကြောင့် ဟင်နရီက ကျွန်တော့်ဘက် လှည့်မေးသည်။

"မောင် ကုတ်အင်္ကျီ ဟိုအခန်းထဲမှာ ကျန်ခဲ့ပြီလား"

"ဟိုတယ်မှာ ကျန်နေခဲ့တယ်၊ အပူငွေ့ပေးထားတဲ့ ကားထဲကအပြင် ကို ထွက်စရာအကြောင်းမရှိဘူး ထင်တာနဲ့ ကျွန်တော် ထားပစ်ခဲ့မိတယ်"

မြို့တော်ခန်းမရှေ့တွင် လူအတော်များများ ရုံးစုရုံးစု လုပ်နေကြသည် ကို တွေ့ရသည်။ တံခါးမ,ကြီးဆီသို့ မျှော်ကြည့်နေကြသည်။ မြို့တော်ခန်းမ,ထဲမှ ကျွန်တော်တို့နှစ်ယောက် ထွက်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော်တို့ဆီသို့ ဝိုင်းအုံပြေးလာကြသည်။

"လူသတ်သမားဟာ သူပဲဖြစ်ရမယ်ကွ"

ဟု လူအုပ်ထဲမှ ယောကျ်ားတစ်ယောက်က ပြောသည်။

ဟင်နရီက ကျွန်တော့်လက်မောင်းကို တင်းတင်းကိုင်ထားသည်။ မြက်ခင်းပေါ်သို့ ခပ်သုတ်သုတ် ဆင်းလာကြရင်းလည်း ကျွန်တော့်ကို ကပ် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ဘာမှပြန်မပြောနဲ့ ပိုတာ၊ ဒီနေရာမှာ ဘယ်သူမှ ရှိမနေဘူးလို့ သဘောထား"

"သူ့မှာ အပြစ်မရှိရင် အခုလို ဘယ်လိုပြန်လွှတ်ပေးလိုက်ပါ့မလဲ" ဟူသော အမျိုးသမီးအသံတစ်ခု ပေါ်ထွက်လာသည်။

"သူ့မှာ အပြစ်မရှိဘူးဆိုရင် ဟင်နရီလိုက်ဖ်တန်ကို ဘယ်ငှားပါ့မလဲ"

ဟင်နရီက ကျွန်တော့်လက်မောင်းကို ခပ်တင်းတင်း ညှစ်လိုက်ပြန်သည်။

"ကျုပ်နာမည်ကလည်း တယ်ကြီးသကိုး"

လူအုပ်ကြီးက ကျွန်တော်တို့ရှေ့ဆက် မသွားနိုင်အောင် ရှေ့မှကာဆီးထားကြသည်။ ဟင်နရီလိုက်ဖ်တန်က သူတို့ကို စိုက်ကြည့်သည်။ လူအုပ်က ဘေးသို့ကပ်ပေးသည်။ မြို့ကြီးများပေါ်မှ လူများလို ရိုင်းရိုင်းစိုင်းစိုင်း မဟုတ်ကြပါ။

အသက်ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်လောက်သာ ရှိဦးမည့် သူငယ်လေးတစ်ယောက်က ရှေ့သို့ တိုးထွက်လာသည်။

"ကျွန်တော် လောင်ဒီစဘတ်ဂျာနယ်နဲ့ အေပီသတင်းဌာနကပါ၊ ကျွန်တော် သိချင်တာက…"

"ဘာမှပြောစရာမရှိဘူး မက်ခ်ဇ်၊ နောက်ပိုင်းမှာ ကြေငြာချက်ထုတ်စရာရှိမယ်ဆိုရင် မင်းအဖေကို ဖုန်းလှမ်းဆက်လိုက်မယ်"

ဟင်နရီ၏စကားကြောင့် သူငယ်ကလေးမှာ နောက်သို့ဆုတ်သွားလေသည်။ ဟင်နရီ၏ရုံးခန်းသို့ ကျွန်တော်တို့ ရောက်လာကြသည်။

"သတင်းထောက်တွေဟာ အသက်သိပ်ရင်လည်းကြီးမှ၊ သိပ်ရင်လည်းငယ်မှ မောင်ရ"

ကျွန်တော်က သူ့ကို အံ့သြတကြီး မော့ကြည့်မိသည်။ သို့သော် သူ့စကားကို ဆက်ပြောပြန်သည်။

"အော်တိုမက္ကလိန်းက သူ့မြို့ကိုမှ တမင်ရွေးပြီး မောင်ရင် လူသတ်မှုကို လာကျူးလွန်တယ်လို့ ထင်နေတယ်၊ သူက အသက်ကြီးပြီ မဟုတ်လား၊ ဒါကြောင့် တော်ရုံတန်ရုံအမှုကို နင်လားငါလား မလိုက်နိုင်တော့ဘူးလေ၊ အလကားကြောင်တာပါ မောင်ရာ၊ ဒါပေမဲ့ လူအတော်များများဟာ ဒီလိုပဲ ကြောင်ကြစမြဲပဲလေ"



သူ့ရုံးခန်းတံခါးကို ဖွင့်သည်။ ကျွန်တော့်ကို ရုံးခန်းတွင်းသို့ ဝင်စေသည်။ ပြီးတော့ ဦးညွှတ်လိုက်သည်။

"ဟောဒီမှာ မင်းရဲ့အမျိုးသား ရောက်လာပါပြီ အင်ဒီ"

အခန်းထဲမှာရှိနေသော ကုလားထိုင်တစ်လုံးပေါ်မှ အင်ဒီ ထ,လာသည်ကို ကျွန်တော် တွေ့လိုက်ရလေသည်။ အင်္ဂလိပ် ရုပ်ရှင်ကားများထဲတွင် မြင်တွေ့ရတတ်သော ကလပ်တစ်ခုကဲ့သို့ ရုံးခန်းကို ပြင်ဆင်ထားသည်။ စားပွဲကြီးသည်။ ခုံလည်ကုလားထိုင်ကြီးရှိသည်။ ကြမ်းပေါ်မှာ ကော်ဇောအပြည့် ခင်းထားသည်။ စားပွဲကုလားထိုင်များ အားလုံးကို သားရေများ ဖုံးအုပ်ထားသည်။

အင်ဒရီယာမက္ကလိန်းကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူသည် အလွန်စိတ်အားထက်သန်သည့် မိန်းကလေးဖြစ်ကြောင်း၊ အလွန်ချစ်စရာကောင်းကြောင်း၊ မျက်နှာပေါ်တွင်လည်း အမြဲတမ်း ပြုံးပျော်နေတတ်ကြောင်း ကျွန်တော် သတိထားမိခဲ့သည်။

ယခုတော့ ထိုသို့မဟုတ်တော့ပါ။ စိတ်အားထက်သန်နေသည်မှာတော့ မှန်ပါ၏။ သို့သော်လည်း သူ့မျက်နှာက ပြုံးပျော်ရွှင်ပျမနေတော့ပါ။

ဟင်နရီလိုက်ဖ်တန်က စားပွဲနောက်မှာရှိသော ကုလားထိုင်မှာ သွားထိုင်သည်။ အင်ဒီက ကျွန်တော့်ဆီသို့ လက်နှစ်ဖက်ကို ဆန့်တန်းပေးသည်။

"ကျွန်မတို့နှစ်ယောက်ရဲ့ ညနေခင်းကလေး ပျက်စီးသွားရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ ကျွန်မ သိပ်ကိုစိတ်ချမ်းသာနေတာ၊ ဒါထက် စကားမစပ် ပြောရဦးမယ်၊ ဘိုးဘိုးကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ရှင်းပြလိုက်တယ်၊ ရှင့်အတွက် ကျသင့်တဲ့ရှေ့နေခကို သူပေးမယ်တဲ့၊ ရှင့်ကို ဘိုးဘိုး သိပ်သဘောကျသွားပြီထင်တယ်"

"ကိုယ့်ကို မင်း သဘောကျနေပြီလို့ သူထင်လို့ ဖြစ်ပါလိမ့်မယ်ကွာ၊ မင်းကို သူ အရမ်းချစ်တာ မဟုတ်လား"

အင်ဒီ၏ မျက်နှာပေါ်မှာ အပြုံးပန်းကလေးတစ်ခု ပွင့်လာသည်။ သည်လိုကျတော့လည်း သူ့အလှက ပြန်ပေါ်လာပြန်သည်။ သည်အလှကလေးကို မြင်ရပြန်သောအခါ ကျွန်တော်ပါ ပြုံးချင်လာပါသည်။

"ရှေ့နေခကို သူပေးမယ်ဆိုရင်လည်း အကြောင်းမဲ့ ငွေရှိတာပဲ ဖြစ်တော့မှာပေါ့ကွာ၊ ဟိုအမျိုးသမီးကို ကိုယ်မသတ်ပါဘူး၊ ဘယ်သူ့ကိုမှလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မသတ်ပါဘူး၊ နောက်ပြီးတော့ ကိုယ်ဟာ မိန်းမနဲ့ ကွာရှင်းပြတ်စဲထားတဲ့ လူဆိုတာလည်း မင်း သိသွားပြီပဲ"

"ဒါ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး၊ နောက်ပြီးတော့ ဘိုးဘိုးက သူ့ပိုက်ဆံ သူ သုံးတာလည်း ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး၊ ဘိုးဘိုးလို အသက်အရွယ် သိပ်ကြီးနေတဲ့ လူတစ်ယောက်အနေနဲ့ သူ့ရဲ့…ဟို…သူ့ရဲ့…"

အင်ဒရီယာမှာ စကားမဆက်နိုင်ဘဲ ဖြစ်နေသည်။

"ရူးကြောင်ကြောင်နိုင်တာလို့ မင်းပြောချင်တာ မဟုတ်လား၊ ဘိုးဘိုးဟာ အသက်အရွယ် အိုမင်းရင့်ရော်ပြီ ရူးကြောင်ကြောင်နိုင်နေတဲ့အတွက် ကိုယ့်ကို သဘောကျတာလို့ မင်း ဆိုလိုချင်သလား"

အင်ဒရီယာက ကျွန်တော့်ကို ချိုချိုကလေး ပြုံးပြလိုက်ပြန်သည်။ သူ့အပြုံးက ကျွန်တော့်ကို ကူးစက်လာပြန်သည်။

"ကိုင်း…မောင်မင်းကြီးသားနဲ့ မယ်မင်းကြီးမ၊ ကျုပ်ရှေ့မှာလာပြီး အချစ်နာလန် ထ,မနေကြနဲ့၊ မျက်စိရှုက် နားရှုက်တယ်ကွ"

ဟင်နရီလိုက်ဖ်တန်က လှမ်းအော်သည်။

"ဘာလား…ဘာလား…ဘာလား"

အင်ဒရီယာက သူ့ကို ပြန်အော်သည်။

"ကျုပ်တို့နှစ်ယောက် တစ်ညလုံး အလုပ်လုပ်စရာရှိနေတယ်၊ ကျုပ် အမှုသည်ရဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အတွင်းရော အပြင်ရော အပေါ်ရော အောက်ရော ချေးခါးအူမ မကျန် ကျုပ်သိထားဖို့လိုတယ်၊ အင်ဒီ ညဘက် အပြင်ထွက်ရမှာ မင်း မကြောက်ပါဘူးနော်၊ မကြောက်ဘူးဆိုရင် ဆိုင်ကိုပြေး လိုက်ပါဦးကွယ်၊ အင်ဒီက လိမ္မာပါတယ်၊ စကော့ချ်ဝီစကီတစ်လုံး၊ ဆိုဒါပုလင်း ကြီးနှစ်ပုလင်း၊ ရေခဲတစ်ဗူး ပြေးဝယ်လိုက်ပါဦး၊ ကျုပ်စာရင်းထဲမှာ မှတ်ထားပါ လို့ပြော၊ နောက်မှ မစ္စတာဂရေးဆီမှာ စာရင်းပေါင်းပြီး ကျုပ်ပြန်တောင်းယူမယ်"

"မစ္စတာဂရေးက ခင်ဗျားကို အမှုအတွက် ပိုက်ဆံပေးဖို့ လိုလိမ့်မယ် မထင်ပါဘူးခင်ဗျာ၊ အခုကုန်ကျမယ့်ငွေကို ကျွန်တော်ကပဲ ပေးပါ့မယ်"

"အဲဒီအတိုင်းဆိုရင်တော့ အကောင်းဆုံးဖြစ်မှာပေါ့ ပေါလ်၊ မောင့်ကို ပေါလ်လို့ပဲ ခေါ်တော့မယ်နော်၊ အင်ဒီ မင်း ပြေးဖို့ကောင်းပြီလေ၊ ပေါလ် သူ့တင်ပါးကို တစ်ချက်လောက် ခပ်စပ်စပ်ကလေး ရိုက်လွှတ်လိုက်စမ်းပါ"



"မိန်းကလေးတစ်ယောက်ကို ပထမဦးဆုံး ချိန်းတွေ့တဲ့နေ့မှာ ကျွန်တော် ဘယ်တော့မှ ရိုက်လေ့ရိုက်ထ မရှိပါဘူး ခင်ဗျာ"

"နောင်လည်း အဲဒီအတိုင်းပဲ ရှိပါစေရှင်"

အင်ဒီက ပြောပြောဆိုဆို ကုတ်အင်္ကျီကို ကောက်ယူပြီး အပြင်သို့ ထွက်သွားသည်။ အင်ဒီ မရှိတော့သောအခါ ဟင်နရီလိုက်ဖ်တန်၏ မျက်နှာပေါ်မှ အပြုံးလည်း ပျောက်ကွယ်သွားလေသည်။

"ပေါလ် ကျုပ်မေးမယ့် မေးခွန်းက မောင့်အဖို့ နားအဝင်တော့ ခက်မှာပဲ၊ ဒါပေမဲ့ ကျုပ် မေးရလိမ့်မယ်၊ အက်ဒစ်ဟေးလီးယတ်ကို သတ်ပစ်ဖို့ မောင့်မှာ လုံလောက်တဲ့ အကြောင်းပြချက်များ ရှိနေသလား"

စားပွဲနှင့် အနီးဆုံး ကုလားထိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။ ပြီးတော့ သူ့ကို ငေးစိုက်ကြည့်နေရင်း ပြန်ဖြေမိသည်။

"ရှိပါတယ်"

"အာသွက် လျှာသွက်ကလေး ဖြစ်သွားအောင် အင်ဒီပြန်လာတဲ့အထိ စောင့်ချင်သေးသလား၊ ဒါကြောင့် ကျုပ် ဝီစကီ ဝယ်ခိုင်းလိုက်တာပါ"

ကျွန်တော် ဘာပြန်ဖြေရမှန်း မသိပါ။ သို့သော်လည်း သူက ကျွန်တော့် အဖြေကို မစောင့်တော့ဘဲ ဆက်ပြောသည်။

"ကျုပ်အကြောင်း နည်းနည်းပါးပါးလောက်တော့ မောင် သိထားဖို့ လိုလိမ့်မယ်၊ မှုခင်းရှေ့နေအဖြစ်နဲ့ နယူးယောက်မြို့မှာ နှစ်ပေါင်းများစွာ ကြာ အောင် ကျုပ် လုပ်ခဲ့တယ်၊ အင်မတန် အောင်မြင်တယ်၊ ကျုပ်ရဲ့ တစ်နှစ် ဝင်ငွေဟာ သိန်းချီပြီး ရှိခဲ့တယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ အစိုးရရဲ့ အမြတ်တော် ကြေး ဥပဒေတွေက တင်းကျပ်လာတော့ ကျုပ် မခံနိုင်တော့ဘူး၊ အမြတ်တော် ကြေး ဆောင်ရတာနဲ့ပဲ ရသမျှနဲ့ ကုန်တာပဲ၊ ဒါကြောင့် ဒီအရပ်ကိုလာပြီး ခြံဝယ်တယ်၊ မောင်ရောက်ခဲ့တယ်ဆိုတဲ့ ဘရန်ဒီချက်တဲ့လူနဲ့ ခြံချင်းကပ်လျက်က ခြံဟာ ကျုပ်ခြံပေါ့၊ တဖြည်းဖြည်းနဲ့ ခြံလုပ်ငန်းကို ငြီးငွေ့လာပြန်တယ်၊ ဒါနဲ့ ဒီရုံးခန်းကို ငှားလိုက်တယ်၊ အမှုနည်းနည်းပါးပါး လက်ခံပြီးလိုက်တယ်၊ ကျုပ်ဟာ အညံ့စားရှေ့နေထဲကတော့ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်လို ရှေ့နေနဲ့ တွေ့ရတာ မောင့်အဖို့ အများကြီး ကံကောင်းသွားတယ်၊ မောင်တွေ့နေရတဲ့ပုဂ္ဂိုလ်က သေးသေးကွေးကွေး မဟုတ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို အခုလို ပြန်လွှတ်ပေးလိုက်တာကိုကြည့်ရင် ဒါလောက်တော့လည်း ဆိုးပုံမရပါဘူးဗျာ"

"ဒါကလည်း မဏ္ဍလိန်းက ကြောင်လို့ မောင်ရင် အခုလို ပြန်ခွင့်ရသွားတာပါ"

"ကျွန်တော့်မီးခြစ်ကိစ္စကို မဏ္ဍလိန်းက အစ,ဖော်ပေးတာပဲ မဟုတ်လား၊ ဒါဟာ ကျွန်တော် ကင်းရှင်းကြောင်း သက်သေပြနိုင်အောင် လမ်းခင်းပေးလိုက်တဲ့ သဘောပဲပေါ့၊ သူ့စကားကို ဘယ်သူကမှလည်း မကန့်ကွက်ကြဘူးလေ"

"လက်ဖတင်နင်ဂင်ဘယ်လ်ထက် သူပိုတော်တယ်ဆိုတာမျိုး လုပ်ပြလိုက်တာပါ၊ ဒီမီးခြစ်က ဘယ်လောက်မှ အထောက်အကူ မပြုနိုင်ပါဘူး၊ မဏ္ဍလိန်းလည်း ဘာမှအရေးမကြီးဘူး၊ အရေးကြီးတာက မောင်ရင့်ပဲ၊ မိန်းမအသတ်ခံရတဲ့နေ့ကျမှ သူ့ယောက်ျားဟောင်းကလည်း ဒီမြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်လေ၊ နောက်ပြီးတော့ မောင်ကိုယ်တိုင်ကလည်း မောင့်မယားဟောင်းအပေါ်မှာ အင်မတန် ရန်ငြိုးကြီးထားတာ မဟုတ်လား၊ ကျုပ်ပြောတာ မှန်ရဲ့လား"

"သူကများ မောင့်ကို လှမ်းခေါ်လိုက်တာလား၊ ဖွန်ဟေးလီးယတ်ဖိုက်ကို အပြတ်ရှင်းပြီး မောင်နဲ့ ပြန်ပေါင်းမယ်ဆိုတဲ့ သဘောမျိုးပေါ့၊ တကယ်လို့ မောင့်ကို သူက လှမ်းခေါ်လိုက်တာဆိုရင် ကျုပ်ကို အမှန်အတိုင်း ဖွင့်ပြောထားပါ"

"လုံးဝမခေါ်ပါဘူးဗျာ၊ သူဘယ်မှာ ရှိနေတယ်ဆိုတာလည်း ကျွန်တော် မသိဘူး၊ သူနောက်ထပ် အိမ်ထောင်ပြုလိုက်တယ် ဆိုတာလည်း မသိဘူး"

ဟင်နရီလိုက်ဖ်တန်က ကုလားထိုင်နောက်မှီပေါ်သို့ မှီချလိုက်ပြီး မျက်နှာကြက်ကို မော့ကြည့်နေလေသည်။

"ငါ့ညီ ဒီမြို့ကို မနက်ဖြန်ကျမှ မောင်ရင် ရောက်လာမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊ ဒါမှမဟုတ် ဒီနေ့နဲ့ ဘာမှမဆိုင်တဲ့ တခြားတစ်နေ့နေ့မှာ ရောက်လာတယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ မောင့်အဖို့ ဘာပြဿနာမှ မရှိနိုင်တော့ဘူး"



"အော်တိုမဏ္ဍလိန်းနဲ့ သူ့ယောက္ခမကြီးအကြောင်း ကျွန်တော့်ကို နည်းနည်းပါးပါးလောက် ပြောပြစမ်းပါဦး၊ အဘိုးကြီးနဲ့ ကျွန်တော်နဲ့ ငါးမိနစ်လောက်ပဲ တွေ့ဖူးတယ်၊ ဝိုင်အရက်ကလေးတစ်ခွက်ပဲ အတူတူသောက်ဖူးတယ်၊ ဒါလောက်ကလေး တွေ့ရရုံနဲ့ ကျွန်တော့်အတွက် ငွေကုန်ကြေးကျခံပြီး ရှေ့နေငှားပေးတယ်ဆိုတော့…"

ဟင်နရီလိုက်ဖ်တန်က ပခုံးနှစ်ဘက်ကို တွန့်လိုက်သည်။

"အင်ဒီက မောင့်ကို မြင်မြင်ချင်း ကြိုက်မိပါပြီလို့ သူ့အဘိုးကို ပြောပြလို့ ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ ဒါပေမဲ့ အင်ဒီက ဒီလိုပြောမယ်တော့ မထင်ဘူး၊ အဘိုးကြီးက သူ့သားမက်ကို နည်းနည်းကလေးမှ ကြည့်လို့ရတာ မဟုတ်ဘူး၊ သူ့သားမက်က မောင့်ကို ဖမ်းလိုက်တယ်ဆိုတော့ သူ့သားမက်ကို ဆန့်ကျင်ချင်လို့ မောင့်ဘက်က သူပင်းလိုက်တဲ့သဘောပဲ ဖြစ်ရမယ်"

"ဒါပေမဲ့ မဏ္ဍလိန်းကို သူကပဲ အလုပ်ပေးထားတာ မဟုတ်လားဗျာ"

လိုက်ဖ်တန်က ခပ်သာသာ ရယ်သည်။

"ဒါက တခြားပါလေ၊ အဘိုးကြီးက သူ့မြေးကို သူ့အနားမှာ ရှိနေစေချင်တယ်၊ သူနဲ့အတူတူ သူ့မြေးနေအောင်လုပ်ဖို့ နည်းလမ်းက မဏ္ဍလိန်းကို အလုပ်ပေးထားဖို့ တစ်လမ်းပဲ ရှိတယ်၊ ကဲ…ဒါတွေ ထားပါလေ၊ ကျုပ်တို့ စကားတွေက ဘားရောက်ကုန်ပြီ၊ အက်ဒစ်ဟေးလီးယတ်ကို မောင်ရင် သတ်ပစ်လိုက်သလား"

"ဒီမြို့မှာ သူနေတယ် ဆိုတာတောင် ကျွန်တော် လုံးလုံးမသိရပါဘူးဗျာ၊ သူ့ကိုလည်း မတွေ့ခဲ့ရပါဘူး"

"မောင်ရင် နည်းနည်းတော့ တုန်လှုပ်ချောက်ချားနေပုံရတယ်၊ သတိထားနော်၊ ရုံးတော်ရှေ့ကို တရားခံအဖြစ်နဲ့ ရောက်လာတဲ့လူ အတော်များများဟာ အပြစ်ရှိလို့ ရောက်လာကြတာ မဟုတ်ဘူး၊ တုန်လှုပ်ချောက်ချားပြီး အိုးနင်းခွက်နင်းတွေ ပြောမိကြလို့ ရောက်လာကြတာ"

"တော်စမ်းပါဗျာ၊ ကျုပ်က…"

ထိုအခိုက် တံခါးပွင့်သွားပြီး အင်ဒရီယာ ဝင်လာသည်။ သူမသည် အကျီ င်္ဂ
အော်လာကို ထောင်ထားသည်။ ဆံပင်များမှာလည်း ရေတွေစိုနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။

''အပြင်မှာ မိုးစ,ရွာနေပြီ''

ဟု သူက ဝင်လာရင်း ပြောသည်။

ဟင်နရီလိုက်ဖ်တန်က ပြတင်းပေါက်မှ အပြင်သို့ ငေ့ကြည့်သည်။

''ရဲအရာရှိတွေ ထပ်ရောက်လာကြပြန်ပြီထင်တယ်၊ အမှုဖြစ်တဲ့နေရာကို သွားကြည့်ပြီး ပြန်လာကြတာပဲလား မသိဘူး''

ဟင်နရီက အပြင်ကို လှမ်းကြည့်ရင်း ပြောနေသည်။ ကျွန်တော်က တော့ အင်ဒရီယာကိုသာ ငေးကြည့်နေမိသည်။ သူ့မျက်နှာပေါ်တွင် မိုးရေစက်ကလေးများ ကပ်နေသည်။ အလွန်လှသော မိန်းကလေး ဖြစ်ပါသည်။

ကျွန်တော်သည် အိမ်ထောင်တစ်ကြိမ် ကျဖူးသူဖြစ်၏။ ရည်းစားအတော်များများလည်း ထားခဲ့ဖူးပါသည်။ လာမည့်ဧပြီလဆိုလျှင် အသက်သုံးဆယ်ပြည့်တော့မည်။

ထိုသို့ အတွေ့အကြုံများ ရှိနေပါလျက်နှင့် အင်ဒရီယာကို မြင်လျှင်မြင်ချင်း ကျွန်တော် စွဲမက်မိသည်မှာ အံ့သြစရာတော့ ကောင်းပါသည်။

အင်ဒရီယာက ကျွန်တော့်ဘေးနားမှ ဖြတ်သွားပြီး စားပွဲပေါ်မှာ သူဝယ်လာသည့် အရက်ပုလင်းနှင့် ဆိုဒါ၊ ရေခဲများကို သွားတင်သည်။ ပြီးတော့ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။ လက်နှစ်ဘက်ကို ကျွန်တော့်ဆီသို့ ကမ်းပေးသည်။ သူ့လက်နှစ်ဘက်ကို ကျွန်တော်က ဆီးကြိုဆုပ်ကိုင်ထားမိသည်။ သူ့လက်ဖဝါးကလေးများ အေးစက်နေပါသည်။ ထို့ကြောင့် အနွေးဓာတ်ရစေရန် တင်းတင်းကြီး ကျွန်တော် ဆုပ်ကိုင်ထားလိုက်မိသည်။

နူးညံ့သော သူ၏လက်ဖဝါးကလေးများကို ဆုပ်ကိုင်ထားရင်း ကျွန်တော့်ရင်ထဲမှာ ယုံကြည်ချက်များ အပြည့်ရှိလာလေသည်။

ဟင်နရီက ကျွန်တော့်ဘက်လှည့်ပြီး စကားပြောလိုက်သောအခါကျမှ ပတ်ဝန်းကျင်ကို ကျွန်တော်တို့နှစ်ယောက် ပြန်လည်သတိထားမိကြတော့သည်။

''ကိုင်း…အမှုကိစ္စ ပြန်စ,ကြဦးမှ၊ အင်ဒီ မင်းမပြန်ခင် ကိုယ်တို့နဲ့အတူတူ သောက်သွားပါဦးလား''

အင်ဒီက ကျွန်တော့်ရင်ခွင်ထဲမှ အထိတ်တလန့် ခုန်ထွက်သွားသည်။ ပြီးတော့ အထစ်ထစ် အငေါ့ငေါ့ဖြင့်လည်း ပြန်ပြောသည်။



''ဟုတ်…ဟုတ်ကဲ့''

ဟင်နရီက ထိုင်ရာမှထပြီး ဗီရိုထဲမှ ဖန်ခွက်များကို ထုတ်ယူသည်။ ဝီစကီပုလင်းကိုဖွင့်ပြီး ဖန်ခွက်များထဲမှာ ထည့်ပေးသည်။

''လူသတ်သမားအစစ်ကို ဖမ်းမမိရင်တော့ ပေါလ်ကို သူတို့ ရုံးတင်ကြမှာပဲ၊ ဒါကိုတော့ ရှောင်လို့ရမှာ မဟုတ်ဘူး၊ ကျုပ်တို့ဘက်က ဘယ်လို ခုခံကာကွယ်ကြမလဲဆိုတာကိုပဲ နည်းလမ်းရှာရမယ်''

ဖန်ခွက်ထဲမှ အရက်ကို တစ်ငုံသောက်ပြီး စားပွဲပေါ်သို့ ကျွန်တော် ပြန်တင်ထားလိုက်သည်။ အရက်ဝင်သွားသောကြောင့် အနည်းငယ် နေသာထိုင်သာ ရှိသွားသည်။

''အဓိပ္ပာယ်မရှိတာဗျာ၊ သူ့ကို ကျွန်တော် လုံးလုံးမသတ်ဘူး၊ ရဲစခန်းကို ကျွန်တော် ရောက်စ,တုန်းက သူတို့အားလုံးကလည်း ကျွန်တော်သတ်တာ မဖြစ်နိုင်ဘူးလို့ပဲ ထင်ထားကြတာ မဟုတ်လား၊ ဒါကြောင့်လည်း ကျွန်တော့်ကို အခုလို ပြန်လွှတ်လိုက်တာ မဟုတ်လား၊ နေစမ်းပါဦး ဟင်နရီ၊ ခင်ဗျားက ဘယ်သူ့ဘက်က လိုက်မှာလဲ''

''ကျုပ်က မောင့်ဘက်ကပဲပေါ့၊ ဒီနေ့ည ခရိုင်ရှေ့နေ ရှိမနေတာကံကောင်းသွားတယ်၊ ဒါမှမဟုတ်ရင် မောင့်ကို ဒီနေ့ည သူတို့ တိုင်ချက်ဖွင့်မှာ၊ အခုတော့ ကျုပ်ရှိနေလို့ သူတို့ အမှုမဖွင့်ရဲတာ၊ နောက်တစ်ကြောင်းက ကျုပ်က မောင့်ဘက်က လိုက်တယ်ဆိုတော့ မောင့်ကို သူတို့ ချုပ်မထားဝံ့တော့ဘူး၊ မောင် ထွက်မပြေးဘူး ဆိုတာကိုလည်း သူတို့ သိတယ်မဟုတ်လား၊ ကဲ…ဒါတွေ ထားလိုက်ပါတော့လေ၊ ကျုပ်ဟာ အင်မတန်တော်တဲ့ ရှေ့နေဆိုတာ မောင်လည်း သဘောပေါက်လောက်ရောပေါ့၊ မောင့်အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ကျုပ်ကို ပြောပြစမ်းပါဦး၊ အင်ဒီ အဲဒီအရက်ခွက်ကလေး ယူသွားပြီး ဟိုဘက်ခန်းမှာ ခဏသွားနေပေးနော်''

အင်ဒရီယာက ကျွန်တော့်ကို တစ်ချက်ပြုံးပြပြီး အရက်ခွက်ကိုကိုင်ကာ တစ်ဘက်ခန်းထဲသို့ ဝင်သွားသည်။ ဟင်နရီလိုက်ဖ်တန်၏ အတွင်းရေးမှူးထိုင်သောအခန်း ဖြစ်ပုံရသည်။

''အင်ဒီ သွားဖို့တောင် မလိုပါဘူးဗျာ၊ ကျွန်တော့်ဇာတ်လမ်းက ဟိုတိုကလေးပါ၊ ကျွန်တော့်မှာ ပိုက်ဆံရှိတယ်၊ ငွေစုလက်မှတ်တချို့လည်း ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခွေ့ရစရာလည်း ရှိနေတယ်၊ အက်ဒစ်က သူ့မှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတယ်၊ ဒါကြောင့် ကျွန်တော်က လက်ထပ်လိုက်တယ်၊ လက်ထပ်ပြီးတော့မှ သူ့မှာ ကိုယ်ဝန်ရှိတာ မဟုတ်ဘူးတဲ့၊ သူ အတွက်မှားသွားလို့တဲ့၊ အဲဒီနောက် ကျွန်တော့်မှာ ရှိသမျှငွေတွေအားလုံးကို ဘုံးပြီး ထွက်ပြေးသွားတော့တာပဲ၊ ဇာတ်လမ်းက ဒါပါပဲ''

''ကျုပ် တွေ့ခဲ့ဖူးသမျှ မိန်းမတွေထဲမှာတော့ ခြေထောက်အလှဆုံး မိန်းမပဲ၊ မျက်နှာကလည်း အင်မတန်ချောတယ်၊ သူ့ရုပ်ကို သာမန်သာ ကြည့်မယ်ဆိုရင် လောဘကြီးတဲ့ မိန်းမလို့ မထင်နိုင်ဘူး၊ နောက်ပြီးတော့ ကောက်ကျစ်စဉ်းလဲတဲ့ မိန်းမလို့လည်း မထင်နိုင်ဘူး၊ အင်မတန် အပြစ်ကင်းစင်ပြီး ရိုးသားတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ရတယ်၊ သူ့ကို ဂျွန်ဖိုက် ဘယ်မှာ သွားတွေ့လာတယ်ဆိုတာ မောင်ရင် သိသလား''

''သူ နောက်ထပ်အိမ်ထောင်ပြုတာတောင် ကျွန်တော် မသိပါဘူးလို့ ခင်ဗျားကို ပြောပြီးပါပြီဗျာ၊ ကျွန်တော်နဲ့ ကွာရှင်းပြတ်စဲကြောင်း ရုံးမိန့်က နီဗားဒါးပြည်နယ်ကနေ ရောက်လာတယ်၊ ဒါပဲ ကျွန်တော် သိတယ်''

''ဂျွန်ဖိုက်က အနောက်ပိုင်းကို ခရီးလှည့်ခဲ့တယ်၊ ကာလီဖိုးနီးယားတို့...လတ်စ်ဗီဂတ်စ်တို့...စန်ဖရန်စစ္စကိုတို့ကိုပေါ့၊ အဲဒီအချိန်တုန်းက ဒီမှာ ရှိနေတဲ့ သူ့လုပ်ငန်းတွေကို ကျုပ်က တာဝန်ယူ ဖြေရှင်းပေးနေခဲ့ရတယ်''

''ဒီငတိမက ငွေအင်မတန်မက်တဲ့ ကောင်မပါဗျာ၊ ငွေသာရမယ်ဆိုရင် ဘာမဆိုလုပ်တယ်၊ ငွေရှိတဲ့အရပ်ဆိုရင် ဘယ်ကိုမဆို သွားတယ်''

ဟု ကျွန်တော်က ပြန်ပြောမိသည်။

''ကျုပ်တို့အားလုံး ငွေမက်ကြတာပါပဲလေ''

ဟင်နရီက စကားဖြတ်ပြီး ထိုင်ရာမှထ,သည်။ သူ့အရက်ခွက်ကို ထပ်ဖြည့်သည်။ ကျွန်တော့်ခွက်ကိုဖြည့်ရန် လက်လှမ်းသည်။ ကျွန်တော်က ခေါင်းခါပြလိုက်သည်။

ကျွန်တော့်ကို လူတွေအားလုံးက ထောင်ချောက်ထဲသွင်းနေကြပြီဟု စိတ်ထဲမှာ ခံစားလာရသည်။ လောင်ဒီစဘတ်မြို့တွင် ကျွန်တော် ယုံကြည်စိတ်ချရသူဟူ၍ တစ်ယောက်မှ မရှိတော့ချေ။

ထို့ကြောင့် ယခုလိုအချိန်မျိုးတွင် အရက်မူးအောင် မသောက်ဘဲနေခြင်း



သာလျှင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ ဟင်နရီက မျက်လုံးပင့်လိုက်ပြီး ဖုန်းကို ကောက်ကိုင်သည်။

''မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး၊ အခုအချိန်အထိတော့ မဟုတ်သေးဘူး၊ ကျုပ်တော့ ဒီလိုသဘောမရဘူး၊ ကျုပ် မတတ်နိုင်ဘူးလေ၊ ဒါပေမဲ့ တခြားလူတွေကို မပြောခင် ခင်ဗျား ကျုပ်ရုံးကိုလာရင် ကောင်းမယ်၊ အခုပေါ့၊ သူနဲ့ တွေ့လိုက်ပါ၊ ခင်ဗျားစိတ်ပြောင်းချင် ပြောင်းသွားပါလိမ့်မယ်၊ ကောင်းတယ်၊ အဲဒီအတိုင်းပဲ လုပ်တာပေါ့''

ဟင်နရီက ဖုန်းကို ပြန်တင်သည်။ ပြီးတော့ ကျွန်တော့်ဘက်သို့ လှည့်လာသည်။

''ဂျွန်ဖိုက် ဖုန်းဆက်တာ၊ ကျုပ်ကို သူ့ရဲ့ အထူးရှေ့နေအဖြစ်နဲ့ပဲ နေစေချင်တယ်တဲ့၊ ဒီကိုလာပြီး မောင်နဲ့တွေ့ဖို့ ကျုပ်ပြောလိုက်တယ်၊ သူ စဉ်းစားဦးမယ်လို့ ပြောတယ်''

''သူနဲ့တွေ့လို့ ဘာအကျိုးကျေးဇူး ရှိမှာလဲဗျာ''

''ကလေးမဆန်ပါနဲ့လေ၊ ဂျွန်ဖိုက်ဟာ ဒီအမှုမှာ အခရာပဲ၊ သူကသာ လက်ရှောင်နေလိုက်မယ်ဆိုရင် အများကြီး အထောက်အကူ ရနိုင်တယ်၊ နောက်ပြီးတော့ ယောကျ်ားတွေဟာ သူတို့မိန်းမရဲ့ အလျှင်ယောကျ်ားကို တွေ့ချင်မြင်ချင်တတ်ကြတယ် မဟုတ်လား၊ ဒါကြောင့် သူ ဒီကိုလာကောင်း လာပါလိမ့်မယ်''

ဟင်နရီက တစ်ဘက်ခန်းရှိ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

''ခင်ဗျားဟာ တော်တော်တော့ ထူးဆန်းတဲ့ ရှေ့နေပဲ၊ ခင်ဗျားလို ရှေ့နေမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး၊ အစီအစဉ်တွေလုပ်ဖို့ ခင်ဗျား မပြင်ဆင်ဘူး၊ ဖြစ်ချင်တာတွေဖြစ်ဆိုပြီး လက်လွှတ်ထားနေတယ်''

''လက်လွှတ်မထားရင်လည်း ဖြစ်ချင်တာတွေက သူ့ဘာသာသူ ဖြစ်နေကြမှာပဲ မဟုတ်လား''

ကျွန်တော်တို့ အခန်းထဲသို့ အင်ဒရီယာ ပြန်ဝင်လာသည်။ ကျွန်တော့်ကို တစ်ချက်လှမ်းပြုံးပြလိုက်ပြန်သည်။

ဟင်နရီက ထိုင်ရာမှထပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူတို့ဒေသနှင့် ပတ်သက်သော နိုင်ငံရေးအကြောင်းများကို အင်ဒရီယာနှင့် ပြောနေသည်။ ကျွန်တော်ကမူ ရိုကာဂိုမြို့မှာ ရှိနေသော အလုပ်ရှင်ထံသို့ ဖုန်းဆက်ရန် စိတ်ကူးမိသည်။

ထို့ကြောင့် အိတ်ထဲမှာ မှတ်စုစာအုပ်တိုလေးကို ရှာကြည့်သည်။ သို့သော် မှတ်စုစာအုပ်ကလေးမှာ လက်ဖတင်နင်ဂင်ဘယ်လ်ထံတွင် ကျန်ရစ်ခဲ့လေပြီ။

ထိုစာအုပ်ထဲမှာ ကျွန်တော်နှင့် ပတ်သက်သူတို့၏ ဖုန်းနံပါတ်များကို မှတ်ထားသည်။ ယခုလောက်ဆိုလျှင် ဂင်ဘယ်လ်သည် ထိုသူများထံသို့ ဖုန်းဆက်ပြီး ကျွန်တော့်အကြောင်းများကို စုံစမ်းနေလောက်ပေပြီ။ ကျွန်တော်၏ လျှို့ဝှက်ချက်များအားလုံးကို ဖော်ထုတ်နေတော့မည်။ ကျွန်တော်တို့လို စီးပွားရေးသမားဆိုသည်မှာ ရဲအရာရှိများနှင့် ရှုပ်ရှုပ်ယှက်ယှက်ဖြစ်၍ သိပ်ကောင်းလှသည် မဟုတ်ပေ။

နောက်တစ်ကြောင်းက ကျွန်တော့်တွင်လည်း ငွေကြေး များများစားစား မရှိ။ ရှိသမျှစည်းစိမ်ကလေး အကုန်လုံးကို အက်ဒစ်က ခွာယူသွားခဲ့ပြီး ဖြစ်သည်။ သည်လိုအချိန်မျိုးတွင် ရဲတွေနှင့် ဇာတ်လမ်းရှုပ်သောကြောင့် အလုပ်ကပါ ပြုတ်ရဦးမည်ဆိုလျှင် ကျွန်တော့်ဘဝအခြေအနေက အများကြီး ဆိုးရွားသွားနိုင်လေသည်။

ဟင်နရီနှင့် အင်ဒရီယာတို့နှစ်ယောက်ကမူ နိုင်ငံရေးအကြောင်းများကို ပြောဆိုဆွေးနွေးနေကြဆဲ ဖြစ်သည်။ သူတို့ဒေသနိုင်ငံရေးများ ဖြစ်သောကြောင့် ကျွန်တော် နားမလည်။ ထို့ကြောင့် စိတ်လည်းမဝင်စားမိ။ ခဏကြာတော့မှ ဟင်နရီက ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။

"မောင်ရင် ဘာလုပ်မလို့လဲ"

"ကျွန်တော် ဟိုတယ်ကို ပြန်မယ်"

"မပြန်ပါနဲ့ဦးလေ၊ ကျုပ်နဲ့ အမှုအကြောင်း ပြောလို့မှ မပြီးသေးဘဲ"

"ဒါပေမဲ့ အမှုသည်တစ်ယောက်အနေနဲ့…"

ကျွန်တော့်စကား မဆုံးပါ။ သူက ဖြတ်ဝင်ပြောသည်။

"ကျုပ်အမှုသည်ဟာ ကျုပ်ပြောတာကိုပဲ နားထောင်ရမယ်၊ မောင်ရင် မပြန်နဲ့ဦး"



"ဥပဒေဟာ ခင်ဗျားလုပ်ချင်တာ လုပ်ခွင့်ပြုထားတဲ့ လိုင်စင် မဟုတ်…"

ယခုတစ်ချီတွင်လည်း ကျွန်တော့်စကား မဆုံးပြန်ပါ။ သူကပင် ဖြတ်ပြောပြန်ပါသည်။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားတော့သည်။

"လိုင်စင် မဟုတ်ဘူး၊ လွတ်လပ်ခွင့်၊ ကျုပ် လူတွေအတွက် အဲဒီ လွတ်လပ်ခွင့်ကို သုံးစွဲပိုင်ခွင့်ရှိတယ်၊ ကျုပ်အမှုသည်တွေ အမှုနိုင်အောင် လွတ်လပ်ခွင့်ကို ကျုပ် သုံးစွဲပိုင်ခွင့်ရှိတယ်၊ လူတွေဟာ အင်မတန် သတ္တိနည်းတယ်၊ အမှုတစ်ခုခုမို့ ဖြစ်လာပြီဆိုရင် အထိတ်တလန့်တွေ ဖြစ်ကုန်ကြပြီ၊ ကျုပ်ကသာ လိုချင်သပ,ဆိုရင် သူတို့ဘဝ၊ သူတို့ကံကြမ္မာ၊ သူတို့မယားတွေကိုတောင် ထိုးအပ်ကြတော့တာပဲ"

"အစစ်ပဲ ဟင်နရီ…အစစ်ပဲ"

ဟု အင်ဒရီယာက ဝင်ထောက်ခံသည်။

ရဲဝိုင်ယာလက်ကားတစ်စီးမှ ဥသြဆွဲသံ ပေါ်ထွက်လာသည်။ ကျွန်တော်တို့သုံးယောက်စလုံး အပြင်မှ အသံကို နားစွင့်နေမိကြ၏။

ခဏကြာတော့ အခန်းတံခါးပွင့်ပြီး လူတစ်ယောက် ဝင်လာသည်။ ဝင်လာသူမှာ အော်တိုမက္ကလိန်း ဖြစ်ချေသည်။ ရဲအရာရှိယူနီဖောင်းနှင့် ဖြစ်သည်။ ပခုံးပေါ်မှ လင်းယုန်ငှက်နှစ်ကောင်မှာ အရောင်တောက်နေလေသည်။ ရုတ်တရက် ကြည့်လျှင် စစ်တပ်မှ ဗိုလ်မှူးကြီးတစ်ယောက်လားဟုပင် ထင်မှတ်မှားရသည်။ သို့သော်လည်း ပခုံးပေါ်က လင်းယုန်ငှက်မှာ ကြေးဖြင့်ပြုလုပ်ထားသော အရုပ်များဖြစ်သဖြင့် ကွဲပြားသွားတော့သည်။

အခန်းထဲသို့ ဝင်လာပြီး အင်ဒရီယာနှင့် မျက်နှာချင်းဆိုင်မှာ ခါးထောက်ရပ်သည်။

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"မစ္စတာ လိုက်ဖ်တန်နဲ့ မစ္စတာ ပိုတာနဲ့ ထိုင်ပြီးစကားပြောနေတာ ဆလေ"

"ဖေဖေ အိမ်ပြန်ပြီး ယူနီဖောင်း လဲတယ်၊ အိမ်မှာ မင်းကို မတွေ့ဘူး၊ ဒီကိုလာပြီး လူသတ်သမားတွေ ရှေ့နေအလိမ်အကောက်တွေနဲ့ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



နေလိမ့်မယ်လို့ ဖေဖေ မထင်ဘူး၊ သွား…အိမ်ပြန်တော့''

''ဖေဖေ သမီး ဒီမှာ နေခဲ့ချင်သေးတယ်''

ဟင်နရီက ခေါင်းထောင်လာသည်။

''ဒီမှာ ရဲအရာရှိကြီး ကျုပ်ကို ရှေ့နေ အလိမ်အကောက်လို့ မခေါ်ခင် ဒီအခန်းထဲကို ဝင်ခွင့်တောင်းဖို့ ကောင်းတယ်၊ နောက်ပြီးတော့ အခန်းထဲမှာ အခုလို ဝင်ရပ်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောဖို့ကောင်းတယ်၊ ဒါဟာ ကျုပ်ပိုင်တဲ့ ရုံးခန်းဖြစ်တယ် ဆိုတာတော့ ရဲအရာရှိကြီး သိဖို့ကောင်းတယ်''

'ရဲအရာကြီး' ဟု ဟင်နရီက ပြောလိုက်သော အသံသည် သရော်တော်တော် အသံမျိုး ဖြစ်နေလေသည်။

မက္ကလိန်းက သူ့ကို စိုက်ကြည့်ပြီး ကျွန်တော့်ဘက်သို့ လှည့်လာသည်။

''ဟော့ကောင် ဂျပိုး၊ ငါ့သမီးကို မင်း လိုက်ရှုပ်မနေနဲ့''

''တခြားစကားတွေ မပြောခင် ရဲစခန်းတုန်းက ကျွန်တော့်ကို အကူအညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပါရစေခင်ဗျာ''

ဟု ကျွန်တော်က တည်တည်ငြိမ်ငြိမ် ပြန်ပြောသည်။

''မပြစ်မရှိဘဲ ဘယ်လိုလူမျိုးကိုမှ ငါ မဖမ်းဘူး၊ ငါတို့ ရဲအဖွဲ့နာမည်ပျက်အောင် ဘယ်တော့မှ မလုပ်ဘူး၊ တရားဥပဒေရှိတဲ့အတိုင်းပဲ ငါ လုပ်တယ်၊ ဒါပေမဲ့ လူသတ်မှုနဲ့ မသင်္ကာဖြစ်နေတဲ့ အကောင်တစ်ယောက်က ငါ့သမီးကို လိုက်ရှုပ်နေတာမျိုးတော့ သည်းမခံနိုင်ဘူးကွ၊ ငါပြောတာ သဘောပေါက်ရဲ့လား လူရှုပ်''

သူ့စိတ်ထဲတွင် မည်သို့ ခံစားနေရကြောင်းကို ကျွန်တော် သဘောပေါက်ပါသည်။ ထို့ကြောင့် ကျွန်တော့်စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားမိသည်။

''ကက်ပတိန် မက္ကလိန်း၊ ကျွန်တော်ဟာ ရာဇဝင်လူဆိုးတစ်ယောက် မဟုတ်ဘူး၊ ဒါကြောင့် ဒီမြို့ထဲကနေ ထွက်သွားဖို့ ကျွန်တော့်ကို မောင်းထုတ်ခွင့် မရှိပါဘူး''

''အောင်မယ်…တော်တော်ကြီးကျယ်တဲ့ အကောင်၊ ရှိကာဂိုမြို့ရဲ့ အကောင်ကြီးတစ်ကောင်ပေါ့လေ''

''ဟုတ်ပါတယ်၊ ရှိကာဂိုမြို့ရဲ့ အကောင်ကြီးတစ်ကောင်ပါပဲ၊ အခု



အချိန်ကစပြီး လောင်ဒီစဘတ်မြို့မှာလည်း အကောင်ကြီးတစ်ကောင် ဖြစ်တော့မှာပါ၊ ဒါကြောင့် ကျွန်တော်နဲ့ စကားပြောချင်တယ်ဆိုရင် ဟောဒီမှာ ကျွန်တော့်ရှေ့နေရှိတယ်၊ ကျွန်တော့်ရှေ့နေကတစ်ဆင့် စကားပြောပါ၊ ကျွန်တော့်အမှုကို ကိုင်နေတဲ့ လက်ဖတင်နှင်ဂင်ဘယ်လ် ရှိတယ်၊ သူကနေတစ်ဆင့် စကားပြောပါ''

''ဘာ ဂင်ဘယ်လ်လဲ၊ ဂင်ဘယ်လ် ဆိုတဲ့အကောင်က ငါ ရဲအရာရှိဖြစ်တဲ့အချိန်မှာ ပုခက်ထဲမှာ သေးပန်းတုန်းရှိသေးတဲ့ အကောင်ကွ''

''ဒါပေမဲ့ သူ ရဲအရာရှိ ဖြစ်လာတဲ့အခါမှာ ခင်ဗျားကတော့ ခင်ဗျားယောက္ခမဆိုင်မှာ အချိန်ပိုင်း ဒရဝမ် လုပ်နေရပြီ မဟုတ်လား''

ကျွန်တော်တို့နှစ်ယောက်၏ အခြေအနေက အနည်းငယ် တင်းမာလာပြီဖြစ်သောကြောင့် ဟင်နရီလိုက်ဖ်တန်က ကြားဝင်လာသည်။

''ကဲ…တော်ကြပါတော့၊ တော်ကြပါတော့''

မက္ကလိန်းဘက်သို့ ကျွန်တော် ပြန်လှည့်ကြည့်သည်။ သူ့လက်ထဲမှာ ပန္နတ်ိုသေနတ်ကို ကိုင်ထားလျက် ရှိလေပြီ။

''ဟော့ကောင် လူရှုပ်၊ မင်းနဲ့ ငါနဲ့ အပြင်ထွက်ကြရအောင်၊ မင်းကို အချုပ်ထဲ ပြန်ထည့်ထားလိုက်တော့မှ မင်း စကားကောင်းကောင်း ပြောချင်သလား''

''မက်…တော်ပါတော့၊ မဆိုင်တာတွေ ပြောမနေစမ်းပါနဲ့''

ဟု ဟင်နရီက လှမ်းတားပြန်သည်။

ကျွန်တော်တို့နှစ်ယောက်စလုံးက ဟင်နရီလိုက်ဖ်တန်ကို လှမ်းကြည့်ကြသည်။

''ကျုပ် ဝမ်းနည်းပါတယ် မက်၊ ခင်ဗျား ယောက္ခမကို ကျုပ်ခင်တယ်၊ ခင်ဗျားသမီးကိုလည်း ကျုပ် အင်မတန်ခင်တယ်၊ ခင်ဗျားနဲ့ ကျုပ်လည်း ရင်းနှီးကြတာပဲ၊ ဒါပေမဲ့ ခင်ဗျား အခုလို စော်စော်ကားကား ပြောနေတာတွေ ရပ်တန်းက ရပ်ပါ၊ ခင်ဗျား ဒီအခန်းထဲကို ဝင်လာတဲ့အချိန်ကစပြီး အသံဖမ်းစက်ကို ကျုပ် ဖွင့်ထားတယ်၊ ကျုပ် အမှုသည်ကို စော်ကားတဲ့စကားတွေ ဆက်မပြောပါနဲ့တော့၊ တားလို့မရရင် ဥပဒေအကြောင်းအရ ကျုပ် အရေးယူရလိမ့်မယ်''

အော်တိုမက္ကလိန်းသည် နောက်သို့ ချာခနဲ လှည့်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကိုလည်း ခပ်ကြမ်းကြမ်း ဆောင့်ပိတ်သွားသည်။

"ဖြစ်မှဖြစ်ရလေတယ်ကွာ၊ စိတ်မကောင်းစရာတွေ ဖြစ်ကုန်တော့တာပဲ"

ဟု ဟင်နရီက ညည်းသည်။

အင်ဒရီယာမတ္တလိန်းကတော့ ချုံးပွဲချ ငိုလေပြီ။

သူ့ပခုံးကို ကျွန်တော် ပွေ့ယူလိုက်မိသည်။ သူက အားတုံ့အားနာ မော့ကြည့်သည်။ ပါးပြင်နှစ်ဖက်မှာ မျက်ရည်တွေ ရှိနေလေပြီ။ ကျွန်တော့်ပါးနှစ်ဖက်ကိုလည်း သူ့လက်ကလေးများဖြင့် ယုယစွာ ပွတ်သပ်ပေးနေသည်။

အင်ဒရီယာမတ္တလိန်းသည် ကျွန်တော့်ကို ချစ်နေပါပေါ့လားဟု ကျွန်တော် ချက်ချင်းသဘောပေါက်သွားမိလေတော့သည်။

ကျွန်တော်တို့နှစ်ယောက် တွေ့ကြုံရသည့်အချိန်သည် တစ်ရက်ပင် မပြည့်သေးပါ။ တွေ့ရသည့် အကြိမ်ကလည်း ဘာမှမများသေးပါ။ သို့သော် အင်ဒရီယာသည် ခေတ်ကာလ၏ သမီးပျို ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်တော့်ကို သူချစ်သွားပြီဆိုလျှင်လည်း အံ့သြဖွယ်ရာ အကြောင်းရှိမည် မဟုတ်ချေ။

ယခု သူငိုခြင်းမှာ ကျွန်တော့်အတွက် ငိုတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သူ့အဖေ၏ အပြုအမူများကြောင့် ငိုတာလည်း ဖြစ်နိုင်သည်။

"မစ္စတာဂရေးက မောင်ရင့်အတွက် ဘာကြောင့် ရှေ့နေ ငှားပေးချင်တယ်ဆိုတာကို သဘောပေါက်ပြီ မဟုတ်လား၊ မက်ကို လူတွေက ဒါကြောင့် သဘောမကျကြတာပဲ"

ဟင်နရီက ကျွန်တော့်ကို လှမ်းပြောသည်။ ကျွန်တော်တို့နှစ်ယောက်က သူ့ကို လှမ်းကြည့်သည်။

"ငိုတဲ့မိန်းမတွေကို မုန်းတယ်ကွာ၊ အင်ဒီ မင်းကို ကိုယ်မမုန်းချင်ပါဘူး၊ ကဲ…တိတ်တော့၊ အလုပ်တွေပျက်ကုန်တော့မယ်၊ မစ္စတာပိုတာကို ဟိုတယ် ပြန်ပို့လိုက်၊ ဟိုတယ်ရောက်တော့ သူ့ကို နှုတ်ဆက်အနမ်းကလေး ပေးချင် ပေးဦး၊ ဟိုတယ်အပြင်ကနေပြီး ကိုယ်စောင့်နေမယ်၊ ပြီးတော့ မင်းအိမ်ကို ပြန်ပို့ပေးမယ်၊ ကဲ…မငိုနဲ့တော့ကွာ"

◆◆◆

## အခန်း (၅)

ဟိုတယ်တွင်းသို့ ကျွန်တော်တို့ ဝင်လာသည်။ ခန်းမကြီးထဲမှာ တိတ်ဆိတ်နေသည်။ စာရေးလုပ်သူကလည်း သူ့စားပွဲမှာ ငိုက်နေသည်။

အတွင်းသို့ ရောက်သောအခါကျမှ မိန်းမယောက်ျား နှစ်ဆယ်ကျော် အစိတ်လောက် ရှိနေကြသည်ကို တွေ့ရသည်။ အချို့က သူတို့ချင်း စကားပြော နေကြပြီး အချို့က ရဲအရာရှိတစ်ယောက်နှင့် စကားပြောနေကြသည်။

"လူတွေအများကြီး ဖြစ်နေပြီ၊ ရှင့်ကို ကျွန်မ နမ်းလို့ မရတော့ဘူး"

"လူတွေရှေ့မှာ မွေးမွေးပေးတာများ ဆန်းသလားကွယ်"

ကျွန်တော်က ထိုသို့ပြန်ပြောရင်း အပေါ်ထပ်မှာရှိသော ကျွန်တော့် အခန်းသို့ ခေါ်သွားရန် စိတ်ကူးနေမိသည်။

"ဒါပေမဲ့ သတင်းထောက်တွေရှေ့မှာတော့ ဘယ်ဖြစ်ပါ့မလဲ ရှင်ရယ်"

"ဒီလိုဆိုရင်…"

ကျွန်တော့်စကား မဆုံးမီမှာပင် သတင်းထောက်များက ကျွန်တော်တို့ကို မြင်တွေ့သွားလေသည်။ ကျွန်တော်တို့ဆီသို့ ချက်ချင်းဝိုင်းအုံလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်ဒရီယာသည် ကျွန်တော့်အနီးမှ လှစ်ခနဲ ရှောင်ထွက်ကာ ဟိုတယ်အပြင်သို့ ကမန်းကတန်း ပြေးထွက်သွားတော့သည်။

"ရှင်ဟာ မစ္စတာပိုတာ မဟုတ်လား၊ ကျွန်မ တစ်ခုမေးချင်ပါတယ်၊ ရှင့်မိန်းမရဲ့ဓာတ်ပုံ တစ်ပုံလောက် ရှင့်ဆီမှာ ပါသလား"

ကျွန်တော့်အနားသို့ သတင်းထောက်များ စုပြုံမိသည်နှင့် တစ်ပြိုင်တည်း အမျိုးသမီးသတင်းထောက်တစ်ယောက်က စတင်မေးခွန်းထုတ်လေတော့သည်။

"ကျွန်တော့်မိန်းမ မဟုတ်ဘူး၊ အလျင်က မိန်းမဟောင်းပါဗျာ၊ ကျွန်တော့်မိန်းမတွေရဲ့ ဓာတ်ပုံကို ဘယ်တော့မှ အိတ်ထဲ ထည့်မသယ်ဘူး"

"ခင်ဗျား ဘယ်နှစ်ခါ အိမ်ထောင်ပြုဖူးသလဲ မစ္စတာပိုတာ"

ပိန်ပိန်ပါးပါး သတင်းထောက်တစ်ယောက်က ဆက်မေးသည်။

"တစ်ကြိမ်ပဲ ပြုဖူးပါတယ်"

"ဒါပေမဲ့ ခင်ဗျားပြောလိုက်တဲ့ 'ကျွန်တော့်မိန်းမတွေဓာတ်ပုံ' ဆိုတာက ဘာသဘောလဲ"

"မစ္စတာပိုတာ ကျုပ်တို့သတင်းထောက်တွေကို ဖြီးမယ် ဖြန်းမယ်တော့ မကြံနဲ့နော်၊ ခင်ဗျား အလျင်တုန်းက ဘယ်နှစ်ကြိမ် မိန်းမယူခဲ့ဖူးတယ်ဆိုတာ ကျုပ်တို့ မြေလှန်ရှာလိုက်ရင် ခဏလေးနဲ့ ပေါ်လာမယ်"

အခြားသတင်းထောက်တစ်ယောက်က ဝိုင်းကျခြိမ်းခြောက်ပြန်သည်။ ကျွန်တော့်အကြောင်းကို သူတို့ ဘယ်လိုများ ခေါင်းစဉ်တပ်ပြီး ရေးလေမည်နည်းဟု စိတ်ကူးကြည့်နေသည်။

"တစ်ကြိမ်ပဲ အိမ်ထောင်ကျခဲ့ဖူးပါတယ်ဗျာ၊ ခင်ဗျားတို့ကို ကျွန်တော် နောက်လိုက်မိတာပါ"

အမျိုးသမီး သတင်းထောက်တစ်ယောက်က ရှေ့တိုးလာပြန်သည်။

"ရှင်ဟာ လူချောတစ်ယောက်ပဲ မစ္စတာပိုတာ၊ ရှင် ရည်းစားသစ်တစ်ယောက်တော့ ရနေပြီလို့ ကျွန်မ ထင်ပါတယ်"

"ဒါလောက်တော့လည်း ကံမကောင်းလှပါဘူးဗျာ"

ဖြေလို့သာ ပြန်ဖြေရသည်။ မည်သည့်အဓိပ္ပာယ်သို့ သက်ရောက်သွားမည်ကို ကျွန်တော် ကောင်းကောင်းသဘောမပေါက်လိုက်ချေ။



"အခုနတုန်းက ခင်ဗျားနဲ့အတူတူ ဝင်လာတဲ့ အမျိုးသမီးဟာ ခင်ဗျား နောက်ထပ် တွေ့ထားတဲ့ ရည်းစားသစ်ပဲလား"

ဟု သတင်းထောက်ဝဝတစ်ယောက် မေးသည်။

"နယ်မြေတာဝန်ခံ ရဲအရာရှိကြီးတစ်ယောက်ရဲ့ သမီးပါ"

ထိုစကားကို ပြောလိုက်မိသည်နှင့် တစ်ပြိုင်တည်း စကားမှားသွားပြီဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် တစ်နည်းနည်းဖြင့် ပြန်ပြင်ပြောရန် အပြေးအလွှား စဉ်းစားရတော့သည်။

"ရဲသားတွေအားလုံး အလုပ်များနေကြတယ်နဲ့ တူပါတယ်၊ ဒါကြောင့် သူတို့ကိုယ်စား ကျွန်တော့်ကို ဒီအရောက် ပြန်ပို့ခိုင်းလို့ လိုက်ပို့ပေးတာပါပဲ"

ဟု ကမန်းကတန်း ဆက်ပြောမိသည်။ သို့သော်လည်း သူတို့ ယုံမည် မယုံမည် မသေချာပါ။

လူငယ်ကလေးတစ်ယောက်ဘက်သို့ သူတို့ လှည့်သွားကြပြန်သည်။ ကျွန်တော် လှမ်းကြည့်လိုက်သောအခါ မြို့တော်ခန်းမရှေ့တွင် ကျွန်တော်တို့နှင့် ဆုံခဲ့သော သတင်းထောက်ပေါက်စကလေး ဖြစ်နေသည်ကို တွေ့ရသည်။ ကျွန်တော့်ကို မော်တော်ကားနှင့် လိုက်ပို့သော အမျိုးသမီးသည် ရဲအရာရှိကြီး၏ သမီးဟုတ်၊မဟုတ် ထိုသတင်းထောက်ပေါက်စကလေးကို ဝိုင်းမေးကြသည်။

"အဲဒီအမျိုးသမီးကို ကျွန်တော် မတွေ့လိုက်ဘူးဗျ၊ ကက်ပတိန်မက္ကလိန်းရဲ့ သမီးကတော့ အရပ်ရှည်ရှည် အသားညိုညိုပဲ၊ ကလေးမကလေးလည်း မဟုတ်ပါဘူး၊ အသက်နှစ်ဆယ့်ခုနစ်နှစ် နှစ်ဆယ့်ရှစ်နှစ်လောက် ရှိပါပြီ"

သူတို့ လိုချင်သည့်အဖြေ မရသောအခါ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာကြပြန်သည်။

"ခင်ဗျားကို ပြန်လွှတ်ပေးလိုက်တာလား မစ္စတာပိုတာ"

သူတို့ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက မေးသည်။

"ဟုတ်ပါတယ်"

"ဒီကနေ့ည ရီကာဂိုကို ပြန်မှာလား"

"ကျွန်တော် ဒီမြို့က ထွက်သွားခွင့် မရှိသေးပါဘူး"

ထိုအဖြေကို ကြားရသောအခါ သူတို့အားလုံး အတော်ပျော်သွားကြပုံရသည်။ သူတို့ မှတ်စုစာအုပ်ကလေးများထဲမှာ ရေးမှတ်ကြပြန်သည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လို သတင်းကောင်တစ်ယောက် သူတို့မြို့မှာ ရှိနေဦးမည့်အတွက် သူတို့အဖို့ ရေးစရာတွေ ဆက်တိုက်ရကြဦးမည်ဟု မျှော်လင့်ကြပုံ ရလေသည်။

ခပ်ပိန်ပိန် သတင်းထောက်က ရှေ့တိုးလာသည်။

"တခြားလူတွေကိုရော ဖမ်းသေးသလား"

"ကျွန်တော် မသိပါဘူး"

"ဒီလိုဆိုရင် လူသတ်မှု မသင်္ကာအဖြစ်ခံရတဲ့လူဟာ ခင်ဗျား တစ်ယောက်တည်းပဲလား"

"ဒါလည်း ကျွန်တော် မသိပါဘူး၊ ကျွန်တော် သိတာက ပြန့်အိပ်ပြီး အနားယူတော့လို့ ပြောလိုက်တာ တစ်ခုပဲ သိပါတယ်၊ ကျွန်တော် အရမ်းလည်း အိပ်ချင်နေပါပြီ၊ အနားလည်း ယူချင်နေပါပြီ"

"ဘာကြောင့်များ ခင်ဗျားက ပင်ပန်းနေရတာလဲ၊ ဒီနေ့ဟာ ခင်ဗျား အဖို့ သာမန်နေ့တစ်နေ့ပဲ မဟုတ်ဘူးလား၊ ခင်ဗျားတို့ ကုမ္ပဏီရဲ့ ဖောက်သည် တွေနဲ့ သွားတွေ့တယ်၊ အားလုံးချောချောမောမောဖြစ်တယ်၊ ဒါပဲ မဟုတ်ဘူး လား"

"တစ်နေ့လုံး ချောမောခဲ့ပေမယ့် နောက်ဆုံးကျတော့ အဖမ်းခံရတယ် ဗျာ၊ အစစ်အဆေးခံရတယ်ဗျာ၊ ကျွန်တော် ဒါမျိုးတွေ မကြုံဖူးပါဘူး"

ထိုအခိုက် သူတို့နောက်ပိုင်းမှ အသံတစ်ခု ထွက်လာသည်။

"ဒီငတိ ညာပြောနေတာကွ၊ လူသတ်သမားတွေ အများကြီး ငါတွေ့ ဖူးတယ်၊ သူတို့အားလုံး အင်မတန် သွေးအေးတယ်၊ သွေးအေးအေးနဲ့ ညာကြ တာပဲ၊ သူ ဘာမှမသိဘဲ ဘာအပြစ်မှ မရှိတဲ့လူဆိုရင် အခုလောက်မေးတာနဲ့ ငိုရောပေါ့ကွ"

ထိုစကားကို ကြားရသည်တွင် ကျွန်တော် ယောင်းခနဲ ဒေါသထွက် သွားမိသည်။ သို့သော်လည်း သတင်းစာများနှင့် ဖက်ပြိုင်ရန်ဖြစ်ခြင်းအားဖြင့် ကျွန်တော့်အဖို့ နစ်နာစရာ အကြောင်းသာရှိကြောင်း အသိစိတ်က ချက်ချင်း ပြန်ဝင်လာသည်။ ထို့ကြောင့် ဒေါသစိတ်ကို အနိုင်နိုင် ထိန်းလိုက်ရလေသည်။

"ခင်ဗျားတို့ ဒါလောက်မေးကြရရင် ကျေနပ်ကြပါတော့၊ တခြား သိချင်စရာရှိရင် ကျွန်တော့်ရှေ့နေ မစ္စတာ ဟာင်နရီလိုက်ဖ်တန်ကို သွားမေးကြပါ၊ အခုအချိန်မှာတော့ ကျွန်တော် အနားယူတော့မယ်၊ ဗျို့…လက်ဖတောင်နင်"



စောစောက သူတို့နှင့် စကားပြောနေသော ရဲအရာရှိကို ကျွန်တော် လှမ်းအော်ခေါ်သည်။ ရဲအရာရှိကလည်း အူယားဖားယား ပြေးလာသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ခင်ဗျာ"

"ရဲအရာရှိတစ်ယောက်ရဲ့ အကာအကွယ်လေးတစ်ခုလောက် ကျွန်တော် လိုနေပါတယ်၊ ကျွန်တော့်အခန်းကို ကျွန်တော် ပြန်ချင်ပြီ၊ ဒါပေမဲ့ ဟောဒီလူအုပ်ကြီးထဲကနေ ဘယ်လိုထွက်သွားရမယ်ဆိုတာ ကျွန်တော် မသိပါဘူး"

ရဲအရာရှိသည် ဂင်ဘယ်လ်လို လူစားမျိုးတော့ မဟုတ်။ ခပ်အအထဲက ဖြစ်ပုံရသည်။ ကျွန်တော့်စကားကို ကြားသည်နှင့် တစ်ပြိုင်တည်း လူအုပ်ကြီး ဘက်သို့ လှည့်ရင်ဆိုင်လေတော့သည်။

"လမ်းဖယ်ပေးကြပါ၊ ဒီက လူကြီးမင်း သိပ်ကို ပင်ပန်းနေပါပြီ၊ သူ့မှာ ပြောစရာရှိတယ်ဆိုရင် အာဏာပိုင်တွေကို ပြောပါလိမ့်မယ်"

သတင်းထောက်များက ဘေးသို့ဖယ်ကြသည်။ သို့သော်လည်း ရဲအရာရှိကို မေးခွန်းပေါင်း များစွာဖြင့် ဆက်လက်ပစ်ပေါက်ကြပြန်သည်။ ကျွန်တော့်ကို အပြင်လူများနှင့် အဆက်အသွယ်ဖြတ်ခိုင်းထားသလား၊ အခု ပြန်လွှတ်လိုက်သည်မှာ အာမခံပေးလိုက်သည့် သဘောလား ဆိုသည်များကို မေးနေကြသေးသည်။

ဓာတ်လှေကားထဲသို့ ကျွန်တော် ရောက်လာသည်။ သည်တော့မှပင် အသက်ရှူချောင်တော့သည်။

အခန်းတံခါး ဖွင့်ဝင်လိုက်သောအခါ တယ်လီဖုန်းခေါင်းလောင်း မြည် နေသံကို ကြားရသည်။ ကောက်ကိုင်လိုက်သည်တွင် ရီကာဝိုမြို့မှ ကျွန်တော့် ကို ဖုန်းဆက်နေကြောင်း၊ ကျွန်တော် အခန်းထဲမှာ ဆက်ရှိနေမည်ဆိုလျှင် ရီကာဝိုမြို့သို့ သူ ပြန်ခေါ်ပေးမည်ဖြစ်ကြောင်း တယ်လီဖုန်း အော်ပရေတာက ပြောသည်။ အခန်းထဲမှာ ရှိနေမည်ဖြစ်ကြောင်း ပြန်ပြောလိုက်သည်။

ရေအေးအေးနှင့် မျက်နှာသွားသစ်သည်။ အထိုက်အလျောက်တော့ လန်းသွားသည်။ ထို့ကြောင့် ယနေ့တွေ့ကြုံခဲ့ရသည်များအနက် စိတ်ချမ်းသာစရာ အကြောင်းကလေးများကို ရှာကြံစဉ်းစားနေမိသည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှီကာဂိုနဲ့ စကားပြောပါ မစ္စတာပိုတာ"

အော်ပရေတာ၏အသံကို ကြားရသည်။ လိုင်းဆက်ပေးသံပါ ဆက်တိုက်ကြားရသည်။ သို့သော်လည်း ကျွန်တော်တို့ချင်း ပြောသမျှတို့ကို အော်ပရေတာ ခိုးနားထောင်နေမည်မှာ အလွန်သေချာပါသည်။ သူတို့မြို့၌ ဤမျှ ဇရုန်းသုန်းကား ဖြစ်နေရသည့် အမှုကြီးတွင် အဓိက ပါဝင်ပတ်သက်နေသူ တစ်ယောက်ကို သူတို့ အလစ်ပေးမည် မဟုတ်ပါ။

ဖုန်းဆက်သူမှာ ကျွန်တော့်ကုမ္ပဏီသူဌေး မစ္စတာ ဟာဗေးပလန်း မြဲခ်ပါသည်။

"ခင်ဗျား လောင်ဒီစဘတ်မှာ ဘာတွေလျှောက်လုပ်နေတာလဲ၊ ကျုပ်တို့အားလုံး ဒီမှာ ဦးနှောက်ခြောက်ကုန်ပြီ၊ ရဲတွေက တရစပ် ဖုန်းဆက်ပြီး ခင်ဗျားအကြောင်းကိုပဲ မေးနေကြတယ်"

ကျွန်တော်က ဖြစ်ပျက်သမျှ ဇာတ်လမ်းအပြည့်အစုံကို ပြောပြလိုက်သည်။ သို့သော်လည်း ကျွန်တော် ရှင်းပြနေသည်များကို သူကောင်းကောင်း သဘောပေါက်ပုံ မရပါ။

"ကောင်းပြီလေ၊ ကျုပ် ပထမဆုံး ပြောချင်တာက ခင်ဗျားအတွက် တစ်လစာ ပို့ပေးလိုက်မယ်၊ ခင်ဗျားကိစ္စတွေ ရှင်းလင်းသွားတဲ့အချိန်အထိ လစာမဲ့ခွင့်ယူပါ၊ ခင်ဗျားအလုပ်အတွက် မပူပါနဲ့၊ ခင်ဗျား အမှုရှင်းရှင်းလင်းလင်း ဖြစ်သွားရင် အလုပ်ပြန်ခန့်မယ်"

ထိုစကားကို ကြားရသည်တွင် ကျွန်တော် ဝမ်းအသာကြီး သာသွားမိပါသည်။ ဘာပဲဖြစ်ဖြစ် အလုပ်အတွက်တော့ စိတ်အေးသွားရသည်။ သည်မှာ ကြုံတွေ့နေရသည့်အမှုကို နောက်ဆံမတင်းဘဲ ရင်ဆိုင်ဖြေရှင်းရုံသာ ရှိတော့သည်။

မနက်တုန်းက လောင်ဒီစဘတ်မြို့တွင်းသို့ မော်တော်ကား မောင်းဝင်ခဲ့သည်။ အလုပ်လည်း ကောင်းသည်။ မော်တော်ကားကလည်း ကောင်းသည်။ ရာသီဥတုက သာယာသည်။ လုပ်ငန်းများ ချောချောမောမော ဆောင်ရွက်ပြီးစီးလျှင် လောင်ဒီစဘတ်မြို့မှ ပြန်ထွက်ပြီး ခရီးဆက်ရန်သာ ရှိသည်။

သို့သော်လည်း ကျွန်တော် ထင်သလို ဖြစ်မလာတော့ပါ။ လူသတ်မှုကြီး ပေါ်လာသည်။ ကျွန်တော့်ကို လူသတ်သမားအဖြစ် မသင်္ကာခံရသည်။ ဤမြို့ကလေးတွင် ကျွန်တော့်မိတ်ဆွေမရှိ။ ကျွန်တော် အားကိုးရမည့်သူ မရှိ။ ကျွန်တော့်မှာ အထီးကျန် ဖြစ်နေလေတော့သည်။



တယ်လီဖုန်းခေါင်းလောင်း မြည်ပြန်သည်။ ဖုန်းကို ကျွန်တော် ငေးကြည့်နေမိသည်။ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးက သည်အမှုကို လွှဲပြောင်းကိုင်လိုက်ပြီလော။ ထို့ကြောင့် ကျွန်တော့်ကို ဖုန်းဆက်အကြောင်းကြားခြင်း ဖြစ်လေသလော။ လူသတ်ရာတွင် အသုံးပြုသည့် ဓားမြှောင်ပေါ်မှာ ကျွန်တော့်လက်ဗွေများ တွေ့သည့်အကြောင်း ပြောတော့မည်လော။

ဖုန်းက ဆက်တိုက်မြည်နေသည်။ ထို့ကြောင့် ကောက်ကိုင်လိုက်ရတော့သည်။ ဆက်သူမှာ ဟင်နရီလိုက်ဖ်တန် ဖြစ်သည်။

"ပေါလ်…ကျုပ်ရုံးကို မောင်းရင် ပြန်လာခဲ့ပါဦး"

"မလာဘူး"

ကျွန်တော်က ထိုတစ်ခွန်းမျှ ပြန်ပြောကာ ဖုန်းကို ဆောင့်ပစ်ချလိုက်သည်။ မည်သူနှင့်မှ တွေ့လိုစိတ် မရှိတော့ပါ။

ဖုန်းက ဆက်ခေါ်နေသည်။ ခုတင်စောင်းမှာ ဝင်ထိုင်ပြီး ထိုဖုန်းကို သည်အတိုင်း ကြည့်နေလိုက်သည်။ ပြီးတော့ အက်ဒစ်အကြောင်းကို စဉ်းစားနေမိသည်။ ကျွန်တော် တွေ့မြင်ဖူးသမျှ အမျိုးသမီးများထဲတွင် အက်ဒစ်သည် အချောဆုံး အမျိုးသမီး ဖြစ်ပါသည်။

ဖုန်းခေါင်းလောင်းမြည်သံ ရပ်သွားသည်။ ကျွန်တော်က ချက်ချင်း ကောက်ပြီး အော်ပရေတာကိုခေါ်ကာ နောက်ထပ် မည်သူ့ဖုန်းကိုမှ ကျွန်တော့်အခန်းသို့ ဆက်မပေးရန် မှာလိုက်သည်။

"ရဲအရာရှိတွေနဲ့တောင် စကားမပြောတော့ဘူးလား၊ အခုပဲ ရှင့်ကို သူတို့ လှမ်းဆက်နေကြတယ်"

ဟု အော်ပရေတာက ပြန်ပြောသည်။

"ဒီလိုဆိုရင်လည်း လိုင်းဆက်ပေးလိုက်၊ လိုင်းဆက်မပေးလို့ သူတို့ လူကိုယ်တိုင် တက်လာပြီး စကားပြောနေရင် မင်း ခိုးနားမထောင်ရတော့ပဲ ဖြစ်သွားလိမ့်မယ်"

အော်ပရေတာ အမျိုးသမီးက မရယ်မိအောင် ချုပ်တည်းထားပုံရသည်။ ဖုန်းထဲက သူ့ရယ်သံ ခပ်တိုးတိုးကလေး ပေါ်ထွက်လာသေးသည်။

"လက်ဖတင်နင်ဂင်ဘယ်လ် မစ္စတာပိုတာနဲ့ စကားပြောလို့ ရပါပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖတင်နင်ဂင်ဘယ်လ်၏ အသံမှာ ကျွန်တော့်နားထဲသို့ စူးစူးရှားရှား ဝင်လာလေသည်။

"မစ္စတာပိုတာ ခင်ဗျား ပစ်ခဲ့တဲ့ မီးခြစ်ဆံကို ကျွန်တော်တို့ ရှာလို့တွေ့ပါတယ်၊ ခင်ဗျား မီးခြစ်နဲ့ တိုက်ကြည့်တော့လည်း အဲဒီမီးခြစ်က ဆွဲထုတ်လိုက်တဲ့အဆံ ဖြစ်နေတာကို တွေ့ရပါတယ်၊ ဒင်နီယယ်ဘင်နီယံနဲ့ ခရော့စ်လေတို့ နှစ်ယောက်ကိုလည်း ကျွန်တော်တို့ တစ်ကြိမ် ပြန်စစ်ကြပါသေးတယ်၊ အဲဒီအကြောင်း ပြောပြချင်လို့ ဖုန်းဆက်တာပါ"

"ဒင်ဒရော့လော့ဂျစ်ဆိုတဲ့ လူတွေလား"

"အခုအချိန်ထိ ခင်ဗျား ဟာသကလေး နောနေနိုင်သေးတာ တွေ့ရလို့ ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျား ဟေးလီယတ်တောင်ကုန်းပေါ်မှာ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်ပဲ နေသွားတယ်ဆိုတာ ကျွန်တော်တို့ စစ်ဆေးလို့ သိရတယ်၊ ခင်ဗျားပြောတဲ့အတိုင်း မီးခြစ်နဲ့ မီးခြစ်ဆံကလည်း အံကိုက်ဖြစ်နေတယ်၊ ဒါဆိုရင် ခင်ဗျားရှေ့နေ ဟင်နရီလိုက်ဖ်တန်အနေနဲ့ ခင်ဗျားအတွက် အများကြီးကာကွယ်ပေးနိုင်ပါလိမ့်မယ်"

"ကျွန်တော့်ကို ဝမ်းသာစကားပြောဖို့ အခုလို ဖုန်းဆက်တာတော့ မဖြစ်နိုင်ဘူး ထင်ပါတယ် လက်ဖတင်နင်"

"အင်း...ဒါတစ်ခုတည်းအတွက်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ရီကာဂိုမှာရှိတဲ့ ခင်ဗျားအိမ်ခန်းကို ရှာဖွေဖို့ဝရမ်း ရီကာဂိုတရားသူကြီးက ထုတ်ပေးလိုက်ပြီ ဆိုတာလည်း ပြောချင်လို့ပါ၊ အခုလောက်ဆိုရင် ခင်ဗျားအိမ်ခန်းကို ရဲအဖွဲ့ဝင်တွေ ဝင်ရှာနေလောက်ရောပေါ့၊ ခင်ဗျားမိန်းမ ဘယ်မှာရှိနေတယ်ဆိုတာ ခင်ဗျား သိ,မသိ စာရွက်စာတမ်းတွေမှာ သူတို့ ရှာကြည့်ကြလိမ့်မယ်၊ ဒါကြောင့် အစကတည်းက ခင်ဗျားမိန်းမ ဘယ်မှာရှိနေကြောင်း သိထားခဲ့တယ်ဆိုရင် ကျွန်တော့်ကို အခုဝန်ခံပါ"

ပြတင်းပေါက်မှာ တပ်ဆင်ထားသည့်ခန်းဆီးမှာ လေတိုက်သောကြောင့် တဖျပ်ဖျပ် အသံမြည်ပြီး လှုပ်ယမ်းနေသည်။ ထိုပြတင်းပေါက်မှ ခုန်ချပစ်လိုက်ရလျှင် ကောင်းလေမည်လားဟု ကျွန်တော် တွေးကြည့်လိုက်မိပါသည်။ လျှပ်စစ်ကုလားထိုင်ပေါ်တွင် သူတို့ လူတစ်ယောက်ကို ဘယ်လို ကွပ်မျက်ကြလေသနည်း။ ယခု ပြည်နယ်မှာရော သေစားသေစေ အမိန့်ချပြီး



ထိုအမိန့်ကို မည်နည်းမည်ပုံများ အကောင်အထည် ဖော်ကြလေသနည်း။

"လက်ဖတင်နင်၊ ခင်ဗျားတို့ လိုက်ရှာလို့လည်း ဘာမှထူးခြားမှာ မဟုတ်ဘူး၊ ဟိုမှာ ဘာမှမရှိဘူး၊ ကျွန်တော်လည်း ဘာမှမသိဘူး၊ ခင်ဗျား ယုံကြည်အောင် ကျွန်တော် မပြောတတ်တော့ဘူးဗျာ"

"ဒီမှာ မစ္စတာပိုတာ၊ ကျွန်တော်ဟာ အမှုတစ်ခု ဖြစ်လာပြီဆိုရင် စိတ်ကူးနဲ့ မှန်းဆတတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ စိတ်ကူးပြီး အမှုဆင်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ ခင်ဗျားကို ကျွန်တော် တစ်ခုပြောပြမယ်၊ ခင်ဗျားရဲ့ဇနီးဟောင်းကို သဘောမကျကြောင်း ခင်ဗျားဝန်ခံခဲ့ပြီးပြီ၊ ဒါကြောင့် တကယ်လို့ ခင်ဗျားကိုယ်တိုင်သတ်တာ မဟုတ်ဘဲ တခြားတစ်ယောက်ယောက်က သတ်သွားတာဆိုရင်လည်း အဲဒီလူသတ်သမားကို ခင်ဗျား တတ်နိုင်သလောက် အကာအကွယ်ပေးမိမှာပဲ မဟုတ်လား"

"လက်ဖတင်နင် ကလေးကလား စကားတွေ ပြောမနေပါနဲ့တော့ဗျာ၊ ကျွန်တော့်တစ်သက်မှာ ဘယ်တုန်းကမှ ဒါမျိုးမကြုံခဲ့ရဖူးဘူး၊ ဘယ်လူသတ်သမားနဲ့မှလည်း မပေါင်းဖူးဘူး၊ ဘယ်လူသတ်သမားကိုမှလည်း အကူအညီမပေးဖူးဘူး၊ ရဲတွေနဲ့လည်း ဘယ်တုန်းကမှ ဓာတ်မရှုပ်ဖူးဘူး၊ တကယ်လို့ ဘယ်သူသတ်တယ်ဆိုတာ ကျွန်တော် သိရမယ်ဆိုရင် ခင်ဗျားတို့ကို အလျှင်ဆုံး ဖွင့်ပြောမိမှာပဲ၊ ကျွန်တော်ကိုယ်တိုင် ရာဇဝတ်မှုကို ကျူးလွန်မိတယ်ဆိုရင်လည်း မဆိုင်းမတွ ဝန်ခံမှာပဲ"

"တကယ်ပဲ ဝန်ခံမှာလား၊ ကောင်းပြီ မစ္စတာပိုတာ၊ အချိန်တန်ရင်တော့ အမှန်တရားဟာ ပေါ်ပေါက်လာရမှာပေါ့လေ၊ ကဲ...ခင်ဗျား အနားယူလိုက်ပါဦး၊ မနက်ကျတော့ ကျွန်တော် လာခေါ်မယ်"

တစ်ဘက်မှ ဖုန်းပြန်ချသွားသည်။

မည်သည့်ဆရာဝန်ထံ အိပ်ဆေးတောင်းရမည်ကို အော်ပရေတာအား လှမ်းမေးဖို့ ကျွန်တော် စိတ်ကူးသေးသည်။ သို့သော်လည်း ကျွန်တော် အိပ်ဆေးသောက်အိပ်ကြောင်း လက်ဖတင်နင်ဂင်ဘယ်လ် သိသွားလျှင် ကျွန်တော့်စိတ်များ မတည်ငြိမ်သောကြောင့် အိပ်ဆေးသောက်ရသည်ဟု ထင်သွားပေလိမ့်မည်။ ဆို့ကြောင့် ထိုအကြံကို ပယ်ထုတ်လိုက်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးကြွေဇလုံက အရှည်ကြီးဖြစ်သည်။ ထိုအထဲမှာ ရေနွေးနှင့်စပ်ပြီး ရေချိုးလိုက်ရသောကြောင့် တစ်ကိုယ်လုံး လန်းသွားသည်။ ပင်ပန်းနွမ်းနယ်ထားသမျှ အားလုံးပြေပျောက်ကုန်သည်။

သည့်နောက်ပိုင်းတွင် ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားပါလေတော့သည်။ အိပ်မက်ကလေးမျှပင် မမက်။

လက်ဖတင်နင်ဂင်ဘယ်လ် တံခါးလာဖွင့်တော့မှပင် ကျွန်တော် အိပ်ရာမှ နိုးတော့သည်။ မနက်မိုးလင်းနေပြီ။

"ထတော့...ထတော့ အဝတ်အစား မြန်မြန်လဲ"

ကျွန်တော့်ကုတင်ခြေရင်းမှာ သူရပ်နေသည်။ မုတ်ဆိတ်မွေး ပါးမုန်းမွေးများကို ကျကျနန ရိတ်ထားသည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ သူနှင့်အတူ ယူနီဖောင်းဝတ် ရဲအရာရှိတစ်ယောက်လည်း ပါလာသည်။ ထိုသူကို ယခင်က ကျွန်တော် မမြင်ဖူးသေးဟု ထင်မိသည်။

ယူနီဖောင်းဝတ်အရာရှိက ကျွန်တော့်ခေါင်းအုံးအောက်သို့ လက်ထိုးနှိုက်သည်။ အိပ်ရာခင်းကို ဆွဲလှန်သည်။ ပစ္စည်းများကို တစ်ခုပြီးတစ်ခု မွှေနှောက်ရှာသည်။ ကျွန်တော့်အဝတ်အစားများကိုလည်း မွှေနေသည်။ ဖိနပ်ထဲသို့ လက်နှိုက်ပြီး သေသေချာချာ ရှာသည်။

"ခင်ဗျား ဒီမှာ ငွေလက်ငင်းပေးပြီး တည်းတာ မဟုတ်လား"

ဟု ဂင်ဘယ်လ်က မေးသည်။

"မဟုတ်ဘူး၊ ကျွန်တော် ထောက်ခံစာ..."

ဂင်ဘယ်လ်က ဖုန်းကို လှမ်းကြည့်သည်။ သူနှင့်အတူ ပါလာသူက ဖုန်းကို ကောက်ကိုင်သည်။

"ငွေကိုင်စာရေးကို ပေးစမ်းပါ"

ကျွန်တော်က ဟိုတယ်များကို ငွေလက်ငင်းချေရန် မလိုကြောင်း၊ ကျွန်တော့်တွင် ထောက်ခံစာပါကြောင်း၊ လက်မှတ်ထိုးခဲ့ရုံသာလိုကြောင်း၊ ကျသင့်သည့်ငွေများကို ဟိုတယ်က ကျွန်တော့်ကုမ္ပဏီသို့ ငွေတောင်းခံလွှာ တင်သွင်းပြီး တောင်းမည်ဖြစ်ကြောင်း ရှင်းပြသည်။

"ခင်ဗျား ကုမ္ပဏီက အကြီးအကဲ မစ္စတာဟာဗေးပလန်နဲ့ ကျုပ် ဖုန်းဆက်စကားပြောပြီးပြီ၊ ခင်ဗျားကို သူတို့ ဆက်ပြီးတာဝန်မယူတော့ဘူးတဲ့၊



ဒါကြောင့် ကျသင့်တဲ့ငွေကို ခင်ဗျားဟာ ခင်ဗျား လက်ငင်းချေရတော့မယ်"

"ကျေးဇူးတင်ပါတယ်"

ယူနီဖောင်းဝတ် ရဲအရာရှိက ဖုန်းထဲသို့ ကျေးဇူးတင်စကားပြောပြီး ကျွန်တော်တို့ဘက် ပြန်လှည့်လာသည်။

"ဟိုတယ်ကို သူပေးစရာ ကိုးဒေါ်လာ ရှိတယ်တဲ့၊ သူ့ဘောင်းဘီဘယ်ဘက် အိတ်ထဲမှာ ပိုက်ဆံရှိပါတယ်"

ဂင်ဘယ်လ်က လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ကိုးဒေါ်လာပေးပါ မစ္စတာပိုတာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဟာစ်တလာရဲ့ မုန်တိုင်းတပ်သားတွေတောင် ခင်ဗျားတို့လောက်မှ ယဉ်ကျေးပါ့မလားလို့ စဉ်းစားကြည့်မိတယ်"

ဟု ကျွန်တော်က ပြန်ပြောသည်။

ဂင်ဘယ်လ်ကတော့ လက်ဖျောက်တီးမြဲ တီးနေသည်။

"ကျေးဇူးပြုပြီး ကိုးဒေါ်လာပေးပါ"

မနေ့ညတုန်းက ပိုက်ဆံအိတ်ထဲမှ ထုတ်ပြီးသည့်အတိုင်း အလိပ်လိုက်ထိုးထည့်ထားသည့် ပိုက်ဆံများကို အိတ်ထဲမှ ကျွန်တော် ဆွဲထုတ်လိုက်သည်။ သူ့ကို တစ်ဆယ်တန်တစ်ရွက် လှမ်းပေးလိုက်သည်။

"တက်စတာ ခင်ဗျားမှာ အကြွေတစ်ဒေါ်လာ ရှိသလား"

တက်စတာအမည်ရှိ ယူနီဖောင်းဝတ် ရဲအရာရှိက တစ်ဒေါ်လာ ထုတ်ပေးသည်။ ကျွန်တော်က အခြားငွေစက္ကူများနှင့်ရောပြီး အိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"နောက်ပြီးရင် တက်စတာက ခင်ဗျားကို ပြေစာ တောင်းပေးပါလိမ့်မယ်၊ ကိုင်း...ဖိနပ်စီးပါ၊ အဝတ်အစား လဲပါ၊ ကျုပ် မစစ်ဆေးရသေးဘဲနဲ့ လူတစ်ယောက်ဟာ ပုံပျက်ပန်းပျက် ဖြစ်နေတာမျိုး မကြိုက်ဘူး"

"ကျွန်တော် မုတ်ဆိတ်မွေး ရိတ်နိုင်မလား"

"မရိတ်နိုင်ဘူး"

ဂင်ဘယ်လ်က တိုတိုတောင်းတောင်းပင် ပြန်ပြောသည်။

"ကောင်းပါပြီဗျာ၊ ကျွန်တော် စကားပြော မှားသွားပါတယ်၊ ကျွန်တော် မုတ်ဆိတ်မွေး ရိတ်ခွင့်ရှိပါသလား"

www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး"

"ကျွန်တော့်လည်ပင်းကို ကျွန်တော် လှီးပြီးသေကြောင်း ကြံစည်ချင်သပဆိုရင် တစ်ညလုံး အချိန်ရခဲ့တာပဲဗျာ၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော်က မုတ်ဆိတ်ရိတ်ဓားကလေးတစ်ချောင်းနဲ့ ခုခံမယ်များ ထင်လို့လား"

"ဒါတော့ ကျုပ်မပြောတတ်ဘူးလေဗျာ၊ တရားခံတစ်ယောက်ကို မုတ်ဆိတ်ရိတ်ဓားတောင် ပေးမကိုင်ပါနဲ့လို့ ကျုပ်တို့ ရဲကျင့်ဝတ်စာအုပ်ထဲမှာ ရေးထားတယ်၊ နိုင်လုံတဲ့ အကြောင်းပြချက်ရှိလို့ ဒီလို စည်းကမ်းမျိုး လုပ်ထားခဲ့တာပေါ့၊ ဒါပေမဲ့ ခင်ဗျား ဒါလောက်တောင် ရိတ်ချင်နေတယ်ဆိုရင်တော့ ရိတ်ပါ"

သို့သော်လည်း တက်စတာက ကျွန်တော်နှင့်အတူ ရေချိုးခန်းထဲသို့ ဝင်လိုက်လာသည်။ မုတ်ဆိတ်ရိတ်ဓားကို သူကိုယ်တိုင် တပ်ပေးသည်။ ကျွန်တော် ရိတ်ပြီးသောအခါ သူကပင် ဓားကို ရေဆေးကာ ပြန်သိမ်းပြီး ကျွန်တော့်အထုပ်ထဲသို့ ထည့်ပေးသည်။

ကျွန်တော်တို့ ပြန်ထွက်လာသောအခါ အခန်းထဲမှာ မွေ့နောက်ရှာဖွေထားသည်ကို တွေ့ရပြန်သည်။ လက်ဖတင်နင်ဂင်ဘယ်လ်ကမူ ကုလားထိုင်တစ်လုံးတွင် အခန့်သား ထိုင်နေသည်။

"ဒါလောက်ဆိုရင် ရပါပြီ တက်စတာ၊ အောက်ထပ်သွားပြီး သူ့အတွက် ဟိုတယ်ခ ကျသင့်ငွေ ရှင်းပေးလိုက်ပါ၊ ခင်ဗျားလည်း ကော်ဖီသောက်ချင်ရင် သောက်နှင့်၊ ကျွန်တော်ကတော့ ဆာမှပဲ မှာသောက်တော့မယ်"

တက်စတာ ထွက်သွားသည်။ အခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက်သာ ကျန်ခဲ့သည်။

"ကဲ…ခင်ဗျားနဲ့ ကျုပ်နဲ့ ယောက်ျားချင်း စကားပြောကြရအောင်၊ ခင်ဗျား ကြုံဖူးတဲ့ ဒုက္ခမျိုးစုံထက် အဆပေါင်းများစွာကြီးတဲ့ ဒုက္ခတွေကို ကျုပ် အကြိမ်ကြိမ် ကြုံခဲ့ဖူးတယ်၊ တခြားလူတွေ ကြုံရတာကိုလည်း မြင်ခဲ့ရဖူးတယ်၊ ဒါကြောင့် ခင်ဗျားကို တစ်ခုပဲ ပြောချင်တယ်၊ ကျွန်တော်တို့ရဲ့အရာရှိတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါ၊ အခုအချိန်အထိ ဒီအမှုဟာ ကျုပ်လက်ထဲမှာ ရှိနေသေးတယ်၊ ဒါပေမဲ့ မကြာခင် ခရိုင်ရှေ့နေက ဒီအမှုကို ကျုပ်လက်ထဲက လွှဲပြောင်းယူတော့မယ်၊ နောက်နာရီဝက်ကြာရင် တွေ့ဖို့စီစဉ်ခဲ့ပြီးပြီ"



"ကျွန်တော့်ရှေ့နေရော အဲဒီမှာ ရှိနေမလား"

လက်ဖတင်နင်ဂင်ဘယ်လ်က ပခုံးနှစ်ဘက်ကို တွန့်လိုက်သည်။

"ခရိုင်ရှေ့နေကြီး အပေါ်မှာ တည်တယ်"

"ကျွန်တော် ထင်တာက…"

"ကျုပ် သိပါတယ်၊ ကျုပ် သိပါတယ်၊ ခင်ဗျားရဲ့ အခွင့်အရေးအကြောင်းကို ပြောမလို့ မဟုတ်လား၊ ခင်ဗျားရှေ့နေဟာ ခင်ဗျားနဲ့အတူတူရှိနေခွင့် ရှိတယ်လို့ ပြောမလို့မဟုတ်လား၊ မှန်ပါတယ်၊ ခင်ဗျားနဲ့ အတူတူရှိနေခွင့် ရှိပါတယ်၊ ခင်ဗျား လျှပ်စစ်ကုလားထိုင်ပေါ်ကို ပြောင်းထိုင်တဲ့ အချိန်အထိ ခင်ဗျားအနားမှာ နေခွင့်ရှိပါတယ်၊ ခင်ဗျားအသက် ထွက်သွားပြီးတဲ့နောက်မှာတောင် ခင်ဗျားရဲ့ အလောင်းဘေးမှာ လေးဆယ့်ရှစ်နာရီကြာအောင်နေခွင့်ရှိပါသေးတယ်၊ ဒါက ကျွန်တော့်အမြင်ကို ပြောတာပါ၊ ဒါပေမဲ့ ဥပဒေကတော့ ဒီလိုမမြင်ဘူး၊ ဥပဒေက မမြင်တာမျိုးကို ကျုပ်ကလည်း ဘယ်တော့မှ မလုပ်ဘူး"

"ခင်ဗျား ပြောတာကို ကြားရတော့ ကျွန်တော် အံ့သြသွားတယ် လက်ဖတင်နင်၊ ခင်ဗျားဟာ ရဲအရာရှိ မလုပ်ဘဲ ဥပဒေဝန်ထမ်း လုပ်ဖို့တောင် ကောင်းပြီ"

သူက ခြောက်ကပ်ကပ် ရယ်သည်။

"သိပ်ဟုတ်တာပေါ့ မစ္စတာပိုတာ၊ ကျုပ် ကောလိပ်ရောက်ပြီး ဒုတိယနှစ်မှာပဲ အိမ်ထောင်ကျတယ်၊ နောက်ပြီးတော့ ဥပဒေဘာသာရပ်ကို ပြောင်းယူတယ်၊ ကျုပ် ဆေးလိပ်သောက်လို့ရမလား၊ ခင်ဗျားကတော့ မနက်စာ စားရသေးဘူးလေ"

"သောက်ပါ၊ သောက်ပါ၊ ဟင်နရီလိုက်ဖ်တန်ကိုယ်စား ခင်ဗျားပဲ ကျွန်တော့်ရှေ့နေလုပ်လိုက်ရင် ကောင်းမယ်ထင်တယ်"

ဂင်ဘယ်လ်က စီးကရက်မီးညှိသည်။ မီးခိုးများကို ကျွန်တော့်မျက်နှာဆီသို့ မှုတ်ထုတ်သည်။ မီးခြစ်ဆံကို ပြာခံခွက်ထဲသို့ ပစ်ထည့်သည်။

"ရဲအရာရှိတိုင်းဟာ ကိုယ်ကိုင်တဲ့အမှုကို အမှုမှန်ပေါ်စေချင်တာချည်းပဲ အဲဒီအတိုင်းဆိုရင်တော့ ကျုပ်ဟာ ခင်ဗျားရဲ့ရှေ့နေ ဖြစ်နိုင်သလို ခင်ဗျားကို ထောင်ကျအောင် ချပစ်မယ့် ဆွဲချလည်း ဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ပြောနေသည်။ ကျွန်တော်ကမူ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။ ကျွန်တော်သည် လူသတ်သမားစစ်စစ် ဖြစ်မည်ဆိုလျှင် အမှုမှန်ကိုပေါ်အောင် ဖော်ထုတ်ပြမည် ဖြစ်ကြောင်းများ ပြောနေခြင်း ဖြစ်သည်။

မနေ့ညတုန်းက ကြုံတွေ့ခဲ့ရသည်များမှာ အိပ်မက်များ ဖြစ်လေသလားဟု ကျွန်တော့်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်လာသည်။ မနေ့ညက ကြုံတွေ့ခဲ့ရသည်များနှင့် ယခုကြုံတွေ့ရသည်များမှာ ကွဲလွဲနေချေပြီ။

"ခင်ဗျားကို ကျွန်တော် အကုန်ပြောပြခဲ့ပြီးပြီပဲဗျာ၊ ဒီကိစ္စတွေကို ကျွန်တော် ဘာမှမသိပါဘူး၊ တကယ့်ကို မသိတာပါ"

"ဟုတ်ပါပြီလေ၊ ဒါပေမဲ့ ခင်ဗျားအတွက် သိပ်ကိုနောက်ကျသွားပြီ၊ အက်ဒစ်ပေးလီးယတ်ကို သတ်ဖို့ ခင်ဗျား ကြိုတင်ပြင်ဆင်ထားခဲ့တယ်၊ သူ့ကို သတ်ဖို့ ရည်ရွယ်ချက်နဲ့ ပေးလီးယတ်တောင်ကုန်းပေါ်ကို ခင်ဗျား တက်သွားခဲ့တယ်၊ ဒီလို တက်မသွားခင်မှာ အင်မတန် လိမ္မာပါးနပ်စွာနဲ့ အော်တိုမက္ကလိန်းကို သွားတွေ့တယ်၊ ခင်ဗျားအတွက် သက်သေတစ်ယောက်ရအောင် ကြိုတင်ပြင်ဆင်တာပဲ၊ သူ့ယောက်ျားဟာ ဒီနယ်က တောင်ကုန်းတွေကို ပိုင်ဆိုင်ကြောင်း အက်ဒစ်ပေးလီးယတ်က ခင်ဗျားဆီကို စာရေးအကြောင်းကြားခဲ့တယ်၊ ဒါကြောင့် မြေညှိစက်ရောင်းမယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ခင်ဗျား ဒီကိုရောက်…"

ကျွန်တော်သည် မိုက်မဲသော လူတစ်ယောက်ကဲ့သို့ပင် သူ့စကားကို ဝင်ပြောလိုက်မိသည်။

"မြေညှိစက် မဟုတ်ပါဘူးဗျာ၊ မြောင်းဘောင်ဖော်စက်ပါ"

ဂင်ဘယ်လ်က ပြုံးသည်။

"ဒီအကြောင်းကို ခင်ဗျားက ကောင်းကောင်းသိနေတာ မဟုတ်လား"

"မ အော်တိုမက္ကလိန်းရဲ့ဆိုင်မှာ ကျွန်တော်တို့ မြောင်းဘောင်ဖော်စက် ပြထားတာကို မြင်တော့မှ ဒီအကြောင်း ကျွန်တော် သိတာပါ"

လက်ဖတင်နှင်ဂင်ဘယ်လ်က စီးကရက်ဘူးကို ထုတ်ပြန်သည်။ သို့သော် ညာဘက်လက်ကို လုံးဝမသုံးဘဲ ဘယ်ဘက်လက်တစ်ဖက်တည်းနှင့် ထုတ်ခြင်းဖြစ်သည်။ စီးကရက်ဗူးကို ပေါင်ပေါ်မှာ ဆောင့်သည်။ စီးကရက် ထွက်လာသောအခါ ပါးစပ်ဖြင့် ကိုက်ယူသည်။ ဘယ်လက်တစ်ဖက်တည်းဖြင့်



ပင် မီးညှိသည်။ ညာဘက်လက်ကိုမူ သူ့ဘေးမှာ အနေသင့် ပြင်ထားသည်။

ကျွန်တော်က သူ့ကိုများ ခုန်အုပ်ခဲ့မည်ဆိုလျှင် သေနတ်ကို အဆင်သင့် ဆွဲထုတ်နိုင်အောင် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်လေသည်။

"ခင်ဗျား မြောင်းဘောင်ဖော်စက်ကို ရောင်းလို့သာပဲဆိုရင် ဒီနယ်မှာ ဂွစာတွေ ရှိနေတာပဲ၊ သူတို့ကို ခိုင်းလိုက်ရင်လည်း ရတာပဲ၊ ဒါပေမဲ့ ခင်ဗျား မခိုင်းဘူး၊ အက်ဒစ်ပေးလီးယတ်ကို သတ်ဖို့ရှိနေတော့ ပေးလီးယတ်တောင်ကုန်းပေါ်ကို ကိုယ်တိုင်တက်ခဲ့တယ်၊ ဒီလိုမတက်ခင် လူပြသက်သေရအောင် အော်တိုမက္ကလိန်းကို အသုံးချတယ်၊ တကယ်လို့ အမှုပေါ်လာရင် မက္ကလိန်းက သူကိုယ်တိုင် ဒီအမှုထဲမှာ ပါနေတဲ့အတွက် မှားယွင်းမှုအဖြစ်နဲ့ ပြန်ပိတ်ပစ်လိုက်အောင် ကြိုတင်စီစဉ်ထားခဲ့တာ"

သူက စကားကိုဖြတ်ပြီး ဆေးလိပ်ဖွာသည်။ ကျွန်တော့်ကို ပြုံးကြည့်နေသည်။

"ရာဇဝတ်မှုဆိုတာ ပုံစံတွေ ချလုပ်ကြစမြဲပဲ၊ ကျုပ်ဟာ သိပ်တော်တယ်လို့ ခင်ဗျား ထင်နေသလား၊ မထင်ပါနဲ့၊ ဒါလောက် မတော်ပါဘူး၊ ဒါပေမဲ့ အတွေ့အကြုံရှိတယ်၊ ဒါမျိုးတွေ ကြုံဖူးပေါင်း များလှပြီ၊ ခင်ဗျားစိတ်ထဲမှာ ဘာတွေရှိနေတယ် ဆိုတာလည်း ကျုပ် ထိုးထွင်းမသိနိုင်ပါဘူး၊ ဒီလိုအမှုမျိုးတွေနဲ့ ကြုံတွေ့ရပေါင်းများလို့ သိနေတာပါ၊ ရာဇဝတ်မှုဆိုတာ တကယ်တော့ အင်မတန် ငြီးငွေ့ဖို့ကောင်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ အားလုံးက တစ်ပုံစံတည်းချည်းပဲလေ၊ အထူးသဖြင့် လူသတ်မှုတွေဟာ တစ်ပုံစံတည်းချည်းပဲ၊ လူသတ်မှုကို စုံစမ်းရတာ ပျင်းစရာ အကောင်းဆုံးပဲ"

သူက ကျွန်တော့်မျက်နှာဆီသို့ မီးခိုးများ အဆက်မပြတ် မှုတ်ထုတ်နေသည်။ ကျွန်တော်ကလည်း လက်နှင့်မပြတ် ယမ်းခါထုတ်နေရသည်။

"ကျွန်တော်ဟာ ရဲအရာရှိလည်း မဟုတ်ဘူး၊ ရှေ့နေလည်း မဟုတ်ဘူး၊ ဒါပေမဲ့ လူသတ်တယ် ဆိုရာမှာ သတ်ဖို့လိုအပ်တဲ့ အကြောင်းရင်းလည်း ရှိဦးမှာပေါ့ဗျာ"

သူက ခြောက်ကပ်စွာ ရယ်ပြန်သည်။

"ခင်ဗျား ဖွတ်ကျော်ပြာစု ဖြစ်သွားအောင် အက်ဒစ်က လုပ်ခဲ့တယ်လေဗျာ၊ ခင်ဗျား ရင်ဝကို စုံကန်ပြီး ထွက်သွားခဲ့တယ်လေဗျာ၊ ခင်ဗျား ချစ်သော

www.burmeseclassic.com

www.burmeseclassic.com



သမျှ စည်းစိမ်တွေ အကုန်လုံးကို မ,သွားခဲ့တယ်လေဗျာ၊ ပြီးတော့ ခင်ဗျားဆီကို စာရေးပြီး မခံချင်အောင် စ,တယ်လေဗျာ၊ ခင်ဗျားမှာ ကုန်းကောက်စရာ မရှိလောက်အောင် ဖြစ်နေတဲ့အချိန်မှာ သူကတော့ အကြီးအကျယ် ချမ်းသာပြီး ဇိမ်ခံနေပြီလေ၊ နောက်ထပ် သူရတဲ့ယောကျ်ားကလည်း သိပ်ကို ချမ်းသာတဲ့လူ မဟုတ်လား၊ ခင်ဗျားနဲ့ ဘယ်လိုမှ မယှဉ်သာဘူး၊ ဒါတွေဟာ သူ့ကို ခင်ဗျား သတ်ပစ်ရတဲ့ အခြေခံအကြောင်းတရားတွေပေါ့''

''လူတစ်ယောက် ထွက်ပေါက်မရအောင် အဲဒီလို ပိတ်ပြောဖို့ ခင်ဗျားတို့ ရဲအတတ်သင်ကျောင်းတွေက သင်ပေးလိုက်သလား''

ဂင်ဘယ်လ်က ထိုင်ရာမှ ထ,သည်။

''ခရိုင်ရှေ့နေကြီးလည်း ကျုပ်တို့ကိုတွေ့ဖို့ ရုံးမှာစောင့်နေပြီ၊ ခင်ဗျား ရှေ့နေလိုက်ဖိတန်ကို သူဖုန်းဆက်ခေါ်ထားကောင်း ထားပါလိမ့်မယ်၊ ခင်ဗျား ဆက်ပြီး ကြုံတွေ့ရမှာတွေကတော့ ပျော်စရာကောင်းတဲ့ဟာမျိုးတွေ ဖြစ်မှာ မဟုတ်ဘူး၊ ခင်ဗျားကို လူသတ်မှုနဲ့ မသင်္ကာဘူး၊ အာမ,ခံ မပေးဘဲထားမယ်၊ အချုပ်ထဲမှာ ထည့်ထားပြီး ခင်ဗျားကို စစ်မယ်၊ ပြည်နယ်မြို့တော်ကို ခေါ်သွား မယ်၊ ထပ်စစ်မယ်၊ အချင်းဖြစ်ပွားတဲ့နေရာကို ခေါ်သွားမယ်၊ တစ်ခါထပ်စစ် ဦးမယ်၊ ကိုင်း...ထတော့''

သူ့အမိန့်အတိုင်း ကျွန်တော် မတ်တတ်ရပ်သည်။ သူက အပေါက်ဝ ဆီသို့ ကျွန်တော့်ကို တွန်းလွှတ်လိုက်သည်။

ကျွန်တော်၏ ဘယ်ဘက်နံရိုးများပေါ်သို့ တစ်စုံတစ်ခုက ရုတ်တရက် ပြင်းထန်စွာ လာထိသည်။ အလွန်တရာ နာကျင်သောကြောင့် ကျွန်တော် အမှတ်မထင် အော်လိုက်မိသည်။ လဲကျမသွားရန်လည်း အနီးမှ ဗီရိုကို လှမ်းကိုင် ထိန်းထားလိုက်ရသည်။ သူ့ကို ကျွန်တော် လှည့်ကြည့်သည်။

''မဖြစ်လောက်ပါဘူး၊ နိုင်လွန်အိတ်ထဲကို သဲထည့်ထားပြီး အဲဒီအိတ် နဲ့ ရိုက်လိုက်တာပါ၊ ဘာဒဏ်ရာမှ မပေါ်ဘူး၊ သေချင်သာ သေသွားမယ်''

''ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ''

ကျွန်တော်က အသက်ရှူမှန်အောင် ကြိုးစားရင်း ပြန်မေးသည်။

''ကိုယ့်လူ သတ္တိတော့ အတော်ရှိသားပဲ၊ ခင်ဗျား အသည်းက ညာ ဘက်မှာရှိတာ၊ အသည်းကြွေမသွားဘူး၊ စိတ်ချ၊ ကျုပ် ဘယ်လိုအကောင်စား



မျိုးလဲဆိုတာ ခင်ဗျား သိသွားအောင် နမူနာပြတာ၊ ဒါနမူနာပဲ ရှိသေးတယ်နော်၊ ကျုပ် လိုချင်တာကတော့ ခင်ဗျား အမှန်အတိုင်း ဝန်ခံဖို့ပဲ''

ဘယ်ဘက်ဘေးကို ကျွန်တော် ပြန်ပွတ်နေမိသည်။

''မနေ့ညတုန်းကတော့ ခင်ဗျား ဒီလိုမဟုတ်ပါဘူး၊ ကျုပ်မှာ ဘာအပြစ် မှ မရှိဘူးလို့ ခင်ဗျား ထင်ခဲ့တယ် မဟုတ်လား''

သူ့မျက်နှာက တည်တည်ကြီး ဖြစ်သွားပြန်သည်။

''ဒါက မနေ့ညပဲ၊ ဒီနေ့မှ မဟုတ်ဘဲ၊ ဒီအမှုအကြောင်းကို တစ်ညလုံး ကျုပ် စဉ်းစားတယ်၊ တခြားမသင်္ကာစရာ ဘာမှမတွေ့ဘူး၊ ခင်ဗျားတစ်ယောက်ပဲ တွေ့တယ်၊ လူသတ်သမားဟာ တခြားတစ်ယောက်ယောက် ဖြစ်နေမယ်ဆိုရင် အခုလောက်ဆို ကျုပ် ကြားပြီ၊ ဒါကြောင့် ခင်ဗျားသာ လူသတ်သမားဖြစ်တယ်''

◆◆◆

www.burmeseclassic.com

## အခန်း (၆)

တရားရုံးသည် မြို့တော်ခန်းမ အဆောက်အဦ၏ တစ်ဘက်ခြမ်း ဟိုတယ်နှင့် ဓားလွယ်ခုတ်လောက်တွင် တည်ရှိသည်။ အခန်းက ကျဉ်းကျဉ်း ကလေးဖြစ်သည်။ မှန်ဗီရိုထဲမှာ ဥပဒေစာအုပ် ဆယ့်နှစ်အုပ်လောက် ထည့်ထား သည်။ နိုင်ငံတော်အလံကို နံရံမှာ ချိတ်ဆွဲထားသည်။

ခရိုင်ရှေ့နေကြီး မစ္စတာနော်တန်ပရင့်စ်နှင့် ကျွန်တော့်ကို မိတ်ဆက် ပေးသည်။ မိတ်ဆက်ပေးပုံက တစ်သက်လုံး ရင်းရင်းနှီးနှီး ပေါင်းသင်းသွားကြ ရမည့်သူနှစ်ဦးကို မိတ်ဆက်ပေးနေပုံမျိုး ဖြစ်နေသည်။ သူကောလိပ်ကျောင်းမှာ နေစဉ်က ဟင့်နရီပိုတာဆိုသော ကျောင်းနေဘက်တစ်ယောက် ရှိခဲ့ကြောင်း ခရိုင်ရှေ့နေကြီး မစ္စတာနော်တန်ပရင့်စ်က ပြောပြသည်။

ထိုမျှကြီးမားသော မြို့ကြီးတွင် နာမည်တူတွေ အများကြီး ရှိနိုင် ကြောင်း ကျွန်တော်က ပြန်ပြောပြသည်။ သူက ခေါင်းညိတ်နားထောင်နေသည်။ ပညာရှိ အမူအရာများ အပြည့်အဝရှိသည်။ ပြီးတော့ ကျွန်တော့်ရှေ့နေ ဟင်နရီ လိုက်ဖ်တန်ကို သူက လှမ်းပြောသည်။

"ကျွန်တော်တို့ စ,လိုက်ကြရအောင်လား"



ကျွန်တော်တို့ဘက်က အဆင်သင့်ပင်ဖြစ်ကြောင်း ဟင်နရီလိုက်ဖ် တန်က ပြန်ပြောသည်။ ပြီးတော့ ကျွန်တော့်အတွက် အာမ,ခံလျှောက်သည်။ ဂျူရီလူကြီးများက စဉ်းစားပြီး ပယ်ချလိုက်သည်။

လက်ဖတင်နင်ဂင်ဘယ်လ်က ကျွန်တော့်အနားသို့ ရောက်လာသည်။

"လက်နှစ်ဘက်မြှောက်"

သူပြောသည့်အတိုင်း လက်နှစ်ဘက်ကို မြှောက်ပေးလိုက်သောအခါ လက်ထိတ်ခတ်လိုက်သေတော့သည်။

"ဩော်…ခင်ဗျားက စုံထောက်တင် မဟုတ်ဘဲ၊ ရဲအလုပ်ပါ လုပ်ရ သကိုး"

ဟု ကျွန်တော်က ပြောသည်။

"စုံထောက်တွေလည်း ရဲတာဝန် ထမ်းဆောင်ခွင့်ရှိကြောင်း ဥပဒေ ပြဋ္ဌာန်းထားတာ ဆယ်နှစ်လောက် ရှိသွားပြီလေ၊ မဟုတ်ဘူးလား မစ္စတာလိုက်ဖ် တန်"

"နေစမ်းပါဦးဗျာ ခင်ဗျားတို့ မှားယွင်းဖမ်းဆီးမှုဖြစ်ကြောင်း ဘယ်လို သက်သေပြရမလဲဆိုတာ ကျုပ် စဉ်းစားနေတာ၊ အာဃာတ,စိတ်နဲ့ အမှုဆင်ပြီး ဖမ်းသလားဆိုတာ ပျောက်ကွက်ကို ရှာနေတာ"

ဟု လိုက်ဖ်တန်က ပြန်ပြောသည်။

"ကျွန်တော်လုပ်တာ အင်မတန်ပိုင်ပါတယ်ဗျာ၊ အင်မတန်ပဲ သန့်ရှင်း ပါတယ်၊ ဘယ်လိုနည်းနဲ့မှ ဟာကွက်ပျောက်ကွက်ကို တွေ့ရမှာ မဟုတ်ပါဘူး၊ အပင်ပန်းခံပြီး ရှာမနေပါနဲ့"

ဟု လက်ဖတင်နင်ဂင်ဘယ်လ်က ပြန်ပြောသည်။

"လက်ဖတင်နင်ဂင်ဘယ်လ်နဲ့ မစ္စတာပိုတာ နောက်မှ တွေ့ကြသေး တာပေါ့"

ခရိုင်ရှေ့နေ မစ္စတာ နော်တန်ပရင့်စ်က လှမ်းပြောသည်။ ဂင်ဘယ်လ် က ကျွန်တော့်တံတောင်ဆစ်ကို ကိုင်ပြီး အပြင်သို့ ခေါ်လာသည်။

"ခင်ဗျားကို အော်တိုမက္ကလိန်းရဲ့ အချုပ်ခန်းထဲမှာ ချုပ်ထားမယ်၊ နောက်ပိုင်းမှာ ခရိုင်ရှေ့နေက ခင်ဗျားကို ပေးလီးယတ် တောင်တန်းပေါ် ခေါ်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ လူအုပ်ကြီးနှင့် ပြည့်နေသည်။ လူသတ်သမားကို လာကြည့်ကြခြင်း ဖြစ်သည်။ ဂင်ဘယ်လ်က ရဲသားတစ်ယောက်ကို လှမ်းခေါ်ပြီး မက္ကလိန်း၏ အချုပ်ခန်းထဲမှာ သွားချုပ်ထားရန်ပြောသည်။

ရဲသားက ခြောက်လုံးပြူးသေနတ် ထုတ်ကိုင်ပြီး လူအုပ်ကြီးကို ရှင်းကာ ကျွန်တော့်ကို ဆွဲခေါ်သွားသည်။ သေနတ်ထုတ်ကိုင်ခြင်းမှာ ကျွန်တော် ထွက်ပြေးလျှင် ပစ်ဖို့လော၊ လမ်းပိတ်နေသည့် လူအုပ်ကြီးကို ဖယ်ရှားဖို့လော ကျွန်တော် မပြောတတ်ပါ။

မက္ကလိန်း၏ ရဲစခန်းသို့ ရောက်သောအခါ လူသူရှင်းနေသည်ကို တွေ့ရသည်။ ကာကီယူနီဖောင်းဝတ်တစ်ယောက်ကို တွေ့ရသည်။ ယူနီဖောင်းကို အလွန်သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ရင်ဘတ်တွင် "ရဲ" ဟူသော တံဆိပ်တစ်ခုသာ ရှိသည်။ ရာထူးအဆင့် တစ်စုံတစ်ရာ တပ်ဆင်ထားခြင်းမရှိ။ ညာဘက်လက် တံတောင်ဆစ်လောက်မှ ပြတ်နေသည်။

မက္ကလိန်း၏ စားပွဲနောက်မှာရှိသော အချုပ်ခန်း တံခါးသော့ကို သူက ဖွင့်ပေးသည်။ ကျွန်တော့်ကို ခေါ်လာသော ရဲသားက လက်ထိတ်ဖြုတ်ပေးသည်။ အမေရိကန်ပြည်ထောင်စုတွင် ရှိရှိသမျှသော လက်ထိတ်များသည် သော့တစ်မျိုးတည်းနှင့်ဖွင့်၍ ရနိုင်ကြောင်း ယခုမှပင် ကျွန်တော် သိတော့သည်။

"ဒီအကျဉ်းသားကို လက်ခံရရှိကြောင်း စာရေးပေးဖို့ လက်ဖတင်နင်က မှာလိုက်တယ်"

ဟု ရဲသားက ပြောသည်။

"ရပါတယ် မောင်ရာ၊ ဒီလောက်လုံခြုံတဲ့ အချုပ်ခန်းထဲကနေပြီး ဒီငတိ လွတ်ထွက်ပြေးနိုင်တယ် မဟုတ်လား၊ ဘယ်လက်ဖတင်နင်လဲ၊ ဂင်ဘယ်လ်လား"

လက်တစ်ဘက် မရှိသူက ထိုသို့ပြန်မေးပြီး ကျွန်တော့်ကို အချုပ်ခန်းထဲသို့ သွင်းသည်။ တံခါးကို သော့ပြန်ခတ်သည်။

"အဲဒီမှာရှိတဲ့ ကြိုက်ရာအခန်းထဲ ဝင်ထိုင် ငါ့သား၊ ဘယ်သူမှ မရှိဘူး၊ ညက ဖမ်းထားတဲ့ အရက်မူးသမားတွေ အကုန်လုံးကို ပြန်လွှတ်လိုက်ပြီ၊ စကြံထဲမှာ လမ်းလျှောက်ချင်သပ,ဆိုလည်း လျှောက်"

မက္ကလိန်း၏ စားပွဲမှာ သူဝင်ထိုင်သည်။ စာရွက်တစ်ရွက် ထုတ်သည်။



တစ်စုံတစ်ရာ ရေးသည်။ ပြီးတော့ ရဲသားကို လှမ်းပေးသည်။

"မင်းတို့ ပြည်နယ်ရဲတပ်ဖွဲ့မှာ ငါ အမှုထမ်းခဲ့ဖူးပါတယ်ကွာ၊ ငါ့နာမည် ရဲတပ်ကြပ်ကြီး နိုးလ်စ်၊ ကြားဖူးသလား"

"ကြားဖူးတယ် ထင်ပါတယ် ဆရာကြီး"

ရဲသားက ယဉ်ကျေးစွာ ပြန်ပြောသည်။

"ဆရာကြီး မခေါ်ပါနဲ့ကွာ၊ နာမည်ပဲ ခေါ်ပါ၊ ငါက အခု ထောင်မှူးဖြစ်နေပြီ၊ ဟောဟိုနောက်ဘက်မှာ ငါ အိပ်တယ်၊ အကျဉ်းသားတွေ ထမင်းစားချင်တယ်ဆိုရင် စီစဉ်ပေးတယ်၊ တယ်လီဖုန်းလာရင် နားထောင်တယ်"

"တော်တော်ပင်ပန်းမှာပေါ့နော်"

ရဲသားက လက်ထဲမှစာရွက်ကို သေသေချာချာ ဖတ်ကြည့်နေရင်း ပြန်ပြောသည်။

"ဒါလောက်လည်း မဟုတ်ပါဘူးကွာ၊ ပြည်နယ်ရဲတပ်ဖွဲ့က လခတစ်ဝက်လည်း ရနေသေးတော့ သိပ်မဆိုးဘူးပေါ့"

ရဲသား ထွက်သွားသည်။ မစ္စတာ နိုးလ်စ်က ထိုင်ရာမှထပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။

"မနက်စာ စားခဲ့ပြီလား"

"မစားရသေးဘူး ခင်ဗျ"

"ကျုပ်အခန်းထဲက မီးဖိုပေါ်မှာ ကော်ဖီတစ်အိုး တည်ထားတာတော့ ရှိတယ်၊ မုန့်နည်းနည်းပါးပါးလည်း ရှိတယ်၊ အဲဒါပဲ စားချင်တယ်ဆိုရင်တော့ အလွယ်ပဲ၊ ဒါမှမဟုတ်ရင် ယာဉ်ထိန်းရဲသားကို ခေါ်စောင့်ခိုင်းပြီး အပြင်မှာ ကျုပ် တစ်ခုခု သွားဝယ်ပေးမယ်"

"ကော်ဖီနဲ့ မုန့်လောက်ပဲ တော်ပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ စောင့်နေရမှာလဲခင်ဗျာ၊ ကျွန်တော် ထွက်ပြေးမယ့်လူ မဟုတ်ပါဘူး"

"ကျုပ်ဆီကို အကျဉ်းသားတစ်ယောက်ယောက် ရောက်လာပြီဆိုရင် စောင့်ကြည့်နေတဲ့လူတော့ ရှိကို ရှိရမယ်၊ ဒီအဆောက်အဦကို မီးလောင်ပြီဆိုပါတော့၊ ဒါမှမဟုတ် မင်းနှလုံးရောဂါ ဖြစ်ပြီဆိုပါတော့၊ ဒီထဲက ထွက်နိုင်သောဘူး မဟုတ်လား၊ ဖုန်းဆက်ပြီး ဆရာဝန်ကိုလည်း မခေါ်နိုင်တော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

''ကျွန်တော် အခုလို မေးမိတာ စိတ်မရှိပါနဲ့၊ ခင်ဗျားဟာ အလွန်ခင်မင်စရာ ကောင်းတဲ့လူပဲ''

''ဒါလောက်လည်း မဟုတ်ပါဘူး ငါ့သားရယ်၊ မင်းဖို့ ကော်ဖီ သွားယူလိုက်ဦးမယ်''

ခဏကြာတော့ ကော်ဖီ ယူလာသည်။ သံတိုင်များကြားမှ လှမ်းပေးသည်။ ခေါက်စားပွဲကလေး တစ်လုံးကိုလည်း သံတိုင်ကြားမှပင် ထိုးပေးသည်။ သူကိုယ်တိုင်ကမူ မက္ကလိန်း၏စားပွဲခုံးရှိ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ စီးကာရက် မီးညှိနေသည်။

သူလည်း လက်ဖတင်နင်ဂင်ဘယ်လ်ကဲ့သို့ပင် လက်တစ်ဘက်တည်းနှင့် ပြုလုပ်နေခြင်း ဖြစ်သည်။ သို့သော် ဂင်ဘယ်လ်လို သေနတ် ဆွဲထုတ်နိုင်အောင် အသင့်ပြင်ဆင်နေသည့် သဘောမျိုးကား မဟုတ်။

ရဲသားများ လက်တစ်ဘက် ပြတ်သွားလျှင်လည်း သူတို့မှာ ကျန်တစ်ဘက်တည်းနှင့် လုပ်တက် ကိုင်တတ်ဖို့ အကျင့်ရနေပြီး ဖြစ်လိမ့်မည်ဟု ကျွန်တော် စဉ်းစားကြည့်နေမိပါသည်။

''ကျုပ်မှာ ရေဒီယိုလေးတစ်လုံး ရှိတယ်၊ မင်း ပျင်းနေမယ်ဆိုရင် နားထောင်မလား''

''နေပါစေတော့ခင်ဗျာ၊ ကျွန်တော် ဒီထဲမှာ တစ်နာရီလောက်ပဲ နေရလိမ့်မယ်ထင်ပါတယ်၊ ဟားလီးယက်တောင်ကုန်းပေါ်က အခင်းဖြစ်တဲ့နေရာကို ခေါ်သွားဦးမယ်ထင်တယ်၊ ခင်ဗျား မမေးခင်ပဲ ကျွန်တော် ပြောထားရဦးမယ်ဗျာ၊ အဲဒီအမျိုးသမီးကို ကျွန်တော် မသတ်ပါဘူး''

မစ္စတာ နီးလ်စ်က စီးကရက် မီးခိုးများကို မှုတ်ထုတ်လိုက်သည်။

''ကျုပ်က မမေးပါဘူး၊ မော်တော်ကားမှောက်လို့ ကျုပ်လက်တစ်ဘက် ပြတ်ပစ်လိုက်ရတယ်၊ မောင် မမေးခင်ဘဲ ကျုပ်ကလည်း ပြောထားရဦးမယ်''

''ကျွန်တော်ကလည်း မေးမှာမဟုတ်ပါဘူး ခင်ဗျာ''

ကျွန်တော်တို့နှစ်ယောက် သဘောကျစွာ ပြုံးတူရယ်မောမိကြလေသည်။ ကျွန်တော်တို့ အချုပ်ခန်းကလေးက လုံနေသောကြောင့် အပြင်မှ အသံများ ဝင်မလာနိုင်ဘဲ ကျွန်တော်တို့ ရယ်သံသာလျှင် ပဲ့တင်ခတ်သွားလေသည်။



''မနေ့တုန်းကဆိုရင် လောကကြီးဟာ ကျွန်တော့်အတွက် အားလုံးသာယာနေတာ၊ ဘာမှဂရုစိုက်စရာ မရှိဘူး''

ဟု ကျွန်တော်က လှမ်းပြောလိုက်သည်။

''ကျုပ်က သစ်ပင်နောက်မှာကွယ်ပြီး အဝေးပြေးလမ်းမကြီးကို စောင့်ကြည့်နေတယ်၊ အေးအေးဆေးဆေး စီးကရက်သောက်လို့ပေါ့၊ လောကကြီးက သာယာနေတယ်၊ ခဏကြာတော့ မော်တော်ကားတစ်စီးက တစ်နာရီကို မိုင်ကိုးဆယ်နှုန်းလောက်နဲ့ မောင်းသွားတယ်၊ ကျုပ်က သူတို့ကို ဖမ်းဖို့ နောက်ကလိုက်သွားတယ်၊ ငါးမိနစ်လောက်လည်းကြာရော ကျုပ် မော်တော်ကား ချောက်ထဲထိုးကျသွားတော့တာပဲ၊ တစ်ချက်တည်း လက်တစ်ဘက်ဆုံးပြီး ပင်စင်စားဖြစ်သွားတော့တယ်၊ အင်း...ကျုပ်တို့ဆီကို ဧည့်သည်တစ်ယောက် လာပြီ''

ကျွန်တော့်ကိုခေါ်ဖို့ လက်ဖတင်နင်ဂင်ဘယ်လ် လာသည်ဟု ကျွန်တော်ထင်သည်။ မစ္စတာ နီးလ်စ်ကလည်း ထိုင်မြဲ ထိုင်နေသည်။

သို့သော်လည်း ရောက်လာသော ဧည့်သည်မှာ အင်ဒရီယာမက္ကလိန်းဖြစ်နေလေတော့သည်။

မစ္စတာ နီးလ်စ်က ထိုင်ရာမှ ထသည်။

''ဟိုင်း...အင်ဒီ၊ တွေ့ရတာ ဝမ်းသာပါတယ်ကွာ''

''ဟိုင်း...နီးလ်စ်...ဟိုင်း...ပေါလ်...ရှင့်အကျဉ်းသားကို ကျွန်မလာတွေ့လို့ ဖြစ်ပါတယ်နော်''

ဟု အင်ဒီက ပြန်ပြောသည်။

''မင်း သိပါတယ် သမီးရယ်၊ အကျဉ်းသားကို သူ့ရှေ့နေ ဟင်နရီလိုက်ဖ်တန်တစ်ယောက်ပဲ တွေ့ခွင့်ရှိတာ မဟုတ်လား၊ တခြား ဘယ်သူမှ တွေ့ခွင့်ရှိတာ မဟုတ်ဘူးလေ၊ ဒါပေမဲ့ အကျဉ်းသားကို လက်ခံရရှိကြောင်း စာပေးလိုက်ရမယ်လို့ ဂင်ဘယ်လ်က တောင်းခိုင်းလိုက်တယ်၊ ဒီကောင်လေး ဘက်တွားနေတဲ့အချိန်ကတည်းက ကျုပ်က ရဲတပ်ကြပ်ကြီး ဖြစ်ခဲ့တာ ဒါလောက်သေးတဲ့ မြို့ကလေးမှာ အကျဉ်းသားကို ဘယ်သူမှ မတွေ့ဘူး ပြောလို့ရော ဘယ်ရမှာလဲ၊ ဒီတော့ တွေ့ပေါ့ကွာ၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်ကြားမှာတော့ ကျုပ် ထိုင်ရလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



နိုးလ်စ်က ကုလားထိုင်ကို ဆွဲယူလာပြီး သံတိုင်များနားမှာ ချသည်။

"ကျုပ် ဒီမှာထိုင်မယ်၊ မင်းတို့နှစ်ယောက် ကျုပ်ခေါင်းပေါ်ကကျော်ပြီး စကားပြောကြ၊ တစ်ယောက်နဲ့တစ်ယောက် လှမ်းမထိနဲ့၊ တစ်ခုခု မပေးနဲ့"

နိုးလ်စ် ထိုင်နေသည့် နေရာသို့ အင်ဒီက ကပ်လာသည်။ ထို့ကြောင့် ကျွန်တော်နှင့် နှစ်ပေ သုံးပေလောက်သာ ဝေးပေလိမ့်မည်။

"ဘိုးဘိုးက ရှင့်အတွက် သိပ်စိတ်ပူနေတယ်၊ ဒါကြောင့် ဘာလို့သလဲ ဆိုတာ ကျွန်မကိုလွှတ်ပြီး မေးခိုင်းလိုက်တာ"

"မင်းတို့မိသားစုကတော့ စံပါပဲကွာ၊ မနေ့တုန်းက မင်းတို့သားအဖ နှစ်ယောက် တယ်အဆင်ပြေပါလားလို့ ကိုယ်ထင်ခဲ့တယ်၊ ညပိုင်းလည်း ရောက်ရော မင်းတို့သားအဖ အဆင်မပြေတော့ဘူး၊ နောက် ငါးမိနစ်လောက်ကြာတော့ ကိုယ်နဲ့အတူတူ ဟိုတယ်ကို မင်းလိုက်လာတယ်"

"ဖေဖေက အိုကေပါ၊ ကျွန်မကသာ ဖေဖေ့ကို စိတ်ကောက်တာပါ၊ ကျွန်မတို့ မိသားစုထဲမှာ ဘိုးဘိုးကမှ တကယ့်စံ၊ ရှင့်အမှုကို ပြည်နယ်ရဲအဖွဲ့ လက်အပ်တာ မှားတယ်လို့ ဘိုးဘိုးက ထင်တယ်"

ကျွန်တော်တို့နှစ်ယောက်ကြားမှာ ရှိသော နိုးလ်စ်က ရယ်သည်။ ထိုအခါကျမှပင် သူ့ကို ကျွန်တော်တို့ သတိရကြသည်။

"နိုးလ်စ်…ကျွန်မကို စီးကရက်တစ်လိပ်လောက် မတည်တော့ဘူးလား"

နိုးလ်စ်က ရယ်ပြန်သည်။ စီးကရက်ဘူးကိုထုတ်ပြီး အင်ဒီကို တစ်လိပ် လှမ်းပေးသည်။ သူ့မျက်နှာကလည်း ပြုံးနေသည်။

အင်ဒီက ခဏကြာအောင် တွံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးတော့ ရှေ့သို့ သူကိုင်းလိုက်သည်။ သို့သော်လည်း စီးကရက်ကိုယူခြင်း မဟုတ်ပါ။ စီးကရက် ကမ်းပေးနေသည့် နိုးလ်စ်၏လက်ကို သူ့လက်နှစ်ဘက်ဖြင့် ဖမ်းဆွဲပြီး နောက်ပြန်လိမ်ပစ်လိုက်သည်။ နိုးလ်စ်၏ နောက်ကျောက ကျွန်တော် ရပ်နေသော သံတိုင်များပေါ်သို့ ရောက်လာသည်။

"ပေါလ်…အုပ်ထည့်လိုက်"

ဟုလည်း အင်ဒီက အော်သည်။

နိုးလ်စ်သည် ရုန်းကန်ခြင်း လုံးဝမပြုပါ။ မရုန်းကန်နိုင်သောကြောင့်



လည်း ဖြစ်ပေလိမ့်မည်။ အော်မည်ဆိုလျှင် အော်နိုင်သည်။ သို့သော် သူ မအော်ပါ။ သည်အတိုင်း ငြိမ်ခံနေလေသည်။

ကျွန်တော်ကလည်း ဘာမှမလုပ်ပါ။ သည်အတိုင်း ကြည့်နေမိသည်။ ခဏကြာတော့မှ အင်ဒီက လွှတ်ပေးလိုက်သည်။ နိုးလ်စ်က ကိုယ်ကိုကိုင်းပြီး သူ့ဇက်ကြောကို လက်ဖြင့် တစ်ချက်ပုတ်သည်။ ကြမ်းပေါ်သို့ ကျသွားသော စီးကရက်ဘူးကို ကောက်ယူပြီး အင်ဒီဘက်သို့ ကမ်းပေးသည်။

"စီးကရက် အင်ဒီ"

အင်ဒီက တစ်လိပ်ယူသည်။ နိုးလ်စ်က မီးညှိပေးသည်။ ကျွန်တော့်ဘက်သို့ စီးကရက်ဘူး ကမ်းပေးပြန်သည်။ ကျွန်တော့်မှာ ရှိနေသော်လည်း တစ်လိပ်ယူလိုက်မိသည်။

ခဏကြာအောင် ကျွန်တော်တို့ ဘာစကားမှ မပြောဘဲ ဆေးလိပ်ဖွာနေမိကြသည်။ အတော်ကလေးကြာတော့မှ နိုးလ်စ်က ပြောသည်။

"မင်း ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ အင်ဒီ၊ တခြားလူတွေ ဆိုရင်တော့ သုပ်မယ်ဆိုရင် လုပ်နိုင်တယ်၊ ဒါပေမဲ့ သမီးလုပ်လို့ မဖြစ်ဘူး"

"ကျွန်မလည်း သိပါတယ်၊ ဒါပေမဲ့ ပေါလ်…"

"ကျုပ် သိပါတယ်၊ လက်နက်မဲ့တဲ့ လူတစ်ယောက်ကို ဒီလို မတိုက်ခိုက်ကောင်းဘူး၊ ပေါလ်ကလည်း သူ့မိန်းမကို လည်ပင်းညှစ်သတ်မှာ မဟုတ်ပါဘူး၊ ကျုပ်မှာ စဉ်းစားချိန်တွေ အများကြီးရခဲ့တယ်၊ ဒီအကြောင်းကို ကျုပ် စဉ်းစားပြီးပါပြီ"

"နိုးလ်စ်…"

"ကျုပ် မေ့ပစ်လိုက်ပါတယ်၊ သမီးရယ်၊ ကျုပ်က ဒါကို တိုင်မယ် လို့များ သမီး ထင်နေသလား၊ ဂင်ဘယ်လ်ကို တိုင်မယ် ထင်သလား"

"ဖေဖေ့ကိုရော မတိုင်ဘူးလား"

"မက်က ကျုပ်ကို ဒီအလုပ်ပေးထားတာပါ၊ တိုင်ခြင်းတိုင်ရင် သူ့ကိုပဲ တိုင်မှာပေါ့ကွယ်"

နိုးလ်စ်က ထိုသို့ပြောရင်း စိတ်မကောင်းသည့် အမူအရာသို့ ပြောင်းသွားလေသည်။

"ပြည်နယ်ရဲတပ်ဖွဲ့က ရဲတပ်ကြပ်ကြီးရာထူးနဲ့ ဒီမြို့ကလေးက

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ ကက်ပတိန်ရဲ့ရာထူး ဘယ်ဟာက ကြီးပါသလဲ ခင်ဗျာ''

ဟု ကျွန်တော်က ဝင်မေးသည်။

''အား…တော်တော်ဆိုးတဲ့ မေးခွန်းပဲ''

ထိုသို့ နီးလ်စ်က ပြောလိုက်သည့်အချိန်မှာပင် ရုံးခန်းတွင်းသို့ အော်တို

မက္ကလိန်း ဝင်လာလေသည်။ ကျွန်တော်လို အကျဉ်းသားအား လာတွေ့နေသော

သူ့သမီးကို မြင်သွားသည်။ မကျေနပ်သည့်အမူအရာ သူ့မျက်နှာပေါ်မှာ ပေါ်

သွားသည်။ ကျွန်တော့်ကိုမူ လုံးဝမကြည့်ချေ။

သစ်တောအလုပ်သမားများ ဖြစ်ကြသော ဒင်နီယယ် ဘင်နီယံနှင့်

ခရော်စ်လေတို့ နှစ်ယောက်လည်း သူနှင့်အတူ ပါလာသည်။ အော်တိုမက္ကလိန်းက

သူတို့ကို လှမ်းပြောသည်။

''မင်းတို့နှစ်ယောက် အဲဒီနေရာမှာရပ်၊ ညာဘက်လက်မြှောက်ပါ

ဒီမြို့နဲ့ ဒီပြည်နယ်က တရားဥပဒေများနဲ့ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်

ချုပ်ပုံ အခြေခံဥပဒေကို စောင့်ထိန်းရိုသေပါ့မယ်လို့ သစ္စာဆိုပါ''

သူတို့နှစ်ယောက်က သစ္စာဆိုကြောင်း တစ်ပြိုင်တည်း ပြန်ဖြေကြသည်

မက်က သူ့စားပွဲမှ အံဆွဲသော့ကို ဖွင့်သည်။ ရဲတပ်ဖွဲ့ဝင် တံဆိပ်

နှစ်ခုကိုထုတ်ပြီး ဒင်နီယယ်ထံသို့ လှမ်းပေးသည်။ ဒင်နီယယ်တို့နှစ်ယောက်မှာ

ချက်ချင်းဆိုသလိုပင် ရဲတပ်ဖွဲ့ဝင်များ ဖြစ်သွားကြလေတော့သည်။

''ကောင်းပြီ၊ ဟိုကောင်ကို ရုံးခေါ်သွား၊ နီးလ်စ် တံခါးဖွင့်ပေးလိုက်

စမ်း''

ဟု မက္ကလိန်းက အမိန့်လှမ်းပေးသည်။

အင်ဒီက ပိုက်ဆံအိတ်ထဲမှ မိတ်ကပ်ဘူးလေးကို ထုတ်ပြီး ထိုဘူးတွင်

ရှိသည့်မှန်ဖြင့် သူ့နှုတ်ခမ်းနီ ဆိုးဆေးများကို ပြင်ဆိုးသည်။ ပေါင်ဒါ နည်းနည်း

ထပ်ရိုက်သည်။ ပြီးတော့ ကျွန်တော့်ကို လှမ်းကြည့်သည်။

''ကျွန်မလည်း ရှင်နဲ့ လိုက်ခဲ့မယ် ပေါ့လ်''

''မလိုက်ရဘူး''

သူ့အဖေက လှမ်းအော်သည်။

အင်ဒီကတော့ မကြားသည့်ပုံမျိုးဖြင့် ခြေလှမ်းပြင်လိုက်သည်။ ယော

ရဲသားနှစ်ယောက်က ကျွန်တော့်လက်မောင်းကို တစ်ယောက်တစ်ဘက်



ကိုင်သည်။

နီးလ်စ်ကို ကျွန်တော် နှုတ်မဆက်ခဲ့တော့ပါ။ ကျွန်တော်တို့နှစ်ယောက်

ရင်းနှီးနေကြောင်း မက္ကလိန်း မသိစေလိုသောကြောင့် ဖြစ်ပါသည်။ သူ့အတွက်

သည်အလုပ်ကလေးမှာ မြဲနေစေလိုသောကြောင့် ဖြစ်ပါသည်။

အပြင်တွင် စောစောတုန်းကလို လူစုလူဝေးကြီး ရှိမနေပါ။ သူတို့အဖို့

ကြည့်စရာ ဘာမှမရှိတော့သောကြောင့် လူစုခွဲသွားကြပြီနှင့်တူသည်။

''မောင်ရင်တို့ကို ဒင်ဒရော့်လောဂျစ်တွေလို့ ထင်တာ၊ ရဲသားတွေလို့

ကိုယ်မထင်မိဘူး''

လျှောက်လာကြရင်း ကျွန်တော်က သူတို့နှစ်ယောက်ကို လှမ်းပြော

သည်။

''ကျုပ်တို့ သစ်တောဘက်ဆိုင်ရာ ဘွဲ့ယူကြတော့ ဥပဒေလည်း

သင်ရတယ်၊ သစ်တောဘက်မှာ အမှုထမ်းနေရင်း ရဲတပ်ဖွဲ့မှာ အကူအညီ

လိုအပ်လာရင် အရံရဲတပ်ဖွဲ့ဝင်အဖြစ် အမှုထမ်းပေးနိုင်အောင်လေ၊ ဒါထက်

ဒွာဘာပေးလီးယတ်ကတော့ ခင်ဗျား လွတ်သွားမှာ သိပ်စိုးရိမ်နေတယ်၊ မစ္စက်

ပေးလီးယတ်ကို ခင်ဗျား သတ်ပစ်လိုက်သလို သူ့ကိုလည်း ဝင်သတ်သွားမှာ

ကြောက်နေတယ်၊ ဒါကြောင့် ကျွန်တော်တို့ကို ဒီဘက်မှာ အင်အားဖြည့်ပေးလိုက်

တာပဲ''

ဟု ဒင်နီယယ်က ပြန်ဖြေသည်။

''ဒင်နီယယ် မင်းကိုကြည့်ရတာ ရဲသားတစ်ယောက်နဲ့တော့ တကယ်

တူတာပဲ''

အင်ဒီက လှမ်းပြောသည်။

''တကယ်အတည်ပေါက် ပြောနေတာလား အင်ဒီ၊ ဒါမှမဟုတ်

ကျွန်တော့်ကို နောက်တာလား၊ ဒါထက် မက်ထရိုရုပ်ရှင်ရုံမှာ ဒီနေ့ ကားလဲတယ်၊

ညကျရင် လိုက်ကြည့်ပါလား''

''ကျေးဇူးတင်ပါတယ်၊ မကြည့်တော့ပါဘူး''

အင်ဒရီယာက ကြိုးစားပြီး ပြုံးပြလိုက်လေသည်။

''တို့အကျဉ်းသားကြီးက မင်းတို့နှစ်ယောက် ခွာပြသွားအောင် နုပ်

ပစ်လိုက်ပြီနဲ့ တူတယ်ကွ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ခရော်စ်လေက ဝင်ပြောသည်။

အင်ဒီက ဘာမှပြန်မပြော။ ထိုအခိုက် လူစုစုကို မြင်သောကြောင့် ကျွန်တော်တို့အားလုံး ခပ်သုတ်သုတ် လျှောက်လာကြလေသည်။

"မောင်ရင်တို့ဆရာ ဂျွန်ဖိုက်နဲ့ တွေ့ရရင် ကောင်းမှာပဲ"

ဟု ကျွန်တော်က ပြောသည်။

"တွေ့ရမှာပါ၊ ခင်ဗျားအမှုစစ်ရင် သူလာမှာပဲ"

ဟု ခရော်စ်လေကပင် ပြန်ဖြေသည်။

"ရုံးကို အမှုတင်ဖြစ်မှာ မဟုတ်ပါဘူး"

အင်ဒီက မှတ်ချက်ချသည်။ ကျွန်တော့်လက်မောင်းကို ကိုင်ထားသည့် ခရော်စ်လေ၏လက်က ပိုမိုတင်းကျပ်လာသည်။

"အိုး…ရုံးတင်ဖြစ်မှာပါ၊ ဟင်နရီလိုက်ဖ်တန်က သူလိုက်တဲ့အမှု မှန်သမျှ ရုံးတင်စစ်ဖြစ်အောင် လုပ်တာချည်းပဲ၊ ရုံးတင်စစ်တိုင်းလည်း သူက နိုင်တာချည်းပဲ မဟုတ်လား"

ရုံးခန်းတွင်းသို့ ကျွန်တော်တို့ ဝင်လာခဲ့ကြသည်။ ရုံးတော်တွင် လူစုံတက်စုံ ရောက်နေသည်။ တရားသူကြီးများ၊ ဂျူရီလူကြီးများ၊ တရားလို တရားခံနှစ်ဘက်အကျိုးဆောင်များ၊ သက်သေများ၊ အမှုလာရောက် နားထောင်ကြသူများကို တွေ့ရသည်။ ကျွန်တော့်ကို အာမခံပေးရေး မပေးရေးကို ခရိုင်ရှေ့နေနော်တန်ပရင့်စ်နှင့် ကျွန်တော့်ရှေ့နေ ဟင်နရီလိုက်ဖ်တန်တို့နှစ်ယောက် အပြန်အလှန် လျှောက်လဲနေခဲ့ကြပုံပေါ်သည်။ နောက်ဆုံး တရားသူကြီးက စကားဖြတ်ပြောသည်။

"ကောင်းပြီ၊ ကောင်းပြီ မစ္စတာလိုက်ဖ်တန်၊ ခင်ဗျား အမှုသည်လည်း ဟောဒီမှာ ရောက်လာပြီ၊ ခင်ဗျားတင်တဲ့ အာမခံပေးဖို့ လျှောက်လွှာကို ရုံးတော်က လက်ခံလိုက်တယ်၊ မင်းတို့က ဘယ်သူတွေလဲ၊ ကာက်ပတိန် မက္ကလိန်း ဘယ်ရောက်သွားပြီလဲ"

"သူ့တဲထဲပြန်ပြီး ရင်ဆို့နေရောပေါ့ခင်ဗျာ"

ဟင်နရီလိုက်ဖ်တန်က ထိုသို့ပြောရင်း သူတစ်ယောက်တည်း ရယ်နေသည်။

"ကျွန်တော်တို့က အထူးတာဝန်နဲ့ ရဲတပ်ဖွဲ့ဝင် အမှုထမ်းနေကြပါ



တယ်၊ တရားသူကြီးမင်းခင်ဗျား"

ဟု ခရော်စ်လေက ပြောသည်။

"ကောင်းပြီ…ကောင်းပြီ၊ ဟိုသူငယ်က ပေါလ်ပို့တာ မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ"

"မောင့်ကို ဒေါ်လာတစ်သောင်းတန်နဲ့ အာမခံပေးလိုက်တယ်၊ ဟောဟိုက စာရေးဆီမှာ လက်မှတ်သွားထိုးချေ၊ ဒီပြည်နယ်ထဲက မောင် ထွက်မသွားပါဘူးလို့ မောင့်ရှေ့နေက လျှောက်လဲတယ်၊ မောင် သဘောတူရဲ့ လား"

"သဘောတူပါတယ် တရားသူကြီးမင်း"

အာမခံနှင့် ပတ်သက်ပြီး ကျွန်တော် ဘာမှ နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ကျွန်တော့်ပိုက်ဆံအိတ်ထဲမှာ ငွေတစ်သောင်း မရှိပါ။ သို့သော်လည်း မော်တော်ကားကို ရောင်းလိုက်လျှင် အချို့တစ်ဝက်တော့ ပေးသွင်းကောင်း ပေးသွင်းနိုင်ပေလိမ့်မည်။

ဟင်နရီလိုက်ဖ်တန်က ကျွန်တော့်ပခုံးကို လာပုတ်သည်။ သူ့ကို မော့ကြည့်သောအခါ သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်နေသည်ကို တွေ့ရလေသည်။ သည်လို တောက်ပြောင်မှုမျိုးကို စောစောတုန်းက ကျွန်တော် မမြင်ဖူးခဲ့ပါ။

"ဒီကိုလာ"

သူခေါ်သည့်နောက်သို့ ကျွန်တော် လိုက်သွားသည်။ ရုံးစာရေးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ အာမခံမည့်သူကို လက်ညှိုးထိုးပြသည်။

ထိုအခါကျမှပင် မစ္စတာဂရေးကို ကျွန်တော် သတိထားမိတော့သည်။ မစ္စတာဂရေးသည် ကုတ်အင်္ကျီရှည်ကြီးကို ထပ်ဝတ်ထားပြီး လည်ပင်းတွင် ခေါ်လာတစ်ထည်ကိုပါ ပတ်ထားသည်။ သည်လောက် ထူထဲသည့် အဝတ်အစားများနှင့် သူလှုပ်ရှားလို့မှ ရပါ့မလားဟု ထင်မှတ်ရလေသည်။ သူနှင့်အတူ အင်ဒရီယာ ရှိနေသည်ကိုလည်း တွေ့ရသည်။

စာရေးက ကျွန်တော် လက်မှတ်ထိုးရမည့် စာရွက်များကို ထိုးပေး သည်။

"ဒီနေရာမှာထိုး၊ ခင်ဗျားကို မစ္စတာဂရေးက ဒေါ်လာတစ်သောင်းတန်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အားမခံသိုက်တယ်၊ လက်မှတ်မထိုးခင် အလျှင်ဖတ်ကြည့်လိုက်ဦးလေ၊ ဘာကယ်လို့ ခင်ဗျားက ထွက်ပြေးရင် သူလျော်ရမယ်၊ အင်ဒီ မင်းတို့ ငွေ တစ်သောင်း မလျော်ရအောင် တရားခံကို ကောင်းကောင်းထိန်းသိမ်းထားနော်''

ကြွက်များပေါ်မှာ ကျွန်တော် လက်မှတ်ထိုးသည်။ ထို့နောက် ဟင်နရီ လိုက်ခဲ့တာ၊ မစ္စတာဂရေး၊ အင်ဒီနှင့် ကျွန်တော်တို့လေးယောက် အပြင်ထွက် လာခဲ့ကြသည်။ အင်ဒီနှင့် ဟင်နရီက မစ္စတာဂရေးကို တွဲလာသည်။

အခြေအနေတွေ ဘာကြောင့်ပြောင်းလဲသွားသည်ကို နားမလည်ကြောင်း ကျွန်တော်က ပြောပြမိသည်။ ဟင်နရီက ရယ်သည်။

''မောင် ဘယ်နားလည်နိုင်ပါ့မလဲ၊ ကျုပ်က နော်တန်ပရင့်စ်ထက် ပိုတော်တဲ့ရှေ့နေပဲ၊ လူသတ်မှု မသက်တဲ့ပုဒ်မနဲ့ ပြောင်းပြီး အမှုဖွင့်ဖို့ ကျုပ်က လျှောက်လဲတယ်၊ တရားသူကြီးက ကျုပ် လျှောက်လဲချက်ကို ယုံကြည်သွား တယ်၊ ဒါကြောင့် မောင် အာမခံရတာပဲ''

''ဒါပေမဲ့ မစ္စတာဂရေးက ဘာဖြစ်လို့ ကျွန်တော့်ကို အာမခံတာလဲ''

''ငါ့သား…မင်းဟာ ထွက်ပြေးမယ့် လူစားမျိုး မဟုတ်ဘူးဆိုတာ ဘိုးဘိုး သိတယ်၊ နောက်ပြီးတော့ အော်တိုမက္ကလိန်းလုပ်တာ နည်းလမ်းမကျ ဘူးလို့ ထင်တာလည်း တစ်ကြောင်းပါတယ်၊ အခုလောက်ဆိုရင်တော့ အော်တို ဆွေ့ဆွေ့ခုန်နေရောပေါ့၊ အိမ်ပေါ်ကနေတောင် တစ်ခါတည်း ဆင်းပြေးချင် ပြေးသွားမယ်''

''အဲဒီအခါကျတော့မှ ဘိုးဘိုးက လွှမ်းဖျား လွှမ်းနာကျချင် ကျနေ ဦးမှာ''

ဟု အင်ဒီက ဝင်ပြောသည်။

''ဝေးပါသေးတယ် သမီးရယ်၊ ဟင်နရီ ကျုပ်ကို မောင့်ကားနဲ့ အိမ်လိုက်ပို့၊ အင်ဒီ့ကားက လေတိုးလွန်းလို့ မစီးနိုင်ဘူး''

ရုံးအဆောက်အဦ၏ ပတ်လည်တွင် လူအချို့ ရှိနေသည်။ သို့သော် လည်း ကျွန်တော်တို့ကို မည်သူကမှ အာရုံစိုက်မကြည့်ကြ။ ကျွန်တော်တို့နှင့် အတူ ရဲသားများ ပါမလာသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

သတင်းထောက်နှစ်ယောက်ကတော့ ဟင်နရီလိုက်ဖ်တန်ဆီသို့ ပြေး သွားကြသည်။



''လစ်ကြစို့''

အင်ဒီက ကျွန်တော့်ကို တိုးတိုးကလေး ကပ်ပြောသည်။ သူ့မော်တော် ကားကို မြက်ခင်းပြင်၏ တစ်ဘက်တွင် စည်းကမ်းမဲ့ ရပ်ထားသည်။ ကားရပ် ခွင့်မရှိသော နေရာဖြစ်သည်။ သို့သော် သည်မြို့တွင် အကြီးဆုံး ရဲအရာရှိကြီး၏ သမီးဖြစ်သဖြင့် သူ့ကို မည်သည့်ရဲတပ်ဖွဲ့ဝင်ကမှ ဒဏ်ရိုက်မည် မဟုတ်ချေ။

''ရှင်…ကားမောင်းချင်မှာတော့ မဟုတ်ပါဘူးနော်''

ကျွန်တော့်အဖြေကိုပင် သူမစောင့်တော့ဘဲ ဒရိုင်ဘာနေရာမှာ ဝင်ထိုင် သည်။ ကျွန်တော်က တစ်ဖက်ခေါင်းမှာ ထိုင်သည်။ မော်တော်ကားကို စည်းမဲ့ ကမ်းမဲ့ မောင်းထွက်လာသည်။

''မင်းကို ကိုယ်မေးချင်တာကလေး ရှိနေတယ်''

''မေးလေ''

''မင်းတို့ဆိုင်ကို ဘယ်သူကြည့်ပေးနေသလဲ၊ မင်းအဖေက ရဲအရာရှိ အဖြစ်နဲ့ အလုပ်တွေရှုပ်နေတယ်၊ မင်းကတော့ တရားခံတစ်ယောက်ကို ကားပေါ် တင်ပြီး လျှောက်မောင်းနေတယ်၊ တီရှဉ္ဇာန်အစားအစာတွေနဲ့ ကောက်ပဲသီးနှံ မျိုးစေ့တွေကို ဘယ်သူက မင်းတို့ကိုယ်စား ရောင်းပေးနေသလဲ၊ ဆိုင်ကို ဘယ်သူ က စောင့်ရှောက်ပေးနေသလဲ''

အင်ဒီက လမ်းကိုသာ အာရုံစိုက်ကြည့်နေသည်။

''အဲဒါ ရှင်နဲ့ ဘာဆိုင်သလဲ၊ ရှင်ဟာ အခု အလုပ်လက်မဲ့ဖြစ်နေပြီ၊ ဒါကြောင့် ကျွန်မတို့ဆိုင်ထဲမှာ ပြထားတဲ့ မြေညှိစက်ကြီးကို လူခိုးသွားရင်လည်း ရှင်နဲ့ ဘာမှမဆိုင်တော့ပါဘူးလေ''

''နံပါတ်တစ်က အဲဒါ မြေညှိစက် မဟုတ်ဘူး၊ မြောင်းဘောင် ဖော်စက်လို့ ခေါ်တယ်၊ နံပါတ်နှစ်က ကိုယ်အလုပ်လက်မဲ့ မဟုတ်ဘူး၊ အချိန် အကန့်အသတ်မရှိ လစာမဲ့ခွင့် ရထားတယ်၊ ကိုယ့်အမှုပြီးသွားရင် အလုပ်ပြန် ဝင်ရမယ်''

''အိုး…ရှင့်ရဲ့ မစ္စတာပလန်းက ကျွန်မတို့ဆီကို ဖုန်းလှမ်းဆက်ပြီး ပါပြီနော်၊ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး ရှင့်အတွက် ဘာတာဝန်မှ မပေးဘူး တဲ့၊ ဘယ်လောက်တော်တဲ့ ရှင့်သူငယ်ချင်းလဲ''

''သူငယ်ချင်း မဟုတ်ပါဘူး၊ အလုပ်ရှင်ပါ''

www.burmeseclassic.com

www.burmeseclassic.com



မနေ့တုန်းက နွေဦးရာသီ ဖြစ်သည်။ ယခုတော့ ရာသီဥတုက ချက်ချင်းပြောင်းသွားသည်။ အပြင်မှာ နှင်းတွေ ပိန်းပိတ်နေအောင် ကျနေသည်။ ဆောင်းတွင်းကြီး ပြန်ဖြစ်နေသည်။

"အင်ဒီ…ကိုယ် ကြုံတွေ့နေရတာတွေကို နားမလည်နိုင်တော့ဘူး၊ စောစောကတည်းက မင်းကို မေးဖို့ပါပဲ၊ ကိုယ့်ကို လူသတ်မှုနဲ့ အစွပ်စွဲခံရတာကို ထားပါဦး၊ ဘာဖြစ်လို့ မင်းတို့မြေးအဘိုးက ကိုယ့်အပေါ်မှာ ဒီလောက်တောင် ကောင်းနေတာလဲ၊ ဟင်နရီလိုက်ဖ်တန်ကရော ဘာဖြစ်လို့ ကိုယ့်ဘက်က အမှု လိုက်ပေးရတာလဲ၊ မင်းတို့နဲ့ကိုယ်ဟာ မနေ့တုန်းကမှ တွေ့ဖူးကြတာ မဟုတ်လား"

အင်ဒီက ကျွန်တော့်ကို လှည့်ကြည့်သည်။ လမ်းကိုမကြည့်ဘဲ ကျွန်တော့်မျက်နှာကို အကြာကြီး စိုက်ကြည့်နေခြင်း ဖြစ်သည်။ အတော်ကြာတော့မှ ပြန်လှည့်သွားပြီး မော်တော်ကားကို လမ်းဘေးမှာ ထိုးရပ်သည်။ အပူငွေ့ပေးသည့်စက်ကို ဖွင့်ထားသဖြင့် ကားအင်ဂျင်ကို ရပ်မပစ်ဘဲ ထားလေသည်။

"ဘိုးဘိုးက မှာထားတယ်၊ ရှင်မေးတဲ့မေးခွန်းတွေကို ဘာတစ်ခုမှ ပြန်မဖြေရဘူးတဲ့"

"ဩော်…ဒီလိုလား၊ ကိုယ့်ကို ထောင်ထဲ ဖမ်းသွင်းလိုက်၊ ပြီးတော့ အာမခံနဲ့ ပြန်ထုတ်လိုက်လုပ်နေကြတာဟာ မင်းတို့မိသားစုအနေနဲ့ ပျော်စရာကောင်းတာကလေးတွေကို လေ့ကျင့်နေကြတဲ့ သဘောလား"

"ရှင့်ကို ကျွန်မတို့က တမင်လုပ်နေတယ်လို့ထင်ရင် ကားပေါ်က အခုချက်ချင်းဆင်း"

အင်ဒီက ကျွန်တော့်ကိုယ်ပေါ်မှကျော်ပြီး တံခါးကို လှမ်းဖွင့်သည်။ ကျွန်တော့်ပေါင်ပေါ်မှာ တံတောင်ဆစ်ဖြင့် ထောက်ထားသည်။

"ကဲ…ဆင်းလေ၊ ခုချက်ချင်းဆင်း"

"မင်း ရှင်မီးအင်္ကျီကို ဆွဲတင်လိုက်ပါဦးလေ"

"ဒီခေတ်မှာ ဘယ်မိန်းကလေးမှ ရှင်မီးအင်္ကျီ မဝတ်တော့ဘူးရှင့်"

သူ့ကိုယ်ကို ပြန်မတ်ပြီး မော်တော်ကားကို ဆက်မောင်းလာပြန်သည်။

"ကိုယ့်ကို ဘယ်ခေါ်သွားနေတာလဲ"

"အိမ်ကို"



"မင်းအဘိုးကတော့ ကိုယ်မေးတာကလေးတွေ ဖြေကောင်းဖြေပါလိမ့်မယ်ထင်တယ်"

"ဖြေချင် ဖြေမှာပေါ့"

မော်တော်ကားတစ်စီးက ကျွန်တော်တို့ကားကို ကျော်တက်သောကြောင့် အင်ဒီက ကားရှိန်ကို လျှော့ချပေးလိုက်သည်။ ကျွန်တော်တို့ ဘာစကားမှ ဆက်မပြောကြတော့ဘဲ ငြိမ်နေမိကြသည်။ ကျွန်တော့်ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့် ချာချာလည်နေသည်။ သူတို့အိမ်ကြီးရှေ့သို့ ရောက်သောအခါ ကားရပ်ပြီး ကားပေါ်မှ ဆင်းခဲ့ကြသည်။

"ကိုယ့်အဖေ ဖမ်းထားတဲ့ တရားခံတစ်ယောက်ကို အာမခံနဲ့ထုတ်ပြီး ကားနဲ့တင်ခေါ်လာတဲ့ ရဲအရာရှိကြီးရဲ့ သမီးဟာ သမိုင်းတစ်လျှောက်လုံးမှာ မင်း ပထမဆုံးဖြစ်မှာ သေချာတယ်"

ကျွန်တော်တို့နှစ်ယောက် မြက်ခင်းပြင်ပေါ်မှာ ရပ်နေမိကြသည်။ ကျွန်တော့်ပါးတစ်ဖက်ကို အင်ဒီက လက်ဝါးဖြင့် သာသာကလေး လာပွတ်သည်။

"ကျွန်မက ဖေဖေနဲ့ အတိုက်အခံ ဖြစ်သွားပြီလေ"

"အဖေနဲ့ အတိုက်အခံဖြစ်တယ်ဆိုတာ ယောကျ်ားကလေးတွေရဲ့ အလုပ်ပါကွာ၊ မိန်းကလေးတွေအလုပ် မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ကျွန်မက ယောကျ်ားလျာ ဖြစ်နေလို့ နေမှာပေါ့"

"မဖြစ်နိုင်ပါဘူးကွယ်၊ ကိုယ်တော့ မယုံဘူး"

သူ့နှုတ်ခမ်းများနှင့် ထိတွေ့ဖို့ ကျွန်တော့်ကိုယ်ကို မျှားမျှားမကိုင်းလိုက်ရပါ။ အင်ဒီ၏ နှုတ်ခမ်းမှာ တင်းတင်းရင်းရင်းနှင့် အေးစက်နေလေသည်။ ခဏကြာတော့မှ သူ့ကို ကျွန်တော် လွှတ်ပေးလိုက်သည်။

"ဘိုးဘိုးနဲ့ သွားတွေ့လိုက်ပါ၊ ကျွန်မ ကော်ဖီသွားဖျော်ပြီး ယူခဲ့မယ်"

သူ့အသံက ပုံမှန်ပင် ဖြစ်နေသည်။ မည်သို့မှ ထူးခြားမသွား။ မျက်လုံးအစုံကလည်း အရောင်တဖျပ်ဖျပ် တောက်နေသည်။ ကျွန်တော့်ဘာသာ ကျွန်တော် အထင်ကြီးနေသောကြောင့်လည်း ထိုသို့ ထင်မှတ်ခြင်း ဖြစ်နိုင်ပါသည်။

အိမ်ကြီးမှာ အလင်းရောင် ပြည့်ပြည့်ဝဝရအောင် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။ မှန်များကာထားသည့် အခန်းထဲမှာပင် မစ္စတာဂရေး ထိုင်နေသည်။ မနေ့ညတုန်းက ကျွန်တော်တို့ ဝိုင်အရက် အတူတူသောက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုအချိန်မှစပြီး ယခုထက်တိုင် ထိုနေရာမှာ မထတမ်း ထိုင်နေသလားဟု ထင်မှတ်ရလောက်အောင် တစ်ပုံစံတည်း ထိုင်နေခြင်း ဖြစ်လေသည်။

သူ ရေဒီယို နားထောင်နေသည်။ ကျွန်တော့်ကို မြင်သောအခါ ရေဒီယိုပိတ်သည်။ ကျွန်တော့်ကိုလည်း ပြုံးပြသည်။

"ဘယ်လိုလဲကွ၊ ထောင်အတွေ့အကြုံကလေးက ဆော်ဆော်မှ စိတ်ဝင်စားစရာ ကောင်းရဲ့လား"

"အဲဒီဒုက္ခထဲကနေပြီး ကျွန်တော့်ကို ဘိုးဘိုးက ငွေတစ်သောင်းနဲ့ ကယ်လိုက်ပြီလေ"

"ဒါလေးက ဘယ်လောက်မှ ကြီးကျယ်တာ မဟုတ်ပါဘူး ကလေးရယ်၊ ဘိုးဘိုးကို ကျေးဇူးတင်စကား ပြောမနေပါနဲ့၊ ကဲ...ထိုင်...ထိုင်..."

"ကျွန်တော့်အကြောင်းကို ဘိုးဘိုး ဘာမှ သိထားတာ မဟုတ်ဘူး၊ အခုမှ မြင်ဖူးကြတာ၊ အင်ဒီက ကျွန်တော့်ကို သဘောကျနေတဲ့အတွက် အခုလို အာမခံတာလို့တော့ မပြောပါနဲ့ခင်ဗျာ၊ ကျွန်တော် အချုပ်ခန်းထဲကထွက်ပြီး ရုံးကိုသွားတုန်းက ဌာန်ဖိုက်ရဲ့ တပည့်တစ်ယောက်နဲ့ အင်ဒီတို့ အကြည့်ဆိုက်နေကြတာ ကျွန်တော် နားနဲ့ဆတ်ဆတ်ကြားခဲ့ရပါသေးတယ်၊ အင်ဒီအတွက် ယောကျ်ားတစ်ယောက်ရဖို့ ငွေပေးဝယ်စရာ မလိုဘူးဆိုတာ ဘယ်လိုလူမဆို သိနိုင်ပါတယ်"

"ဒါ မှန်တယ်ကွယ့်၊ ဒီတစ်နယ်လုံးမှာတော့ ဘယ်လိုလူမျိုးကိုမဆို အင်ဒီ ခေါင်းခေါက်ယူနိုင်တယ်၊ အင်း...ကျုပ်ကတော့ တရားရုံးကို သွားလိုက်တာ အအေးမိလာပြီထင်တယ်၊ အသက်ကြီးလာတော့ လေစိမ်းတိုက်ခံလို့ မဖြစ်ဘူး မဟုတ်လား"

"ကြိုက်ရာလူကို ခေါင်းခေါက်ယူလို့ ရတယ်ဆိုတာ ဘာသဘောနဲ့ ပြောတာလဲ ဘိုးဘိုး"

"ဘာသဘောနဲ့မှ မဟုတ်ပါဘူးကွယ်၊ အဖြစ်မှန်ကို ပြောတာပါ၊ ဒီတစ်နယ်လုံးမှာ အင်ဒီဟာ အချောဆုံးပဲလေ၊ မစ္စက်ဌာန်ဖိုက် အသက်ရှင်နေတုန်းက သူလည်း အချောဆုံးပဲ၊ ဒီနယ်မှာ ကြိုက်ရာလူကို သူလည်း ခေါင်းခေါက်ယူနိုင်တယ်"

မစ္စတာဂရေး၏ စကားကြောင့် အက်ဒစ်ကို ကျွန်တော် ပြန်လည်



မြင်ယောင်လာသည်။ အလွန်ချောသည့် အမျိုးသမီး ဖြစ်သည်။ သူ့ရုပ်ကလေးကို မြင်ရုံမျှနှင့်တော့ အလွန်အကျင့်ပျက်သူဟု မည်သူကမှ ထင်မည်မဟုတ်။ ကျော ချတော့မှ ဓားပြမှန်း သိရသည့်အစားထဲက ဖြစ်လေသည်။

"မင်း နေကောင်းရဲ့လား သား"

ခဏကြာအောင် ကျွန်တော် အတွေးထဲမှာ နစ်မျောသွားသည်။ ထို့ကြောင့် မစ္စတာဂရေးက လှမ်းမေးခြင်း ဖြစ်လေသည်။

"နေကောင်းပါတယ် ဘိုးဘိုး၊ ကျွန်တော် အတွေးလွန်သွားလို့ပါ၊ ဒါထက် ဟင်နရီလိုက်ဖ်တန် ဘယ်ကို သွားပါသလဲ ခင်ဗျာ"

"သူ ရုံးကို ပြန်သွားတယ်၊ ဒါပေမဲ့ မောင်နဲ့ စကားပြောရအောင် ဒီကို ပြန်လာလိမ့်ဦးမယ်၊ မောင့်မိန်းမအကြောင်းကိုများ စဉ်းစားနေသလား"

"ကျွန်တော် ကြုံတွေ့နေရတာတွေနဲ့ ပတ်သက်ပြီး နားမလည်နိုင်အောင် ဖြစ်နေလို့ပါခင်ဗျာ၊ လက်ဖတင်နင်ဂင်ဘယ်လ်က ကျွန်တော့်ကို အလောင်း လိုက်ပြမယ်လည်း ပြောတယ်၊ ဒါပေမဲ့ အခုထက်ထိ လိုက်မပြသေးဘူး"

"မင်း အမှုကို သက်သက်ညှာညှာဖြစ်အောင် လုပ်ပေးနေတယ်နဲ့ တူပါတယ်"

ကျွန်တော် အနေရ အထိုင်ရ ခက်လာသည်။ ဘာကိုစဉ်းစားရမှန်း မသိအောင်လည်း ဖြစ်နေမိသည်။

"ကျွန်တော့်အကြောင်းကိုလည်း ကျွန်တော် နားမလည်တော့ပါဘူး ဘိုးဘိုး၊ လောင်ဒီစဘတ်မြို့ကို ကျွန်တော် ရောက်လာတယ်၊ လူသတ်မှုနဲ့ အစွပ်စွဲခံရတယ်၊ ထောင်ထဲရောက်သွားတယ်၊ အာမခံနဲ့ ပြန်လွတ်လာတယ်၊ ဘာကြောင့်များ ဒါတွေဖြစ်ကုန်ရတာလဲ ခင်ဗျာ"

"ဘိုးဘိုးလည်း မစဉ်းစားတတ်တော့ပါဘူး သားရယ်၊ ဘိုးဘိုးက အသက်ကြီးပြီလေ၊ သူငယ်တောင် ပြန်ချင်နေပြီလား မပြောတတ်ဘူး"

"ဘိုးဘိုးက သူငယ်ပြန်ချင်တယ်၊ ကျွန်တော်က ရူးချင်လောက်အောင် စိတ်ရှုပ်နေပါတယ်ခင်ဗျာ"

"ဘိုးဘိုး အသက်ရှစ်ဆယ်ရှိပြီ၊ အင်ဒီ့အမေကို မွေးတော့ ဘိုးဘိုး အသက်က သုံးဆယ့်ငါးနှစ်၊ ဒီသမီးတစ်ယောက်ပဲ ရဖူးတယ်၊ တစ်ဦးတည်းသော သမီးဆိုတော့ သိပ်ကိုချစ်ခဲ့ရတာပေါ့ကွယ်၊ သူ အရွယ်ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ဖို့ မြို့ပေါ်ကို တက်သွားတယ်၊ အဲဒီမှာ မက်နဲ့တွေ့ပြီး အကြောင်းပါခဲ့ကြတာပဲ"

"ဘိုးဘိုး ကျွန်တော်တို့ ပြောနေကြတာတွေက သေးရောက်ကုန်ပြန်ပြီ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဘိုးဘိုး အာမ,ခံနဲ့ ထုတ်ပေးလိုက်တာလဲ"

"အော်မပြောပါနဲ့ သားရယ်၊ ဘိုးဘိုး နားမလေးပါဘူး"

"ကျွန်တော့်ကို ဘာဖြစ်လို့ ဘိုးဘိုး အာမ,ခံတာလဲ"

ကျွန်တော်က ထိုမေးခွန်းကိုပင် ထပ်ဆင့်မေးမိပြန်သည်။ ထိုအခိုက် အပြင်ဘက်သို့ ကားတစ်စီး မောင်းထွက်သွားသံ ကြားသည်။ အင်ဒီ ထွက်သွားသည်နှင့်တူသည်။

"အက်ဒစ်ပေါးလီးယတ်ကို ဘိုးဘိုးက သတ်ပစ်လိုက်တယ်များ ထင်သလား ပေါလ်၊ ဉထဲက ပေါက်လာခါစ ကြက်ကလေးတစ်ကောင်ကိုတောင် လည်လိမ်ချိုးနိုင်တဲ့ အင်အားမျိုး ဘိုးဘိုးမှာ မရှိတော့ပါဘူး"

"အင်း...ဘိုးဘိုး ဝိုင်သောက်ဖို့ အချိန်တောင် ရောက်နေပြီ"

"အင်ဒီ အပြင်ထွက်သွားသံ ကြားလိုက်ရတယ်ခင်ဗျ"

"ဘိုးဘိုးအတွက် ဝိုင်အရက် သွားဝယ်တယ်နဲ့ တူတယ်၊ ဟော... ကားတစ်စီး ဝင်လာသံကြားတယ်"

"ကျွန်တော့်ကို ဘာဖြစ်လို့ အာမ,ခံတယ်ဆိုတာ ကျေးဇူးပြုပြီး ပြောပြပါလား ခင်ဗျာ"

"မဟုတ်သေးဘူး၊ ဒါ အင်ဒီ့ကားသံ မဟုတ်ဘူး၊ ဘယ်သူ့ကားသံပါလိမ့်"

ကျွန်တော် မေးသည်ကို မဖြေဘဲ မစ္စတာဂရေးက ဝေ့လည်ချောင်ပတ်လုပ်နေသည်။ ထိုအခိုက်မှာပင် အိမ်ထဲသို့ ဟင်နရီလိုက်ဖ်တန် ဝင်လာသည်။

"အော်တို့နဲ့ လက်ဖတင်နင်ဂင်ဘယ်လ်တို့ဆီသွားပြီး မော်တော်ကားကိစ္စ စကားပြောနေတာ၊ မောင့်ကားကို ပြန်ယူခွင့်ရပြီ ပေါလ်၊ ကျုပ် မောင်းယူခဲ့တယ်၊ ပြီးတော့ ကျုပ်ကို မြို့ထဲပြန်ပို့ပေး"

ဟု ဟင်နရီက အခန်းထဲ ဝင်လာရင်း ပြောသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ အာမ,ခံသလဲဆိုတာ မစ္စတာဂရေးကို



ကျွန်တော် မေးနေတာ"

"ခပ်ရိုင်းရိုင်း ပြောရရင် အလကားရတဲ့နွားကို ဘာဖြစ်လို့ သွားဖြဲကြည့်ချင်နေရတာလဲ"

"ကျွန်တော့်ကို သူ ဘယ်တုန်းကမှ မမြင်ဖူးဘူးဗျာ၊ ကျွန်တော့်အကြောင်းကိုလည်း သူ ဘာမှသိထားတာ မဟုတ်ဘူး၊ ကျွန်တော် ထွက်ပြေးရင် သူ ငွေတစ်သောင်း မလျော်ရပေဘူးလား"

ဟင်နရီလိုက်ဖ်တန်က ရယ်သည်။

"မောင် ဘယ်ကိုမှ ထွက်ပြေးလို့ မရနိုင်ပါဘူး၊ ပြည်နယ် နယ်နိမိတ်နေရာတွေ အားလုံးမှာ အစောင့်တွေ အပြည့်ချထားပြီးပြီ၊ ဘယ်နည်းနဲ့မှ ထွက်ပြေးလို့ မရနိုင်ပါဘူး"

"ကျွန်တော်တော့ ဘာမှနားမလည်နိုင်တော့ဘူးဗျာ၊ ဘာမဆိုင် ညာမဆိုင်နဲ့ လူသတ်တရားခံပါ ဖြစ်နေရသေးတယ်"

"မကြောက်ပါနဲ့ ကိုယ့်လူရာ၊ မောင်ရင့်ဘက်မှာ ဟင်နရီလိုက်ဖ်တန်ဘစ်ယောက်လုံး ရှိနေပါတယ်၊ ခရိုင်ရှေ့နေ နော်တန်ပရင့်စ်ကို ဒီနေ့မနက်ပဲ ကျုပ် အပြတ်တွယ်ပြလိုက်ပြီ မဟုတ်လား၊ နောက်လည်း ဆက်တွယ်နေရဦးမှာပါ၊ စိတ်သာချ"

"ဟင်နရီ ဥပဒေကြောင်းအတိုင်း လုပ်နေတာတွေကို မလိုချင်ဘူးဗျာ၊ ဒီအမှုကြီးထဲက ကျွန်တော် ကင်းကင်းရှင်းရှင်း ဖြစ်သွားချင်တယ်၊ ပြီးတော့ ကျွန်တော့်အလုပ်ကို ပြန်လိုချင်တယ်"

ဟင်နရီက ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည်။

"အခုဟာက ကျွန်တော့်ဘဝပြဿနာ ဖြစ်နေတယ်၊ ကျွန်တော် ထောင်အစစ်မခံချင်ဘူး၊ ဒီလူသတ်မှုကို ကျွန်တော် ကျူးလွန်ခဲ့တာလည်း မဟုတ်ဘူး"

"အမှုကို ရုံးတင်စစ်မှ ဖြစ်မှာပေါ့၊ ဒါမှ မောင်ရင် ဒီအမှုနဲ့ မဆိုင်ကြောင်း၊ အပြစ်မရှိကြောင်း စီရင်ချက် ချနိုင်မယ်၊ ဒီလိုမှ မဟုတ်ရင် မောင်ရင်ဟာ တစ်သက်လုံး တရားခံ ဖြစ်နေမှာပဲ"

"လူသတ်သမားအစစ်ကို ဖမ်းပြနိုင်ရင်ကောဗျာ"

ကျွန်တော့်စကားကို ကြားသောအခါ ဟင်နရီလိုက်ဖ်တန်က ပခုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်ကို တွန့်လိုက်သည်။

"ဒီလိုဆိုရင်တော့ စုံထောက်တစ်ယောက်ကို ရှာငှားပေတော့၊ ကျုပ်လို ရှေ့နေတစ်ယောက်ကို ငှားမနေနဲ့"

အိမ်ရှေ့ဘက်မှ တံခါးဖွင့်သံနှင့် ပြန်ပိတ်သံ ကြားရသည်။ ကျွန်တော်လည်း သူတို့ကို ထားခဲ့ပြီး အခန်းထဲမှ ထွက်လာခဲ့တော့သည်။

◆◆◆

## အခန်း (၇)

အိမ်ရှေ့ခန်းမှာ အင်ဒီ ရှိနေသည်။ ဝိုင်အရက်ပုလင်းအသစ်တစ်လုံးကို ဖွင့်နေသည်။ မစ္စတာဂရေး ပြောခဲ့သည့်အတိုင်း မြို့ထဲသို့သွားပြီး အသစ်တစ်လုံး ဝယ်ခဲ့ပုံရသည်။

ထိုအခန်းထဲမှာ အင်ဒီတစ်ယောက်တည်း မဟုတ်ပါ။ သူနှင့်အတူ ဒင်နီယယ် ဘင်နီယံလည်း ရှိနေသည်။ သစ်တောယူနီဖောင်းကို ဝတ်ထားဆဲ ရှိသည်။ ရဲတပ်ဖွဲ့ဝင်တံဆိပ်ကိုလည်း တပ်ဆင်ထားသည်။

အင်ဒီက ကိုယ်ကို ကိုင်းပြီး ပုလင်းအဖုံးကို ဖွင့်နေသဖြင့် ဆံပင်များက သူ့မျက်နှာပေါ်သို့ ဖရိုဖရဲကျကာ ဖုံးအုပ်နေသည်။ ထို့ကြောင့် သူ့မျက်နှာကို ကျွန်တော် မမြင်ရပါ။

"ဒီအမှုမှာ ပေါလ်ပိုတာ အပြစ်ရှိတယ်လို့ ကိုယ်မထင်ဘူး"

ဟု အင်ဒီက ဒင်နီယယ်ကို ပြောလိုက်သံ ကြားရသည်။

"မင်းက သူ့ကို ချစ်နေတာကိုး၊ အပြစ်ရှိနေတယ်လို့ ဘယ်မြင်တော့မလဲ၊ ဘာကြောင့်များ ဒီလိုကောင်မျိုးကို ခုမြင် ခုကြိုက်ဖြစ်သွားရတယ်ဆိုတာ ကိုယ်တော့ မစဉ်းစားတတ်တော့ဘူး အင်ဒီ၊ အသည်းနှလုံးကို ရှေ့တန်းမတင်ခဲ့နဲ့ကွာ၊ ကိုယ်ပိုင်ဦးနှောက်နဲ့ စဉ်းစားပါဦး၊ အကျိုးသင့် အကြောင်းသင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်,မဖြစ် ဆင်ခြင်ပါဦး"

ဒင်နီယယ်ဘင်နီယံ၏ စကားဆုံးသောအခါ အင်ဒီက ခေါင်းမော့လာသည်။ ကျွန်တော့်ကိုတော့ သူမြင်ဟန်မတူပါ။ သို့သော်လည်း နောက်သို့ ကျွန်တော် ကမန်းကတန်း ဆုတ်လိုက်မိသည်။ နံရံနှင့် ကွယ်လိုက်ရသည်။

"လုပ်မနေစမ်းနဲ့ ဒင်နီယယ်၊ မင်းဘာသာမင်း ဟေးလီးယတ်တောင်ကုန်းကို ပြန်ပြီး ဒရဝမ် လုပ်နေပါ"

"ဟုတ်တယ်၊ ငွါန့်ဖိုက်ကလည်း နှစ်ဆယ့်လေးနာရီပတ်လုံး အစောင့်ရှိနေမှ ကျေနပ်တယ်၊ ကိုယ့်တာဝန်က ညကျမှပါ၊ ဒါတွေ ထားလိုက်ပါ အင်ဒီ၊ မင်း ပြန်စဉ်းစားပါဦး၊ ကိုယ်လည်း သူ့ဆီက အလုပ်ထွက်တော့မှာပါ၊ သစ်တောဌာနကို ပြန်ပြီးအလုပ်လုပ်တော့မယ်၊ မင်း ကိုယ်နဲ့ တပါတည်း လိုက်ခဲ့ရင်ကောင်းမယ်"

အင်ဒီ၏ ဒေါသတကြီး အော်သံကို ကြားရသည်။ ကျွန်တော်လည်း အပြင်သို့ ထွက်လာခဲ့တော့သည်။ ကွက်လပ်တစ်နေရာတွင် ကျွန်တော့်မော်တော်ကား ရပ်ထားသည်ကို တွေ့ရသည်။ အိတ်ထဲမှ သော့အပိုကို စမ်းကြည့်သည်၊ သို့သော်လည်း သော့အပိုကို သုံးဖို့မလိုပါ။ ဟင်နရီလိုက်ဖ်တန်သည် မော်တော်ကားမှာ သော့ဟန်းလန်း ထားပစ်ခဲ့သည်ကို တွေ့ရသည်။

ကားပေါ်တက်ပြီး မြို့ထဲသို့ ကျွန်တော် မောင်းထွက်လာခဲ့သည်။ အရက်ဆိုင်ကလေးတစ်ဆိုင်မှာ အေးအေးဆေးဆေး အချိန်ဖြုန်းချင်သည်။ ခါတ်ဆီဆိုင်နားမှာ အရက်ဆိုင်ကလေး တစ်ဆိုင်ကို တွေ့သဖြင့် ကားရပ်ထားခဲ့ပြီး အထဲသို့ ဝင်ခဲ့သည်။

ဓာတ်စက်မှ သီချင်းသံက ဆိုင်ထဲမှာ ဆူညံနေသည်။ အခန်းကလေးတစ်ခန်းထဲမှာ လူလေးယောက် ထိုင်နေသည်။ အပြင်မှာ လူသုံးယောက် ရှိသည်။ ကျွန်တော်က အရက်နှင့် စားစရာများ သွားမှာပြီး အခန်းကလေးတစ်ခုထဲသို့ ဝင်ခဲ့သည်။

ကျွန်တော်တစ်ယောက်တည်း အနှောင့်အယှက် ကင်းမဲ့စွာဖြင့် အေးအေးဆေးဆေး နေနိုင်ပါပြီ။ အပြင်မှာ ရာသီဥတု ဆိုးရွားနေသော်လည်း ဆိုင်ထဲမှာ သက်တောင့်သက်သာ နေနိုင်သည်။

တရှန်းရှန်း ဝိုင်းလိုက်နေသည့် လူအုပ်ကြီး၏ အန္တရာယ်နှင့်လည်း



ကင်းဝေးသွားသည်။ ကျွန်တော့်ပြဿနာများကို စိတ်တည်တည်ငြိမ်ငြိမ်ဖြင့် စဉ်းစားနိုင်ပါပြီ။

အရက်ရောင်းသူထံမှ စက္ကူတစ်ရွက်နှင့် ခဲတံ တောင်းယူရလျှင် ကောင်းမလားဟု စဉ်းစားမိသည်။ လောင်ဒီစဘတ်မြို့မှာရှိသော ကျွန်တော် သိသူများကို စက္ကူပေါ်မှာ ချရေးနိုင်မည်။ လူသတ်သမား မဟုတ်နိုင်သူများကို တစ်ယောက်ချင်း ဖျက်ထုတ်လိုက်နိုင်မည်။

သို့သော်လည်း သည်မြို့ပေါ်တွင် ကျွန်တော် သိသူ မရှိသလောက် ဖြစ်နေသည်။ သိသမျှ လူများမှာလည်း ရဲတပ်ဖွဲ့ဝင်က အများမှ ဖြစ်နေသည်။ ထို့ကြောင့် ထိုအကြံအစည်ကို လက်လျှော့လိုက်ရတော့သည်။

အက်ဒစ်ကိုသတ်သည့် လူသတ်သမား အစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်လျှင် သည်အမှုကြီးထဲမှ ကျွန်တော် ကွင်းလုံးကျွတ် လွတ်ပေပြီ။ လူသတ်သမားအစစ်ကို ဖော်ထုတ်ပေးနိုင်ရေးသည်သာလျှင် အဓိက ဖြစ်နေသည်။

သည်ပြဿနာကို မစ္စတာဂရေး သိသည်ဟု ကျွန်တော် ထင်နေသည်။ သို့သော်လည်း အဘိုးကြီးထံမှ အကူအညီကို မျှော်လင့်ချက် မထားနိုင်။ အက်ဒစ်ကို သတ်သူမှာ သူ မဟုတ်သည်ကတော့ သေချာ၏။ သတ်သူကို သူ သိရပေမည်။ သို့သော် ကျွန်တော် မေးသမျှကို ဝေ့လည်ချောင်ပတ် လုပ်နေသည့် အဘိုးကြီးထံမှ မည်သည့်သဲလွန်စကိုမှ မရနိုင်။

ဓာတ်စက်မှ သီချင်းက ရော့အင်ရိုးသီချင်းတစ်ပုဒ်သို့ ပြောင်းသွားသည်။

ဆိုင်ရှေ့မှ တံခါးပွင့်သွားသည်။ မိန်းမပျိုတစ်ယောက် ဝင်လာသည်။ ဘားကောင်တာသို့ အရက်သွားမှာပြီး ကျွန်တော် ထိုင်နေသည့် အခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်လာကာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်သည်။

သူ့ကိုကြည့်ပြီး ကျွန်တော် အများကြီး အံ့သြသွားမိပါသည်။ သည်လောက် သေးငယ်သည့် မြို့ပေါက်စကလေးတွင် ယောကျ်ားများကို မြူဆွယ်ပြီး ငွေရှာစားသော အမျိုးသမီးများ ရှိနေသည်ကို ရဲအရာရှိ အော်တိုမက္ကလိန်း သိလေသလော။ သူသိလျှင် အရေးမယူဘဲ နေမည်တော့ မဟုတ်။

ရုပ်ရည်က သနားကမား ဖြစ်သည်။ သို့သော် ကျွန်တော် သတော်ကျသည့်ပုံစံမျိုးကား မဟုတ်။ အဝတ်အစားကို သာမန်မျှ ဝတ်ထားသည်။ ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို တင်းနေအောင် စုချည်ထားသည်။ မျက်နှာပေါ်တွင် မိတ်ကပ်များများ စားစား လိမ်းခြယ်မထား။

"ဝမ်းနည်းပါတယ် သူငယ်မ၊ ကျုပ် ဒါမျိုး ဒါသနာမပါဘူး၊ နောက်ပြီးတော့ ဒီမှာ တစ်ယောက်တည်းထိုင်ပြီး စဉ်းစားချင်လို့ လာတာပါ"

"မစ္စတာပိုတာ၊ ကျွန်မကို မိန်းမပျက်ကလေးတစ်ယောက်လို့ မထင်ပါနဲ့ရှင်၊ ရှင့်ကို ကက်ပတိန်မက္ကလိန်းက နှိပ်စက်လွှတ်လိုက်လို့ ဒါလောက်တောင် လူကဲခတ် ညံ့သွားရတာလား"

မိန်းမပျိုက တည်တည်ငြိမ်ငြိမ် ပြန်ပြောသည်။ မိန်းမပျက်ကလေးများလို ရိုင်းရိုင်းစိုင်းစိုင်း မဟုတ်။ ထို့ကြောင့် ကျွန်တော် အားတုံ့အားနာ ဖြစ်သွားမိသည်။

"ကျုပ် ဘယ်သူလဲဆိုတာ မင်းက သိနေတာကိုး"

ကျွန်တော် ထိုမျှသာ ပြန်ပြောနိုင်ပါသည်။ သည်မြို့ကလေးမှာ ကျွန်တော် ဒါလောက်တောင် နာမည်ကြီးနေပါပေါ့ကလားဟုလည်း သဘော ပေါက်လိုက်မိလေသည်။

"ရှင် ဒီဆိုင်ထဲကို ဝင်လာတော့ ဟိုဟိုမှာ အရက်ရောင်းနေတဲ့ လောင်းက ကျွန်မကို လှမ်းခေါ်တယ်၊ ကျွန်မနဲ့တော့ ရှင် စကားပြောချင်မှာပဲလို့ သူ ထင်လို့ ကျွန်မကို လှမ်းခေါ်တာပါ"

"လောလောဆယ် ကိုယ့်မှာ စကားပြောဖော်လည်း မလိုပါဘူးကွာ"

"အိုး...ရှင် တော်တော် ခေါင်းမာတာပဲ၊ ဒီလိုလူမျိုးကို မိန်းမက ပစ်ပြေးတာ သိပ်တော့လည်း အံ့သြစရာ မဟုတ်တော့ဘူးပေါ့၊ ကျွန်မ ရှင့်ကို ပျော်တော်ဆက်ဖို့လာတာ မဟုတ်ဘူး၊ ရှင့်အတွက် အကျိုးရှိမယ့် စကားတွေ ပြောရအောင် လာတာပါ၊ ကျွန်မနာမည်က ဂျင်နီဒင်ဒလာ"

သူ့နာမည်ကို ကျွန်တော် သိရသော်လည်း ကျွန်တော့်အတွက်တော့ ဘာမှမထူးခြားပါ။ မည်သို့ဆိုစေ သည်မြို့ကလေးမှာ နောက်ထပ် အသိ တစ်ယောက်တော့ ထပ်ရပြီဟု သဘောထားလိုက်မိသည်။ မဟာမိတ် တစ်ယောက်လည်း ဖြစ်ချင်ဖြစ်လာနိုင်ပါသည်။ ထိုသို့ တွေးမိသည်နှင့် တစ်ပြိုင်တည်း ကျွန်တော် စိတ်လက်ပေါ့ပါးသွားတော့သည်။

"အရက်သောက်မလား ဂျင်နီ"



"သောက်တာပေါ့"

ဘားကောင်တာဘက်သို့လှည့်ပြီး လောင်းဆိုသူထံသို့ သူ့ဘာသာသူ မာတီနီ လှမ်းမှာသည်။ လောင်းက တစ်စုံတစ်ရာ ပြန်ပြောသည်။ သို့သော်လည်း ရှော့အင်ရိုး သီချင်းသံကြောင့် ဘာပြန်ပြောကြောင်း သဲသဲကွဲကွဲ မကြားလိုက်ရပါ။

"ရှော့အင်ရိုးသီချင်းတွေ ခေတ်ကုန်သွားပြီလို့ ထင်တာ၊ မကုန်သေးဘဲကိုး"

ဟု ကျွန်တော်က ပြောလိုက်မိသည်။

"ခေတ်ကုန်ပြီ ထင်ရပေမယ့် ကြိုက်တဲ့လူတွေကတော့ ကြိုက်နေကြသေးတယ်၊ ဒါထက် မစ္စက်ဂျွန်ဖိုက်ကို ရှင် သတ်တာမဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်"

သူက ဆိုင်းမဆင့် ဗုံမပါဘဲ ပြောချလိုက်သည်။ ကျွန်တော် အကြီးအကျယ် အံ့အားသင့်သွားမိသည်။

"ဝမ်းသာပါတယ်ကွယ်၊ မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ"

"ရှင်သတ်တာ အမှန်ပဲဆိုရင်-ကက်ပတိန်မက္ကလိန်းက ရှင့်ကို ဖမ်းမှာ မဟုတ်ဘူး၊ တခြား ဘာမှမဆိုင်တဲ့လူကို ဖမ်းမှာပဲ၊ ဘယ်တော့မှ တရားခံ အစစ်အမှန်ကို သူ မဖမ်းနိုင်ဘူး၊ သူ ဖမ်းလိုက်ရင် တလွဲတွေ ဖြစ်ကုန်ရော၊ ဒါကြောင့် သူဖမ်းတဲ့လူဟာ ဘယ်တော့မှ တရားခံ အစစ်အမှန် မဟုတ်ဘူးဆိုတာ ကျွန်မ သိနေတယ်"

သူပြောနေပုံမှာ တယ်လီဗီးရှင်းမှ သတင်းကြေငြာသူကဲ့သို့ အထစ် အငေါ့မရှိ ပြောနေခြင်း ဖြစ်သည်။

လောင်းက ဂျင်နီဒင်ဒလာအတွက် မာတီနီ ယူလာပေးသည်။ ဖန်ခွက်ထဲမှာ အလေးတော် စပ်ထည့်ပေးပြီး ပုလင်းကိုလည်း စားပွဲပေါ်မှာပင် ထောင်ပေးသွားသည်။ ကျွန်တော်က ပိုက်ဆံအချို့ ထုတ်ပေးသည်။ သို့သော် လောင်းက ခေါင်းခါပြသည်။

"ဒီအရက်ကိုတော့ ကျွန်တော်တို့ဆိုင်ကပဲ ဧည့်ခံလိုက်ပါမယ်၊ နောက်ခွက်ကျတော့မှ ပိုက်ဆံပေးပါ၊ ဂျင်နီကို ခင်ဗျားခေါ်တာ မဟုတ်ဘူးလေ၊ ကျွန်တော် လှမ်းခေါ်လိုက်တာ မဟုတ်လား၊ ဒါကြောင့် ပထမခွက်အတွက် ကျွန်တော်ကပဲ ရှင်းပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လောင်းက အခန်းထဲမှထွက်ပြီး အရက်ရောင်းသည့်နေရာသို့ ပြန်သွားသည်။

"မင်းက ဒီမြို့မှာတော့ နာမည်ကြီးပဲနဲ့တူတယ် ဂျင်နီ"

"လောင်းက ရက်ရဲ့အစ်ကိုလေ"

ဂျင်နီက အရက်ခွက်ကို ကောက်ယူပြီး နည်းနည်းသောက်သည်။ အရက်က ပြင်းသောကြောင့် သူ့မျက်နှာ ရှုံ့မဲ့သွားသည်။ သူပြောသော ရက်ဆိုသူ အကြောင်းကို ကျွန်တော် စဉ်းစားကြည့်နေမိသည်။ ရက်ဆိုသူမှာ မည်သူဖြစ်ကြောင်း ကျွန်တော် မသိပါ။

"ကျွန်မပြောတာ ရှင်ကတော့ ဘာမှနားလည်မှာ မဟုတ်ဘူး၊ ရက်ဆိုတဲ့လူကိုလည်း ရှင် မသိဘူးလေ၊ မဟုတ်ဘူးလား၊ ရက်က ကျွန်မနဲ့ စေ့စပ်ထားတဲ့လူ၊ အခုတော့ ကျောက်ကပ်ရောဂါနဲ့ ဆေးရုံတက်နေရတယ်"

"အင်း…ကိုယ် ဘယ်လိုကူညီနိုင်မလဲ မသိဘူးနော်"

"ဟော…ရှင် မဆိုင်တာတွေ ပြောပြန်ပြီ၊ ဒါကြောင့် ရှင့်မိန်းမက ရှင့်ကို ပစ်ပြေးတာ နည်းတောင်နည်းသေးတယ်လို့ ဆိုရမယ်၊ ကျွန်မအဖေက ဒီမြို့မှာ အလှအပ ကုမ္ပဏီထောင်ထားတယ်၊ ကျွန်မက ဒရိုင်ဘာတစ်ယောက်ပေါ့၊ ကျွန်မယောက်မနဲ့ ကျွန်မက နေ့လှည့် ညလှည့် ခွဲပြီးတာဝန်ယူရတယ်၊ ဒီအပတ်က ကျွန်မ ညလှည့်၊ ရက်ကလည်း ကျွန်မတို့ ကုမ္ပဏီက ဒရိုင်ဘာတစ်ယောက်ပဲ"

မဆိုင်တာတွေ မပြောဖြစ်အောင် ကျွန်တော် ပါးစပ်ပိတ်ထားလိုက်ရသည်။ အရက်ခွက်ကို သူကောက်ကိုင်ပြီး မော့ပြန်သည်။ ယခုတစ်ကြိမ်တွင်တော့ စောစောတုန်းကလို မျက်နှာရှုံ့မဲ့မသွားတော့။ လျော့သွားသည့် ဖန်ခွက်ထဲကို ဆပ်ဖြည့်သည်။

"ကျွန်မတို့ မြို့ပေါ်မှာ အရက်သမားတွေ အများကြီး ရှိတယ်၊ ဒါပေမဲ့ ဖရက်ဒီဆိုတဲ့ အရက်သမားတစ်ယောက် အကြောင်းကိုပဲ ကျွန်မ ပြောပြမယ်၊ သူက ကုမ္ပဏီတစ်ခုက ပင်စင်ရထားတယ်၊ ဒီဆိုင်ကို လောင်းနဲ့ သူနဲ့ နှစ်ယောက်စပ်တူ ဖွင့်ကြတာ၊ ဆိုင်ကရတဲ့ အမြတ်ကို သူက မယူဘူး အရက်ပဲ သောက်ပစ်တယ်၊ အရက်ဖိုးနဲ့ နှိမ်ရတယ်"

"ဖရက်ဒီဆိုတဲ့လူက တကယ့်လူပဲနော်၊ အရက်သောက်ချင်လို့ အရက်ဆိုင်ဖွင့်တယ် ဆိုတော့လေ"



ဖန်ခွက်ထဲမှ အရက်ကို ဂျင်နီက တစ်ချိုးတည်း မော့ချပစ်လိုက်သည်။ ထို့ကြောင့် ဘားကောင်တာမှာ ရှိနေသော လောင်းကို ကျွန်တော်က မျက်ရိပ်လှမ်းပြကာ နောက်ထပ် အရက်မှာသည်။ လောင်းက ခေါင်းပြန်ညိတ်ပြသည်။

"ကျွန်မ ပြောတာတွေကို ကြားရတော့ ကျွန်မတို့ကို ရှင် အထင်သေးမသွားဘူးလား၊ နှလုံးရှုံ့ချင်စိတ် ပေါ်မသွားဘူးလား၊ ညဘက်မှာ အလှအပ မောင်းစားရတဲ့ ရက်တို့လို ကျွန်မတို့လို ဒီမှာ အရက်ရောင်းနေတဲ့ လောင်းတို့လို အရက်သမားဖြစ်တဲ့ ဖရက်ဒီတို့လို လူမျိုးတွေအကြောင်း ကြားရတော့ အထင်သေးသွားမှာပေါ့နော်၊ ရှင့်ခေါင်းခွံထဲကို အဲဒီလို အတွေးတွေ ဝင်မလာဘူးလား"

"ခေါင်းပါကွာ၊ ခေါင်းခွံ မဟုတ်ပါဘူး"

ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"ထားပါတော့လေ၊ စောစောက ကျွန်မ ပြောခဲ့သလိုပဲ၊ ကျွန်မပြောမှာတွေကို ရှင်ကတော့ ဘာမှနားလည်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဆက်ပြောရဦးမယ်၊ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက တစ်ညမှာ ဖရက်ဒီက အရက်သိပ်မူးနေတယ်၊ သူ့အိတ်ထဲမှာလည်း ပိုက်ဆံတွေ အများကြီး ရှိနေတယ်၊ မြို့စွန်ဘက်နေရာကနေ ဖုန်းဆက်ပြီး တက္ကစီကား လှမ်းခေါ်လို့ ရက်ကို ကျွန်မက သွတ်လိုက်တယ်၊ ရက်ရဲ့ ကားပေါ်ရောက်တော့ သူ သတိလစ်သွားတယ်၊ ရက်က သူ့ကို အိမ်ရောက်အောင် ကောင်းကောင်းမွန်မွန် ပြန်ပို့ပေးခဲ့ပါတယ်၊ ဒါတွေကို ရက်က ပြန်ပြောပြလို့ ကျွန်မ သိတာလေ။ အမှန်လည်း အမှန်ပါပဲ။ ရက်က ကျွန်မကို ဘယ်တော့မှ လိမ်မပြောဘူး၊ ဒါပေမဲ့ နောက်နေ့ မနက်ရောက်တော့ လမ်းဘေးတစ်နေရာမှာ ဖရက်ဒီ အရက်မူးလဲနေတာ ရဲသားတစ်ယောက်က သွားတွေ့တယ်၊ သူ့အိတ်ထဲက ပိုက်ဆံတွေလည်း မရှိတော့ဘူး"

ဓာတ်စက်မှ အသံတိတ်သွားသည်။ လောင်းက ကျွန်တော်တို့အတွက် အရက်ယူလာပေးသည်။ ကျွန်တော်က ပိုက်ဆံထုတ်ပေးပြီး သူ့အတွက်ပါ အရက်ဝယ်သောက်ဖို့ ပေးသည်။ လောင်းက ငြင်းသည်။

"ကျွန်တော် အလုပ်လုပ်နေတုန်းမှာ အရက်သောက်လေ့ မရှိပါဘူး ခင်ဗျာ၊ ဂျင်နီ ပြောပြနေတဲ့ ဇာတ်လမ်းက နားထောင်လို့ ကောင်းတယ် မဟုတ်လား"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရက်သည် သူညီဖြစ်ကြောင်း ကျွန်တော် မေ့သွားသည်။ သူမေးတော့မှ သတိပြန်ရသည်။ သူ့ကို ခေါင်းညိတ်ပြလိုက်ရသည်။ ဘားကောင်တာ ရှိရာသို့ သူ ပြန်သွားသည်။ သူ့မျက်နှာ မသာမယာ ဖြစ်သွားသည်ကိုလည်း သတိထား လိုက်မိလေသည်။

"ဓာတ်လမ်းဆုံးတော့မှာပါ၊ အဲဒါနဲ့ ရက်ကို ကက်ပတိန်မက္ကလိန်းက ဖမ်းတယ်၊ ဖရက်ဒီရဲ့ ငွေတွေကို နှိုက်ယူမိပါတယ်လို့ အတင်းဝန်ခံခိုင်းတယ်၊ ဝန်မခံတော့ ရိုက်နှက်နှိပ်စက်တယ်၊ နောက်ဆုံးတော့ သူ နှိပ်စက်ညှဉ်းပန်းတာကို မခံနိုင်လို့ ရက်က မဟုတ်တဲ ဝန်ခံလိုက်ရတော့တယ်၊ ဒါကြောင့် မက္ကလိန်း ဖမ်းလိုက်ရင် ဘယ်တော့မှ တရားခံ အစစ်အမှန် မဟုတ်ဘူးဆိုတာ ကျွန်မ သိနေတာပေါ့"

ကျွန်တော်က အရက်ကို ဖြည်းဖြည်းချင်းသောက်ရင်း သူ ပြောပြသည် များကို စဉ်းစားကြည့်နေသည်။

"ဒါတွေနဲ့ ကိုယ်နဲ့ ဘယ်လိုသက်ဆိုင်တယ်ဆိုတာ သဘောမပေါက် သေးဘူး"

ဂျင်နီက ကျွန်တော့်ဘက်သို့ အားတက်သရော ကိုယ်ကိုကိုင်းလိုက် သည်။ သူ့အရက်ခွက်ကိုလည်း မေ့သွားပုံရလေသည်။

"ဒီမှာ မစ္စတာပိုတာ၊ ရှင်က ကျွန်မတို့လို အနုတ်စုတ် ကုပ်စုတ် မဟုတ်ဘူး၊ ရှင့်မှာ ကိုယ်ပိုင်မော်တော်ကားကြီး ရှိတယ်၊ မိတ်ဆွေ အပေါင်း အသင်းတွေကလည်း မျက်နှာကြီးတွေပဲ၊ တစ်သောင်းတန် အာမခံကြေးကိုတောင် ရှင်ပေးနိုင်ခဲ့တယ်၊ ကျွန်မတို့ တစ်မိသားစုလုံး ရက်ရဲ့ တစ်မိသားစုလုံး လောင်း ရထားတဲ့ အရက်ရောင်းခွင့် လိုင်စင်တွေအားလုံး ကျွန်မတို့ မိတ်ဆွေတွေအားလုံး မှာ ရှိသမျှ စည်းစိမ်တွေ ပေါင်းလိုက်မယ်ဆိုရင်တောင် ရှင့်ကို မမီနိုင်ဘူး၊ ရှင် ချမ်းသာတာရဲ့ တစ်ဝက်တောင် ရှိမယ်မထင်ဘူး၊ ဒါကြောင့် မက္ကလိန်းက ရှင့်ကို မနှိပ်စက်ဘူးဆိုတာ ကျွန်မ ပြောရဲတယ်"

ဘားကောင်တာမှာ ထိုင်နေသူတစ်ယောက်က ဓာတ်စက်ရှိရာသို့ ထသွားပြီး ပိုက်ဆံအကြွေထည့်သည်။ ဓာတ်စက်က မြည်လာပြန်သည်။ သို့သော်လည်း စောစောတုန်းကလို ရော့အင်ရိုးသီချင်း မဟုတ်တော့တဲ သာယာ ငြိမ့်ညောင်းသည့် သီချင်းတစ်ပုဒ် ပေါ်ထွက်လာလေသည်။



"တရားဥပဒေဆိုတာ ပိုက်ဆံစကားကိုပဲ နားထောင်တယ် မစ္စတာ ပိုတာ၊ လူမှားပြီး အဖမ်းခံရပေမယ့် ရှင့်ဘက်က ဟင်နရီလိုက်ဖ်တန် လိုက်နေပြီ၊ ဟင်နရီလိုက်ဖ်တန်ပြောတဲ့ စကားဆိုရင် သူတို့ နားထောင်မှာပဲ၊ ဒါကြောင့် ကျွန်မတို့ကိုယ်စား လက်စားချေတဲ့အနေနဲ့ ကက်ပတိန်မက္ကလိန်းကို အပြုတ် ဆော်ပေးစမ်းပါ"

"သူ ပြုတ်သွားရင် ဘာဖြစ်မလဲ"

"သူပြုတ်သွားရင် ကျွန်မတို့ နောက်ထပ် ရဲအရာရှိသစ်တစ်ယောက် ရမယ်၊ တရားဥပဒေကို မတိမ်းမစောင်းရအောင် ထိန်းသိမ်းပေးမယ့် လူသစ် တစ်ယောက် ရလာမယ်၊ ဒီမှာ မစ္စတာပိုတာ၊ ရှင်ကတော့ ဘယ်လိုနည်းနဲ့မဆို ဦးအုပ်က ကွင်းလုံးကျွတ် လွတ်မှာပဲ၊ တင်နရီလိုက်ဖ်တန်ဟာ အခုအချိန်အထိ တစ်မှုမှ မရှုံးဖူးသေးဘူး၊ သူလိုက်တဲ့အမှုတိုင်း နိုင်တယ်၊ ဒါပေမဲ့ ဒီအမှုမှာ တော့ မက္ကလိန်း ပြုတ်သွားအောင် လုပ်ပေးစမ်းပါရှင်၊ ရှင့်ကို နှိပ်စက်ညှဉ်းပန်း ပါတယ် ဆိုတာမျိုး ကုန်းအော်ပေးစမ်းပါ"

ကျွန်တော့်မျက်နှာပေါ်မှာ အပြုံးတစ်ခုက အလိုလို ရောက်လာပါသည်။

"ဒီလိုလုပ်လိုက်တော့ ရက်ရဲ့ ကျောက်ကပ်ရောဂါ ပျောက်သွားရော တဲ့လား"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲရှင်၊ ဒါပေမဲ့ သူ့ကို မတရား နှိပ်စက်ညှဉ်းပန်းပြီး မမှန်တာကို အတင်းဝန်ခံခိုင်းတဲ့ ရဲအရာရှိ ပြုတ်သွားပြီ ဆိုရင် သူ စိတ်ချမ်းသာသွားမှာပေါ့၊ ရက်က မတရားလုပ်တာကို ကိုယ်တိုင် ခံစားခဲ့ရပေမယ့် သူတို့ကို အာမခံရဲဘူး မဟုတ်လား၊ သက်ဆိုင်ရာတွေ သိအောင် လည်း မတိုင်ရဲဘူး မဟုတ်လား"

ဂျင်နီကို ကျွန်တော် အဖြေပြန်ပေးမိပါသည်။ ထိုအဖြေနှင့် ပတ်သက် ပြီးတော့လည်း ကျွန်တော့်ကိုယ် ကျွန်တော် အံ့ဩသွားမိလေသည်။

"ကိုယ် သဘောပေါက်ပါတယ်၊ ဒီကနေ့ အာမခံနဲ့ ကိုယ်လွတ်လာတဲ့ အခါမှာလည်း အဲဒီသဘောမျိုးကို စဉ်းစားမိပါတယ်၊ ကိုယ်တတ်နိုင်သလောက် လုပ်ပေးပါ့မယ် ဂျင်နီ၊ ဒါပေမဲ့ ကိုယ် ဘာမှတတ်နိုင်မယ် မထင်ဘူး၊ မင်းကို ညာပြောနေတာ မဟုတ်ပါဘူး၊ လောင်ဒီဇဘာတ်မြို့မှာ ကိုယ့်အသိအကျွမ်းလည်း မရှိဘူးလေ၊ မစ္စက်ဥမ်ဖိုက်ကိ ဘယ်သူသတ်တယ်ဆိုတာ ဘယ်နည်းနဲ့မှ ကိုယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဟင်နရီလိုက်ဖ်တန် စီစဉ်ပေးတဲ့ အတိုင်းပဲ မငြင်းမဆန် လိုက်နာနေရတယ်၊ ကိုယ် သတ်ပါတယ်လို့ ဝန်ခံလိုက်ဖို့ ကိုမျှား မင်း ပြောနေတာလား''

ဂျင်နီက လက်တစ်ဘက်ကို ဝှေ့ယမ်းပြလိုက်သည်။

''ပေါက်ပေါက်ရှာရှာရှင်၊ ဒါပေမဲ့ ကျွန်မလည်း ဘာပြောရမှန်း မသိဘူး၊ ရှင်မမေးခင်ဘဲ ပြောထားရဦးမယ်၊ မစ္စက်ဂျွန်ဖိုက်ကို ဘယ်သူသတ်တယ်ဆိုတာ ကျွန်မ မသိရိုး အမှန်နော်''

''အော်တိုမက္ကလိန်းရော မဖြစ်နိုင်ဘူးလားကွာ''

ကျွန်တော်က သွေးတိုးစမ်းလိုက်သလို မေးလိုက်သည်။

ထိုမေးခွန်းကြောင့် ဂျင်နီမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်သည်။

''ကျွန်မကလည်း သူသတ်တယ်လို့ပဲ ထင်လိုက်ချင်တယ်''

''ထားပါတော့လေ၊ ဒါတွေက မင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒါပေမဲ့ သူ့ယောက္ခမက ကိုယ့်ကို တစ်သောင်းနဲ့ အာမခံလိုက်တာပါ၊ ဟင်နရီလိုက်ဖ်တန် အတွက် ရှေ့နေခကိုလည်း သူကပဲ ပေးတယ်၊ မင်း ထင်သလို ကိုယ်က သူဌေးတစ်ယောက် မဟုတ်ပါဘူး''

ဂျင်နီ၏ မျက်လုံးအစုံမှာ တောက်ပလာလေသည်။ ဘားကောင်တာဆီ သို့လည်း လေချွန်ခေါ်လိုက်သည်။ လောင်းက ချက်ချင်းရောက်လာသည်။

''မစ္စတာဂရေးက ပေါလ်ကို အာမခံပြီး အချုပ်ထဲက ထုတ်ပေးလိုက်တာတဲ့၊ သူ့အတွက် ရှေ့နေခတွေကိုလည်း မစ္စတာဂရေးကပဲ ပေးသတဲ့၊ ရှင် ဘယ်လိုထင်သလဲ လောင်း''

ထိုစကားကို ကြားလိုက်ရသည်တွင် လောင်း၏ မျက်လုံးများလည်း အရောင်တောက်သွားသည်ကို မြင်တွေ့လိုက်ရပြန်သည်။ သူ့မျက်နှာ ချက်ချင်း ရွှင်ပျလာသည်။ သို့သော် ချက်ချင်းဆိုသလိုပင် ထိုအမူအရာအားလုံး ပြန်လည် ပျောက်ကွယ်သွားတော့သည်။

''မစ္စက်ဂျွန်ဖိုက်ကို မက်က ဘာဖြစ်လို့ သတ်ရမှာလဲ၊ လူချင်းတောင် မသိဘူးထင်တယ်''

ဟု လောင်းက ပြောသည်။

''သူတို့နှစ်ယောက်စလုံး အမျိုးသားကာကွယ်ရေးကော်မတီထဲမှာ ပါကြတယ်လေ၊ ရှင် မသိဘူးလား''



''မဖြစ်နိုင်ပါဘူးကွာ၊ ဂျွန်ဖိုက်ကိုယ်တိုင်က သူ့မိန်းမကို အပျော်တ် ရှင်းပစ်လိုက်တာရော မဖြစ်နိုင်ဘူးလား''

လောင်းက ကျွန်တော်တို့နားမှာ ဆက်မနေတော့ဘဲ ဘားကောင်တာ ရှိရာသို့ ပြန်သွားသည်။

''အင်း...သူပြောတာလည်း စဉ်းစားစရာပဲ''

ဟု ကျွန်တော်က ပြောသည်။

''ကျွန်မတော့ မထင်ဘူး၊ ဂျွန်ဖိုက်က ပိုက်ဆံသိပ်ချမ်းသာတာ၊ ဘယ်လိုလူကိုမှ သူသတ်ဖို့ မလိုပါဘူး၊ ပိုက်ဆံချမ်းသာတဲ့လူတွေအနေနဲ့ ဓာတ်ရှပ် အောင် ဘယ်လုပ်ပါ့မလဲနော်''

''ဂျွန်ဖိုက်က ပိုက်ဆံချမ်းသာလို့ သူ့မိန်းမကို မသတ်ဘူးလို့ ဆိုလို တာလား''

''တစ်ခုတော့ စဉ်းစားကြည့်၊ ဒီမိန်းမက ရှင်နဲ့ ပေါင်းနေတုန်းကလည်း ဆိုးတာပဲ မဟုတ်လား၊ ဒါကြောင့် ဂျွန်ဖိုက်အပေါ်မှာလည်း ဆိုးရမှာပဲပေါ့၊ ရှင့်ကိုတော့ ဒီအတိုင်း သူပစ်ထားနိုင်ခဲ့တယ်၊ ဒါပေမဲ့ ဂျွန်ဖိုက်လို ချမ်းသာတဲ့ လူကိုတော့ ဒီအတိုင်း သူပစ်သွားမှာ မဟုတ်ဘူး၊ မယားစရိတ်ရအောင် တောင်း မှာပဲ၊ ဂျွန်ဖိုက်ဆီက မယားစရိတ် ရမယ်ဆိုရင် သန်းနဲ့ချီပြီး ရမှာမဟုတ်လား''

''အဲဒီအမှုကိုစစ်တဲ့ ရုံးတော်မှာ အမျိုးသမီး ဂျူရီလူကြီး မပါဘူးဆိုရင် ဘယ်လိုဖြစ်သွားနိုင်သလဲ''

ဂျင်နီက စားပွဲကို တည်တည်ကြီး စိုက်ကြည့်နေပြီး စဉ်းစားနေသည်။ ခဏကြာတော့မှ အဖြေပြန်ပေးသည်။

''မိန်းမတွေအကြောင်းကို ယောကျ်ားတွေ ကောင်းကောင်းနားမလည် ပါဘူးရှင်၊ သူပြောတာကို ယောကျ်ား ဂျူရီလူကြီးတွေက ယုံလိုက်ကြမှာပါ၊ နောက်နေ့လည်းကျရော မစ္စက်ဂျွန်ဖိုက်ကို မယားစရိတ် သန်းနဲ့ချီပြီး ပေးစေ ဆိုတာမျိုး ဆုံးဖြတ်ကြမှာပါ၊ အဲဒီလောက်များတဲ့ ငွေတွေများ လိုချင်စမ်းပါဘိ၊ ကျွန်မ ရလိုက်ရင် ဘယ်လောက်ကောင်းမလဲနော်''

ဂျင်နီက ထိုစကားကိုပြောရင်း သက်ပြင်းကလေး မသိမသာ ချလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မိန်းမ အသတ်ခံရတဲ့အချိန်တုန်းက ဂျွန်ဖိုက် ဒီမှာ မရှိဘူးတဲ့၊ ပြည်နယ်မြို့တော်ကို သွားနေတယ်လို့ ပြောတယ်"

"ဒါက သူပြောတာ မဟုတ်လား၊ အော်တိုမက္ကလိန်းက ပြောတဲ့စကား မဟုတ်လား၊ ဘယ်သူက အမှန်ကို သိမှာလဲ၊ နောက်တစ်ခုလည်း စဉ်းစားကြည့်နိုင်သေးတယ်၊ ဂျွန်ဖိုက်က သူကိုယ်တိုင်သတ်မှာ မဟုတ်ဘူး၊ တစ်ယောက်ယောက်ကို သတ်ခိုင်းနိုင်တယ်၊ သူ့မှာ ရှိနေတဲ့ အစောင့်အရှောက်တွေက စစ်တပ်တစ်တပ်စာလောက် ရှိနေတာ မဟုတ်လား"

ဂျင်နီ၏စကားကို ကြားရသောအခါ ကျွန်တော်က ခေါင်းကို တွင်တွင်ခါယမ်းနေမိလေသည်။

"မင်းပြောတဲ့စကားအတိုင်းပဲ၊ ခြေရာခံကြည့်ကြရအောင် ဂျင်နီ၊ မစ္စက်ဂျွန်ဖိုက်ဟာ ပေါင်းရသင်းရ အင်မတန်ခက်တဲ့ မိန်းမပါ၊ ကိုယ်နဲ့တုန်းကလည်း ဆိုးတာပဲ၊ ဂျွန်ဖိုက်နဲ့လည်း ဆိုးမှာပဲ၊ ဒါကြောင့် ဂျွန်ဖိုက်က မခံနိုင်တော့ဘဲ တစ်ယောက်ယောက်ကို သတ်ခိုင်းဖို့ စဉ်းစားတယ်ပဲ ဆိုပါတော့၊ သူသတ်ခိုင်းတဲ့လူကို တစ်သက်လုံး သူကြောက်နေရမှာကိုရော သူမစဉ်းစားတော့ဘူးတဲ့လား၊ သူသတ်ခိုင်းတဲ့လူက သူ့ကို တစ်သက်လုံး ငွေညှစ်နေတော့မှာပေါ့၊ ဒီလို အဖြစ်မျိုးကိုတော့ သူ အဘယ်ဖြစ်ခံမလဲ"

"သူ့အကြောင်းကို ကျွန်မ သိထားသလောက် ပြောဦးမယ်၊ ဂျွန်ဖိုက်ဟာ ပိုက်ဆံချမ်းသာသလောက် ကပ်စေးနှဲတယ်ရှင့်၊ သူ မော်တော်ကား တစ်ကြိမ်နှစ်ကြိမ် ငှားစီးဖူးတယ်၊ ဒါပေမဲ့ ကားမငှားခင် ဈေးအလျှော့မေးတယ်၊ ငှားစီးပြီးပြန်တော့လည်း ဘယ်တော့မှ ဘောက်ဆူးမပေးဘူး၊ အဲဒီလောက် ကပ်စေးနှဲတာ ဒါကြောင့် ငွေညှစ်လို့လည်း ရမယ့်လူစားမျိုး မဟုတ်ဘူး၊ ငွေညှစ်တဲ့လူကလည်း ကိုယ်တိုင်လူသတ်မှု ကျူးလွန်ထားတာဆိုတော့ ဘယ်ကလာ ငွေညှစ်ရဲပါ့မလဲ၊ ရှင် စဉ်းစားကြည့်လေ၊ ဒီလိုငွေညှစ်ရင် သူလည်ပင်းကိုသူ ကြိုးကွင်းတပ်တာနဲ့ အတူတူ ဖြစ်သွားတော့မှာပေါ့"

လောင်းက နောက်ထပ် ရေခဲများ ယူလာပေးသည်။ ဓာတ်စက်မှ သီချင်းသံ တိတ်သွားသောကြောင့် ကျွန်တော် ထ,သွားပြီး ပိုက်ဆံအကြွေထည့်ကာ နောက်ထပ်သီချင်းတစ်ပုဒ်ကို ဖွင့်ခဲ့သည်။ ကျွန်တော် အခန်းထဲသို့ ပြန်ဝင်သွားသောအခါ ဂျင်နီမျက်မှောင်ကုပ်ပြီး တစ်စုံတစ်ရာကို စဉ်းစားနေပုံ



ရလေသည်။

"ဟေးလီးယတ်တောင်ကုန်းပေါ်မှာ အပြောင်းအလဲတွေ ဖြစ်လာတာတော့အမှန်ပဲ၊ မော်တော်ကား အသစ်တစ်စီးဝယ်တယ်၊ နောက်ထပ် မိန်းမယူချင်လည်း ယူဦးမှာပဲ၊ ဘာပဲဖြစ်ဖြစ်လေ မကြာခင်မှာ တစ်ခုခုတော့ ကြားလာရမှာပဲ၊ ကျွန်မတို့ ဒရိုင်ဘာတွေက နေရာတကာရောက်ပြီး လူပေါင်းစုံနဲ့ တွေ့နေကြရတာ မဟုတ်လား၊ သူတို့က သတင်းစုံတယ်၊ မြို့ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ အကုန်ကြားတယ်"

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ကိုယ့်အတွက်ကတော့ ကောင်းကွက်သိပ်မမြင်ပါဘူးကွာ၊ မစ္စတာဂရေးကလည်း အချိန်မရွေး အာမ,ခံ ပြန်ရုပ်နိုင်တယ်၊ ကိုယ့်ကုမ္ပဏီသူဌေးကလည်း ကုမ္ပဏီ နာမည်ပျက်တယ်ဆိုပြီး ကိုယ့်ကို တစ်ခါတည်း အလုပ်က ထုတ်ပစ်လိုက်နိုင်တယ်၊ မစ္စတာဂရေးက အာမ,ခံ ပြန်ရုပ်သိမ်းလိုက်မယ်ဆိုရင် ဟင်နရီလိုက်ဖ်တန်ကလည်း ကိုယ့်ဘက်က အမှုလိုက်ပေးတော့မှာ မဟုတ်ဘူး"

"ဒီအမှုထဲမှာ မက္ကလိန်း ပါနေတယ်လို့ မစ္စတာ ဂရေးက ထင်နေမှာပေါ့၊ ဒီလိုမထင်ရင် ရှင့်ဘက်က သူ ဘယ်လိုက်နိုင်ပါ့မလဲ၊ ဟေး…ဂျွန်ဖိုက်အတွက် မက္ကလိန်းက သူ့မိန်းမကို လည်ပင်းညှစ်သတ်ပေးတာ ဖြစ်ချင်ဖြစ်နိုင်တယ်"

ဂျင်နီက အားတက်သရော ပြောလိုက်သည်။ ကျွန်တော်ကတော့ ခေါင်းကို ယမ်းမြဲ ယမ်းနေမိသည်။

"ဟုတ်တယ်၊ ဒါပဲဖြစ်နိုင်တယ်၊ မစ္စတာဂရေးနဲ့ အင်ဒီက မက်အကြောင်းကို ကောင်းကောင်းသိထားတယ် မဟုတ်လား၊ ဒါကြောင့် ရှင့်ကို သူ မနိပ်စက်ခင် ထောင်ထဲက ဆွဲထုတ်လိုက်ကြတာ ဖြစ်ရမယ်"

ဂျင်နီ၏စကားများကို ကြားရသောအခါ ကျွန်တော့်ခေါင်းထဲမှာ အတွေးပေါင်းစုံတို့ဖြင့် ရှုပ်ထွေးလာတော့သည်။

အော်တိုမက္ကလိန်း ဆွေ့ဆွေ့ခုန်သွားအောင် ကျွန်တော့်ကို မစ္စတာဂရေးက အာမ,ခံလိုက်ခြင်း ဖြစ်သည်ဟု အင်ဒီက ပြောသည်။

အင်ဒီက ကျွန်တော့်ကို စိတ်ဝင်စားနေသည့်အတွက် မက္ကလိန်းက ကျွန်တော့်ကို အမှုထဲဆွဲထည့်ကာ ဖမ်းပစ်လိုက်ခြင်း ဖြစ်သည်ဟု ဟင်နရီလိုက်ဖ်

www.burmeseclassic.com

www.burmeseclassic.com



တန်က ကောက်ချက်ချသည်။

ယခု သည်မိန်းကလေးကတော့ ကျွန်တော့်ကို မက် နိုပ်စက်ညှဉ်းပန်းမှာ စိုးသောကြောင့် မစ္စတာဂရေးက အာမ,ခံလိုက်ခြင်း ဖြစ်သည်ဟု ပြောနေပြန်သည်။

တစ်ခုတော့ ရှိပါသည်။ မစ္စတာဂရေးက ကျွန်တော့်ကို အာမ,ခံခြင်းသည် မက္ကလိန်းကို ကန့်လန့်တိုက်ခြင်းသာ ဖြစ်နိုင်သည်။ လူသတ်သမားနှင့် ဘာမှမဆိုင်။ လူသတ်သမားကို အကာအကွယ်ပေးခြင်းမဟုတ်။ ထိုအချက်ကို တော့ လောင်ဒီစဘတ်တစ်မြို့လုံးက သိထားကြပုံ ရလေသည်။

မည်သို့ဆိုစေကာမူ လောလောဆယ် အရေးအကြီးဆုံး ပြဿနာမှာ အက်ဒစ်ကို ဘယ်သူသတ်သနည်းဆိုသော အချက်ပင် ဖြစ်လေသည်။

"ဂျွန်ဖိုက်ရဲ့ ယူနီဖောင်းဝတ် တပည့်တွေကို ရှင် တွေ့ဖူးသလား၊ သစ်တောအမှုထမ်းတွေလို ယူနီဖောင်းတွေ ဝတ်ထားကြတယ်လေ၊ ဒါပေမဲ့ သူတို့ရဲ့ တာကယ့်တာဝန်ကတော့ ဂျွန်ဖိုက်ကို အကာအကွယ်ပေးဖို့ပါပဲ၊ ဂျွန်ဖိုက် ရဲ့ လုံခြုံရေးအတွက်ပါပဲ၊ ဟီး…ဟီး…ရှင့်ကို တစ်ခုပြောပြရဦးမယ်၊ ကျွန် ကျောင်းနေတုန်းက သူတို့ တောင်ပေါ်မှာ ရည်းစားနဲ့ ချိန်း,ချိန်းပြီး သွားတွေ့ ဖူးတယ်၊ သစ်ပင်တွေ ဘာတွေနဲ့ အကာအကွယ်ကောင်းတယ် မဟုတ်လား ဒါပေမဲ့ တစ်ခါမှာတော့ ကျွန်မတို့ကို သူ့သစ်တောအမှုထမ်းဆိုတဲ့လူတွေ ဖမ်းမိသွားပါလေရော…ဟီး…ဟီး…ထားပါတော့လေ၊ ဒါက အရေးမကြီး ဘူး၊ သူ့တပည့်တွေကို ရှင် တွေ့ဖူးသလား"

"ဒင်နီယယ်ဘင်နီယံနဲ့ ခရော်စ်လေဆိုတဲ့ လူငယ်နှစ်ယောက်ကိုတော့ တွေ့ဖူးတယ်၊ အထူးရဲတပ်သားအဖြစ် မက်က သူတို့နှစ်ယောက်ကို သစ္စာ နိုင်းပြီး တံဆိပ်ထုတ်ပေးလိုက်တယ်"

"ဒါဆိုရင် ကျွန်မပြောတာ ရှင် သဘောပေါက်ပြီ မဟုတ်လား"

"သူ့မိန်းမကို ဘယ်သူသတ်တယ်ဆိုတာ ဂျွန်ဖိုက်က သိထား ဆိုရင် သူ ဒီလောက် ကြောက်နေမယ် မထင်ဘူး"

ဂျင်နီက ဓာတ်စက်ဘက်သို့ လှည့်ကြည့်သည်။

"ဒါလောက် အောက်တဲ့သီချင်းကြီးကို ဘယ်သတ္တဝါကများ သွ ထားတယ် မသိဘူး၊ ဂျွန်ဖိုက်ဟာ အတုံးကြီး မဟုတ်ဘူးနော်၊ ကြောက် ယောင်ဆောင်နေတာ ဖြစ်ချင်ဖြစ်မှာ၊ သူတို့ထဲက တစ်ယောက်ယောက်



အလုပ်ထွက်သွားတယ်လို့ ဒင်နီယယ်နဲ့ ခရော်စ်လေက ပြောသေးသလား"

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။

"သူတို့တောင်ကုန်းပေါ်က ကိစ္စတွေ ကိုယ့်ကို ဘယ်ပြောပြပါ့မလဲ ကွာ"

"ခရော်စ်လေမှာ မိန်းမရှိတယ်၊ မိန်းမရှိတဲ့လူတွေဟာ အမြဲတမ်း ငွေလိုနေတာပဲ၊ ဒင်နီယယ်ကတော့ အင်ဒီမက္ကလိန်းနောက်ကို အသေအလဲ လိုက်နေတယ်"

"ဒင်နီယယ်က နောက်ထပ်လိုက်တော့မှာ မဟုတ်ပါဘူး၊ ဂျွန်ဖိုက်ဆီ က အလုပ်ထွက်ပြီး သစ်တောဘက်မှာ ပြန်လုပ်တော့မယ်တဲ့၊ သူနဲ့အတူတူ အင်ဒီ လိုက်လိုက် မလိုက်လိုက် သွားတော့မယ်လို့ ကြားတယ်"

ဂျင်နီ၏ခေါင်းက ဆတ်ခနဲ ထောင်ထလာသည်။ ကျွန်တော့်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ သူ့မျက်လုံးအစုံမှာလည်း အရောင် တောက်လာပြန်သည်။

"ဒါဆိုရင် ပိုင်ပြီပေါ့ရှင်"

သူ ဘာဆိုလိုကြောင်း ကျွန်တော် နားမလည်ပါ။

"ဘာကို ပိုင်ရမှာလဲ"

"ရှင် စဉ်းစားကြည့်လေ၊ သစ်တောဘက်မှာ အမှုထမ်းတယ်ဆိုရင် လခကောင်းကောင်း ရတာမဟုတ်ဘူး၊ ကျွန်မ ကောလိပ်ကျောင်းတုန်းက သစ်တောဘာသာယူတဲ့ကျောင်းသားတစ်ယောက်နဲ့ ကြိုက်ဖူးတယ်၊ သူတို့ သစ်တောမှာ ဝင်အလုပ်လုပ်ရင် ဝင်ငွေအပိုရအောင် အပြင်မှာ ဘေးပေါက်ရှာ ရမယ်တဲ့၊ ကျွန်မကို ပြောဖူးတယ်"

ကျွန်တော်က သူ့ကို ငေးကြည့်နေမိသည်။

"ဒင်နီယယ်ဟာ သစ်တောဌာနကထွက်ပြီး ဂျွန်ဖိုက်ဆီမှာ အလုပ် လာလုပ်တယ်၊ အခု ဂျွန်ဖိုက်ဆီက အလုပ်ထွက်ပြီး သစ်တောဌာနကို ပြန်သွား မယ်ဆိုတော့ အင်း…သူ ငွေအတော်များများ ရလိုက်ပြီနဲ့တူတယ်"

သူပြောသည်များကို နားမလည်နိုင်သောကြောင့် ကျွန်တော်က ခပ်ကြောင်ကြောင် မေးခွန်းတစ်ခုကို မေးလိုက်မိလေသည်။

"မင်းက ဘယ်ကောလိပ်ကျောင်းကို သွားတက်တာလဲ"

"ပြည်နယ်မှာ တက်တာ၊ ဒီမှာ…ကျွန်မ ရှင့်အတွက် လူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com



ကို ဖော်လို့ရပြီ၊ ဒင်နီယယ်ဘင်နီယံပဲ၊ သိပ်သေချာတယ်၊ မစ္စက်ဂျွန်ဖိုက်ကို သူ သတ်တာ၊ ဂျွန်ဖိုက်က သူ့ကို ငွေပေးသတ်ခိုင်းတာ၊ ဒါကြောင့် သူ သစ်တောဌာနကို ပြန်သွားနိုင်တာပေါ့"

"မဖြစ်နိုင်ပါဘူး ဂျင်နီ၊ ဒင်နီယယ်ကို ကြည့်ရတာ ကင်းထောက်ကလေးတစ်ယောက်လို လူစားမျိုးပါ၊ လူသတ်ဝံ့မယ့်လူမျိုး မဟုတ်နိုင်ပါဘူး"

ဂျင်နီက တစ်ခုခုကို စဉ်းစားမိသည့်ဟန်ဖြင့် တဟီးဟီး ရယ်သည်။ ကျွန်တော်က သူ့ကို နားမလည်သလို ကြည့်နေမိသည်။

"ကျွန်မ ဆယ့်သုံးနှစ်သမီးတုန်းကလေ၊ ကျွန်မမောင်လေးက ကင်းထောက်အဖွဲ့ထဲ ဝင်တယ်၊ ကျွန်မတို့အိမ်မှာ ကင်းထောက်လူငယ်တွေ ဆုံကြရင် သူတို့ဆရာက ကြိုးချည်နည်း သင်ပေးတယ်၊ သူတို့ ကြိုးချည်နေကြတုန်း ကင်းထောက်ဆရာနဲ့ ကျွန်မက တိတ်တိတ်ကလေး အခန်းထဲ ဝင်ခဲ့ရော၊ ဟီး…ဟီး…သူက ဆယ့်ငါးနှစ်သား"

"ဂျင်နီ…မင်းအတွေ့အကြုံတွေကို စာရေးဖို့ကောင်းတယ်၊ မင်းက အတွေ့အကြုံ တကယ်များတာပဲ၊ စိတ်ကူးလည်း ကောင်းတယ်၊ ဒင်နီယယ် သတ်တာ ဖြစ်ရမယ်ဆိုတဲ့ စိတ်ကူးမျိုးက တော်ရုံတန်ရုံလူ တွေးနိုင်မှာ မဟုတ်ဘူးလေ၊ ဟား…ဟား…"

ဂျင်နီက ကျွန်တော့်ကို မကျေနပ်သလို ပြန်ကြည့်သည်။

"ကျွန်မက ရှင့်အတွက် ပြောနေတာပါ၊ ရှင် ကြိုးပေးအသတ်ခံရမှာ စိုးလို့ လူသတ်သမား ဘယ်သူဖြစ်နိုင်တယ်ဆိုတာ ကူစဉ်းစားပေးနေတာ၊ အကောင်းပြောတာကိုမှ မယုံရင်လည်း နေပေါ့လေ"

ပြောပြောဆိုဆိုဖြင့် ခြေသံခပ်ပြင်းပြင်း ဆောင့်နင်းကာ အခန်းထဲမှ ထွက်သွားသည်။ ဘားကောင်တာရှေ့မှာရှိသော ခွေးခြေတစ်လုံးပေါ်မှာ သွားထိုင်သည်။ သူ့ခြေထောက်ကလေးများ အတော်လှသည်ကို သတိပြုလိုက်မိလေသည်။

ဆိုင်ပြင်သို့ ကျွန်တော် ထွက်ခဲ့သည်။ ဂျင်နီ၏ စကားများကြောင့် ကျွန်တော့်မှာ တွေးစရာတွေ ပိုမိုများပြားလာပြန်သည်။ ဂျင်နီ ပြောသမျှများသည် ဖြစ်နိုင်သည့် အရာများ မဟုတ်သော်လည်း စဉ်းစားစရာ အကြောင်းများ ဖြစ်လာလေတော့သည်။

◆◆◆

## အခန်း (၈)

အပြင်မှာ ရာသီဥတု ဆိုးရွားနေဆဲပင် ဖြစ်ပါသည်။ နှင်းများ အဆုပ်လိုက် ကျနေဆဲပင် ရှိနေသည်။

မော်တော်ကားထဲသို့ ကျွန်တော် ဝင်ထိုင်သည်။ ကိုယ့်အတွေးနှင့်ကိုယ်မို့ ဘေးပတ်ဝန်းကျင်ကို မကြည့်မိပါ။

"မူးရင် မမောင်းနဲ့ ကိုယ့်ဆရာ"

အသံကြားတော့မှ အသံလာရာဘက်သို့ ကြည့်မိသည်။ လက်ဖတင်နင်ဂင်ဘယ်လ်သည် ကျွန်တော့်ကားရှေ့ခန်းထဲမှာ ထိုင်နေသည်။

"မောင်းရင် မမူးနဲ့ ဆိုတာကိုပါ ဆက်ပြောဦးလေဗျာ၊ ကျွန်တော့်ကို တွေ့အောင် ခင်ဗျား ဘယ်လိုရှာတယ်ဆိုတာ မမေးတော့ပါဘူး၊ ဒီမြို့ကလေးပေါ်မှာ လူတစ်ယောက်ကို ရှာဖို့ဟာ ဘာခက်တာမှတ်လို့"

"မခက်ပါဘူး၊ ခင်ဗျားကို ကျုပ် ရဲဘော်တွေက မျက်ခြည်မပြတ် စောင့်ကြည့်နေတာပဲ၊ ခင်ဗျား ဒီမြို့ထဲက ထွက်ပြေးမယ်ဆိုရင်လည်း ဘယ်နည်းနဲ့မှ ပြေးမလွတ်ဘူးသာမှတ်"

"အခုနေများ ကျွန်တော် ကားစက်နှိုးလိုက်မယ်ဆိုရင် အရက်မူးပြီး ကားမောင်းမှုနဲ့ ခင်ဗျား တန်းဖမ်းမှာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရာထူးကလေးက လက်ဖဘင်နင်ပါဗျာ၊ ဒါလောက်ကြီးတဲ့ အမှုကို ကက်ပတိန်တို့ အက်စပိတ်တော်တို့က အရေးယူရမှာပါ၊ ကဲ…ဒါတွေထားပါဦး၊ ခင်ဗျားနဲ့ ကျုပ် စကားပြောချင်လို့၊ အေးအေးဆေးဆေး စကားပြောဖို့ ဒီနေရာလောက်ကောင်းတာ မရှိတော့ဘူး"

"စကားပြောရတာတွေ များလွန်းတော့ စိတ်ကုန်ပြီဗျာ၊ ခေါင်းတောင်ဖြူတော့မယ်ထင်တယ်၊ ခေါင်းဖြူသွားရင်လည်း ခပ်ကောင်းကောင်းပဲ၊ ကျုပ်ရုပ်ပြောင်းသွားပြီး ဒီမြို့ပေါ်ကနေ ထွက်ပြေးနိုင်တာပေါ့၊ မဟုတ်ဘူးလား"

ကျွန်တော့်စကားကြောင့် လက်ဖတင်နင်ဂင်ဘယ်လ်က အတော်အံ့အားသင့်သွားပုံရလေသည်။

"အိုး"

ဟု တစ်ချက် ညည်းလိုက်သည်။

"အခုပဲ အရက်ဆိုင်ထဲမှာ ဂျင်နီဒင်ဒလာဆိုတဲ့ ကလေးမတစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ တကယ့်စီ ဒရိုင်ဘာတဲ့၊ သူပြောလိုက်တာတွေ စုံနေတာပဲ၊ ကျုပ်ကို မတရား ဖမ်းတာပါဆိုပြီး ပြဿနာဖော်ဖို့လည်း အကြံပေးလိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ရည်းစားကို အော်တိုမက္ကလိန်းက ဖမ်းပြီး နှိပ်စက်တာ ကျောက်ကပ်ကွဲသွားလို့တဲ့"

သူက အိတ်ထဲမှ မှတ်စုစာအုပ်နှင့် ခဲတံကို ဆွဲထုတ်သည်။ ကျွန်တော်ပြောသည်များကို ရေးမှတ်ဖို့ အသင့်ပြင်သည်။

"သူ ဘာတွေပြောသလဲ၊ ကျုပ်ကို ပြန်ပြောပြစမ်းပါဦး"

"မစ္စဂျင်နီဒင်ဒလာက ပြောတယ်၊ သူဟာ ရက်ဆိုတဲ့ လူငယ်တစ်ယောက်နဲ့ စေ့စပ်ထားတယ်တဲ့၊ ရက်ကလည်း ဒီကလေးမအမေရဲ့ ကုမ္ပဏီမှာ တကယ့်စီမောင်းတယ်"

"ရက်တဲ့လား"

"ရက်လို့ သူပြောတာပဲလေဗျာ၊ ဒီနာမည်မှန်ကြောင်း အရက်ဆိုင်က လူကလည်း ထောက်ခံတယ်၊ အခု ကျွန်တော် ဝင်သောက်ခဲ့တဲ့ အရက်ဆိုင်ကို လောင်းဆိုတဲ့လူ ပိုင်တယ်၊ လောင်းနဲ့ ရက်နဲ့က ညီအစ်ကို၊ ခင်ဗျားတို့ အရက်ဆိုင်လိုင်စင် ထုတ်ပေးထားတဲ့ လူစာရင်းထဲမှာ ရှာကြည့်ရင် သူ့နာမည် တွေ့မှာပေါ့"

"ရက်က ခင်ဗျားကို ပြောပြတာလား"



"ရက် မဟုတ်ဘူးလေဗျာ၊ ရက်မှ ဒီမှာမရှိတာ၊ သူ့အစ်ကိုလောင်းက ပြောပြတာ"

ဂျင်နီ ပြောပြသည့်အကြောင်းများကို ကျွန်တော်က ပြန်ပြောပြသည်။ သို့သော်လည်း ဂွန်ဖိုက်နှင့် ဒင်နီယယ်ကို ဂျင်နီ မသင်္ကာဖြစ်သည့်အကြောင်းကိုမူ ပြန်မပြောဘဲ ချန်ထားလိုက်လေသည်။ ထိုအကြောင်းကို ပြောပြမည် ဆိုလျှင်လည်း ဂင်ဘယ်လ်က ကျွန်တော့်ကို လှောင်ကောင်း လှောင်ပေလိမ့်မည်။

"ဒါထက် အော်တိုမက္ကလိန်းဟာ တရားခံတွေကို နှိပ်စက်ညှဉ်းပန်းတတ်တယ်ဆိုတဲ့ နာမည်ပျက်များ ရှိသလား"

ကျွန်တော့်မေးခွန်းကို လက်ဖတင်နင်ဂင်ဘယ်လ်က မကြားချင်ယောင်ဆောင်နေသည်။ ကျွန်တော်ကလည်း သဘောပေါက်လိုက်ပါသည်။

"ရဲအရာရှိတစ်ယောက်ကို ရဲတွေ ကောင်း,မကောင်း မေးရင်တော့ ကောင်းတယ်ပဲ ပြောမှာပေါ့ဗျာ၊ မဟုတ်ဘူးလား"

"ဒါပေါ့လေ၊ ကဲ…စောစောက ခင်ဗျားနဲ့ စကားပြောချင်တယ်လို့ ကျုပ်ပြောခဲ့တယ် မဟုတ်လား၊ အက်ဒစ်ဆောလီးယတ်အကြောင်း ပြောကြရအောင်၊ နာမည် အပြည့်အစုံက အက်ဒစ်စတိုင်းပိုတာဟောလီးယတ်ပေါ့"

"ခင်ဗျား မှတ်စုစာအုပ်ကလေး ပြန်ထုတ်ဦးလေဗျာ၊ ကျွန်တော်ပြောမှာတွေကို ရေးမှတ်ဦးမှပေါ့၊ ဒါမှ ကျွန်တော့်ကို ချည်ပြီးတုပ်ပြီးဖြစ်အောင် ခင်ဗျား ဆော်လို့ရမှာ မဟုတ်လား"

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး မှတ်စုစာအုပ်ကို ဖွင့်သည်။ ကျွန်တော်တို့နှစ်ယောက် အတန်ကြာအောင် ငြိမ်နေမိသည်။ အတော်ကြီးကြာတော့မှ သူက သက်ပြင်းတစ်ချက်ချပြီး ကျွန်တော့်ကို လှမ်းမေးသည်။

"ခင်ဗျား ဘာကိုစောင့်နေတာလဲ"

"ခင်ဗျားမေးမယ့် မေးခွန်းကို စောင့်နေတာလေဗျာ"

သူက ခေါင်းယမ်းလိုက်သည်။

"ကျုပ် စိတ်ကူးတစ်မျိုး ပေါက်သွားတယ်ဗျာ၊ ခင်ဗျား ဒီနေရာကနေ တခြားကို မောင်းထွက်သွားရင် ကောင်းမယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားနဲ့အတူတူ ကျုပ် ထိုင်နေတာကို ခင်ဗျားရဲ့ မစ္စဂျင်နီဒင်ဂျလာ မြင်သွားရင် နောက်ထပ် ခင်ဗျားကို သူသတင်းပေးတော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကားစက်နှိုးပြီး လမ်းမပေါ်သို့ ကျွန်တော် မောင်းတက်ခဲ့သည်။

"ခင်ဗျားကို ပြန်ပြီး ရန်မပြုနိုင်အောင် ကျွန်တော့်ကို ကားမောင်းခိုင်းထားတာပေါ့လေ၊ ဟိုကလေးမ နာမည်က ဒင်ဂျလာ မဟုတ်ဘူးဗျ၊ ဒင်ဒလာ"

ကျွန်တော့်စကားကြောင့် သူ့မျက်နှာ ပြုံးယောင်သမ်းသွားသည်။ သို့သော်လည်း မပြုံးဖြစ်အောင် သူ ပြန်ထိန်းလိုက်ဟန်တူသည်။

"ကောင်းပါပြီလေ၊ ဒင်ဒလာပဲ ထားပါတော့၊ ခင်ဗျား အလျှင်မိန်းမနဲ့ ဘယ်မှာတွေ့ခဲ့တာလဲ မစ္စတာပိုတာ"

(၁၉၅၃) ခုနှစ်က မေးလ်ဝေါကီး စက်ရုံတွင် လက်ထောက် မန်နေဂျာ လုပ်နေခိုက် တွေ့ခဲ့ခြင်းဖြစ်ကြောင်း ထိုစဉ်က အက်ဒစ်သည် ကုမ္ပဏီသူဌေး၏ အတွင်းရေးမှူးအဖြစ် အလုပ်လာလုပ်ကြောင်းများကို ကျွန်တော်က ပြောပြသည်။

မော်တော်ကားတစ်စီးက ကျွန်တော်တို့ကို ကျော်တက်သွားသည်။ ကျွန်တော်က လမ်းဘေးသို့ ကမန်းကတန်းချပြီး ရှောင်ပေးလိုက်သည်။ တရကြမ်းမောင်းပြီး ကျော်တက်သွားသော ကားကို လှမ်းကြည့်လိုက်သည်တွင် အော်တိုမက္ကလိန်း၏ကား ဖြစ်နေကြောင်း တွေ့လိုက်ရလေသည်။

"အဲဒီကားနောက်ကို လိုက်သွားရမလား"

ဟု ကျွန်တော်က မေးသည်။

"ရဲအရာရှိချုပ်ကြီးနောက်ကို လိုက်စမ်းပါဗျာ၊ ဟား…ဟား…ဟား ဒါပေမဲ့ ဖြည်းဖြည်းမောင်းနော်၊ ကျွန်တော် အသေမခံနိုင်သေးဘူး၊ ဖြည်းဖြည်းမောင်းရင်း ကျွန်တော်တို့ စကားဆက်ပြောသွားကြတာပေါ့"

"ကျွန်တော်က လက်ထောက်မန်နေဂျာဆိုတော့ သူဌေးရဲ့ အတွင်းရေးမှူးနဲ့ အမြဲတမ်း တွေ့နေရတာပေါ့ဗျာ၊ အဲဒီလို တွေ့နေရာကနေပြီး အပြင်မှာ ချိန်းတွေ့ကြသေးတယ်၊ လေးကြိမ်လောက်လည်း တွေ့ပြီးရော သူ့မှာ ကိုယ်ဝန်ရှိပါပြီလို့ ပြောတော့တာပဲ၊ ဒါနဲ့ ကျွန်တော်တို့ လက်ထပ်လိုက်တယ်"

ကျွန်တော်တို့ရှေ့မှ မောင်းသွားသည့် မက္ကလိန်း၏ကားမှ ဥဩသံ ပေါ်ထွက်လာသည်။ အဆက်မပြတ်ဘဲ ဆွဲသွားသည်။

"ဒီလိုကိုး…ဒါဖြင့်ရင် သူ့အကြောင်း အသေးစိတ်ကို ခင်ဗျား ဘာမှ မသိဘူးပေါ့၊ သူ အလျင်တုန်းက ဘာလုပ်ခဲ့သလဲ သူ့ရဲ့ ပထမယောကျ်ားက



ဘယ်မှာ အလုပ် လုပ်ခဲ့သလဲ၊ သူ့မိဘတွေက ဘယ်သူတွေလဲ၊ သူ့နာမည်ရင်းက ဘာလဲ၊ ဒါတွေ ခင်ဗျား ဘာမှမသိဘူးပေါ့၊ ကျုပ်က အဲဒီအချက်အလက်တွေ ခင်ဗျားဆီက သိရမယ် ထင်နေတာ"

သူ့ကို ကျွန်တော် ပြန်ကြည့်မိသည်။ ရင်ထဲမှာ စိုးရိမ်ထိတ်လန့်မှုလည်း ပေါ်လာသည်။

"လမ်းကိုကြည့်…လမ်းကိုကြည့်"

သူကလည်း အထိတ်တလန့်အော်သည်။ ထို့ကြောင့် လမ်းကို ကျွန်တော် ပြန်ကြည့်လိုက်ရသည်။

"မိန်းကလေးတစ်ယောက်ကို မကြိုက်ခင် သူ ဘယ်သူလဲဆိုတာတွေ ကျွန်တော် စစ်ဆေးကြည့်လေ့ မရှိဘူး၊ တခြားလူတွေလည်း ကျွန်တော့်လိုပဲ နေမှာပဲ၊ ခင်ဗျားမိန်းမရဲ့ အမေဘက်က အဘိုးက ဘယ်သူလဲ ခင်ဗျား သိသလား"

"ဘာကြောင့် မသိရမှာလဲ၊ စတိုးဆိုင်ကြီးတစ်ခုကို ပိုင်တယ်၊ အိုင်အိုဝါမှာ စာတိုက်မှူးလည်း လုပ်ခဲ့ဖူးတယ်၊ တရားသူကြီး လုပ်ခဲ့ဖူးတယ်၊ နယူးယောက်မြို့က ကာနာဂျီဟာရီရပ်ကွက်မှာ မွေးတယ်၊ သူ ခြောက်နှစ်သားလောက်ကျတော့ သူ့မိဘတွေက အိုင်အိုဝါကို ပြောင်းသွားကြတယ်၊ ဒါကြောင့် သူလည်း ပါသွားတယ်၊ သူတို့ ဟိုမှာ စိုက်ပျိုးရေးလုပ်ကြတယ်၊ သူ ဆယ့်သုံးနှစ်သား အရွယ်ရောက်တော့ အဲဒီမြို့က စတိုးဆိုင်တစ်ခုက စာရေးဝင်လုပ်တယ်၊ နောက်ပြီးတော့…"

"တော်ပါပြီ…တော်ပါပြီ…ကိုစနေ့စပ်ကြီး ခင်ဗျာ၊ ဒါလောက်ဆိုရင် တော်ပါပြီ၊ ကျုပ်ကတော့ ခင်ဗျားလောက် မစနေ့စပ်နိုင်ဘူး၊ အက်ဒစ်က အင်မတန်ချောတယ် ဆိုတာကလွဲပြီး ကျွန်တော် ဘာမှမသိဘူး၊ မိန်းကလေးတစ်ယောက်ချောတယ်ဆိုရင် ပြီးတာပဲ"

ကျွန်တော်က သူ့စကားကို အဆက်မခံတော့ဘဲ ဖြတ်ပြီးအော်ပြောပစ်လိုက်မိလေသည်။

"စတိုင်းဆိုတာ ဘယ်သူဖြစ်ကြောင်းလဲ ခင်ဗျား မသိဘူးပေါ့"

ကျွန်တော်တို့ရှေ့နားမှာ မော်တော်ကားတချို့ ရပ်ထားသည်ကို တွေ့ရသည်။ ထိုကားများကြားတွင် အမိုးနီနှင့် ကားတစ်စီးကိုလည်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မက်ဆော့ သားကောင် တွေ့နေပြီထင်တယ်၊ နေစမ်းပါဦး၊ မစ္စတာ စတိုင်း ဆိုတာက အက်ဒစ်ရဲ့ အဖေဖြစ်မှာပေါ့၊ ကျွန်တော် ထင်တာပဲလေ"

ဟု ကျွန်တော်က ပြောသည်။

"မဟုတ်ဘူး၊ သူ့အကြောင်းတွေ ကျုပ် စုံစမ်းကြည့်တယ်၊ သူ ယာဉ်မောင်းလိုင်စင်မှာ သူမွေးသက္ကရာဇ်နဲ့ မွေးတဲ့နေရာ ပေးထားတယ်၊ အိုဟိုင်းယိုးမှာ မွေးတယ်တဲ့၊ နီဗားဒါးပြည်နယ်မှာရှိတဲ့ သူ့ရဲ့ ယာဉ်တပ်ခွင့်လိုင်စင်ကို လှမ်းစုံစမ်းတယ်၊ မွေးသက္ကရာဇ်နဲ့ မွေးတဲ့နေရာ အတူတူပဲ၊ ဒါကြောင့် မစ္စတာ စတိုင်းဆိုတာ သူ့ရဲ့ ပထမယောကျ်ား ဖြစ်နိုင်တယ်လို့ ထင်ရတယ်"

ကျွန်တော်တို့ ရှေ့နားမှာ ဆီဒင်ကားနှစ်စီး တိုက်မိထားသည်ကို တွေ့ရသည်။ တစ်စီးက ခေါင်းဘက်တွင် ပိန်နေသည်။ ကျန်တစ်စီးက ဘေးပိန်နေသည်။ အော်တိုမက္ကာလိန်းနှင့် ပြည်နယ်ရဲသားတစ်ယောက်က မော်တော်ကား တိုက်မှုကို စစ်ဆေးနေသည်။ ကျွန်တော်တို့ မော်တော်ကား ထိုးရပ်လိုက်သောအခါ ပြည်နယ်ရဲသားက ကျွန်တော်တို့ဆီ လျှောက်လာပြီး လက်ဖတင်နင်ဂင်ဘယ်လ်ကို အလေးပြုသည်။

"အက်ဒစ်က သူ့နာမည်ကို ပြောင်းထားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

ဟု ကျွန်တော်က ပြောသည်။

"နာမည်ပြောင်းတယ်ဆိုရင် တောစပိုင်းတုန်းက ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ခဲ့လို့ ဖြစ်ရမှာပေါ့၊ ဒါကြောင့် သူ့လက်ဗွေတွေ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့က မှတ်တမ်းတွေထဲမှာ ရှိနေတာပဲ၊ ဘာလဲဟေ့ ရဲဘော်…"

ကျွန်တော့်ကို ပြောနေရာက တစ်ဆက်တည်း အလေးပြုနေသည့် ရဲဘော်အား လှမ်းမေးသည်။

"ကားတိုက်တဲ့နေရာက လောင်ဒီစဘတ်မြို့နယ် ပိုင်နက်ထဲကို နှစ်ဖာလုံလောက် ရောက်နေပါတယ် ခင်ဗျာ၊ ဒါကြောင့် ကက်ပတိန် မက္ကာလိန်း လက်ကိုပဲ ကျွန်တော်တို့ လွှဲလိုက်ရပါတယ် ဆရာ"

"ကောင်းပြီ၊ မင်း ကင်းလှည့်တဲ့ တာဝန်ကို ဆက်ယူပါ"

"ကောင်းပါပြီ ဆရာ"

ရဲသားက အလေးပြုပြီး ပြန်ထွက်သွားသည်။

"ကျွန်တော် တစ်ခု စဉ်းစားမိတယ်၊ အက်ဒစ်က သူ့နာမည်စတိန်းကို စတိုင်းလို့ ပြောင်းပစ်လိုက်တာရော မဖြစ်နိုင်ဘူးလား၊ သူ့အရုပ်တော်ပုံတွေနဲ့



ဘင်းသွားအောင်လေ"

ဟု ကျွန်တော်က ပြောသည်။

တိုက်မိသည့် မော်တော်ကားနှစ်စီး အနီးတွင် အော်တိုမက္ကာလိန်း မှတ်စုစာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေသည်။

"အက်ဒစ်က ဂျူးလူမျိုးလား"

"မဟုတ်ဘူး၊ နောက်ပြီးတော့ သူ့အသက်ကို လိမ်ပြောထားတာလည်း ဖြစ်နိုင်သေးတာပဲ"

လက်ဖတင်နင်ဂင်ဘယ်လ်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ မော်တော်ကားတိုက်သည့်နေရာတွင် ပေါကြိုးတိုင်းနေသော မက္ကာလိန်းကို ကျွန်တော်တို့နှစ်ယောက်စလုံး လှမ်းကြည့်နေမိကြသည်။ ခဏကြာတော့မှ င်ဘယ်လ်က ကျွန်တော့်ကို ပြန်ပြောသည်။

"ဒါလည်း စဉ်းစားစရာပဲ၊ ဒါပေမဲ့ သူမွေးတဲ့အရပ်မှာရှိတဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တယ်လီဖုန်းလမ်းညွှန်စာအုပ်တွေကိုလည်း ကျုပ် စစ်ဆေးခိုင်းပြီးပြီ၊ စတိန်းဆိုတဲ့နာမည် မတွေ့ရဘူး၊ စတိုင်း ဆိုတာလည်း မတွေ့ဘူး၊ ဒီအကြောင်းကိုလည်း ကျုပ် စဉ်းစားကြည့်ခဲ့ပြီးပါပြီ"

"အင်း…ခင်ဗျား မစဉ်းစားတာ ဘာများကျန်သေးလို့လဲဗျာ"

"ခင်ဗျားကို ဘာဖြစ်လို့ အာမခံပေးလိုက်သလဲဆိုတာတော့ ကျုပ်ခေါင်းထဲမှာ ထားမနေတော့ပါဘူး၊ ခင်ဗျား ထောင်ထဲမှာ ရှိနေတာကိုပဲ ကျုပ် မြင်ချင်တယ်၊ ဒါဆိုရင် ကျုပ် အလုပ်လုပ်ရတာ အများကြီး လွယ်သွားမယ်"

"ဖြစ်မှ ဖြစ်ရလေတယ်ဗျာ"

သူက ပခုံးကို တွန့်လိုက်သည်။

"ဒါမှလည်း ကျုပ် စုံစမ်းစရာရှိတာတွေကို ပိပိရိရိ စုံစမ်းနိုင်မှာလေ၊ ကျုပ် ရနိုင်သမျှ သဲလွန်စတွေကို လုံခြုံအောင် ထိန်းသိမ်းထားဖို့လိုတယ်၊ ခွေတာပိုတာ၊ မသက်ာတဲ့လူတွေလည်း အပါအဝင်ပေါ့၊ ကက်ပတိန်မက္ကာလိန်း ဘယ်လိုအမှုစစ်နေတယ်ဆိုတာ ဆင်းပြီးနားထောင်ကြည့်ကြရအောင်၊ ပညာလေး ဘာလေး ရချင်ရနိုင်တာပေါ့"

ကားပေါ်မှ ကျွန်တော်တို့ ဆင်းခဲ့ကြသည်။ အပြင်မှာ စောစောကထက် ပိုအေးနေသည်ဟု ထင်ရသည်။ ကျွန်တော်လည်း အအေးမိချင်သလို ဖြစ်လာပြီး တစ်ချက်ချေလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မက်က ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်သည်။ ကျွန်တော့်ကို မြင်သွားသောအခါ မျက်မှောင်တစ်ချက် ကုပ်သွားလေသည်။ ထို့နောက် ဂင်ဘယ်လ်ကိုပါ သူမြင်သွားသည်။ ပခုံးတစ်ချက် တွန့်လိုက်သည်။ တိုက်မိသော မော်တော်ကားနှစ်စီးနှင့် ကားမောင်းသူများဘက်သို့ သူ ပြန်လှည့်သွားသည်။ ကားမောင်းသူနှစ်ယောက်က ခိုးထုပ်ခိုးထည်များနှင့် အဖမ်းခံလိုက်ရသူများလို ယို့ယို့ကလေး ရပ်နေကြသည်။

"ကောင်းပြီ...မစ္စတာ စနိုက်ဒါ၊ ခင်ဗျား မြို့ထဲကို ပြန်မောင်းသွား နိုင်ပြီ၊ ခင်ဗျား ကားကို မောင်းလို့ရပါတယ်၊ တံခါးလောက်ပဲ ပျက်သွားတာပါ"

မက္ကလိန်းက ကားမောင်းသူတစ်ယောက်ဘက်သို့ လှည့်ပြောသည်။

"ကျွန်တော် လျော်ကြေး ဒေါ်လာနှစ်ရာရမှ ဖြစ်မှာပေါ့"

ဟု စနိုက်ဒါ ဆိုသူက ပြန်ပြောသည်။

"ဘယ်လိုလုပ် ရမှာလဲ၊ ခင်ဗျား မှားတာပဲဗျ"

မက္ကလိန်းက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"ကျုပ်က သူ့ကို ဘေးလုံးချင်း ဝင်တိုက်လို့ ဖြစ်မလားဗျ၊ မကြောင် စမ်းပါနဲ့"

"ဒီမှာ မစ္စတာစနိုက်ဒါ၊ ခင်ဗျား ကားကို တအားမောင်းလာတယ်၊ မစ္စတာဝင်ဖရေရဲ့ကားကို တွေ့လိုက်တော့ ဘရိတ်ကို ဆောင့်နင်းတယ်၊ သူ့သွား လမ်းတည့်တည့်မှာ ခင်ဗျားကားက ပိတ်သလိုဖြစ်သွားပြီး ခင်ဗျား ဘေးကို သူ ဝင်တိုက်လိုက်မိတာပဲ၊ အဲဒါ ခင်ဗျား မမှားလို့ ဘယ်သူ မှားသလဲ"

"ဒါပေမဲ့ တစ်ခုတော့ စဉ်းစားကြည့်ပါဦးဗျာ၊ ကျွန်တော့်ကားအတွက် အာမခံက..."

"လုပ်မနေနဲ့ ကိုယ့်ဆရာ၊ ဒီပြည်နယ်မှာ အာမခံမထားဘဲ မော်တော်ကားမောင်းရင် ဥပဒေချိုးဖောက်ရာကျတယ်၊ ကိုင်း...ခင်ဗျား ဘာပြောချင်သေး သလဲ"

အော်တိုမက္ကလိန်းက ခပ်အေးအေး ပြန်ပြောနေသည်။

စနိုက်ဒါက ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ကျွန်တော်တို့ ရပ် နားထောင်နေသည်ကို မြင်သွားသည်။ ပခုံးတစ်ချက် တွန့်လိုက်ပြီး သူ့ကားထဲမှာ ဝင်ထိုင်သည်။ စက်နှိုးသည်။ ရုတ်တရက် မနိုး။ ခဏကြာတော့မှ နိုးသည်။ ဘေးတစ်ခြမ်းပိန့်နေသော မော်တော်ကားကို လောင်ဒီစဘတ်မြို့ဘက်သို့ ဦးတည်



မောင်းသွားရာ ဂဏန်းကောင်တစ်ကောင် ဘေးစောင်းသွားနေသည်နှင့်ပင် တူသေး တော့သည်။

ကျန်သည့် ကားမောင်းသူဘက်သို့ မက်က လှည့်သွားသည်။

"ဒီလမ်းပေါ်မှာ ဒီအတိုင်း ကားရပ်ထားလို့ မဖြစ်ဘူး၊ ခင်ဗျား ကားကို နေရာရွှေ့ပါ မစ္စတာ ဝင်ဖရေ"

လျော်ကြေးရတော့မည်ကို သိနေသော မစ္စတာ ဝင်ဖရေ ဆိုသူက သွက်သွက်လက်လက်ပင် သူ့ကားပေါ်သို့ တက်သွားသည်။ သို့သော်လည်း မက္ကလိန်းဘက်သို့လှည့်ပြီး ထပ်တွန့်တက်နေပြန်သေးသည်။

"ကျွန်တော့်ကားကို ဒီအတိုင်း မောင်းယူသွားလို့ ရမှာမဟုတ်ဘူး၊ မော်တာကလည်း သိပ်ပူနေပြီ၊ ဆွဲယူသွားဖို့ ကားတစ်စီး ပြန်လွှတ်ပေးပါ"

"လမ်းပေါ်မှာ ကားရှင်းနေဖို့ အရေးကြီးတယ်၊ မုန်တိုင်းကျတော့ မယ်လို့ မိုးလေဝသဌာနက ကြေငြာထားတယ်၊ ဒီလမ်းပေါ်မှာ ဒီအတိုင်း ကားရပ် ထားလို့ မဖြစ်ဘူး၊ ခင်ဗျားဘာသာ ခင်ဗျား ဆင်းတွန်း"

"ကိုယ့်လူ...ကျုပ် ပြောတာကို နားထောင်"

မစ္စတာ ဝင်ဖရေ၏စကား မဆုံးပါ။ မက္ကလိန်း၏ ကြောက်မက်ဖွယ် ခြိမ်းခြောက်သံက ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

"ဒီမှာ ဝင်ဖရေ...ကျုပ်ဟာ ကိုယ့်လူ မဟုတ်ဘူး၊ ဒီမြို့မှာ ရာထူး အကြီးဆုံး ရဲအရာရှိ၊ ခင်ဗျားကို ကျုပ်ပြော..."

လက်ဖတင်နင်ဂင်ဘယ်လ်က ကျွန်တော့်လက်မောင်းကိုဆွဲပြီး ကားရှိရာသို့ ပြန်လှည့်လာခဲ့သည်။ မက္ကလိန်းနှင့် ဝင်ဖရေတို့နှစ်ယောက် ဘာတွေ ဆက်ပြောနေကြသည်ကို ကျွန်တော်တို့ မကြားရတော့ပါ။

လောင်ဒီစဘတ်မြို့ဆီသို့ ဦးတည်ပြီး ကျွန်တော်တို့ ပြန်မောင်းလာ ခဲ့ကြသည်။ လူရှင်းသည့်တစ်နေရာသို့ ရောက်သောအခါ လမ်းဘေးမှာ ကျွန်တော် က ကားရပ်သည်။ ယာဉ်စည်းကမ်းနှင့်ညီအောင် ဂရုစိုက်ပြီး ရပ်သည်။ ကျွန်တော်နှင့်အတူ ရဲအရာရှိတစ်ယောက် ပါနေသော်လည်း ယာဉ်စည်းကမ်းနှင့် မညီလျှင် မက္ကလိန်းက ချမ်းသာပေးမည် မဟုတ်။ ယာဉ်စည်းကမ်းဖောက်ဖျက်မှု တစ်ခုနှင့်ထပ်ပြီး ရင်ဆိုင်နေရပေဦးမည်။

"ခရိုင်ရှေ့နေ နော်တန်ပရင့်စ်နဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လိုထင် သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဂင်ဘယ်လ်ကို လှည့်မေးသည်။ ယခုအချိန်တွင် သူ့စိတ်ကောင်းကလေး ဝင်နေပုံလည်း ရပါသည်။

"နော်တန်ပရင့်စ်က စိတ်ကောင်းရှိပါတယ်၊ ဒီနယ်မှာ ရှိနေတဲ့ သူနဲ့ ပြိုင်ဖက် ရှေ့နေတွေနဲ့ ဆက်ဆံရေးလည်း ကောင်းပါတယ်၊ ဟင်နရီလိုက်ဗ်တန်နဲ့လည်း အဆင်ပြေပါတယ်၊ ဟင်နရီကလည်း လူတော်တစ်ယောက်ပဲ မဟုတ်လား"

"ဒီလိုဆိုရင် ဒီအမှုကနေ ကျွန်တော် လွတ်သွားနိုင်တယ်လို့ ခင်ဗျား ထင်သလား"

ထိုအခိုက် မက်၏ကားက ကျွန်တော်တို့နားမှဖြတ်ပြီး မြို့ဘက်သို့ မောင်းသွားသည်။ ကျွန်တော်တို့ဘက်သို့ နည်းနည်းကလေးမှပင် ငဲ့စောင်း၍ ကြည့်မသွား။

"အက်ဒစ်စတိုင်း ဘယ်သူလဲဆိုတာ မကြာခင် ကျုပ် သိမှာပဲ၊ ဒီလူ ဘယ်သူလဲဆိုတာ ခင်ဗျား သိထားတယ်လို့ ကျုပ်ထင်နေတာ၊ တကယ်လို့ ခင်ဗျား သိတယ်ဆိုရင် ကျုပ်ကို အမှန်အတိုင်း ပြောပါ မစ္စတာပိုတာ"

သူ့လေသံသည် စောစောတုန်းကလို ရင်းရင်းနှီးနှီး မဟုတ်တော့။ အမှုလိုက် ရဲအရာရှိနှင့် တရားခံ ဆက်ဆံရေးအသံမျိုး ပြန်ပေါ်လာပြန်သည်။

"တကယ့်ကို ကျွန်တော် မသိပါဘူးဗျာ"

"ခင်ဗျားတို့ လက်ထပ်စာချုပ် ရှိသလား၊ ကွာရှင်းပြတ်စဲတဲ့ စာချုပ်ရော ရှိသလား"

"လက်ထပ်စာချုပ် မရှိဘူး၊ ကွာရှင်းပြတ်စဲတဲ့ စာချုပ်တော့ ရှီကာဂိုမြို့က ကျွန်တော့်အိမ်ခန်းထဲမှာရှိတယ်"

"ဒါဆိုရင် ရှီကာဂိုရဲ့အဖွဲ့က ကျုပ်ဆီကို ပို့ပေးမှာပဲ၊ ကောင်းပြီ၊ မောင်းတော့၊ ကျုပ်ကို တရားရုံး ပြန်ပို့ပေး"

တရားရုံးသို့ သူ့ကို ကျွန်တော် ပြန်ပို့ပေးလိုက်သည်။ ရုံးရောက်သောအခါ နှုတ်ဆက်စကား၊ ကျေးဇူးတင်စကား ဘာမှမပြောဘဲ ကားပေါ်မှ သူ ဆင်းသွားလေသည်။

◆◆◆

## အခန်း (၉)

ကျွန်တော် ဘယ်သွားရမှန်း မသိအောင် ဖြစ်နေပါသည်။ လောင်း၏ အရက်ဆိုင်သို့လည်း သွားလို့မဖြစ်။ လောင်းနှင့် ဂျင်နီဒင်ဒလာတို့က ကျွန်တော် မလုပ်နိုင်သော အလုပ်များကို လုပ်ရန် အကြံပေးနေကြဦးမည်။

ဟိုတယ်ကို ပြန်ဖို့လည်း မဖြစ်။ ဟိုတယ်မှာ သတင်းထောက်တွေ ခြေချင်းလိမ်နေကြပေလိမ့်မည်။ သို့ဆိုလျှင် ကျွန်တော့်အခန်းကလေးထဲမှ မထွက်ဘဲ အခန်းအောင်းနေရပေမည်။ အပြင်ထွက်လို့ ဖြစ်မည်မဟုတ်။

ကိုယ့်အခန်းထဲမှာကိုယ်အောင်းနေမည့်အစား မစ္စတာနီးလ်စ်ဆီသို့ ပြန်သွားပြီး သူ့အချုပ်ခန်းကလေးထဲ ဝင်ထိုင်ကာ သူနှင့် စကားပြောနေရသည်ကမှ ပိုကောင်းပေလိမ့်မည်။

ကျွန်တော့်ကို မြင်သောအခါ လူအုပ်ကြီးက စုပြုံလာကြသည်။ ထို့ကြောင့် ကားစက်ကို မြန်မြန်နှိုးကာ ထိုနေရာမှ မောင်းမိမောင်းရာ မောင်းထွက်လာမိတော့သည်။

အင်ဒီတို့အိမ်သို့ သွားခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ အင်ဒီတို့အိမ် ဆိုသည်မှာ အော်တိုမက္ကလိန်း၏အိမ်လည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဂရေး၏အိမ်လည်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော် မတတ်နိုင်တော့ပါ။ အခြားမည်သည့်အရပ်သို့မှ သွားစရာမရှိတော့ပါ။

ယခုလိုအချိန်မျိုးတွင် အင်ဒီ၏ ပခုံးကလေးပေါ်မှာ မှီနားနေလိုက်ရမည်ဆိုလျှင် အလွန်ကောင်းပါလိမ့်မည်။

အိမ်တစ်ဘက်ဘေးတွင် သစ်ခြောက်ပင်ကြီး တစ်ပင်ရှိသည်။ မော်တော်ကားလမ်းက ထိုသစ်ခြောက်ပင်ကြီးဘက်သို့ ဦးတည်ဖောက်ထားသည်။ ထိုလမ်းအတိုင်း ကျွန်တော် မောင်းလာခဲ့ရာ အိမ်နောက်ဘက်သို့ ရောက်လာသည်။ ယခုလို အိမ်နောက်ဘက် ရောက်လာသည်မှာ ခပ်ကောင်းကောင်းပင်။ လမ်းပေါ်မှ လမ်းသွားလမ်းလာများ ကျွန်တော့်ကားကို မြင်နိုင်ကြမည် မဟုတ်။

အိမ်နောက်ဘက်တစ်နေရာမှာ ကားရပ်ပြီး ကားထဲမှ ဆင်းခဲ့သည်။ နှစ်ကြိမ်ဆက်တိုက် နှာချေလိုက်မိသည်။ ရာသီဥတုကလည်း ဆိုးရွားနေလေရာ ကျွန်တော် အအေးမိတော့မည်ထင်သည်။

လမ်းပေါ်မှ ကားတစ်စီး ဖြတ်မောင်းသွားသံ ကြားရသည်။ အသံများအားလုံး တိတ်ဆိတ်သွားသည်အထိ ကျွန်တော် စောင့်နေသည်။ အိမ်ရှေ့လမ်းပေါ်တွင် ကားသွားကားလာ မရှိတော့သည့်အချိန်ကျမှ အိမ်ရှေ့ဘက်သို့ပတ်ပြီး အိမ်ပေါ် တက်ရမည်။

ထိုအချိန်မှာပင် အိမ်နောက်ဘက်တစ်နေရာမှ လူရိပ်တစ်ခုကို လှမ်းမြင်ရသည်။ မော့ကြည့်လိုက်သောအခါ အိမ်နောက်ဖေးဘက်ရှိ မှန်ခန်းထဲမှာ မစ္စတာဂရေး ရပ်နေသည်ကို တွေ့ရသည်။ ကြိမ်လုံးတစ်ချောင်းဖြင့် ပြတင်းပေါက်ကို ခေါက်နေသည်။

သူရှိရာသို့ လျှောက်သွားပြီး အောက်မှ မော့ကြည့်လိုက်သည်။ ကျွန်တော့်ကို သူ မြင်သွားသည်။

"ကြောင် ဘာရှိပြီး အခန်းထဲ ဝင်လာသလဲ မသိဘူးကွယ့်…အင်ဒီ"

ကျွန်တော့်ကို ပြောပြီးတစ်ဆက်တည်း အင်ဒီကို လှမ်းခေါ်သည်။ နောက်ဖေးပေါက်မှပင် အပေါ်သို့ ကျွန်တော် တက်ခဲ့သည်။

အိမ်ရှေ့ဘက်မှ တံခါးဖွင့်သံနှင့် ပြန်ပိတ်သံ ကြားရသည်။ ပြီးတော့ ကျွန်တော်တို့ဆီသို့ ဦးတည်လျှောက်လာသော ခေါက်မြင့်ဖိနပ်သံ ကြားရသည်။ အခန်းထဲသို့ အင်ဒီ ဝင်လာသည်။ တံခါးကို ပြန်ပိတ်သည်။



"ဘိုးဘိုး…ဘာလိုချင်လို့လဲ"

ထိုသို့ပြောရင်း ကျွန်တော့်ကို မြင်သွားသည်။ ကျွန်တော် ဘာလုပ်ရမှန်းမသိခင်မှာပင် ကျွန်တော့် ရင်ခွင်ဘွင်းသို့ သူ ရောက်လာလေတော့သည်။

အင်ဒီသည် ကျွန်တော့်ပခုံးပေါ်သို့ ခေါင်းတင်ကာ ရှိုက်ကြီးတငင်ငိုချလိုက်လေရာ ကျွန်တော့်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားမိသည်။

"ရှင် ဘယ်ပျောက်သွားတာလဲဟင်၊ ကျွန်မ စိတ်ပူလိုက်ရတာရှင်၊ ဘယ်လိုရှာရမှန်း မသိဘူး"

မျက်ရည်တွေ စို့ရွှဲနေသော မျက်နှာဖြင့် ကျွန်တော့်ကို မော့ကြည့်မေးသည်။ မျက်ရည်ရွှဲသော မျက်နှာကလေးကိုပင် ကျွန်တော် နမ်းလိုက်မိပါသည်။ ခဏကြာတော့ ကျွန်တော့်ရင်ခွင်ထဲမှ သူ ထွက်သွားသည်။ သူ့အဘိုး ထိုင်နေကျ ကုလားထိုင်နှင့် ကပ်လျက် ကုလားထိုင်ပေါ်မှာ သွားထိုင်သည်။

"ဘိုးဘိုး သမီးတော့ မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်နေမိပြီထင်တယ် ဘိုးဘိုးရယ်၊ သမီး ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါဦး"

သူ့အဘိုးကို ငိုသံပါကြီးနှင့် လှမ်းပြောသည်။ မစ္စတာဂရေးက ပြတင်းပေါက်နားမှ ပြန်လှည့်လာပြီး ထိုင်နေကျ ကုလားထိုင်မှာ ဝင်ထိုင်သည်။ သူ့မြေးကို ကြည့်ပြီး ခေါင်းရမ်းပြသည်။ ပြီးတော့မှ တည်ငြိမ်သော လေသံဖြင့် ပြောသည်။

"သမီး လုပ်နေတာတွေ မှန်ပါတယ် သမီးရယ်၊ မလုပ်သင့်တာတွေ မဟုတ်ပါဘူး၊ သမီးမှာ စဉ်းစားနိုင်တဲ့ ဦးနှောက်ရှိတယ်၊ သနားကြင်နာတတ်တဲ့ စိတ်ရှိတယ်၊ ဒီလောကကြီးဟာ သနားကြင်နာတတ်တဲ့ စိတ်ကောင်းနှလုံးကောင်းကလေးနဲ့တော့ မလုံလောက်တာ မှန်တယ်၊ အသိဉာဏ်ပညာနဲ့ ယှဉ်စဉ်းစားရမယ်၊ ပေါလ်…ကလေးကို မင်း ချစ်ရဲ့လား"

"အင်ဒီကို မတွေ့ခင်အထိ အချစ်ဆိုတာ ဘာလဲလို့ ကျွန်တော် ကောင်းကောင်းနားမလည်ခဲ့ပါဘူးခင်ဗျာ၊ အင်ဒီနဲ့ တွေ့တော့မှ အချစ်အကြောင်းကို ကျွန်တော် တကယ်သဘောပေါက်လာပါတယ်"

ဟု ကျွန်တော်က တည်ငြိမ်သော လေသံဖြင့် ပြန်ဖြေသည်။

"သမီးနဲ့ မင်း လက်ထပ်ချင်သလား"

"အို…ဘိုးဘိုးကလဲ"

ကျွန်တော်ကမူ အင်ဒီကို လှမ်းကြည့်ပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိလေသည်။

"ကျွန်တော် သိပ်ကို လက်ထပ်ယူချင်ပါတယ် ဘိုးဘိုး"

မစ္စတာဂရေးက စောင်ပါးပါးတစ်ထည်နှင့် သူ့ပခုံးကို တင်းတင်းပတ်လိုက်သည်။

"အင်း…ဒီလိုနေ့မျိုးကိုရောက်ဖို့ စောင့်နေခဲ့ရတဲ့အတိုင်းပဲ၊ မနေ့ညတုန်းက မောင့်ကို မြင်မြင်ချင်း ဘိုးဘိုး သဘောကျခဲ့တယ်၊ မောင်ဟာ ဘိုးဘိုး စိတ်တိုင်းမကျအောင် လုပ်မယ့်သူငယ် မဟုတ်ဘူး ဆိုတာလည်း အကဲခတ်လိုက်မိတယ်၊ မောင်ဟာ ဘိုးဘိုးလို လူစားမျိုးပဲ"

ထိန်းထားသည့်ကြားမှပင် ရုတ်တရက် ကျွန်တော် နှာချေလိုက်မိလေသည်။

"ဒီလိုမလုပ်နဲ့၊ ဒီလိုမလုပ်နဲ့၊ ဘိုးဘိုး အအေးမိရင် ပြန်လမ်းမရှိတော့ဘူး၊ မင်းအအေးမိနေတာ ဘာဆေးမှ မသောက်ဘူးလား"

ကျွန်တော်က ခေါင်းခါပြသည်။

"ဗိုက်တာမင်စီသောက်၊ ဘိုးဘိုး အအေးမိပြီး နှာချေရင် ဆရာဝန်က အဲဒီဆေးကိုပဲ အမြဲပေးတယ်၊ အင်ဒီ သူ့ကို ဗိုက်တာမင်စီဆေးကို ယူတိုက်လိုက်စမ်း သမီး"

"ဆေးကုန်နေတယ် ဘိုးဘိုး၊ အလျင် ကြာသပတေးနေ့က ဘိုးဘိုးကို တိုက်လိုက်တာ အကုန်ပဲ"

"ဒီလိုဆိုရင် ဈေးမှာသွားဝယ်စမ်း၊ သွား…အခုသွား"

"ရပါတယ်ခင်ဗျာ၊ နောက်ကျတော့မှ ကျွန်တော့်ဘာသာ ကျွန်တော် သွားဝယ်သောက်လိုက်ပါ့မယ်"

"ဘယ်ဖြစ်မလဲ၊ မောင် မြို့ထဲကိုသွားလို့ ဘယ်ဖြစ်မလဲ၊ ဒီမြို့ပေါ်မှာ မောင်က နာမည်ကြီး ဖြစ်နေပြီလေ၊ မြို့ထဲထွက်ရင် လူတွေ ဝိုင်းလိုက်နေမှာပေါ့၊ ဆေးဆိုင်က အရောင်းစာရေးမကလေးတွေကလည်း မောင့်လက်ကို ကိုင်ကြည့်ချင်နေကြမှာ၊ ဒီလက်နဲ့ မစ္စက်ဂျွန်ဖိုက်ကို လည်ပင်းညှစ်သတ်ခဲ့တယ်လို့ သူတို့ ထင်နေကြတယ် မဟုတ်လား၊ တကယ်ကတော့ မောင် သတ်ခဲ့တာ မဟုတ်ပါဘူး၊ ဒါကြောင့် ဒီမှာပဲ ထိုင်နေ၊ သမီး…သွားတော့လေ"

မစ္စတာဂရေးသည် အခုဆို အခုမှ လူစားမျိုး ဖြစ်ပုံရသည်။ အင်ဒီက



လည်း သူ့အဘိုးအကြောင်း အတွင်းသိ ဖြစ်သဖြင့် ထိုင်ရာမှ ခပ်သွက်သွက်ထသွားတော့သည်။ ခဏကြာတော့ အိမ်ရှေ့တံခါးဖွင့်သံ ပိတ်သံနှင့် ကားစောင်းထွက်သွားသံကို ကြားလိုက်ရလေသည်။

မစ္စတာဂရေးက ဝိုင်အရက်ကို တစ်ကျိုက်သောက်သည်။

"မင်း ဘယ်ကိုသွားနေတာလဲ ပေါလ်၊ မင်းအတွက် အင်ဒီ သိပ်ကို စိတ်ပူနေတယ်၊ မင်း တစ်ခုခုဖြစ်သွားရင် ကျုပ်မြေးမလေး အကြီးအကျယ် စိတ်ထိခိုက်တော့မယ်၊ မင်း ဘယ်တွေကို ရောက်ခဲ့သလဲ၊ ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲ"

"ကျွန်တော် မြို့ထဲရောက်ခဲ့ပါတယ် ဘိုးဘိုး၊ အရက်ဆိုင်မှာ မိန်းကလေးတစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်၊ အော်တိုမက္ကလီန်း နာမည်ပျက်နေတာတွေကိုလည်း ကြားခဲ့ရပါတယ်"

"ဘယ်လို နာမည်ပျက်နေတာလဲ၊ ဘိုးဘိုးကို ပြောပြစမ်း"

ဂျင်နီဒင်ဒလာထံမှ ကြားခဲ့ရသည်များကို ပြန်ပြောပြလိုက်သည်။ ခစ္စတာဂရေးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

"အော်တိုကိစ္စကတော့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ တစ်နေ့ထက်တစ်နေ့ သူ နာမည်ပိုပျက်လာပြီ"

"လက်ဖတင်နင်ဂင်ဘယ်လ်က သူ့မှတ်တမ်းတွေကို ပြန်ကြည့်မယ်လို့လည်း ပြောပါတယ်"

မစ္စတာဂရေးက ခေါင်းရမ်းသည်။

"မှတ်တမ်းထဲမှာကြည့်လို့ ဘာမှတွေ့မှာ မဟုတ်ဘူး၊ ဒီလိုဖြစ်ရတာလည်း ဘိုးဘိုးကြောင့် ဖြစ်ရတာ၊ ဒီမြို့ကလေးကို သူ ရောက်လာတုန်းက လူကောင်းပဲ၊ ဒါပေမဲ့ ဘိုးဘိုး ပိုက်ဆံတွေနဲ့ သူ့ကို အကျင့်ပျက်အောင် ဖျက်လိုက်သလို ဖြစ်သွားတယ်၊ သူ့ပင်စင်လည်း တစ်ဘက်က ရနေတယ်၊ ဘိုးဘိုးဆီကလည်း ငွေလိုသလောက် ရနေတယ်၊ အဲဒီကစပြီး သူပျက်စီးသွားတော့တာပဲ"

"ဒီလိုလည်း မဟုတ်ပါဘူး ခင်ဗျား၊ ဘယ်သူမပြု မိမိမှုပါ၊ လူတစ်ယောက်ကို ပတ်ဝန်းကျင်က ဖျက်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ နောက်တစ်ကြောင်းကလည်း အော်တိုကိုယ်တိုင်က လူကောင်း ပကတိဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က မလိုလို့ သူ့မကောင်းကြောင်းတွေ ပြောနေတာလည်း ဖြစ်နိုင်ပါတယ်"

"မောင့်စကားကို မောင် သေသေချာချာ မှတ်ထားပါ၊ အင်ဒီကို ဒီအတိုင်း ပြန်ပြောပြပါ၊ လက်ဖတင်နင်ဂင်ဘယ်လ်နဲ့ရော စကားပြောခဲ့ရသေးသလား"

"ပြောခဲ့ပါတယ် ခင်ဗျာ"

အပြင်ကို ကျွန်တော် လှမ်းကြည့်သောအခါ ရာသီဥတုက ပိုပြီးဆိုးရွားသည်ထက် ဆိုးရွားလာနေသည်ကို တွေ့ရသည်။ နှင်းတွေက စောစောကလို မဟုတ်တော့။ အပွင့်လိုက်၊ အဆုပ်လိုက် ကျနေသည်။

"လက်ဖတင်နင်ဂင်ဘယ်လ်ကတော့ လူသတ်တရားခံ အစစ်ဟာ ကျွန်တော်ပဲလို့ အခုအချိန်အထိ ယုံကြည်နေတုန်းပါပဲ၊ တခြား မသင်္ကာစရာ လူကိုလည်း သူရှာလို့ မတွေ့ဘူး၊ တကယ်လို့ ကျွန်တော်သာ တရားခံ မဟုတ်ဘဲ တရားခံ အစစ်အမှန် ရှိနေမယ်ဆိုရင် အဲဒီလူကို သူတွေ့အောင် ရှာနိုင်မှာပဲတဲ့၊ ဒါကြောင့် ကျွန်တော့်ကိုပဲ ပိုင်အောင်ချည်ဖို့ သူ ကြိုးစားနေပါတယ်၊ အက်ဒစ်ရဲ့ တတိယယောက်ျားတစ်ယောက်ကို ရှာဖို့လည်း သူ ကြိုးစားနေတယ်၊ ကျွန်တော့်အလျင် ယောက်ျားတစ်ယောက် ရှိခဲ့သေးတယ်လို့ သူ ထင်နေတယ်၊ အဲဒီလူ ဘယ်မှာရှိသလဲဆိုတာ တွေ့အောင် ရှာမယ်တဲ့၊ ဒီမြို့သေးသေးကလေးထဲမှာ အက်ဒစ်ရဲ့ ယောက်ျားနှစ်ယောက် လာဆုံနေတာကိုက ဆိုးလွန်းပါတယ် ခင်ဗျာ၊ ဒီလိုအဖြစ်မျိုးတွေ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် နည်းနည်းကလေးမှ မထင်ခဲ့မိဘူး"

"ဒါပေမဲ့ ဒီမိန်းကလေးကို ဘယ်သူသတ်တယ်ဆိုတာ သူတို့မှာ မျက်မြင်သက်သေ မရှိဘူး မဟုတ်လား"

ကျွန်တော်က ခေါင်းရမ်းပြလိုက်သည်။

"ဒါဆိုရင် မင်း လွတ်မှာပါကွယ်၊ ဘာမှမပူပါနဲ့၊ ဟင်နရီလိုက်ပ်တန်ကလည်း အင်မတန်တော်တဲ့ ရှေ့နေပါ၊ ပတ်ဝန်းကျင် အခြေအနေတွေ အားလုံးကို အကျိုးရှိအောင် သူ သုံးသွားနိုင်ပါလိမ့်မယ်၊ အမှုစစ်ရင်တော့ ဘိုးဘိုးလည်း လာနားထောင်ဦးမှပဲ"

သူ စကားပြောနေဆဲ တန်းလန်းမှာပင် တယ်လီဖုန်း ခေါင်းလောင်းသံ



မြည်လာသည်။ သူ့ကုလားထိုင်လက်တန်းကို အားပြုပြီး ထိုင်ရာမှ ထ,ဖို့ သူ ကြိုးစားသည်။ သူ့ကို တွဲပေးရန် ကျွန်တော်က ကမန်းကတန်း ထ,သွားသည်။ သို့သော်လည်း သူ့ကို မတွဲရန် လက်ဝှေ့ရမ်းပြသည်။ ထို့ကြောင့် ကျွန်တော် ပြန်ထိုင်နေလိုက်ရသည်။

ဖုန်းက အဆက်မပြတ် မြည်နေသည်။ ကြိုးရှည်ရှည်တပ်ပြီး သူနှင့် လက်လှမ်းမီလောက်သည့်နေရာတွင် ထားပေးနိုင်လျှင် မည်မျှကောင်းမည်နည်း ဟုလည်း ကျွန်တော် စဉ်းစားကြည့်နေမိသည်။ သို့သော် မစ္စတာဂရေးကိုယ်တိုင်က တယ်လီဖုန်းနှင့် နီးနီးမနေလိုသော ပုဂ္ဂိုလ် ဖြစ်ကောင်းဖြစ်နေနိုင်သည်။

"ဟုတ်တယ်၊ အခု စကားပြောတာ ဘယ်သူလဲ၊ အေး…ဟုတ်ပြီ၊ ဘာပြောတယ်ကွ၊ ဘုရားရေ…ဘာဆိုင်လို့လဲ၊ မင်း ဘယ်လိုထင်သလဲ၊ အေး… ဟုတ်ပါပြီ၊ မင်းက ရှေ့နေမှ မဟုတ်ဘဲ၊ ဒါပေမဲ့ တရားရုံးမှာ မင်း အလုပ်လုပ်လာတာ နှစ်ပေါင်း မရေနိုင်တော့ဘူး မဟုတ်လား၊ မင်းမှာ ဒါလောက်တော့ အတွေ့အကြုံ ရှိနေပြီပေါ့၊ ဘာပြောတယ်ကွ…ဆယ်ရက်…ဖြစ်မှဖြစ်ရလေတယ် မောင်ရာ…ကောင်းပြီ၊ သူတို့ အဲဒီလို လုပ်ကြည့်ကြစမ်းပါစေလား၊ ကျုပ်ကိုယ်တိုင်လာပြီး မင်းတို့ တရားရုံးကို ဖြိုမပစ်တော့ ပြောချင်ရာပြော"

မစ္စတာဂရေးက တယ်လီဖုန်းစကားပြောခွက်ကို ဒေါသတကြီး ပစ်ချလိုက်သည်။ ကျွန်တော့်ဘက်သို့ ပြန်လှည့်ပြီး ငေးကြည့်နေသည်။ ပြီးတော့ လက်တစ်ဘက်ကို ဝှေ့ရမ်းပြသည်။

"အော်တိုနဲ့ ပတ်သက်ပြီး တစ်ခုခု လုပ်ရတော့မယ်လို့ ဘိုးဘိုး ပြောခဲ့တယ် မဟုတ်လား၊ အင်း…အခု သူက ဦးအောင်လုပ်လိုက်ပြီလေ၊ ဖုန်းဆက်တာ တရားရုံးက ရှေ့ဖတ်စာရေး၊ ဘိုးဘိုး သူငယ်ပြန်နေပြီလို့ တရားသူကြီးကို အော်တိုက စီရင်ချက် ရေးခိုင်းလိုက်တယ်တဲ့"

ထိုစကားကိုပြောရင်း မစ္စတာဂရေး၏ တစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင် ဖြစ်လာသည်။ လဲပြိုကျသွားတော့မည်ကဲ့သို့ ထင်မှတ်ရသည်။ ထို့ကြောင့် သူ့ဆီသို့ ပြေးသွားကာ ဖမ်းထိန်းထားပေးလိုက်ရသည်။ ကုလားထိုင်ပေါ်မှာ ထိုင်နိုင်ရန်လည်း ဖေးမပေးသည်။

သို့သော် သူ့ကို ကျွန်တော် တွဲကူပေးလိုက်တော့မှ ပိုပြီး တုန်ရင်ပုံပေါ်လာသည်။ ထို့ကြောင့် သူ့ကို လွှတ်ခဲ့ပြီး ကျွန်တော် နောက်သို့ ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"သူတို့ ဒီလိုလုပ်လို့ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ တရားဥပဒေအရ စစ်ရမှာပေါ့၊ ဘိုးဘိုး သူငယ်ပြန်သလား မပြန်ဘူးလားဆိုတာ ဆရာဝန်က စစ်ဆေးရဦးမှာပေါ့၊ ဘိုးဘိုးမှာ အဲဒီအခွင့်အရေးတွေ ရှိသေးတာပဲ"

မစ္စတာဂရေးက စကားပြောဖို့ ကြိုးစားသည်။ သူ့နှုတ်ခမ်းများ လှုပ်လာသည်။ တစ်ပြိုင်တည်းမှာပင် တံတွေးတွေးဖို့ပါ ကြိုးစားနေဟန်တူသည်။ သို့သော် စကားသံလည်း ရုတ်တရက် ထွက်မလာ။ တံတွေးလည်း ထွက်မလာ။

"ဒါ တမင်ညစ်တာ…အော်တိုနဲ့ ကျုပ်ဟာ စီးပွားဖက်တွေ၊ ကျုပ်ငွေတွေကို သူဖြုန်းတီးချင်တိုင်း ဖြုန်းတီးပစ်ခဲ့တယ်၊ ကျုပ်ငွေတွေ…ဘိုးဘိုးပိုင်တဲ့ငွေတွေ"

ထိုင်ရာမှထပြီး နံရံတစ်ခုဆီသို့ လျှောက်သွားသည်။ နံရံပေါ်မှာ ချိတ်ထားသည့် ဓာတ်ပုံကို ဖြုတ်ကာ ကြမ်းပြင်ပေါ်သို့ ပစ်ချသည်။ ဓာတ်ပုံမှန်ကွဲသွားသည်။ အုတ်နံရံတွင် တူတစ်ချောင်းရှိသည်။

"အာမခံ…အာမခံ…မောင့်အတွက် အာမခံကို သူတို့ ပြန်ရုပ်သိမ်းပစ်လိုက်ကြပြီလေ"

"ဘိုးဘိုး…ထိုင်ပါခင်ဗျာ၊ စိတ်အေးအေးထားပါ၊ ခဏကြာရင် အင်ဒီပြန်ရောက်လာတော့မှာပါ၊ ဒီကိစ္စကို ကျွန်တော်တို့ အေးအေးဆေးဆေး တိုင်ပင်ကြလို့ ဖြစ်နိုင်ပါတယ်"

ကျွန်တော်က သူ့ကို ဖျောင်းဖျသည်။

"အချိန်မရှိတော့ဘူး"

မစ္စတာဂရေးက ပြောပြောဆိုဆိုဖြင့် နံရံထဲမှာ ရှိနေသော အုတ်ခဲနှစ်လုံးကို ဆွဲထုတ်ယူသည်။ ကြမ်းပေါ် ပစ်ချသည်။ စောစောက ချထားသော ဓာတ်ပုံပေါ်သို့ ကျသွားသည်။ အုတ်နံရံထဲမှာ အာမခံသေတ္တာတစ်လုံး ပေါ်လာသည်။ ပိန်လှီသေးသွယ်သော လက်ချောင်းကလေးများဖြင့် သော့ကို ဖွင့်နေသည်။

"ဟင်နရီလိုက်ဖ်တန်က သူ့ပါဝါကို ပြန်ရုပ်သိမ်းလိမ့်မယ်၊ မောင့်ဘက်က ဆက်လိုက်ပေးဖို့ ငြင်းလိမ့်မယ်"

သူ့မျက်နှာကို ကျွန်တော် လှမ်းကြည့်သည်။ သွေးရောင် မရှိတော့ပါ။



သွေးရောင်အစား ပြာနှမ်းနှမ်းအရောင် ပေါ်လာသည်။ ကျွန်တော် ဘာဆက်လုပ်ရမည်ကို မသိတော့ပါ။ ဘာမှလည်း မလုပ်တတ်တော့ပါ။ သူ့ကို ဖျောင်းဖျမည်ဆိုလျှင် ပိုပြီးဆိုးရွားသွားနိုင်သည်။ ထို့ကြောင့် သည်အတိုင်းပင် ကြောင်တိကြောင်ကန်းဖြင့် ငေးကြည့်နေရတော့သည်။

နံရံထဲမှ အာမခံသေတ္တာတံခါး ပွင့်သွားသည်။ သူ့လက်ထဲတွင် ငွေစက္ကူအစိမ်းများကို တွေ့ရသည်။ ထိုငွေစက္ကူများကို ကျွန်တော့်ဘက်သို့ ထိုးပေးသည်။

"ဒီငွေတွေ လိုက်ဖ်တန်ကို ပေးလိုက်၊ မင်းဘက်က အမှုဆက်လိုက်ပေးအောင်ပြော၊ ဟောဒီမှာ ငွေနှစ်ထောင်ရှိတယ်၊ ဘိုးဘိုး သိမ်းထားတာ ကြာပြီ"

ကျွန်တော်ကမူ ခပ်ကြောင်ကြောင်ပင် ငေးကြည့်နေမိသည်။ မစ္စတာဂရေးကတော့ ငွေစက္ကူများကို ကျွန်တော့်ဘက်သို့ လှုပ်ရမ်းပြနေသည်။

အားလုံးပေါင်း ဒေါ်လာနှစ်ထောင်ရှိသည်။ ထိုမျှသော ငွေသည် ကျွန်တော် အာမခံနှင့် နေနိုင်လောက်အောင် ဖန်တီးပေးနိုင်မည်တော့ မဟုတ်။ သို့သော်လည်း ဟင်နရီလိုက်ဖ်တန်ကိုပေးဖို့ ရှေ့နေခအဖြစ်နှင့်တော့ လုံလောက်နေလေသည်။ သို့တည်းမဟုတ် တခြားနည်းဖြင့် အမှုအတွက် အကျိုးရှိအောင် သုံးနိုင်သည်။

သူ့လက်ထဲမှ ငွေများကိုယူရန် ကျွန်တော် လက်လှမ်းလိုက်သည်။

ငွေစက္ကူများကို ဆုပ်ထားသည့် မစ္စတာဂရေး၏ လက်ကပြေသွားသည်။ ငွေစက္ကူများက ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲကျသွားသည်။ ကျွန်တော်ကမူ မိုက်မဲစွာပင် ထိုငွေစက္ကူများကို လိုက်လံကောက်ယူဖို့ ကြိုးစားမိလေသည်။ ပျံသန်းသွားသည့် လိပ်ပြာကလေးတစ်ကောင်နောက်သို့ ခွေးတစ်ကောင်က လိုက်နေသည်နှင့်ပင် တူသေးတော့သည်။

မစ္စတာဂရေးကို ကျွန်တော် မော့ကြည့်လိုက်မိသည်။

ပိုက်ဆံများကို ကျွန်တော် မေ့သွားပါပြီ။ သူ့မျက်နှာပေါ်မှ ပြာနှမ်းနှမ်းအရောင်သည် အပြာရောင်သို့ ပြောင်းသွားသည်။ သူ့ကိုယ်က ရှေ့သို့ ကိုင်းလာသည်။ လက်တစ်ဘက်က ရင်ဘတ်ကို ဖိထားသည်။ ဒူးတွေ တဆတ်ဆတ်တုန်နေသည်။ ရှေ့သို့ ယိုင်လဲကျသွားသည်။ သူ့ကို ကျွန်တော် ဆီးဖမ်းယူလိုက်သော်လည်း မမိလိုက်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပေါ်တွင် ပြန့်ကျဲနေသော ငွေစက္ကူများပေါ်သို့ သူ့ကိုယ်လုံး လဲကျသွားသည်။ ငွေစက္ကူများက သူ့ကိုယ်လုံးကို အကျသက်သာအောင် ခုခံပေးနိုင်စွမ်း မရှိပါ။

ကျွန်တော် ဒူးထောက်ထိုင်ချလိုက်သည်။ လက်ကောက်ဝတ်တစ်ဘက်ကို ကောက်ယူပြီး သွေးစမ်းကြည့်မိသည်။ သွေးတိုးနေသေးသည်ကို တွေ့ရသည်။ သို့သော်လည်း သုံးလေးချက်မျှသာတိုးပြီး ရပ်သွားသည်။

ကျွန်တော့်တစ်ကိုယ်လုံး အေးစက်သွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

ကြမ်းပြင်ပေါ်က မစ္စတာဂရေးနားမှာ ကျွန်တော် ဒူးထောက်လျက်ထိုင်နေသည်။ သူ့ကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။

ထိုအခိုက် ခြံထဲသို့ မော်တော်ကားတစ်စီး မောင်းဝင်လာသံ ကြားရသည်။ အင်ဒီ ပြန်လာတာ ဖြစ်ပေလိမ့်မည်။ ယခုလို အချိန်မှီ ရောက်လာသည့်အတွက် ကျေးဇူးတင်ရသေးတော့သည်။ သည်လိုမှမဟုတ်လျှင် ကျွန်တော်တစ်ယောက်တည်း ဘာဆက်လုပ်ရမှန်း မသိတော့။

ခြေသံများ ကြားရသည်။ သို့သော် အင်ဒီ၏ ခြေသံမဟုတ်။ ခပ်ပြင်းပြင်း နင်းလာသော ယောကျ်ားခြေသံများ ဖြစ်နေသည်။

ကျွန်တော်၏ အာမခံမှာ ပြန်လည်ရုပ်သိမ်းခြင်း ခံထားရသည်။ ထို့ကြောင့် ကျွန်တော့်ကိုဖမ်းဖို့ အော်တိုမက္ကလိန်းသော်လည်းကောင်း၊ လက်ဖတင်နင်ဂင်ဘယ်လ်သော်လည်းကောင်း၊ သစ်တောဘက်မှ အကူအညီတောင်းထားသည့် ယာယီရဲတပ်ဖွဲ့ဝင်များသော်လည်းကောင်း ရောက်လာကြခြင်း ဖြစ်ပေမည်။

ကြမ်းပေါ်မှာ ပြန့်ကျဲနေသည့် ငွေစက္ကူများကို စုစည်းကောက်ယူဖို့ ကျွန်တော် ကြိုးစားသေးသည်။

အကြောင်းမဲ့ မိုက်မဲစွာ အချိန်ဖြုန်းနေခြင်းဖြစ်ကြောင်း ကျွန်တော် ချက်ချင်းသဘောပေါက်သွားသည်။

မစ္စတာဂရေးက ကြမ်းပြင်ပေါ်မှာ အသက်ပျောက်နေသည်။ ငွေစက္ကူများလည်း ဖွာဆန်ကြဲနေသည်။ အာမခံသေတ္တာကြီးက ပွင့်နေသည်။ နံရံပေါ်မှ ဓာတ်ပုံက အောက်သို့ပြုတ်ကျပြီး ကွဲကြေနေသည်။



သည်လိုနေရာတွင် ဒူးထောက်ထိုင်နေသည့် ကျွန်တော့်ကို မြင်သွားလျှင် မည်သို့သော အခြေအနေများ ဖြစ်ပေါ်လာနိုင်သနည်း။

အခြေအနေများက ပိုမိုရှုပ်ထွေးကုန်တော့မည်။ လူသတ်မှုတစ်ခုအတွက် အစွပ်စွဲခံနေရသော ကျွန်တော်လို လူတစ်ယောက်ကို သည်နေရာမှာ တွေ့ရခြင်းအားဖြင့် နောက်ထပ် တစ်မှုတိုးဖို့သာလျှင် ရှိတော့သည်။

ကျွန်တော်သည် အာမခံပြန်လည်အရုပ်သိမ်းခံထားရသူ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်စိတ်များ ဖောက်ပြန်နေရမည်။ မစ္စတာဂရေးကို အကျပ်ကိုင်ပြီး အာမခံသေတ္တာကို ဖွင့်ခိုင်းသည့်သဘောသာ ဖြစ်သည်။

ကျွန်တော့်ခေါင်းထဲမှာ အတွေးပေါင်းစုံ ဝင်လာသည်။ ခြေသံများကလည်း ပို၍ ပို၍ နီးလာနေပြီ။ ထိုင်ရာမှ ရုတ်တရက်ထပြီး အခန်းထဲမှ နောက်ဖေးပေါက်အတိုင်း ပြေးထွက်ခဲ့သည်။ သစ်ခြောက်ပင်ကြီး နောက်ကွယ်မှာ သွားပုန်းနေလိုက်တော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သစ်ခြောက်ပင်ကြီးနောက်ကွယ်မှာ ပုန်းအောင်းနေရင်း ကျွန်တော့် အကြောက်ကြီး ကြောက်လာသည်။ ကလေးငယ်ကလေးတစ်ယောက် ကြောက်သည့်အကြောက်မျိုးဖြင့် ကြောက်မိခြင်း ဖြစ်ပါသည်။

ကျွန်တော်တစ်ယောက်တည်း အထီးကျန် ဖြစ်သွားပြီ။ ကျွန်တော့်ဘက်က ရပ်တည်ပေးမည့်သူ မရှိနိုင်တော့ပါ။ ကျွန်တော့်ကို ကယ်တင်မည့်သူ မရှိနိုင်တော့ပါ။

ကျွန်တော် ဝရမ်းပြေး ဖြစ်ရပေတော့မည်။

ဟေးလီးယတ်တောင်ကုန်းပေါ်သို့ ကျွန်တော် ရောက်ခဲ့သည်မှာ မှန်သည်။ သို့သော်လည်း အက်ဒစ်ကို ကျွန်တော် သတ်သည်ဆိုသည့်အမှုနှင့် ပတ်သက်ပြီး ကျွန်တော့်ကို သူတို့ ပိုင်ပိုင်နိုင်နိုင် ချည်နှောင်နိုင်ကြမည် မဟုတ်ပါ။ မျက်မြင်သက်သေ မရှိပါ။ ထိုအမှုမှ လွတ်ကောင်း လွတ်နိုင်ပါသည်။

သို့သော်လည်း မစ္စတာဂရေးကို သတ်မှုနှင့် ပတ်သက်၍မူ ကျွန်တော် ငြင်းဖို့ မစွမ်းနိုင်တော့ပြီ။

မစ္စတာဂရေးကို သတ်မှုနှင့် ကျွန်တော့်ကို ဖမ်းကြတော့မည်။ မစ္စတာဂရေး၏ ပတ်လည်တွင် ကျွန်တော်၏ လက်ဗွေတွေ ထင်ချင်တိုင်း ထင်နေသည်။



မစ္စတာဂရေးကို သတ်ရသည့် အကြောင်းရင်းလည်း သူတို့အဖို့ ခိုင်လုံနေချေပြီ။

ကျွန်တော်၏ အာမခံကို ပယ်ဖျက်လိုက်ကြောင်း မစ္စတာဂရေးက ပြောပြသောအခါတွင် ကျွန်တော် ဒေါသပေါက်ကွဲသွားသည်ဟု သူတို့ဘက်က စွဲချက်တင်တော့မည်။ မစ္စတာဂရေးထံမှ ကျွန်တော် အတင်းအကျပ် ငွေတောင်းမည်ဟု သူတို့က အကြောင်းပြမည်။

အသက်ရှစ်ဆယ်ရှိပြီး အိုမင်းမစွမ်း ဖြစ်နေရှာသော အဘိုးကြီးကို ကျွန်တော် ခြိမ်းခြောက်သည့်အတွက် ယခုလို ကြမ်းပေါ်သို့ လဲကျသေဆုံးသွားခြင်း ဖြစ်သည်ဟု သူတို့ ကောက်ချက်ချကြပေတော့မည်။

ဘာပဲဖြစ်ဖြစ် ယခုအမှုသည်လည်း သူတို့အမြင်မှာတော့ လူသတ်မှု ဖြစ်သွားပြန်ချေပြီ။ အနည်းဆုံး သောင်ဒဏ် တစ်သက်တစ်ကျွန်းခံရဖို့က သေချာသွားပြီ။

တကယ်စဉ်းစားကြည့်လျှင် ယခုအမှုက ပိုမိုဆိုးရွားချေသေးသည်။ အက်ဒစ်အား သတ်မှုနှင့် အဖွပ်စွဲခံနေရသူ ကျွန်တော့်ကို မစ္စတာဂရေးက အစစအရာရာ ကူညီခဲ့သည်။ ကျွန်တော် လွတ်မြောက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ပေးနေသည်။

ထိုသို့သော ကျေးဇူးရှင်ကို ယခုလို ဓားပြတိုက်ပြီး သတ်ပစ်လိုက်သည့် အမှုက ပိုမိုကြီးကျယ်နေလေတော့သည်။

ငွေကို ငမ်းငမ်းတက်မက်မောသော ရှေ့နေ ဟင်နရီလိုက်ဖ်တန်သည် ညည်သည့်နည်းနှင့်မှ ကျွန်တော့်ဘက်က ရပ်တည်တော့မည် မဟုတ်ပါ။ ငွေမရှိသော ကျွန်တော့်ကို ကျောခိုင်းသွားမည်မှာ ရာခိုင်နှုန်းပြည့် သေချာသည်။

အင်ဒီကိုလည်း ကျွန်တော် လက်လွှတ်ဆုံးရှုံးလိုက်ရတော့မည်။ သူ့အဘိုးကို သူ အလွန်ချစ်သည်။ သူအလွန်ချစ်သော အဘိုးကို သတ်သည့် ကျွန်တော့်ကို မည်သည့်နည်းနှင့် သူ ခွင့်လွှတ်နိုင်ဦးပါမည်နည်း။

အင်ဒီကို အပြီးတိုင် လက်လွှတ်ဆုံးရှုံးလိုက်ရပြီဆိုသော အသိဝင်လာသည်နှင့်တစ်ပြိုင်တည်း အရာအားလုံးကို ကျွန်တော် မေ့သွားပါတော့သည်။

အပြင်မှာ အလွန်အမင်း အေးနေသည်။ မနေ့တုန်းကထက် အ[illegible]ပေါင်း များစွာ ပိုအေးနေသည်။ ကျွန်တော့်မှာ ကုတ်အင်္ကျီလည်း ပါမလာ[illegible]။ တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လုံး ခိုက်ခိုက်တုန်နေရင်း အိမ်နှင့်ဝေးရာသို့ လျှောက်လာခဲ့သည်။

အိမ်နောက်ဘက်တွင်လည်း ခြံက အကျယ်ကြီး ဖြစ်သည်။ ပျက်စီးနေသော တင်းနစ်ကစားကွင်းတစ်ခု ရှိသည်။ ထိုကွင်းဘေးမှာ အဆောက်အဦကြီးတစ်ခုရှိသည်။ ယခင်တုန်းက မြင်းဇောင်း ဖြစ်ခဲ့ဟန်တူသည်။ ယခုတော့ တံခါးများကို သော့ခတ်ပိတ်ထားသည်။ ပြတင်းပေါက်များကလည်း ညစ်ပတ်နေသည်။

သည်အဆောက်အဦကြီးထဲမှာ ကျွန်တော် ဝင်ပုန်းနေလျှင် ဖြစ်နိုင်ပါသည်။ ကျွန်တော့်မော်တော်ကားကိုတော့ အသုံးပြုနိုင်တော့မည် မဟုတ်ပါ။ မော်တော်ကားဆီသို့ ပြန်သွားလျှင် မစ္စတာဂရေး၏ မှန်ခန်းကလေးထဲမှာ ရောက်နေကြသူများက လှမ်းမြင်လိမ့်မည်။

သို့သော်လည်း ထိုအခန်းထဲသို့ ဝင်လာသူမှာ မည်သူဖြစ်ကြောင်း ကျွန်တော် သိချင်လာသည်။

ထို့ကြောင့် အိမ်ကြီးဆီသို့ ပြန်လှည့်လိုက်သည်။ ပတ်ဝန်းကျင်ကို အလျှင်လှည့်ကြည့်သည်။ ကျွန်တော် ရှိနေသည့်နေရာကို အနီးပတ်ဝန်းကျင်မှ လှမ်းမြင်တွေ့နိုင်စရာ အကြောင်းမရှိ။ အိမ်တွေနှင့် လှမ်းသည်။ သစ်ပင်များ ကွယ်နေသောကြောင့်လည်း ရုတ်တရက် လှမ်းမြင်နိုင်ဖို့မလွယ်။

ကျွန်တော်သည် ခါးကိုကိုင်းပြီး အိမ်ကြီးဆီသို့ ပြန်လည်ချဉ်းကပ်ခဲ့သည်။ ကျွန်တော် လုပ်နေပုံကို တစ်စုံတစ်ယောက်က မြင်တွေ့သွားမည်ဆိုလျှင် အလွန်တရာ အန္တရာယ်ကြီးလှသည်ကိုလည်း ကျွန်တော် သိပါသည်။

သစ်ပင်များကို အကာအကွယ်ယူပြီး အခန်းထဲသို့ လှမ်းကြည့်သည်။ မှန်များက ကြည်လင်နေသဖြင့် အခန်းတွင်းသို့ ကောင်းစွာမြင်ရသည်။

အခန်းထဲမှာ လူတွေရှိနေသည်။ အော်တိုမက္ကလိန်း၊ လက်ဖတင်နင် ဂင်ဘယ်လ်၊ ရှေ့နေဟင်နရီလိုက်ဖ်တန်၊ မစ္စတာဂရေး၏အလောင်းကို သူတို့ ငုံ့ကြည့်နေကြသည်။

တစ်ချက်ချေမိတော့မလို ဖြစ်သွားသည်။ ချေလိုက်လျှင် ကျွန်တော့် အသံကို သူတို့ ကြားသွားမည်။ ထို့ကြောင့် ထိုနေရာမှ အမြန်ဆုံး ခွာလာခဲ့ရတော့သည်။

မစ္စတာဂရေး ခိုင်းသဖြင့် အင်ဒီ ဆေးသွားဝယ်နေသည်ကို သတိရမိ



ပြန်သည်။ ယခုအချိန်တွင် ဆေးသောက်လိုက်ရလျှင် မည်မျှကောင်းချိမ့်မည်နည်းဟုလည်း တွေးမိပြန်သည်။

သို့သော် ကျွန်တော် မတတ်နိုင်တော့ပြီ။ သည်နေရာမှ အမြန်ဆုံး ထွက်ခွာသွားရတော့မည်။

ကျွန်တော် ဘယ်နေရာသို့ သွားရမည်နည်း။

မသေချာပါ။ ဘယ်နေရာကို သွားရမည်ဖြစ်ကြောင်း ကျွန်တော် မသိပါ။ ကျွန်တော် လုပ်ရန် အလုပ်နှစ်ခုသာ ရှိပါသည်။

ပထမအလုပ်မှာ ပုန်းအောင်းစရာ နေရာရှာဖွေဖို့ ဖြစ်ပါသည်။

ဒုတိယအလုပ်မှာ အက်ဒစ်ကို သတ်သည့် လူသတ်သမား အစစ်အမှန်ကို ရှာဖွေရန် ဖြစ်ပါသည်။

ပုန်းအောင်းဖို့နေရာ ရှာဖွေရန်မှာ ထင်သလောက် ခက်နိုင်မည် မဟုတ်ပါ။ သို့သော် ဒုတိယအချက်ဖြစ်သည့် လူသတ်သမား အစစ်အမှန်ကို ရှာဖွေဖို့ဆိုသည်မှာ မည်သို့မှ မဖြစ်နိုင်သော အလုပ်တစ်ခု ဖြစ်ပါသည်။

လောင်ဒီစဘတ်မြို့တွင် ကျွန်တော်သိသောလူဆိုလို့ လေးငါးခြောက်ယောက်သာ ရှိပါသည်။ ထိုသို့ သိသည့်အထဲတွင် ရဲတပ်ဖွဲ့ဝင်များက အများစုဖြစ်နေပါသည်။ သူတို့ထံမှ မည်သို့သော အကူအညီကိုမှ ရနိုင်မည် မဟုတ်ပါ။

အိမ်ဆီသို့ ပြန်သွားရမည်လားဟု စဉ်းစားမိသည်။ ဟင်နရီလိုက်ဖ်တန်ကို အကျိုးအကြောင်းပြောပြဖို့ စဉ်းစားမိသည်။ ယခုအချိန်လောက်ဆိုလျှင် ဟင်နရီလိုက်ဖ်တန်သည် ကျွန်တော့်ဘက်မှ ကာကွယ်ပြီး ဂင်ဘယ်လ်နှင့် အော်တိုမက္ကလိန်းကို ပြောကောင်းပြောနေပေလိမ့်မည်။

သို့သော်လည်း ကျွန်တော်၏ ခြေထောက်များက အိမ်နှင့် ဝေးရာဆီသို့ အလိုလို ရွေ့လျားနေလေသည်။

အိမ်နောက်ဘက် ခြံစည်းရိုးဆီသို့ ကျွန်တော် ရောက်လာသည်။ ခြံစည်းရိုးအပြင်တွင် နောက်ဖေးလမ်းကြားကလေး ရှိသည်။ ခြံစည်းရိုးတွင် ကာရံထားသည့် သံဆူးကြိုးက တစ်နေရာမှာ ပြုတ်ကျနေသည်။ ချုံနွယ်ပိတ်ပေါင်းများလည်း ထူထပ်နေသည်။ ထိုနေရာကလေးမှ အပြင်သို့ ထွက်ခဲ့သည်။

ဘယ်အရပ် ဘယ်ဒေသသို့ သွားရမည်ကို ကျွန်တော် မသိပါ။ ခြေဦးတည့်ရာသို့သာ လျှောက်လာနေမိသည်။ နောက်ဖေးလမ်းကြားကလေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ချိုင့်တွေ ကျင်းတွေ ပေါများလွန်းလှသည်။ မညီညာသော မြေပြင်ပေါ်မှာ လျှောက်နေရသည့်အတွက် ဒယီးဒယိုင် ဖြစ်နေသည်။

အအေးမိသည့်ဒဏ်က ပိုပြင်းထန်လာသောကြောင့် အဆက်မပြတ် နှာချေနေသည်။

ကျွန်တော် တွေ့ရမည့်သူသည် ဌာန်ဟေးလီးယတ်ဖိုက်ဖြစ်ကြောင်း ခေါင်းထဲမှာ ရုတ်တရက် ပေါ်လာသည်။ မှန်ပါသည်၊ ဟေးလီးယတ်တောင်ကုန်းကြီး၏ပိုင်ရှင်၊ ကျွန်တော်နှင့် ကွာရှင်းပြတ်စဲခဲ့သော အက်ဒစ်နှင့် လက်ထပ်ခဲ့သူ ဌာန်ဖိုက်ကို ကျွန်တော် သွားတွေ့ဖို့ လိုပါသည်။

ဌာန်ဖိုက်သည် လောင်ဒီစဘတ်တစ်မြို့လုံးအပေါ် ဩဇာကြီးသူ ဖြစ်သည်။ သည်ပြည်နယ်ကြီးတစ်ခုလုံးတွင် ဩဇာကြီးသူ ဖြစ်သည်။ ငွေကြေးချမ်းသာကြွယ်ဝသူ ဖြစ်သည်။

အော်တိုမက္ကလိန်းသည် ရဲအရာရှိ ဖြစ်သောကြောင့် အထိုက်အလျောက်ဩဇာရှိသည်။

ဟင်နရီလိုက်ဖ်တန်သည် အလွန်တော်သော ရှေ့နေဖြစ်သဖြင့် အစွမ်းအစတွေရှိသည်။

သို့သော် ဌာန်ဟေးလီးယတ်ဖိုက်ကိုတော့ သူတို့ မီနိုင်မည် မဟုတ်။ ဌာန်ဖိုက်ကို သူတို့ လွန်ဆန်နိုင်မည် မဟုတ်။ သူမှာ ငွေရှိသည်။ ငွေနှင့် ဘာမဆို ဖန်တီးယူနိုင်သည်။ လိုသောအရာကို ငွေနှင့်ပေါက်ယူနိုင်သူ ဖြစ်သည်။

အက်ဒစ်ကိုသတ်သူမှာ ဌာန်ဖိုက်ဖြစ်နိုင်ကြောင်း၊ ဌာန်ဖိုက်က ကိုယ်တိုင်မသတ်ဘဲ သူတပည့် ဒင်နီယယ်ဘင်နီယံကို သတ်ခိုင်းခဲ့တာ ဖြစ်နိုင်ကြောင်း ဂျင်နီဒင်ဒလာက ပြောခဲ့သည်။

သူပြောစကားများကို အလေးအနက် မှတ်ယူဖို့ ခက်ခဲသည်မှာ မှန်သည်။ သို့သော်လည်း ရနိုင်သမျှသော ကောက်ရိုးမျှင်များကို ကျွန်တော် ဆွဲကိုင်ရတော့မည်။ ရနိုင်သမျှသော အားကိုးရာများကို အရအမိ ဆုပ်ကိုင်ရတော့မည့်ဘဝ ဖြစ်သည်။

အအေးဓာတ်က လွန်ကဲလာသည်။ အဆက်မပြတ် နှာချေလာသည်။ ချောင်းကပါ ရောစွက်လာသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ မိမိရောက်နေသည့် နေရာအနေအထားကို အကဲခတ်ကြည့်သည်။ ထိုအခိုက်မှာပင်



အဆက်မပြတ် ချေပြန်သည်။

အအေးမိသော ရောဂါဖြင့် သေနိုင်ကြောင်း ဆရာဝန်တစ်ယောက်က ပြောဖူးသည်။ သို့သော် လျှပ်စစ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်ရမည့် အန္တရာယ်က နီးကပ်လွန်းနေသည်။ ထို့ကြောင့် အားမလျှော့တမ်း ဆက်လျှောက်ခဲ့သည်။

ဟေးလီးယတ်တောင်ကုန်းသည် မြို့နှင့် ခြောက်မိုင်ခန့်အကွာတွင် ရှိသည်။ မော်တော်ကားနှင့်သွားလျှင် အလွန်နီးသည့်ခရီး ဖြစ်ပါသည်။ သို့သော်လည်း ယခုလို ကုန်းကြောင်းသွားနေရသည်မှာ အလွန်တရာ ခက်ခဲပါသည်။ ရဲတပ်ဖွဲ့ဝင်များက နောက်မှတရစပ်လိုက်ခြင်းကို ခံနေရသော ဝရမ်းပြေးလည်း ဖြစ်နေပြန်သဖြင့် ပိုဆိုးသည်။

မစ္စတာဂရေး၏အိမ်မှာ မြို့မြောက်ဘက်အစွန်တွင် ရှိနေသောကြောင့် ကျွန်တော် ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဟေးလီးယတ်တောင်ကုန်းမှာ မြို့အရှေ့ဘက် လမ်းဘေးတွင် ရှိသည်။ ဖြတ်လမ်းများအတိုင်း လိုက်သွားလျှင် အတော်အသင့်တော့ မြေကြောလျှော့လိုက်နိုင်သည့်သဘော ရှိနေသည်။

နောက်တစ်မျိုး ကျွန်တော် ကံကောင်းနေသည်မှာ ယခု ကျွန်တော် ရောက်နေသည့်အရပ်တွင် လူနေအိမ်ခြေ ကျဲနေခြင်းဖြစ်သည်။ တစ်အိမ်နှင့်တစ်အိမ် အလွန်ဝေးသည်။ ထိုမျှမကသေး၊ ခြံများအားလုံးမှာလည်း စိုက်ပျိုးရေး ခြံများလည်း ဖြစ်နေသဖြင့် လူနေနည်းသည်။

အိမ်များကို လှမ်းကြည့်လိုက်သောအခါ လူသူရှိပုံမရ။ ပြတင်းပေါက်များ၊ တံခါးများကို ပိတ်ထားကြသည်။ မီးခိုးခေါင်းတိုင်များကို ကျွန်တော် လှမ်းကြည့်သည်။ မီးခိုးထွက်နေသော ခေါင်းတိုင် ဟူ၍ မရှိ။

တောင်ကုန်းများပေါ်သို့ ကျွန်တော် မနားတမ်း တက်လာခဲ့သည်။

လမ်းက ပိုကြမ်းလာသည်။ အိမ်များကလည်း ပိုကျဲလာသည်။ ဆင်ခြေလျှောကလေးတစ်ခုသို့အရောက်တွင် တယ်လီဖုန်းကြိုးသွယ်ထားသည့် အိမ်တစ်လုံးကို တွေ့ရသည်။ မီးခိုးခေါင်းတိုင်ကို ကျွန်တော် လှမ်းကြည့်သည်။ မီးခိုးထွက်မနေပါ။ ပြတင်းပေါက်များနှင့် တံခါးများကို ကြည့်သည်။ အားလုံးပိတ်ထားသည်။

မိုးဖွဲကလေးများ ကျလာသည်။ ဆိုးဆိုးရွားရွား အေးလာသည်။ ပတ်ဝန်းကျင်ကို တစ်ကြိမ်လှည့်ကြည့်မိပြန်သည်။ လူရိပ်လူခြည်ကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမတွေ့ရ။ တယ်လီဖုန်းရှိနေသည့် အိမ်ဝင်းထဲမှာ ကားဂိုဒေါင်ကို လှမ်းကြည့်သည်။ တံခါး ပွင့်နေသည်။ အထဲမှာ မော်တော်ကား မရှိ။

သည်မျှဆိုလျှင် လုံလောက်ပေပြီ။

သတိထား၍ အိမ်ဝင်းအတွင်းသို့ ဝင်ခဲ့သည်။ ပြတင်းပေါက်များမှ တဆင့် အိမ်အောက်ထပ် အတွင်းပိုင်းကို ချောင်းကြည့်သည်။ အတွင်းမှာ မည်သူ တစ်စုံတစ်ယောက်မှ မရှိ။

အိမ်ရှေ့ဘက်သို့ ကျွန်တော် ပြန်လာသည်။ အိမ်ရှေ့တံခါးကို သော့ခတ်ထားသည်။

အိတ်ထဲမှာ ပါလာသော သော့တွဲကို ထုတ်ယူသည်။ မော်တော်ကား သော့နှင့် ဖွင့်ကြည့်သည်။ မရ။ အခြားသော့များနှင့် ဖွင့်ကြည့်သည်။ အကြောင်း မထူး။ ရှီကာဂို အိမ်ခန်းသော့နှင့် ဖွင့်ကြည့်သည်။ အချည်းနှီးပင်။

ခက်ဆီဆိုင်များကပေးသည့် ကတ်ပြားအမာကလေးနှင့် ဖွင့်ကြည့်သည်။ စုံထောက်ဝတ္ထုများထဲတွင် ထိုကတ်ပြားကလေးများနှင့် သော့များကို ဖွင့်လျှင်ရကြောင်း ရေးသားသည်ကို ဖတ်ရဖူးသည်။ သို့သော် မအောင်မြင်။ သည်တံခါးသော့က စုံထောက်ဝတ္ထုများကို မဖတ်ဖူးသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

အိမ်ဘေးဘက်သို့ လှည့်လာခဲ့သည်။ ပြတင်းပေါက်များကို တွန်းကြည့်သည်။ အိမ်ရှင်သည် တံခါးပိတ်သည့်အလုပ်ကို တော်တော်ဝါသနာကြီးပုံရသည်။ ပြတင်းပေါက်များအားလုံး အတွင်းမှ လုံလုံခြုံခြုံ ပိတ်ထားသည်ကိုသာ တွေ့ရသည်။

အိမ်နောက်ဘက်သို့ လှည့်လာခဲ့သည်။ နောက်ဖေးတံခါးကို တွန်းကြည့်သည်။ အလွယ်တကူ ပွင့်သွားသည်ကို တွေ့ရသည်။ အိမ်ရှင်သည် နောက်ဖေးတံခါးကို ပိတ်ဖို့တော့ ဝါသနာပါပုံ မရပါ။

အောက်ထပ်သို့ ကျွန်တော် ဝင်ခဲ့သည်။ တယ်လီဖုန်း ရှိမည်ထင်သည့် နေရာကို ရှာကြည့်သည်။ သည်အိမ်ထဲမှာ နေထိုင်ကြသူများသည် လွန်ခဲ့သည့် နာရီအတော်ကြာကြာကတည်းက အပြင်ထွက်သွားကြပုံရသည်။

ညှော်ခန်းတစ်နေရာမှာ တယ်လီဖုန်းကို တွေ့ရသည်။

လောင်ဒီစဘတ်မြို့ပေါ်တွင် တက္ကစီကား ကုမ္ပဏီသုံးခု ရှိသည်။



သို့သော်လည်း ဒင်ဒလာဟူသော နာမည်နှင့် တစ်ခုမှ မတွေ့ရ။ ချက်ကား မိုးဝါနှင့် လောင်ဒီစဘတ်ဆိုသော ကုမ္ပဏီသုံးခု၏ အမည်ကိုသာ တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲမှာ တွေ့ရသည်။

ကိုယ်ပိုင်နံပါတ်များကို ရှာကြည့်သည်။ ဟာရေ့စ်ဒင်ဒလာ ဆိုသူ၏ တယ်လီဖုန်းတစ်လုံး၊ အိပ်-ဂျေ-ဒင်ဒလာ ဆိုသူ၏ တယ်လီဖုန်းတစ်လုံးကို တွေ့ရသည်။

ပထမဖုန်းနံပါတ်ကို လှည့်ကြည့်သည်။ မည်သူမှ ပြန်မထူး။

ဒုတိယဖုန်းကတော့ ဂျင်နီ့အစ်ကို၏ဖုန်း ဖြစ်နိုင်သည်။ သူတို့ထံ ဆက်ခြင်းအားဖြင့် အခြေအနေတွေက ပိုမိုရှုပ်ထွေးကုန်နိုင်သည်။ ထို့ကြောင့် လက်ရှောင်လိုက်သည်။

မိုးဝါတက္ကစီကုမ္ပဏီကို ဆက်ကြည့်သည်။ တစ်ဘက်မှ အမျိုးသား တစ်ယောက်က ပြန်ထူးသောကြောင့် စကားပြောခွက်ကို အသာကလေး ပြန်ချထားလိုက်မိသည်။

လောင်ဒီစဘတ်တက္ကစီကုမ္ပဏီကို ဆက်ကြည့်သည်။

"ကားငှားချင်လို့လားရှင်"

ကျွန်တော် အလွန်ကံကောင်းသွားပြန်ပါသည်။ တစ်ဘက်မှ ပြန်ထူးသူမှာ ဂျင်နီဒင်ဒလာ၏ အသံဖြစ်ကြောင်း ကျွန်တော် ချက်ချင်းသိလိုက်ပါတော့သည်။

"ဂျင်နီ ကိုယ် မင်းနဲ့ စကားပြောချင်တယ်"

ကျွန်တော်က ဝမ်းသာအားရ ပြန်ပြောသည်။ ဂျင်နီသည် အလွန်တော်သော မိန်းကလေး ဖြစ်နေသည်ကို တွေ့ရသည်။ ကျွန်တော် ဘာဆိုလိုသည်ကို သူ ချက်ချင်းသဘောပေါက်သွားသည်။ တောင်တောင်မြောက်မြောက် စကားပို တွေ မေးမနေတော့။

"ရှင် အခု ဘယ်မှာလဲ"

"မစ္စတာဂရေးရဲ့ အိမ်အလွန် လေးမိုင်လောက်မှာ ရောက်နေတယ်၊ တောင်ပေါ်ကို တက်သွားတဲ့ လမ်းကလေး၊ ပြီးတော့ ဟေးလီးယတ်တောင်ကုန်း ပေါ်ကိုတက်တဲ့ လမ်းခွဲနားမှာ"

"ဆေးအညိုနဲ့ မျဉ်းကြောင်းအစိမ်း သုတ်ထားတဲ့ အိမ်ကလေး၊ နှစ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လား"

"ဟုတ်တယ်"

"အဲဒါ မက်အယ်လစ္စတာရဲ့ အိမ်ပဲ၊ တစ်နာရီလောက်ကြာရင် သူတို့ ပြန်ရောက်လာကြလိမ့်မယ်၊ အဲဒီအိမ်အလွန်မှာရှိတဲ့ ထင်းရှူးပင် အုပ်အုပ်ကလေး အောက်က စောင့်နေ"

"ကောင်းပြီ ဂျင်နီ"

"ခဏကြာရင် ကျွန်မ ရောက်လာမယ်"

တယ်လီဖုန်းကို ပြန်ချပြီး ခြေရာလက်ရာ မကျန်အောင် သတိထားကာ နောက်ဖေးပေါက်မှပင် ကျွန်တော် ပြန်ထွက်လာခဲ့သည်။

အိမ်ထဲမှမထွက်မီ ရေခဲသေတ္တာတစ်လုံးကို လှမ်းမြင်ရသည်။ ဗိုက်ထဲက အလိုလို ဆာလာသည်။ သို့သော်လည်း ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းလိုက်ရပါသည်။

လမ်းက မြေလမ်းဖြစ်သည်။ မိုးဖွဲဖွဲ ရွာထားသောကြောင့် ချော်နေသည်။ ဖိနပ်မှာလည်း ရွံ့တွေကပ်ပါလာသည်။ ခက်ခက်ခဲခဲ လျှောက်ရင်းဖြင့်ပင် ဂျင်နီပြောသည့် ထင်းရှူးပင်အုပ်စုကလေးသို့ ရောက်လာသည်။

ခြောက်သည့်နေရာကလေးကိုရှာပြီး သစ်ပင်ကိုမှီရင်း စီးကရက်တစ်လိပ် မီးညှိသောက်ကာ စောင့်နေသည်။

ပထမတစ်လိပ်ကုန်ပြီး ဒုတိယတစ်လိပ်ကို ညှိလိုက်သည့် အချိန်မှာပင် မော်တော်ကားတစ်စီး မောင်းတက်လာသည်ကို တွေ့ရသည်။ မလှမ်းမကမ်းတွင်ရပ်ပြီး ဂျင်နီ ဆင်းလာသည်။

သို့သော်လည်း ယောက်ျားတစ်ယောက်က ကားမောင်းလာသည်ကို တွေ့ရသည်။ ဂျင်နီတစ်ယောက်တည်း လာမည်ဟု ကျွန်တော် ထင်ထားမိသည်။ ယခုလို ယောက်ျားတစ်ယောက် အပိုပါလာသည်ကို တွေ့ရသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးဖို့ ကျွန်တော် ခြေလှမ်းပြင်မိသည်။ သို့သော် ဂျင်နီ၏အသံပေါ်ထွက်လာသောကြောင့် မပြေးဖြစ်တော့ပါ။

"ရှင်တစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေတာလဲ"

"မင်းကို စောင့်နေတာ၊ ကိုယ့်အနေနဲ့ ဗျူနိဖိုက်ကို တွေ့မှဖြစ်တော့မယ်၊ ဘယ်လိုလုပ်ပြီး တွေ့ရမယ်ဆိုတာ မင်းများ ကူညီနိုင်မလားလို့"



ထိုစကားများကို ပြောနေရသော်လည်း ကျွန်တော်က ဂျင်နီကို မကြည့်ပါ။ သူ့ကိုကျော်ပြီး ကားထဲမှလူကိုသာ လှမ်းကြည့်နေမိသည်။

"ကျွန်မမောင်ပါ၊ သူ့မှာ သေနတ်ပါလာတယ်၊ ရှင့်ကို ချိန်ထားတယ်"

"မစ္စတာဂရေးကို ကိုယ် မသတ်ပါဘူး၊ သူ့အာမခံကို မက္ကလိန်းက ဖျက်ပစ်လိုက်တယ်၊ အဘိုးကြီးကို သူယော်ပြန်နေပြီလို့ အကြောင်းပြတယ်၊ အဲဒါကြောင့် အဘိုးကြီး ရုတ်တရက် သေသွားတာပဲ၊ သူ့ကို မက္ကလိန်းက သတ်ပစ်လိုက်တာပါ"

"မက္ကလိန်းဟာ ဒီလိုပဲ လုပ်တော့မှာပေါ့လေ"

ဂျင်နီက ဘာစကားမှ ဆက်မပြောဘဲ ဖြတ်ပစ်လိုက်သည်။ ကျွန်တော်ကလည်း ဘာပြောရမှန်း မသိသောကြောင့် ခပ်ကြောင်ကြောင် ရပ်နေမိသည်။ ခဏကြာတော့မှ ဂျင်နီက ပြောသည်။

"စီးကရက် ရှိသေးသလား၊ ကျွန်မ စီးကရက်ဘူး ကျန်နေရစ်ခဲ့လို့"

အိတ်ထဲမှ စီးကရက်ဘူးကို နှိုက်ယူလိုက်သည်။ သို့သော်လည်း ကျွန်တော့်လက်များ တဆတ်ဆတ် တုန်နေသောကြောင့် ဂျင်နီကပင် စီးကရက်ဘူးကို သူ့ဘာသာသူ လှမ်းဆွဲယူပြီး တစ်လိပ်ထုတ်ကာ မီးညှိသောက်သည်။

"မက်...မက်ဟာ မင်းပြောခဲ့သလိုပဲ အလွန်ဆိုးတဲ့ လူပါကွာ"

အော်တိုမက္ကလိန်းကို ကိုင်တွယ်ရန် ဂျင်နီသည် အကောင်းဆုံး အညာဖြစ်ကြောင်း ကျွန်တော် ခန့်မှန်းမိသောကြောင့် ထိုစကားကို ကျွန်တော် ပြောချလိုက်မိလေသည်။

"သူ့ယောက္ခမကြီးက သူ့အပေါ်မှာ သိပ်ကောင်းတာ၊ နေစမ်းပါဦး ဗျူနိဖိုက်နဲ့ရှင် တွေ့နိုင်အောင် ကျွန်မက ဘာလုပ်ပေးရမှာလဲ"

ထိုမေးခွန်းသည် ကျွန်တော် မဖြေနိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ထို့ကြောင့် ဘာပြောရမှန်း မသိဘဲ ခပ်ကြောင်ကြောင် ရပ်နေမိသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း အအေးဒဏ်ကြောင့် တဆတ်ဆတ် တုန်နေပြီ။

"ကိုယ်လည်း မပြောတတ်တော့ဘူးကွာ၊ ဒါပေမဲ့ ဒီနေရာတစ်ဝိုက်ကို မင်းက ကျွမ်းကျင်တယ် မဟုတ်လား၊ နောက်ပြီးတော့ သူ့ရဲ့ ယူနီဖောင်းဝတ်အစောင့်တွေကို ဘယ်လိုရှောင်တိမ်းပြီး ဝင်ရမယ်ဆိုတာကိုလည်း မင်းများ သိထားမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီက ခေါင်းကို သာသာယမ်းရင်း မျက်မှောင်ကုပ်ကာ စဉ်းစားနေသည်။

"ဒင်နီယယ်ဘင်နီယံက ညဘက်တာဝန် ဖြစ်နေတယ်၊ သူသာ နေ့ဘက်တာဝန် ဆိုရင်တော့ လွယ်ပါတယ်၊ အဲဒီလူက နှာဘူး…သိတယ် မဟုတ်လား၊ မိန်းကလေးတွေမြင်ရင် နည်းနည်းကလေးမှ ဣန္ဒြေဆည်နိုင်တာ မဟုတ်ဘူး၊ ကျွန်မ မျက်ခုံးတစ်ချက်ပင့်လိုက်ရင် ခြေထောက်အောက် ရောက်လာမှာ၊ ဒါပေမဲ့ ခရော်စ်လေတော့ရှိတယ်…နေဦး၊ ကျွန်မမောင်နဲ့ သွားတိုင်ပင်ကြည့်ဦးမယ်"

မော်တော်ကား ရပ်ထားသည့်နေရာသို့ သူပြန်လျှောက်သွားသည်။ သူ့မောင်က ကားပေါ်မှ ဆင်းလာသည်။ လက်ထဲတွင် ပိုင့် (၄၅) ပစ္စတိုကြီးကို ကိုင်ထားသည်။ သို့သော် ကျွန်တော့်ကို ချိန်ထားခြင်းကား မရှိပါ။ မြေကြီးပေါ်သို့ ပြောင်းစိုက် ကိုင်ထားသည်။

သူတို့မောင်နှမနှစ်ယောက် ခဏကြာအောင် ရပ်စကားပြောနေကြသည်။ ဂျင်နီက ကျွန်တော့်ကို ကျောခိုင်းထားသည်။ သို့သော်လည်း သူ့မောင်ကတော့ ကျွန်တော့်ကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ဂျင်နီက ကျွန်တော့်ကို လက်ယပ်ခေါ်သည်။ ထို့ကြောင့် သူတို့ဆီသို့ လျှောက်သွားလိုက်သည်။

"ကားပေါ်တက်"

ဂျင်နီက ပြောသည်။ ကျွန်တော် ကားပေါ်တက်ဖို့ ပြင်လိုက်သည်။

"ခင်ဗျားလက်နှစ်ဘက်စလုံး ဘောင်းဘီအိတ်ထဲမှာ ထည့်ထားပါ၊ ကျုပ်ကားပေါ်မှာ ခင်ဗျားလက်ဗွေတွေ ထင်ကျန်နေရစ်တာ အဖြစ်မခံနိုင်ဘူး"

ဟု သူ့မောင်က ပြောသည်။

"လက်တွေလည်း ပဲကြီးရေခွံတွန့်နေပါပြီ မောင်ရာ၊ ဘယ်နည်းနဲ့မှ လက်ဗွေမထင်နိုင်တော့ပါဘူး"

"ဒါဆို ပျော်စရာကောင်းတာပေါ့ဗျာ"

သူက မောင်းသူနေရာမှာ ဝင်ထိုင်သည်။ ဂျင်နီနှင့် ကျွန်တော်က နောက်ခုံမှာ ထိုင်ကြသည်။ ဂျင်နီက ကျွန်တော့်ကို မျက်မှောင်ကုပ်ပြီး ကြည့်နေသည်။



"ရှင် အအေးမိနေပြီထင်တယ်၊ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေပါလား"

"အခုကြုံတွေ့နေရတဲ့ ဒုက္ခတွေနဲ့စာရင် သေလိုက်ရတာကမှ ကောင်းဦးမယ်နဲ့ တူပါတယ် ဂျင်နီရယ်"

"ဒီနေရာတစ်ဝိုက်က မြို့ထဲမှာထက် အအေးပိုတယ်၊ ဒီရာသီမှာ နှစ်တိုင်း ဒီလိုပဲ ရာသီဥတုဖောက်တယ်"

သူလည်ပင်းမှာ သိုးမွေးမာဖလာကလေး ပတ်ထားသည်။ ထိုမာဖလာကလေးကိုဖြုတ်ပြီး ကျွန်တော့်ကို ပေးသည်။ ကျွန်တော်က လည်ပင်းမှာ ပတ်လိုက်သည်။ အတော်ကလေး သက်သာရ ရသွားသည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း သွားချင်းရိုက်ကာ ခိုက်ခိုက်တုန်နေဆဲပင် ဖြစ်သည်။

သူက ကျွန်တော့်ပခုံးကို ဖွဲ့ယူသည်။ သူ့လက်နှစ်ဘက်နှင့် တင်းတင်းကြီး ဖက်ပေးထားသည်။ အိစက်နူးညံ့ပြီး နွေးနေသော သူ့ကိုယ်လုံးနှင့် တင်းတင်းကြီး ပူးကပ်နေရသောကြောင့် အများကြီး အချမ်းပြေသွားပါတော့သည်။

ကျွန်တော့်ကို သူဖက်ထားပုံမှာ မည်သည့်ခံစားချက်မျိုးမှ ရှိပုံမရပါ။ တိရစ္ဆာန် ဆေးကုဆရာဝန်တစ်ယောက်က ရောဂါဖြစ်နေသည့် တိရစ္ဆာန်တစ်ကောင်ကို ဆေးဝါးကုသ ပေးသည့် သဘောမျိုးသာ ဖြစ်နေပါသည်။

မော်တော်ကား မောင်းထွက်လာသည်။ တစ်နေရာရောက်တော့ ရပ်သည်။

"ဒီနေရာပဲ"

ဟု ပြောသည်။

ကျွန်တော်တို့နှစ်ယောက် ကားပေါ်မှ ဆင်းကြသည်။ ကားက ဂ,ငယ်ကွေ့,ကွေ့ပြီး နောက်ပြန်လှည့်မောင်းသွားသည်။

"ဟိုအကွေ့နားမှာသွားပြီး ကျွန်မကို စောင့်နေလိမ့်မယ်၊ ရက်လိုအချောင်သက်သက် အဖမ်းခံရတာမျိုး သူက အဖြစ်မခံချင်ဘူးလေ"

"မော်တော်ကားဘီးရာတွေ ထင်ကျန်ခဲ့ပြီး သဲလွန်စ ရသွားမှာ စိုးလို့လား"

"မဟုတ်ဘူး ကျွန်မတို့ ဒီတစ်နယ်လုံးက မော်တော်ကားတာယာ တစ်မျိုးတည်းကိုပဲ သုံးကြတာ၊ မြို့ပေါ်မှာရှိတဲ့ လူတွေတစ်ဝက်လောက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတည်းကို သုံးတာပဲ၊ ဒီအတွက်တော့ စိုးရိမ်စရာ မရှိပါဘူး''

ကျွန်တော်တို့နှစ်ယောက် ရှေ့ဘက်သို့ ဆက်လျှောက်လာကြသည်။

''ကျူးကျော်ဝင်ရောက်လာသူများ ပေးလီးယတ်မြေယာဖွံ့ဖြိုးရေး ကုမ္ပဏီ၏ တရားစွဲဆိုခြင်းကို ခံရမည်''

ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။

မြေယာဖွံ့ဖြိုးရေးအတွက် ဘာတွေလုပ်ကိုင်ထားသည်ကို ကျွန်တော် မမြင်မိပါ။ သို့သော်လည်း ကျွန်တော်တို့ရှေ့မှာရှိသည့် လင်းဟတော့ ထူးဆန်းနေသည်။ လွှစာမှုန့်များကို သပ်သပ်ရပ်ရပ် ခင်းထားသည်။

''အဲဒီလွှစာမှုန့်တွေ ခင်းထားတဲ့လမ်းက မိုင်နှစ်ဆယ်လောက် ရှည်တယ်၊ ပတ်ဝန်းကျင်မှာက ရှုမျှော်ခင်းတွေချည်းပဲ၊ ဒီလမ်းပေါ်မှာ သူမြင်းတွေကို မောင်းတော့ မြင်းခြေထောက် မနာဘူးပေါ့''

ကျွန်တော်က ငေးကြည့်နေသည်ကို မြင်သောကြောင့် ဂျင်နီက ရှင်းပြသည်။

''ဒါလောက်တောင်ပဲ တတ်နိုင်သလားကွာ''

''တိုးတိုးပြော အစောင့်တွေ အချိန်မရွေး မြင်းနဲ့ ရောက်လာနိုင်တယ်၊ ဒီလမ်းပေါ်မှာ မြင်းစီးလာရင်လည်း ခွာသံကို ကြားရမှာ မဟုတ်ဘူးလေ''

''မင်း အထက်တန်းကျောင်းသူ ဘဝတုန်းက ရည်းစားနဲ့ ချိန်းတွေ့ရင်း ဖမ်းမိသွားတာ အခုလို အလစ်မိသွားတာပဲလား''

''သိပ်ဟုတ်တာပေါ့၊ ဟီး…ဟီး…''

ကျွန်တော်တို့နှစ်ယောက် လေသံသာသာကလေးဖြင့် စကားပြောနေကြခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဂျင်နီ၏ ရယ်သံကလေးက ခပ်လွင်လွင်ကလေး ပေါ်ထွက်လာသည်။

''အဲဒီတုန်းက မင်းတို့နှစ်ယောက် ဘာလုပ်နေကြလို့တုန်း''

''တိုးတိုးပြော၊ ဒီနေရာကနေပြီး ဆင်ခြေလျှောအတိုင်း ရှင် ဆင်းသွားတော့၊ ကျွန်မ မိနစ်နှစ်ဆယ်လောက် ဒီက စောင့်ကြည့်ပေးမယ်၊ တည့်တည့်သွားမလား၊ ဟိုဘက်က လှည့်သွားမလား''

''ဟိုဘက်က လှည့်သွားချင်တယ်''

''ကောင်းတယ်၊ ဘယ်ဘက်ကသွားသွား ရတယ်၊ ကံကောင်းပါစေ၊



မိနစ်နှစ်ဆယ်လောက်အတွင်း ပေးလီးယတ်တောင်ကုန်းပေါ်ကို ရှင်ရောက်သွားမှာပဲ၊ အဲဒီအတိုင်း လမ်းမမှားအောင်သာသွား၊ ခပ်သုတ်သုတ် လျှောက်နိုင်တာပေါ့မှာလည်း တည်တယ်''

လွှစာမှုန့်များ ခင်းထားသည့်လမ်းအတိုင်း ကျွန်တော် လျှောက်လာခဲ့သည်။ ထိုလမ်းပေါ်တွင် လျှောက်ရသည်မှာ အိပက် အိပ်ပက်ဖြင့် တစ်မျိုး လျှောက်လို့ကောင်းနေသည်။ တစ်နေရာရောက်တော့ ခင်းထားသည့် လွှစာမှုန့်များကို ငုံ့ကြည့်မိသည်။ အနည်းဆုံး ဒုတစ်ပေလောက် ရှိပေမည်။ ဒါလောက် ထုထည်ကောင်းသော လွှစာမှုန့်များကို မိုင်နှစ်ဆယ်မျှရှည်အောင် လမ်းခင်းရသည့်အတွက် ဗျွန်ဖိုက်အဖို့ ငွေအမြောက်အမြား ကုန်ကျပေလိမ့်မည်။

ကျွန်တော် ချောင်းဆိုးပြန်သည်။ သည်အတိုင်း ချောင်းဆိုးနေမည်ဆိုလျှင် တစ်ယောက်ယောက်က ကြားသွားပြီး အလွယ်ကလေးနှင့် အဖမ်းခံသွားရဖွယ်ရာအကြောင်း ရှိလေသည်။

တောင်ကုန်းတစ်နေရာသို့ရောက်တော့ သစ်ပင်အုပ်အုပ်ကလေးတစ်ခုကို တွေ့သည်။ ထိုသစ်ပင်ရိပ်မှာ ကျွန်တော် ခဏနားသည်။ စီးကရက်တစ်လိပ် မီးညှိသောက်သည်။ စီးကရက်သောက်လိုက်သောကြောင့် ချောင်းဆိုးရပ်သွားလေသည်။

သည်မျှရှည်လျားသည့် လမ်းပေါ်တွင် လွှစာမှုန့်ပေါင်း မည်မျှများပြားအောင် ခင်းရမည်နည်း။ ဆယ်တန်ကားနှင့် ဘယ်နှစ်စီးတိုက်လောက် ရှိမည်နည်းဟုလည်း ခန့်မှန်းကြည့်နေမိသည်။

ကျွန်တော် မျက်နှာမူထားရာအရပ်တွင် တောင်ကြားလွင်ပြင်ကလေး ရှိသည်။ သို့သော်လည်း လွင်ပြင်အဆုံးကို မမြင်ရပါ။ ဗျွန်ဖိုက်၏ သစ်တောဝါရင့်များက သစ်ပင်မျိုးစုံကို စိုက်ပျိုးပြုပြင်ပေးထားကြလေသည်။

စီးကရက်တိုကို နင်းခြေခဲ့ပြီး ဆက်လျှောက်ခဲ့ပြန်သည်။

အအေးကလည်း မိနေသည်။ ဗိုက်ကလည်း ဆာနေသည်။ ခရီးပြင်းနှင်ခဲ့ရသောကြောင့် ခြေထောက်များ ကိုက်ခဲနာကျင်နေပြီ။ မျက်လုံးများကလည်း ပြာဝေလာသည်။

သို့သော်လည်း တောင်ကုန်းကလေးပေါ်သို့ ကျွန်တော် ကြိုးစားတက်ခဲ့သည်။ တောအုပ်ကလေး ဆုံးသွားသောအခါ မြင်းဇောင်းများ တန်းစီဆောက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားသည်ကို မြင်ရသည်။ မြင်းဇောင်းများကို ခြံစည်းရိုးအဖြူများဖြင့် ကာရံထားသည်။ မြင်းဇောင်းတစ်ခုရှေ့တွင် အလုပ်သမား လေး၊ ငါး၊ ခြောက်ယောက်တို့ မြင်းသံခွာ ရိုက်နေကြသည်ကိုပါ လှမ်းမြင်ရသည်။

သူတို့ကို ကွင်းပြီး ကျွန်တော် ဆက်တက်ခဲ့သည်။ ပင်ပန်းလွန်းသောကြောင့် လျှာအလျားလိုက် ထွက်နေပြီ။

တောင်ပေါ်သို့ ရောက်လာသည်။ ဝှန်ဖိုက်၏ အိမ်ကြီးကို ဘွားကနဲ တွေ့လိုက်ရသည်။ အိမ်နောက်ဖေးဘက်သို့ ကျွန်တော် ရောက်နေခြင်း ဖြစ်သည်။ အရိပ်ကောင်းသော သစ်အယ်ပင်ကြီးတစ်ပင်အောက်မှာ ခဏနားသည်။ အိမ်ကြီးဆီသို့ လှမ်းကြည့်သည်။

မနေ့တုန်းက ကြာသပတေးနေ့ ဖြစ်သည်။ အိမ်မှာရှိသော အလုပ်သမားများ ရက်အား ရကြသည့်နေ့ ဖြစ်သည်။ ယနေ့တော့ သောကြာနေ့ ဖြစ်သဖြင့် အားလုံးအလုပ်ပြန်ဆင်းနေကြပေလိမ့်မည်။ တစ်ရက် အနားယူခဲ့ပြီး ဖြစ်သဖြင့် လုပ်ငန်းများကို ရွှင်ရွှင်လန်းလန်း လုပ်ကိုင်နေကြပေလိမ့်မည်။

ဒရိုင်ဘာဖြစ်ဟန်တူသူနှစ်ယောက် မော်တော်ကားများကို ပြောင်လက်အောင် တိုက်နေကြသည်။ ဥယျာဉ်မှူးက ရှည်နေသည့် အပင်များကို လိုက်ဖြတ်နေသည်။ ထိုအခိုက် အမျိုးသမီးတစ်ယောက် အိမ်နောက်ဘက်သို့ ထွက်လာပြီး အမှိုက်များ သွန်သည်။

ပို၍အရိပ်ကောင်းသော သစ်အယ်ပင် တစ်ပင်အောက်သို့ ကျွန်တော် နေရာပြောင်းခဲ့သည်။ ထိုနေရာမှာ ခဏနားသည်။ စီးကရက်သောက်ဖို့ စိတ်ကူးသေးသည်။ သို့သော် မီးခိုးထွက်လာသည်ကိုမြင်လျှင် ဟောလီးယတ်တောင်ကုန်းတစ်ခုလုံးပေါ်တွင် မီးလုန့်ဥသြသံတွေ ဆူညံစွာ ပေါ်ထွက်လာမည်မှာ မလွဲပေ။ ထို့ကြောင့် မသောက်ဖြစ်တော့။

သစ်အယ်ပင်အောက်မှာ နားရင်း အက်ဒစ်အကြောင်းကို ပြန်စဉ်းစားကြည့်မိသည်။ ကျွန်တော်နှင့် ပေါင်းသင်းနေစဉ်က တနင်္ဂနွေတစ်ပတ်လျှင် ဟိုတယ်မှာ အနည်းဆုံး သုံးကြိမ်လောက် ထမင်းသွားစားဖို့ တောင်းဆိုတတ်သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် စကားများ ရန်ဖြစ်ခဲ့ကြရသည်မှာ အကြိမ်ကြိမ် ဖြစ်သည်။

ကျွန်တော်လို ငမွဲကို တစ်ပတ် သုံးကြိမ် ဟိုတယ်မှာ ထမင်းကျွေး



နိုင်းသည်ဆိုလျှင် ဝှန်ဖိုက်လို သူဌေးကြီးကို ဘာများပူဆာလေမည်နည်း။ တနင်္ဂနွေ တစ်ပတ်လျှင် ဟိုတယ်ကြီးသုံးလုံး မှန်မှန်ဝယ်ပေးဖို့ ပူဆာကောင်း ပူဆာပေလိမ့်မည်။

ကျွန်တော်နှင့် ပေါင်းသင်းနေခိုက် ကျွန်တော် ဒေါသပေါက်ကွဲအောင် အကြိမ်ကြိမ် လုပ်ခဲ့သည်။ သူ့ကို အသေသတ်ပစ်ချင်လောက်အောင် ဒေါသပေါက်ကွဲစေခဲ့သည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရှိခဲ့သည်။

ဝှန်ဖိုက်လည်း ထိုအဖြစ်များနှင့် မလွဲမသွေ ကြုံတွေ့ရပေမည်။ ကျွန်တော့်ထက် ပိုဆိုးချင်သာ ဆိုးရမည်။ မည်သည့်နည်းနှင့်မျှ မလျော့နိုင်။

ဝှန်ဖိုက်လို ငွေကြေးချမ်းသာသူတစ်ယောက်အဖို့တော့ အက်ဒစ်သည် အန္တရာယ်ကောင်မတစ်ယောက် ဖြစ်ဖို့သာ များလေသည်။

ဝှန်ဖိုက်သည် အကြောင်းမဲ့ လက်ဖွာပုံမရ။ သူ့မြင်းများ၊ မော်တော်ကားများ၊ သစ်တောများနှင့် ပတ်သက်၍မူ မတွန့်မတို သုံးကောင်းသုံးလိမ့်မည်။

သူ့မိန်းမ အသုံးအဖြုန်း ကြီးသမျှများကို အလိုလိုက်ကောင်းလည်း လိုက်ပါလိမ့်မည်။ ခွင့်ပြုကောင်း ပြုပါလိမ့်မည်။

"ဒီအတိုင်းဆိုရင် အက်ဒစ်က ဝှန်ဖိုက်ကို ညည်းငွေ့မှာတော့ မဟုတ်ဘူး။ ဘယ်နည်းနဲ့မှ ညည်းငွေ့မှာ မဟုတ်ဘူး"

ကျွန်တော်သည် သစ်အယ်ပင်ကြီးကို ပြောပြနေမိသည်။

ခဏကြာတော့ ကျွန်တော် အိပ်ပျော်သွားသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မည်မျှကြာအောင် ကျွန်တော် အိပ်ပျော်သွားသည် မသိ။ နိုးလာသောအခါ အလင်းရောင် ရှိနေသေးသည်ကို တွေ့ရသည်။ သို့သော်လည်း အိမ်ကြီးထဲမှာ မီးများဖွင့်ထားသည်ကို တွေ့ရလေသည်။

စောစောက မော်တော်ကား တိုက်နေကြသော ဒရိုင်ဘာနှစ်ယောက်အနက် တစ်ယောက်သာ ရှိတော့သည်။ ကားများကို ဂိုဒေါင်ထဲသို့ ပြန်သွင်းပြီး တံခါးများ လိုက်ပိတ်နေသည်။ သော့များ ခိုင်၊ မခိုင် စစ်ဆေးကြည့်နေသည်။ အားလုံးစိတ်ချရသောအခါ တစ်ဘက်သို့ ထွက်သွားသည်။

မီးဖိုဆောင်ဘက်မှာ လူများ လှုပ်ရှားသွားလာနေကြသည်ကို ပြတင်းပေါက်များမှတဆင့် လှမ်းမြင်ရသည်။ ခဏကြာတော့ မြူတွေဆိုင်းလာပြီး မြင်ကွင်းက ပိတ်သွားပြန်သည်။

ကျွန်တော့်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ထို့ကြောင့် လက်များကို ဆန့်တန်းပြီး ခါးကိုပါ လိမ်ချိုးလိုက်ရသည်။ သွေးပူသွားအောင် လှုပ်လှုပ်ရှားရှား လုပ်မိသည်။

ယောလီးယတ်တောင်ကုန်းအကြောင်းကို ကျွန်တော် မသိပါ။ အိမ်ကြီး



ထဲမှ အနေအထားများကိုလည်း ကျွန်တော် မသိပါ။ ထို့ကြောင့် ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များကို မစီစဉ် မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။

အိမ်ကြီးရှင် ဂျွန်ဖိုက်သည် ယခုလိုအချိန်မျိုးတွင် ဘာလုပ်နေမည်နည်း။ ဝိုင်အရက် ထိုင်သောက်နေမည်လား။ သူ့အခိုင်းအစေများက သူ့ဖို့ ညစာ ပြင်ဆင်ပေးနေမည်လား။

အပေါ်ထပ်မှာ ရှိနေမည်လား။ ရေချိုးနေမည်လား။ တရေးတမော အိပ်နေမည်လား။ သို့တည်းမဟုတ် အနင်းအနှိပ် ခံနေမည်လား။

သည်လိုမှ မဟုတ်လျှင် အိမ်ပေါ်က အထပ်ခိုးကလေးထဲမှာ ရှိနေမည်လား။ လင်းနို့များကို လိုက်ရိုက်နေမည်လား။

ကျွန်တော် မည်သို့ ပြောနိုင်ပါမည်နည်း။

စဉ်းစားနေခိုက်မှာပင် အမှောင်ရိပ်က ကြီးစိုးလာသည်။ သည်လောက်မှောင်လျှင်တော့ အိမ်နားသို့ကပ်ပြီး ချောင်းမြောင်းကြည့်ရှုနိုင်ကောင်းပါသည်။ ကံကောင်းထောက်မ ,မည်ဆိုလျှင် ပြတင်းပေါက်မှ ချောင်းကြည့်သောအခါ ဂျွန်ဖိုက်ကို တွေ့ကောင်း တွေ့ရပေလိမ့်မည်။

သူ့ကို ကျွန်တော် လုံးဝမမြင်ဖူးပါ။ သူ့ရုပ် မည်သို့ရှိမည်ကိုလည်း မခန့်မှန်းတတ်ပါ။ အရုပ်ရှစ်ပေလောက်များ မြင့်နေမည်လား။ သူဌေးကြီး ဖြစ်သောကြောင့် သူတစ်ကိုယ်လုံးကို ရွှေပြားများ ဖုံးအုပ်ထားမည်လား။

အိမ်ကြီးဆီသို့ ကျွန်တော် တဖြည်းဖြည်း လျှောက်လာခဲ့သည်။ ကျောက်ခဲများ ခင်းထားသည့် နေရာကလေးသို့ ရောက်လာသည်။ ထိုအပေါ်သို့ ခြေတစ်ဘက် ချလိုက်သောအခါ ခြေသံက ကြောက်မက်ဖွယ် ကောင်းလောက်အောင် မြည်ဟည်းသွားသည်ဟု စိတ်ထဲမှာ ထင်လိုက်မိသည်။

ကြောက်အားလန့်အားဖြင့် နောက်သို့ ခုန်ဆုတ်လိုက်မိသည်။ ကျောက်ခဲများ ခင်းထားသည့် နေရာကလေးကို ငေးကြည့်နေမိသည်။

ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။ ထိုကျောက်ခဲများနေရာတွင် သွစာများဖြင့် အစားထိုး ခင်းခိုင်းရမည်လော။ အစားထိုး ခင်းပြီးတော့မှ ထိုအပေါ် ဖြတ်ပြီး လမ်းလျှောက်ရမည်လော။

သည်အတိုင်း ရပ်စောင့်နေလို့ ဘာအကျိုးရှိမည်နည်း။ ထို့ကြောင့် ရှေ့သို့ ခြေလှမ်းနှစ်လှမ်း တိုးလိုက်သည်။ အလွန်သတ္တိရှိသော ပိုတာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက် ပိုင်နိုင်သော ပေါလ်ပိုတာ ဖြစ်ပါသည်။

"ဟော့ကောင် ရပ်လိုက်၊ လက်နှစ်ဘက် မြှောက်ထား၊ နေရာက မရွေ့နဲ့၊ နောက်လှည့်မကြည့်နဲ့"

ကျွန်တော့်နောက်ဘက်မှ အော်ဟစ်အမိန့်ပေးသံ ရုတ်တရက် ထွက်လာသည်။

ကျွန်တော့်ကိုယ်ထဲမှာရှိသော သွေးများ အသွားအလာ ရပ်ကုန်ပြီဟု ထင်လိုက်ရသည်။

သူ အမိန့်ပေးသည့်အတိုင်း ရောက်ရာနေရာမှာပင် လက်နှစ်ဘက် မြှောက်ပြီး ရပ်နေလိုက်ရသည်။ နောက်ဘက်မှ ခြေသံကြားရသည်။ တဖြည်းဖြည်း နီးလာသည်။ ကျွန်တော့်ကိုယ်လုံးပေါ်သို့ လက်တစ်ဘက် ရောက်လာသည်။ ဟိုပုတ် သည်ပုတ်ဖြင့် စမ်းသည်။ သေနတ် ပါ,မပါ စမ်းသည့်ပုံမျိုး ဖြစ်သည်။

"လက်ပြန်ချနိုင်ပြီ"

အမိန့်အတိုင်း လက်ပြန်ချလိုက်သည်။ နောက်သို့ ပြန်လှည့်သည်။ ဒင်နီယယ်ဘင်နီယံနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ သူ့မျက်နှာတည့်တည့်ကို ကျွန်တော် နှာချေလိုက်မိသည်။ သို့သော် သူ နည်းနည်းကလေးမှ လှုပ်ရှားမသွားပါ။ ပစ္စတိုသေနတ်ဖြင့် ကျွန်တော့်ကိုချိန်ရင်း မတုန်မလှုပ် ရပ်နေသည်။

"ဩော်…ခင်ဗျားကိုး"

"ကိုယ် ဘာလုပ်မိလို့လဲ"

"ခင်ဗျား ဝင်လာပုံက ခိုးကြောင်ခိုးဝှက်နဲ့၊ မသင်္ကာစရာပုံမျိုးပဲ၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"

ဘာလုပ်ဖို့ လာခဲ့မိမှန်း မသိကြောင်း ကျွန်တော် ပြန်ဖြေမိလုလု ဖြစ်သွားသည်။ ထိုသို့ ဖြေလိုက်လျှင် အခြေအနေက ပိုမိုရှုပ်ထွေးကုန်ပေလိမ့်မည်။ ထို့ကြောင့် အကောင်းဆုံး ဖြစ်နိုင်မည့်အဖြေကို ကြိုးစားဖြေလိုက်မိပါသည်။

"ကိုယ် ဂျွန်ဖိုက်နဲ့ တွေ့မှ ဖြစ်တော့မယ်ကွာ"

"ဟ…ကျုပ် ကြားဖူးသမျှ စကားတွေထဲမှာတော့ အရူးကြောင်ဆုံး စကားပဲ၊ ခင်ဗျားကို သူ ဘယ်တွေ့ချင်မှာလဲဗျ၊ ခင်ဗျားနဲ့ မတွေ့နိုင်အောင် အစောင့်တွေကို နှစ်ဆယ့်လေးနာရီပတ်လုံး မပြတ်ချထားတာပဲ"

"ငါ့ကို မင်း စိတ်တိုင်းကျ ရှာကြည့်ပြီးပြီကွာ၊ ဘာလက်နက်မှ



ပါမလာပါဘူး"

ဒင်နီယယ်က ခေါင်းကို ယမ်းခါနေသည်။

"မစ္စတာဂျွန်ဖိုက်ကို လည်ပင်းညှစ်သတ်တဲ့ လူတစ်ယောက်အဖို့ လက်နက်ပါလာစရာ မလိုပါဘူးဗျ"

"အခု ငါ့အခြေအနေကို ကြည့်ပါဦး၊ တစ်ယောက်ယောက်ကို လည်ပင်းညှစ်သတ်နိုင်တဲ့ အနေအထားမျိုးရော ရှိရဲ့လား"

ကျွန်တော့်စကားကို သူ သဘောကျသွားပုံ ရလေသည်။

"ဟား…ဟား…ဟား…လည်ပင်းညှစ်နိုင်တဲ့ ပုံစံမျိုးတော့ မဟုတ်တော့ပါဘူး ပိုတာ၊ ဒါပေမဲ့ ခင်ဗျားနဲ့ တွေ့ခွင့်ပြုလိုက်ရင် ဟေးလီးယတ်က ကျုပ်ကို ချက်ချင်း အလုပ်က ထုတ်ပစ်လိုက်မှာပေါ့ဗျ"

"အလုပ်ထုတ်ခံရတော့ရော မင်းက ဂရုစိုက်မှာလား၊ မင်းက သစ်တောဌာနကို ပြန်သွားတော့မယ့် လူပဲ"

သူ့ခေါင်းပေါ်မှ ဦးထုပ်ကို နောက်သို့ လှန်ချလိုက်သည်။ ပစ္စတို သေနတ်ကို ခါးမှ အိတ်ထဲသို့ ပြန်ထည့်သည်။

"ဒီယူနီဖောင်းကြီးတွေကို ဝတ်ရတိုင်း ကလေးဘဝတုန်းက ကောင်းဘွိုင်လုပ်တမ်း ကစားနေရသလို စိတ်ထဲက ထင်မိတယ်၊ ဒီမှာ ကိုယ့်ဆရာ…ကျုပ်ပြောတာကို နားထောင်စမ်း၊ ခင်ဗျား စိတ်မှကောင်းသေးရဲ့လား၊ ဒါမှမဟုတ် ခင်ဗျား နေမကောင်းဘူးလား၊ ခင်ဗျားကို ကြည့်ရတာ နမိုးနီးယား ရောဂါသည်လိုပဲ"

ကျွန်တော်သည် အရောင်းကိုယ်စားလှယ်တစ်ယောက် ဖြစ်ပါသည်။ အရောင်းကိုယ်စားလှယ်တို့ တတ်သင့်တတ်ရာသော အတတ်ပညာများ ကျွန်တော့်မှာ ရှိပါသည်။ ယခုအချိန်သည် ထိုအတတ်ပညာများကို ထုတ်ဖော်သုံးစွဲရတော့မည့်အချိန်ဖြစ်ကြောင်း သဘောပေါက်လိုက်မိပါသည်။

"ဒင်နီယယ် ငါ့စိတ်မမှန်တော့တာ တကယ်ပဲ၊ ဒါပေမဲ့ နေမကောင်းတဲ့အတွက် ဒီလိုဖြစ်ရတာတော့ မဟုတ်ဘူး၊ အခုလိုအချိန်မျိုးမှာ မြို့ပေါ်မှာ ငါ ခြေချလိုက်တာနဲ့ တစ်ပြိုင်တည်း ငါ မကျူးလွန်ခဲ့တဲ့ လူသတ်မှုအတွက် ငါ့ကို တစ်ချီတည်း ဖမ်းကြတော့မယ်၊ ဒါကြောင့် ဂျွန်ဖိုက်…မစ္စတာဟေးလီး ဆီတော့ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကြိုက်သလိုခေါ်ပါ၊ အရေးမကြီးပါဘူး၊ ခင်ဗျား စောစောက ပြောသလိုပဲ ဒီအလုပ်က ကျွန်တော် ထွက်တော့မယ်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ ဒီအကြောင်းကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ"

"ဌွန်ဖိုက်ဟာ အက်ဒစ်ကို ဘယ်နည်းနဲ့မှ သဘောမကျနိုင်ဘူး၊ ကိုယ်သဘောမကျတာထက် ဘယ်နည်းနဲ့မှ မလျှော့နိုင်ဘူး၊ ဒီမိန်းမနဲ့ ခဏ လောက် ပေါင်းကြည့်ဖူးတဲ့ ဘယ်လိုယောက်ျားမျိုးမဆို သူ့ကို သဘောမကျမှာ သေချာတယ်၊ ဌွန်ဖိုက်ဟာ အာဏာရှိတယ်၊ ငွေရှိတယ်၊ ဒါကြောင့် ငါ့ကို သူ ကူညီနိုင်လိမ့်မယ်လို့ ထင်တယ်၊ တကယ်လို့ သူ မကူညီနိုင်ဘူး ဆိုရင်လည်း ငါ့ရဲ့ အခြေအနေဟာ အခုထက် ဘာမှပိုပြီး ဆိုးရွားမသွားနိုင်ဘူး၊ ငါ့အဖို့ကတော့ အရင်းပဲ ဆိုပါတော့ကွာ"

ဒင်နီယယ်က ခေါင်းတညိတ်ညိတ်လုပ်ပြီး နားထောင်နေသည်။

"ခင်ဗျားကို သူတွေ့ရင် ရဲတပ်ဖွဲ့ဝင်တွေကို ဖုန်းဆက်ပြီး ခေါ်ကောင်း ခေါ်လိမ့်မယ်၊ အဲဒီလို ခေါ်လိုက်ရင်လည်း ကျုပ်အနေနဲ့ ညဒရဝမ် ဆက်လုပ် မနေရတော့ဘူးပေါ့ဗျာ၊ ဒါလည်း တစ်နည်းတော့ ခပ်ကောင်းကောင်းပဲ ဒါပေမဲ့…"

"အက်ဒစ်ကို သတ်ပစ်တဲ့လူဟာ မင်းပဲလို့ မြို့ထဲမှာ ပြောနေကြတယ် ဌွန်ဖိုက်အတွက် မင်းက သတ်ပေးတာတဲ့၊ ဒီလိုသတ်ပေးတဲ့အတွက် မင်း သစ်တောဌာနမှာ ပြန်အလုပ်လုပ်နိုင်ဖို့ ငွေအလုံအလောက် ရသွားပြီတဲ့"

ဒင်နီယယ်သည် ဖြန်းခနဲ ရှေ့သို့ ခြေတစ်လှမ်း တိုးလာသည်။ ကျွန်တော့်ကို ထိုးလိုက်တော့မည်ဟု ကျွန်တော် ထင်မိသည်။ သို့သော်လည်း သူ မထိုးပါ။ အားပါးတရ ရယ်ချလိုက်လေသည်။

"ဟား…ဟား…ဟား…တော်တော်ရယ်စရာကောင်းတယ် သစ်တောဘက်က ဟိုတုန်းကလို လခ မဆိုးတော့ပါဘူးဗျ၊ ခင်ဗျား ဒီဇာတ် လမ်းကြီး ဘယ်သူ့ဆီက ကြားလာတယ်ဆိုတာ ကျုပ် ခန့်မှန်းလို့ရပါတယ် ဂျင်နီဒင်ဒလာဆီက ကြားလာတာပါ"

ကျွန်တော် အံ့အားသင့်သွားသည်။ ထို့ကြောင့် 'အိုး' ဟု အော်လိုက် သည်။

"သေချာပါတယ်၊ အဲဒီကောင်မဆီက ခင်ဗျား ကြားလာတာ



ဒီကောင်မနဲ့ ပတ်သက်တဲ့သတင်း ကျွန်တော်တို့ဆီကို မကြာခဏ ရောက်တာပဲ ကောင်မက ယောက်ျား မမြင်လိုက်နဲ့ တန်းနေအောင် လိုက်တော့တာ၊ ယောက်ျား ဖြစ်ရင်ပြီးရော သိပ်ရွေးနေတာ မဟုတ်ဘူး၊ ကျုပ်တို့ ခြံထဲမှာလည်း ဟိုကောင် ဒီကောင်တွေနဲ့ သူ ချိန်း,ချိန်းတွေ့တာ မကြာခဏ ဖမ်းမိတယ်၊ အခုလည်း ခင်ဗျားလို လူသတ်သမားတစ်ယောက်နဲ့ပါ သူ ချိန်းတွေ့လိုက်ပြန်ပြီကိုး"

ကျွန်တော့်ပါးစပ်မှ ဘာသံထွက်သွားသည်ကို သေသေချာချာ မသိ လိုက်ပါ။ 'အိုး' ဟူသောအသံ ထွက်သွားသလား၊ 'အား' ဟူသောအသံ ထွက်သွားသလား မသိလိုက်ပါ။

"အင်ဒီမက္ကလိန်းက ခင်ဗျားကို အရူးအမူး ဖြစ်နေတာ အံ့ဩစရာ မဟုတ်တော့ဘူး၊ ခင်ဗျားက မိန်းမကျမ်း တော်တော်ကျေတဲ့လူပဲ"

"ဒီလိုလည်း မဟုတ်ပါဘူး ငါ့ညီရာ၊ ဂျင်နီဒင်ဒလာက အော်တို မက္ကလိန်းပေါ်မှာ အာဃာတ ရှိနေတယ်၊ သူ့ရည်းစားကို ပိုက်ဆံခိုးတယ်လို့ ဥပ်စွဲပြီး ဖမ်းနှိပ်စက်ထားလို့တဲ့၊ ဒါကြောင့် ငါ့ကို မှားယွင်းဖမ်းဆီးမှုနဲ့ မက္ကလိန်း ကို အပြတ်တွယ်ပေးပါလို့ သူက ပြောဖူးတယ်"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဒီကောင်မက ကျွန်တော့်အပေါ်မှာလည်း ရန်ငြိုးရှိတာပါပဲ၊ ဘာကြောင့်လဲဆိုတော့ သူ့ရည်းစား ရက်ဆိုတဲ့အကောင် ကျွန်တော့်ကို ရန်စ,လို့ ကျွန်တော် ကောင်းကောင်းဆုံးမလိုက်ဖူးတယ်၊ အဲဒီ ကောင်က အလကားကောင်ပါ ပိုတာ၊ မက်က သူ့ကို အကြောင်းမဲ့ အမှုဆင်ပြီး ဖမ်းတာ မဟုတ်ပါဘူး၊ လုံလောက်တဲ့ သက်သေခံ အထောက်အထားတွေ မပြည့်စုံလို့ ရုံးမတင်နိုင်ခဲ့တာပါ၊ ကဲ…လာ၊ ရုံးခန်းကိုသွားမယ်၊ ကျွန်တော် ရဲကို ဖုန်းဆက်ခေါ်ပြီး ခင်ဗျားကို အပ်လိုက်မယ်"

ဒင်နီယယ်က ကျွန်တော့်လက်မောင်းကို ဆွဲခေါ်သွားသည်။ သူ့လက် ထဲမှာ သေနတ်ရှိသည်။ ကျွန်တော်က လက်နက်မဲ့ ဖြစ်သည်။ အအေးကလည်း မိနေသည်။ ထို့ကြောင့် ကျွန်တော် ဘာမှမတုံ့တော်နိုင်ပါ။

"ဒင်နီယယ် ငါ့ကို အခွင့်အရေးကလေးတစ်ခု ပေးပါကွာ၊ ဌွန်ဖိုက်နဲ့ ငါးမိနစ်တည်း တွေ့ပါရစေ၊ ငါးမိနစ်လောက် တွေ့တာနဲ့ ဘယ်သူမှ မထိခိုက် နိုင်ပါဘူး၊ မင်းကိုယ်တိုင်က ငါ့ကို ချုပ်ချင် ချုပ်ထားနိုင်ပါတယ်"

ကျွန်တော့်စကားကြောင့် သူ တွေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ လူတစ်ဘက်သားကျအောင် အင်မတန်ပြောတတ်တဲ့လူလို့ အင်ဒီပြောတာ မှန်တာပဲ၊ ကောင်းပြီဗျာ၊ ကျွန်တော် တွေ့ပေးမယ်၊ အဘိုးကြီးကို ခင်ဗျား တစ်ခုခုလုပ်ရင်တော့ ကျုပ်တို့နှစ်ယောက်စလုံး ထောင်ထဲဝင်ပြီး ကြိုးစင်တက်ဖို့ အချိန်စောင့်ကြတာပေါ့"

"အဲဒီလိုကျတော့လည်း ထောင်ထဲမှာ မင်းက ငါ့ကို ခင်ဒရော်လော်ဂျီ ပညာ သင်ပေးနိုင်တာပေါ့ကွာ"

သူက လမ်းကြောင်းပြောင်းပြီး အိမ်ကြီးဆီသို့ ဆွဲခေါ်လာသည်။

"လူတွေအားလုံးအဖို့ ခင်ဒရော်လော်ဂျီဆိုတဲ့ ပညာဟာ ဘာကြောင့် ရယ်စရာ ဖြစ်နေမှန်း ကျုပ်တော့ နားကိုမလည်တော့ဘူး၊ သစ်တောပညာမှာ လိုင်းက ဆယ့်နှစ်မျိုးလောက်ခွဲထားတယ်ဗျာ၊ အဲဒီထဲမှာ ခင်ဒရော်လော်ဂျီဆိုတာလည်း လိုင်းတစ်လိုင်းပဲ၊ ဒါကို လူတွေက ရယ်စရာလုပ်ပစ်နေကြတယ်"

"ငါကတော့ ရယ်စရာ မလုပ်ပါဘူးကွာ"

ဂျွန်ဖိုက်၏ အိမ်ရှေ့တံခါးကို သော့ပိတ်ထားသည်။ ဒင်နီယယ်က သော့တွဲကြီးကိုထုတ်ပြီး သော့ဖွင့်သည်။ ပြီးတော့ ကျွန်တော့်ကို အတွင်းသို့ ခေါ်သွင်းသွားသည်။

အိမ်ထဲမှာ နွေးနေသည်။ ယခုရက်ပိုင်းများအတွင်း ကျွန်တော် ခံစားခဲ့ရသည့် အထိအတွေ့များထဲတွင် အကောင်းဆုံး၊ အရသာအရှိဆုံး အထိအတွေ့ပင် ဖြစ်ပါသည်။ ဂျင်နီ ပေးလိုက်သည့် မာဖလာကလေးကို လည်ပင်းတွင် နည်းနည်းလျှော့လိုက်သည်။ ထိုအချိန်မှာပင် နှစ်ချီ ဆက်တိုက်ချေလိုက်မိပြန်သည်။

ဒင်နီယယ်က တံခါးတစ်ချပ်ကို ခေါက်သည်။

တံခါးပွင့်သွားသည်။ ဂျွန်ဖိုက် ရပ်နေသည်ကို တွေ့ရသည်။ ဂျွန်ဖိုက်သည် ကျွန်တော် ထင်ထားသလို အရုပ်ရှုပ်ပေမြင့်သူ မဟုတ်ပါ။ သူ့ကိုယ်ပေါ်တွင်လည်း ရွှေပြားများ ကပ်မထားပါ။ အရပ်မနိမ့်မမြင့်နှင့် သူလို ကိုယ်လို လူတစ်ယောက်ပင် ဖြစ်ပါသည်။

"ဘာကိစ္စလဲ ဒင်နီယယ်၊ ဒီလူက ဘယ်သူလဲ"

သူ့အဝတ်အစားများကို ကြည့်ခြင်းအားဖြင့် သူ ဘယ်လောက်ချမ်းသာကြောင်းကိုပါ ခန့်မှန်းနိုင်လေသည်။



"မစ္စတာ ဟေးလီးယတ်၊ ကျွန်တော် ပေါလ်ပိုတာ ဖြစ်ပါတယ် ခင်ဗျာ"

"အလို...ဘုရားရေ"

ဂျွန်ဖိုက်ထံမှ ထိုအသံထွက်လာပြီး နောက်ဘက်သို့လည်း ခြေတစ်လှမ်း ခုန်ဆုတ်လိုက်လေသည်။ ပြီးတော့ တစ်ဆက်တည်း ဆက်ပြောသည်။

"ကိုယ့်လူ အိမ်ထဲက ထွက်သွား၊ ဒင်နီယယ် သူ့ကို ဆွဲထုတ်ပစ်လိုက်၊ ငါ့ကို ရန်မရှာစေနဲ့၊ ပိုတာ ကျုပ်ကို ရန်မရှာပါနဲ့၊ ခင်ဗျားကို ကျုပ် ဘာမှမလုပ်ခဲ့မိပါဘူး၊ ခင်ဗျား နစ်နာအောင် ဘာမှမလုပ်ခဲ့မိပါဘူး"

သို့သော်လည်း ဒင်နီယယ်၏ လေသံက တည်ငြိမ်အေးဆေးလျက်ရှိသည်ကို တွေ့ရသည်။

"မစ္စတာ ဟေးလီးယတ်၊ သူ့ကိုယ်ပေါ်မှာ ကျွန်တော် ရှာကြည့်ပြီးပါပြီ၊ ဘာလက်နက်မှ မပါပါဘူး၊ တကယ်လို့ လိုအပ်မယ် ဆိုရင်လည်း သူ့ကို ကျွန်တော် ချုပ်ထားပေးပါ့မယ်"

ဂျွန်ဖိုက်က မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ကျွန်တော့်ကို ကြည့်နေသည်။

"ခင်ဗျားဟာ ပိုတာနော်...ဟိုဒင်း..."

သူ စကားဆုံးအောင် ဆက်မပြောနိုင်ပါ။

"လူသတ်သမားလို့ ပြောချင်တာလား မစ္စတာ ဟေးလီးယတ်၊ ဒါပေမဲ့ ကျွန်တော် လူသတ်သမား မဟုတ်ပါဘူး ခင်ဗျာ၊ မစ္စတာ ဟေးလီးယတ်၊ ကျွန်တော်ဟာ ဘာအပြစ်မှ မရှိတဲ့လူပါ၊ ဘာကိုမှလည်း မသိတဲ့လူပါ၊ သက်သက်မဲ့ အကွက်ဆင်ပြီး ကျွန်တော် အဖမ်းခံခဲ့ရတာပါ၊ ကျွန်တော် အမှားတစ်ခုကိုပဲ ကျူးလွန်ခဲ့မိပါတယ်၊ အဲဒီအမှားက အက်ဒစ်ကို လက်ထပ်မိခဲ့တာပါပဲ၊ ခင်ဗျားလည်း အက်ဒစ်ကို လက်ထပ်ခဲ့မိတဲ့ အမှားတစ်ခုကို လုပ်ခဲ့မိတာပဲ မဟုတ်လား၊ ကျွန်တော်လည်း ဒီအတိုင်းပါပဲ၊ ကျွန်တော်တို့နှစ်ယောက် ဘဝချင်း တူပါတယ်"

ကျွန်တော်က သူ့ကို လေးစားသည့် လေသံမျိုးဖြင့် ကြိုးစားပြီး ရှင်းပြနေမိသည်။ အမှန်တကယ် လေးစားကြောင်းကိုလည်း အမူအရာဖြင့် ပြနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများ အရောင်အနည်းငယ် တောက်လာသည်။ အမူအရာလည်း အနည်းငယ် ပျော့ပျောင်းလာသည်။ တဆက်တည်း တံခါးကို ဖွင့်ပေးသည်။

"ကဲ…အထဲကို လာပါ၊ မစ္စက်ဟေးလီးယတ်အကြောင်းကို ဒီလို မတ်တတ်ကြီး ပြောနေလို့ မတော်ပါဘူး"

"သူဟာ မစ္စက်ပိုတာလည်း ဖြစ်ခဲ့ဖူးပါတယ် ခင်ဗျာ"

ကျွန်တော်ကလည်း ထိုစကားကို မိုက်မဲစွာ ပြန်ပြောလိုက်မိလျက်သား ဖြစ်နေလေတော့သည်။

"မစ္စတာ ဟေးလီးယတ် အက်ဒစ်ကို ဘယ်သူသတ်သလဲဆိုတာ ပေါ်အောင် ကျွန်တော် ဖော်ထုတ်ပေးရပါတော့မယ်၊ ပေါ်အောင် မဖော်ရင် ကျွန်တော် အသတ်ခံရတော့မှာပါ"

"ကောင်းပြီလေ အထဲကိုလာပါ မစ္စတာ…"

"ပိုတာပါ ခင်ဗျာ၊ ပေါလ်ပိုတာပါ"

"ကောင်းပြီ…ကောင်းပါပြီ"

နောက်သို့ဆုတ်ပြီး အခန်းထဲ ဝင်သွားသည်။ သူ့နောက်မှ ကျွန်တော်နှင့် ဒင်နီယယ် လိုက်လာခြင်း ရှိ၊မရှိ ပြန်လည်ငဲ့စောင်း၍မျှ မကြည့်တော့။

ဒင်နီယယ်က တံခါးပြန်ပိတ်သည်။ ဗွန်ဖိုက်က ညာဘက်သို့ ချိုးကွေ့သွားသည်။ အခန်းကျဉ်းကလေးတစ်ခုထဲသို့ ကျွန်တော်တို့ ရောက်လာကြသည်။ ခန်းလုံးပြည့် ကော်ဇောများ ခင်းထားသည်။ နံရံများတွင် မြင်းမျိုးစုံတို့၏ ဓာတ်ပုံမျိုးစုံကို ချိတ်ဆွဲထားသည်။ ဆုဖလားများကိုလည်း ဗီရိုထဲမှာ စနစ်တကျ ထည့်ပြထားသည်။

"ကျွန်တော်တို့ ခြံထဲကို သူလမ်းလျှောက်ဝင်လာတာ တွေ့ရပါတယ်၊ သူ့ကို ကျွန်တော်ဖမ်းတော့ လုံးလုံးပြန်မခုခံပါဘူး၊ ထွက်လည်း မပြေးပါဘူး၊ အသာတကြည်ပဲ အဖမ်းခံပါတယ်၊ သူက ခင်ဗျားနဲ့ တွေ့ချင်တယ်လို့ ပြောပါတယ်၊ သူ ဘယ်လိုမှ အန္တရာယ်ပေးမှာ မဟုတ်ပါဘူးခင်ဗျာ"

အခန်းကျဉ်းကလေးထဲသို့ ရောက်သောအခါ ဒင်နီယယ်က ဗွန်ဖိုက်ကို ရှင်းပြနေသည်။

"ဟုတ်ပါပြီ…ဟုတ်ပါပြီ"



ဗွန်ဖိုက်က သားရေဖုံး ကုလားထိုင်ကြီးတစ်လုံးပေါ်မှာ ဝင်ထိုင်သည်။ ကုလားထိုင်ကြီးများက အလွန်တရာ အိစက်ညက်ညောသုံရလေသည်။ အလားတူ ကုလားထိုင်တွေ အများကြီး ရှိသည်။ တစ်လုံးလုံးပေါ်မှာ ကျွန်တော် ထိုင်ချင်စိတ် အပြင်းအထန် ပေါ်နေသည်။ သို့သော်လည်း ကျွန်တော် ထိုင်လိုက်လျှင် သူ့ကုလားထိုင်တွေ ပျက်စီးကုန်မည်ဟု ဗွန်ဖိုက်က ထင်ကောင်း ထင်ပေလိမ့်မည်။ ထို့ကြောင့် ထိုင်လိုစိတ်ကို မျိုသိပ်ထားရသည်။

"ကျွန်တော် ငါးမိနစ်လောက်ပဲ အချိန်ယူပါ့မယ် မစ္စတာ ဟေးလီးယတ်၊ ကျွန်တော့်ကို ကယ်နိုင်တဲ့လူ ခင်ဗျားတစ်ယောက်တည်း ရှိပါတော့တယ်၊ တခြားဘယ်သူကမှ မကယ်နိုင်တော့ပါဘူး၊ ကျွန်တော့်ရဲ့ နောက်ဆုံး မျှော်လင့်ချက်ဟာ ခင်ဗျားအပေါ်မှာပဲ တည်နေပါတော့တယ်"

သူ စိတ်သက်သာရာ ရသွားပုံပေါ်သည်။ သူ့တစ်သက်တွင် စီးပွားရေး အကူအညီမှလွဲပြီး အခြားအကူအညီများ တောင်းခံခြင်း ခံခဲ့ရဖူးပုံ မရပေ။

"ကျူပ်တော့ နားမလည်ဘူး"

သူဆက်မပြောဘဲ စကားကို တစ်ပိုင်းတန်းလန်းမှာပင် ရပ်ထားလိုက်သည်။ ဘာဆက်ပြောရမှန်း မသိသောကြောင့်လည်း ဖြစ်နိုင်သည်။ ပြောသင့် မပြောသင့် ချိန်ဆ,သည့် သဘောလည်း ဖြစ်နိုင်သည်။

"ကျူပ်အပေါ်မှာ ခင်ဗျား ရန်ငြိုးမထားပါနဲ့၊ အာဃာတ,လည်း မထားပါနဲ့၊ နီဗားဒါးပြည်နယ်မှာ အက်ဒစ်ကို ကျူပ်တွေ့တော့ သူဟာ ကွာရှင်းပြတ်စဲထားပြီးနေပါပြီ၊ ကျူပ်က မြင်းဝယ်ရအောင် သွားရင်းနဲ့ သူနဲ့ တွေ့ခဲ့တာပါ"

ဒင်နီယယ်ထံမှ အသံထွက်လာပြန်သည်။

"မစ္စတာ ဟေးလီးယတ် သူ့မှာ လက်နက်မပါပါဘူး၊ နောက်ပြီးတော့ သူ သိပ်လည်း ပင်ပန်းနေပုံရပါတယ်၊ ဒါကြောင့် ဘယ်နည်းနဲ့မှ အန္တရာယ် ပေးနိုင်ပါဘူး ခင်ဗျာ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ မင်းလည်း ညာဘက်ကင်းစောင့်ရုံးမှာ မဟုတ်လား"

ဒင်နီယယ်က ပခုံးနှစ်ဘက်ကို တွန့်လိုက်သည်။ သူ့မျက်နှာပေါ်မှာ အပြုံးကလေးတစ်ခု ပေါ်လာမည်ကဲ့သို့ ဖြစ်သွားသေးသည်။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ပြန်ထိန်းလိုက်သည်။

ကျွန်တော် အပြင်မှာ ရှိနေမည်ဆိုလျှင် သူတို့ အချိန်ပြည့် ကင်းစောင့်ကြရမည်။ ယခုတော့ သည်အိမ်ထဲမှာ ကျွန်တော် ရှိနေပြီ။ ထို့ကြောင့် ကျွန်တော့်အတွက် ကင်းစောင့်ခိုင်းတာဆိုလျှင် ဆက်စောင့်ခိုင်းဖို့ မလိုတော့ချေ။ သို့သော်လည်း ဂျွန်ဖိုက်သည် လခပေးထားရသူများကို ထိုက်တန်အောင် ခိုင်းသည့်သဘောဖြင့် ကင်းဆက်စောင့်ခိုင်းခြင်း ဖြစ်ပေလိမ့်မည်။

ခင်နီယယ်က ရင်ကော့ပြီး အခန်းအပြင်သို့ ထွက်သွားသည်။ သူ့နှုတ်ခမ်းလည်း မသိမသာ တွန့်သွားသည်။ သူ့ကို ကျွန်တော် အများကြီးသဘောကျသွားမိပါသည်။ အင်ဒီက သူ့ကိုကျော်ပြီး ကျွန်တော့်ဘက်သို့ ယိမ်းယိုင်လာခြင်းမှာ မိုက်မဲမှုတစ်ခုသာ ဖြစ်သည်ဟုလည်း ကျွန်တော် တွေးလိုက်မိပါသည်။

ဂျွန်ဖိုက်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ရန် ကျွန်တော့်ကို လက်ရိပ်ပြသည်။ ထို့ကြောင့် ကျွန်တော် ဝင်ထိုင်လိုက်သည်။

◆◆◆

## အခန်း (၁၂)

ဂျွန်ဖိုက်က အခန်းထဲမှာ ဟိုဟိုသည်သည်လျှောက်ပြီး မီးများကိုဖွင့်ခြင်းပိတ်ခြင်း လုပ်နေသည်။ စိတ်တိုင်းကျ မီးများဖွင့်ပြီးသောအခါကျမှ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။

"ဝိုင်အရက်သောက်မလား မစ္စတာပိုတာ"

"ကောင်းပါတယ် ခင်ဗျာ၊ စားစရာ တစ်ခုခုပါ ရနိုင်မယ်ဆိုရင် အေးချင်ပါတယ်၊ ကျွန်တော် ဘာမှမစားခဲ့ရသေးပါဘူး"

သူက ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်နေသည်။

"ခင်ဗျား အအေးလည်း မိလာတယ်ထင်တယ်၊ ကျုပ်တို့အရပ်မှာ ဒီရာသီဟာ အဆိုးဆုံးပဲ၊ ခင်ဗျား ဦးထုပ်လည်း မဆောင်း၊ ကုတ်အင်္ကျီလည်း မဝတ်ဘဲ ထွက်လာတာကိုး၊ ဒီလိုအချိန်မျိုးမှာ အပြင်ကို ဒီလိုထွက်လို့ ဘယ်ဖြစ်မလဲ"

ဂျွန်ဖိုက်က အဒေါ်ကြီးတစ်ယောက်လို မြည်တွန်တောက်တီးနေသည်။ ပြီးတော့ ရေခဲသေတ္တာထဲမှ ဝိုင်အရက်နှင့် စားစရာများကို ယူလာချပေးသည်။ အခန်းငယ်တစ်ခုထဲသို့ သူဝင်သွားပြန်သည်။ ပြန်ထွက်လာသောအခါ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် စက္ကူလက်ကိုင်ပဝါများ အထုပ်လိုက် ပါလာသည်။ ကျွန်တော့်ရှေ့မှာ ချပေးသည်။

လူသတ်မှုဖြင့် မသင်္ကာခံရသူတစ်ယောက်အဖို့ ယခုလို ဆက်ဆံခြင်း ခံနေရသည်မှာ ကျွန်တော် ပထမဦးဆုံးလူ ဖြစ်နိုင်ပါသည်။

"အအေးမိတာဟာ ကမ္ဘာပေါ်မှာ အဆိုးဆုံး ရောဂါတစ်ခုပဲ"

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ပြောပြောဆိုဆို ဝင်ထိုင်သည်။ လက်ကိုင်ပဝါကိုထုတ်ပြီး သူ့နှာခေါင်းနှင့် ပါးစပ်ကိုပုံးကာ နောက်စေ့ဘက်မှာ ချည်ထားလိုက်သည်။

"ခင်ဗျားဆီက အအေးမိတဲ့ရောဂါ အကူးခံလို့ မဖြစ်ဘူး"

သူ ချကျွေးသည်များကို စားသည်။ အလွန်တရာ မောပန်းပြီး ဆာလောင်မွတ်သိပ်နေသောကြောင့် အလွန်ထူးခြားသည့် အရသာဟု ကျွန်တော် ထင်မိပါသည်။ နှာရည်များ ကျလာသောကြောင့် သူ ချပေးထားသည့် စက္ကူ လက်ကိုင်ပဝါများဖြင့် သုတ်လိုက်ရသေးသည်။

"မစ္စတာယောလီးယတ် တိုက်ဆိုင်မှုတစ်ခုကြောင့် ကျွန်တော် ကြီးစင် တက်ရတော့မှာပါ ခင်ဗျာ"

သူက လက်တစ်ဘက်ကို ဝှေ့ယမ်းလိုက်ပြန်သည်။

"ခင်ဗျား အခုလို ပြောနေတာတွေကို ကျုပ် နားမလည်ဘူး၊ ကျုပ် ကိုယ်တိုင်က ဘာကိုမဆို တည့်တည့်ပဲ ပြောတတ်တယ်၊ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ ကျုပ်ဟာ စီးပွားရေးသမား မဟုတ်လား"

ကျွန်တော် ကြားဖူးသော စီးပွားရေးသမားများ၏ အကျင့်ကတော့ သည်လိုမဟုတ်။ သို့သော်လည်း ကျွန်တော် အငြင်းပွားမနေတော့ပါ။ သူ့ကို ကြည့်ရသည်မှာလည်း အလွန်တရာ ရိုးသားပုံပေါ်ပါသည်။ စိတ်ကောင်းရှိပုံ ပေါ်ပါသည်။

"ကျွန်တော် ဆိုလိုတာက ဒီလိုပါခင်ဗျာ၊ အက်ဒစ်အသတ်ခံရတဲ့ နေ့ကျမှပဲ ကျွန်တော်က လောင်ဒီစဘတ်မြို့ကို ရောက်လာမိပါတယ်၊ အက်ဒစ် အသတ်ခံရတဲ့ ယောလီးယတ်တောင်ကုန်းပေါ်ကိုလည်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာမိပါတယ်"

"ကျုပ်ရဲ့ တောင်ကုန်းပေါ်ကို ခင်ဗျား တက်လာတာတော့ ကျုပ်



သိပ်မကြိုက်ဘူး၊ ကျုပ် ပိုင်တဲ့နယ်မြေထဲကို အပြင်လူတွေ အဝင်မခံဘူး။ မနှစ်တုန်းကဆိုရင် လူတွေက ကျုပ်ပိုင်တဲ့ တောတွေထဲကို ပျော်ပွဲစားထွက်ချင် ကြလို့ ခွင့်တောင်းသေးတယ်၊ ဒါပေမဲ့ ကျုပ် ခွင့်မပြုခဲ့ဘူး၊ ခင်ဗျား သဘော ပေါက်မှာပေါ့"

"ကျွန်တော် ဒီတောင်ကုန်းပေါ်ကို တက်လာတာက စီးပွားရေးကိစ္စ အတွက် ခင်ဗျားနဲ့ တွေ့ချင်လို့ တက်လာတာပါ၊ အလည်လာတာ မဟုတ်ပါဘူး၊ မြောင်းဘောင်ဖော်တဲ့စက်ရောင်းဖို့ လာခဲ့တာပါ"

"အိုး···ဟုတ်လား မစ္စတာပိုတာ၊ မြောင်းဘောင်ဖော်တဲ့စက်ဆိုတာ ကျုပ် နားမလည်ဘူး၊ အဲဒီလို စက်မျိုးကို ကျုပ်က ဘာအတွက် လိုမှာလဲ"

"တောင်ကုန်းတွေနဲ့ မြင်းတွေကို ခင်ဗျား ပိုင်တယ်၊ ကျွန်တော်တို့ ကုမ္ပဏီက ထုတ်လုပ်တဲ့ မြောင်းဘောင်ဖော်စက်ကို ခင်ဗျား ဝယ်မယ်ဆိုရင် ခင်ဗျား မြင်းတွေအတွက် ကောက်ရိုးနဲ့ အစားအစာတွေကို စိုက်ပျိုးနိုင်မယ်"

သူ အလွန်စိတ်ဝင်စားလာပုံရသည်။

"ကျုပ်ပိုင်တဲ့မြေတွေက တောင်ကုန်းတွေချည်းပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ကုမ္ပဏီက ထုတ်လုပ်တဲ့ မြောင်း ဘောင်ဖော်စက်ဟာလည်း အဲဒီတောင်ကုန်းတွေပေါ်မှာ အသုံးပြုဖို့ တမင်ရည်စူး ပြီး ထုတ်လုပ်တာပါ၊ မြေမဖြိုဘဲနဲ့ တောင်စောင်းတွေမှာ လှေကားထစ်ပုံကို အဲဒီစက်နဲ့ ဖော်နိုင်မယ်၊ အဲဒီလှေကားထစ်တွေပေါ်မှာ ပြောင်းနဲ့ တခြားကောက်ပဲ သီးနှံတွေကို စိုက်မယ်ဆိုရင် မြင်းတွေအတွက် လိုအပ်တဲ့ အစားအစာတွေ ရမယ်၊ သစ်တောကို မီးလောင်ရင် မီးမကူးအောင် မီးတားသဘောမျိုးလည်း ဖြစ်သွားတယ်၊ သစ်တောကို မီးဘေးကနေပြီး အကာအကွယ် ပေးထားနိုင်တဲ့ သဘောပါပဲ"

သူ့နှုတ်ခမ်းကို လျှာနှင့် ပွတ်နေသည်။

"မဆိုးဘူး၊ ခင်ဗျားတို့ ကုမ္ပဏီစရိတ်နဲ့ မြောင်းဘောင်ဖော်ပြနိုင် လေား"

ထိုစကားကြောင့် ကုလားထိုင်လက်တန်းကို လက်ဝါးဖြင့် ရိုက်လိုက်မိ လေသည်။

"ဒီလို မဟုတ်သေးဘူး ခင်ဗျ၊ ကျွန်တော် ဒီကို အခုလိုလာတာဟာ

www.burmeseclassic.com

www.burmeseclassic.com



မြောင်းဘောင်ဖော်စက် ရောင်းဖို့လာတာ မဟုတ်ပါဘူး၊ မနေ့တုန်းက ဒီတောင်ကုန်းပေါ်ကို ကျွန်တော် တက်လာရတဲ့ အကြောင်းရင်းဟာ အရောင်းအဝယ်ကိစ္စအတွက် တရားဝင်လာခြင်းဖြစ်ကြောင်း ထင်ရှားအောင် ပြောပြနေတာပါ"

"ဟုတ်ပါပြီ…ဟုတ်ပါပြီ"

သူ့အမူအရာ အနည်းငယ် ပျက်သွားပြန်သည်။ ကုလားထိုင်လက်တန်းကို ကျွန်တော် ပုတ်လိုက်မိသည်မှာ မှားယွင်းသွားကြောင်း သဘောပေါက်လိုက်ပါသည်။ သူ့ အထိတ်တလန့်ဖြစ်အောင် မလုပ်သင့်ဆုံးသောအချိန် ဖြစ်ပါသည်။

"မနှစ်တုန်းကဆိုရင် မြင်းစာတွေ ဝယ်ရတာ ငွေတော်တော်ကုန်သွားတယ်၊ မြင်းအတွက် အစားအစာကလည်း အမျိုးအစား ကောင်းဖို့လိုတယ် မဟုတ်လား၊ ဟိုတစ်ခါတုန်းက လူတစ်ယောက်ကလာပြီး အဲဒီလိုစက်မျိုးတစ်လုံး ရောင်းဖို့ ဆွယ်ဖူးတယ်၊ ဟုတ်တယ်၊ ကျုပ် သတိရပြီ၊ အခု ခင်ဗျားပြောတဲ့ စက်မျိုးပဲနဲ့ တူတယ်၊ သူကလည်း အခု ခင်ဗျား ရှင်းပြသလို ရှင်းပြတာပဲ"

"ဟုတ်ပါပြီခင်ဗျာ၊ မစ္စတာ ဟေးလီးယတ် ကျွန်တော် အခုလာတာက…"

"ကျုပ် သိပါတယ်၊ မြောင်းဘောင်ဖော်စက် ရောင်းဖို့ကိစ္စနဲ့ ခင်ဗျားကို တစ်ယောက်ယောက်က ဒီကို လွှတ်လိုက်တယ်ဆိုရင် ခင်ဗျားအတွက် ကြိုဟ်မွေတယ်လို့ ဆိုရမယ်၊ အက်ဒစ် အသတ်ခံရတဲ့အချိန်ဆိုတော့ ခင်ဗျားကို မသင်္ကာဖြစ်မှာပဲ၊ ဒီမိန်းမကို လက်ထပ်မိတာ ကျုပ် နောင်တ,ရလို့ မဆုံးဘူး၊ ခင်ဗျားလည်း နောင်တ,မရဘူးလား၊ မနေ့တုန်းက ကျုပ် ဘယ်မှာရှိတယ် ဆိုတာကို ရဲတွေက အတင်းအကျပ် သက်သေပြခိုင်းတယ်၊ ကျုပ် တော်တော်စိတ်ညစ်သွားတယ်၊ အဲဒီအချိန်တုန်းက ကျုပ်နဲ့ အတူတူရှိနေခဲ့တဲ့လူဆီ မတ္တလိန်းနဲ့ ပြည်နယ်ရဲတပ်ဖွဲ့က အရာရှိတစ်ယောက်ကို ခေါ်သွားပြီး တွေ့ပေးလိုက်ရတယ်၊ ဒီတော့မှ သူတို့ ကျေနပ်သွားတယ်၊ ကျုပ်လည်း အမှုနဲ့ ကင်းရှင်းသွားတယ်၊ ခင်ဗျားကတော့ ကျုပ်လောက် ကံကောင်းပုံ မပေါ်ဘူး၊ ဟုတ်တယ်၊ အက်ဒစ် အသတ်ခံရတဲ့အချိန်တုန်းက ခင်ဗျားနဲ့ ကျုပ်နဲ့ ဒီမှာထိုင်ပြီး မြောင်းဘောင်ဖော်စက် အကြောင်းများ ဆွေးနွေးနေမိကြမယ်ဆိုရင် ကျုပ်တို့တစ်ယောက်ယောက်တော့ ကြိုးစင်တက်ရမှာ သေချာတယ်"

အက်ဒစ်လို အလွန်တရာ ချောမောလှပသော မိန်းကလေးသည်



လူ့လောကကြီးတွင် ကြိုက်ရာယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ယူနိုင်သည်။ ကျွန်တော့်ကိုလည်း သူ ခေါင်းခေါက်ယူခဲ့သည်။ ဟေးလီးယတ်လို အလွန်တရာ ချမ်းသာသူတစ်ယောက်ကိုလည်း ခေါင်းခေါက်ယူခဲ့သည်။

သူ့မှာ အခြားယောကျ်ားတစ်ယောက်ယောက်နှင့် ဇာတ်ရှုပ်နေပြီး ထိုယောကျ်ားကို ပ,ထုတ်လိုက်မည်ဆိုလျှင် ယခုလို သူ့ကို သတ်သူမှာ ထိုယောကျ်ားပင် ဖြစ်နိုင်စရာအကြောင်းရှိလေသည်။

"မစ္စတာဟေးလီးယတ်…မစ္စတာစတိုင်း ဆိုတာ ဘယ်သူလဲ"

"စတိုင်း…စတိုင်း…စတိုင်း ဆိုတဲ့လူကို ကျုပ် မသိဘူး၊ လွန်ခဲ့တဲ့လတုန်းက ကျုပ် မြင်သွားဝယ်သေးတယ်၊ ပွဲစားက စတုန်းတဲ့၊ အင်း…မဟုတ်သေးဘူးဗျ၊ သူက ယောကျ်ား မဟုတ်ဘူး၊ အမျိုးသမီး ဖြစ်နေတယ်၊ မစ္စက်ဟောလာရီစတုန်း ဟုတ်တယ်၊ စတိုင်း ဆိုတာကို ကျုပ် မသိဘူး"

"ကျွန်တော်နဲ့ လက်မထပ်ခင်တုန်းက အက်ဒစ်ရဲ့ နာမည်က အက်ဒစ်စတိုင်း၊ ကျွန်တော် ရှိနေတဲ့ ကုမ္ပဏီမှာ သူ အလုပ်လာလုပ်တော့ အက်ဒစ်စတိုင်းဆိုတဲ့ နာမည်နဲ့ ရောက်လာတာ"

သူက ခေါင်းညိတ်နေပြန်သည်။ သို့သော်လည်း ဇဝေဇဝါ ဖြစ်နေပုံရသည်။ ကျွန်တော်က ချောင်းဆိုးလိုက်သည်။ ဂျွန်ဖိုက်က ကျွန်တော်နှင့် ဝေးရာသို့ ကမန်းကတန်း တိမ်းဖယ်လိုက်သည်။

"အခုအတိုင်းဆိုရင်တော့ တော်တော်ထင်ရှားနေပြီ၊ ကျွန်တော်နဲ့ လက်ထပ်ပြီးတဲ့အခါမှာ သူ့နာမည်က မစ္စက်စတိုင်းပိုတာ၊ ဒါပေမဲ့ စတိုင်းဆိုတာ သူ့အဖေရဲ့နာမည် မဟုတ်ဘူးလို့ ရဲအရာရှိက ပြောနေတယ်၊ ဒီလိုဆိုရင် စတိုင်းဆိုတာ ဘယ်သူလဲ၊ ကျွန်တော်နဲ့ လက်မထက်ခင် သူ့မှာ ယောကျ်ားတစ်ယောက်ရှိခဲ့ရမယ်"

သူ အတန်ကြာ စဉ်းစားနေသည်။

"မစ္စတာပိုတာ ခင်ဗျားလုပ်ဖို့ ကောင်းတာက ခင်ဗျားကို ဘယ်သူက ဒီပေါ် လွှတ်လိုက်သလဲဆိုတာ စဉ်းစားပါ၊ အဲဒီလူသာလျှင် လူသတ်သမား အစစ်အမှန် ဖြစ်ရမယ်၊ အဲဒီလူဟာ မစ္စတာစတိုင်း ဆိုတဲ့လူ ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဒါမှမဟုတ် …ဆည်တော့ ပြောင်းချင် ပြောင်းထားမှာပေါ့လေ၊ အက်ဒစ်ဟာ အဲဒီလူနဲ့ အဆက်မပြတ်ဘဲ တိတ်တိတ်ပေါင်းသင်းနေကောင်း ပေါင်းသင်းနေလိမ့်မယ်၊ ကျုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ထားတဲ့အချိန်မှာရော၊ ခင်ဗျားနဲ့ လက်ထပ်ထားတဲ့ အချိန်မှာရောပေါ့၊ မိန်းမတွေအကြောင်းကလည်း သိဖို့ခက်သားကလား၊ အဲဒီလူက ဆင်းရဲမယ်ဆိုရင် ဒါမျိုးတွေ လုပ်ချင်လုပ်မှာ၊ မစ္စတာပိုတာ ခင်ဗျားရော ချမ်းသာသလား"

ကျွန်တော်က တစ်နေ့စာ တစ်နေ့ ရှာစားနေရသူဖြစ်ကြောင်း ပြန်ပြောပြလိုက်သည်။ ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။ လောကကြီးတွင် ထမင်းနပ်မှန်အောင် မစားရသူများ ရှိနေသည် ဆိုသည်ကိုပင် သူ ကြားဖူးပုံ မပေါ်ပေ။ ခဏကြာတော့မှ သူက ဝါးလုံးကွဲ ရယ်ချလိုက်သည်။ ကျွန်တော် ပြောသည့်စကားက သူ့အတွက် ပြက်လုံး ဖြစ်သွားပုံရသည်။

"မစ္စတာပိုတာ ခင်ဗျားမှာ ကိုယ်ပိုင်မြင်းတွေ ရှိသလား"

"မရှိပါဘူး"

"ဆိုးတာပေါ့၊ မြင်းဟာ သိပ်ကို စိတ်ဝင်စားဖို့ ကောင်းတယ်၊ မြင်းတွေနဲ့ နေရရင် တခြားဘာကိုမှ စိတ်မဝင်စားတော့ဘူး၊ ကုန်းနှီးအကောင်းစားကို ဘယ်လိုတင်မယ်၊ မြင်းကို ဘယ်လိုပြုစုမယ် ဆိုတာတွေ စဉ်းစားနေရတာနဲ့ မအားနိုင်ပါဘူးဗျာ၊ ခင်ဗျားလည်း မြင်းဝယ်ဖို့ ကောင်းတယ်ဗျ"

"ဝယ်ပါ့မယ်ဗျာ၊ ဒါပေမဲ့ အခု ကျွန်တော်တို့ ပြောနေကြတာက မစ္စတာစတိုင်း အကြောင်းကို ပြောနေကြတာပါ မစ္စတာယောလီးယတ်"

"ဒီကိစ္စတော့ ကျုပ် မတတ်နိုင်ဘူးထင်တယ်၊ စောစောက ကျုပ်ပြောခဲ့သလိုပဲ၊ ကျုပ်နဲ့တွေ့ဖို့ ခင်ဗျားကို ဘယ်သူက ပြောလိုက်သလဲ၊ ဒီကိုလာဖို့ ခင်ဗျားကို ဘယ်သူက တိုက်တွန်းလိုက်တာလဲ၊ အဲဒါကို ပြန်စဉ်းစားပါ"

ကျွန်တော် အလွန်စိတ်ပျက်သွားပါသည်။ ထိုင်နေသည့် ကုလားထိုင်ထဲမှာပင် အိပ်ချလိုက်ချင်သည်။ ရဲများ လာရောက်ဖမ်းဆီးသည့်အချိန်အထိ မလှုပ်မယှက် အိပ်နေလိုက်ချင်တော့သည်။

ကျွန်တော့်ကို လွှတ်လိုက်တာက ကျွန်တော့်ကုမ္ပဏီဥက္ကဋ္ဌက လွှတ်လိုက်တာပါ"

"ဒီလိုဆိုရင် ခင်ဗျားကုမ္ပဏီဥက္ကဋ္ဌက စတိုင်းဆိုတဲ့ အကောင်များ ဖြစ်မနေနိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူးဗျာ၊ ကျွန်တော်တို့ ကုမ္ပဏီကို အက်ဒစ် ရောက်လာတော့ အခုဥက္ကဋ္ဌ မရှိပါဘူး၊ စစ်ထဲမှာပါ၊ သူ စစ်ထဲမဝင်ခင်အချိန်တုန်းကလည်း



အက်ဒစ်ဟာ လက်ထပ်နိုင်တဲ့အရွယ် မရှိနိုင်သေးပါဘူး"

"မိန်းမတွေကို သိပ်မယုံနဲ့နော်၊ ကျုပ်မိတ်ဆွေတစ်ယောက်က ကောင်မကလေးတစ်ယောက်နဲ့ တွေ့တယ်၊ ကောင်မလေးက ဆယ့်ကိုးနှစ်လောက်ပဲရှိသေးတယ်၊ ဒီထက်လည်း ငယ်မယ်လို့ ထင်ရတယ်၊ နောက်ဆုံးကျတော့ ကျုပ်မိတ်ဆွေ ငွေတွေ တော်တော်ပြောင်သွားတယ်၊ ဒါကြောင့် မိန်းမတွေရဲ့ အသက်ကို သူတို့ပြောတိုင်း မယုံနဲ့"

"ကျွန်တော့်ကုမ္ပဏီဥက္ကဋ္ဌတော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော် ဒီမြို့ကို ဝင်လာတာက ကျွန်တော့်သဘောနဲ့ ကျွန်တော် ဝင်လာတာပါ၊ လမ်းခွဲမှာ လမ်းညွှန်ဆိုင်းဘုတ်မြင်ပြီး ဝင်လာတာပါ၊ ဒီမြို့ကို ကျွန်တော် ဝင်လာမှန်း ဘယ်သူမှတော့ မသိပါဘူး၊ ဒီမြို့ရောက်တော့ အော်တိုမက္ကလိန်းနဲ့ ကျွန်တော် သွားတွေ့တယ်"

"အော်တိုမက္ကလိန်းလား၊ အင်း...ကျုပ်ကို မြောင်းဘောင်ဖော်စက် ရောင်းဖို့စပ်တာ သူပဲ"

"ဟုတ်ပါတယ်၊ သူက ကျွန်တော်တို့ ကိုယ်စားလှယ်ပါပဲ"

ကျွန်တော်က ထိုသို့ပြောရင်း တစ်ချက်ချေလိုက်မိပါသည်။

"ကျေးဇူးပြုပြီး ခင်ဗျား နှာချေရင် ဟိုဘက်လှည့်ချေပါ၊ ကျုပ်အအေးမိမှာ ကြောက်လွန်းလို့၊ အော်တိုမက္ကလိန်းဆိုရင်တော့ စဉ်းစားစရာပဲ၊ ဒီလူကို ကျုပ် သိပ်မကြိုက်လှဘူး၊ တစ်ခါတုန်းက ကျုပ် မော်တော်ကား ရပ်ထားတယ်၊ စည်းကမ်းနဲ့ မညီဘူးဆိုပြီး ကျုပ်ကို ဒဏ်ရိုက်တယ်၊ ကားထဲမှာ ကျုပ် သော့တန်းလန်း ထားခဲ့တာပဲ၊ မလွှတ်ဘူးဆိုရင် သူတို့ဘာသာ သူတို့ မောင်းရွှေ့လိုက်လို့လည်း ရနိုင်တာပဲ"

"လောင်ဒီစဘတ်မြို့ထဲမှာတော့ မက္ကလိန်းကို သဘောကျတဲ့လူ မရှိတော့ဘူး ထင်ပါတယ်၊ အက်ဒစ်ကိုသတ်တာ သူပဲလို့တောင် မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို ပြောလိုက်သေးတယ်၊ နောက်ပြီးတော့မှ သူ့စိတ်ပြောင်းသွားပုံရတယ်၊ အက်ဒစ်ကို သတ်တာဟာ ခင်ဗျားပဲတဲ့၊ ဒါပေမဲ့ ခင်ဗျား ကိုယ်တိုင်မသတ်ဘဲ ဒင်နီယယ်ဘင်နီယံကို သတ်ခိုင်းလိုက်တယ်တဲ့"

"အို...အို...မဟုတ်တာဗျာ၊ ကျုပ် ဒီအလုပ်မျိုး ဘယ်လုပ်ပါ့မလဲ၊ ဒီလိုလုပ်မိရင် ဒင်နီယယ်က ကျုပ်ကို တစ်သက်လုံး ငွေညှစ်နေတော့မှာပေါ့"

"တကယ်လို့ သူ သတ်တယ်ဆိုရင်လည်း သူ့ကို အမှုပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လုပ်ရဲပါ့မလဲဗျာ''

ကျွန်တော်က စားစရာများကို ယူစားပြီး ဝိုင်အရက်ကို သောက်လိုက်ပြန်သည်။ ဌွန်ဖိုက်၏ မျက်နှာမှာ ကျွန်တော့်စကားကြောင့် ဝင်းလက်သွားသည်။

''ဟုတ်တယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ သူ့ဘာသာသူ လည်ပင်းကြိုးကွင်းတပ်သလို ဖြစ်သွားမှာပေါ့၊ ကျုပ် ဒီအကြောင်းကို မစဉ်းစားခဲ့မိဘူး''

''ခင်ဗျား ဒင်နီယယ်ကို အသတ်မခိုင်းခဲ့ဘူး မဟုတ်လား''

ဌွန်ဖိုက်က သာသာကလေး ရယ်သည်။

''မခိုင်းပါဘူးဗျာ၊ ဒင်နီယယ်ဟာ ကျုပ်မြင်းတွေကို ထိန်းပေးတဲ့နေရာမှာ အင်မတန် တော်ပါတယ်၊ သူ့ကို ဘယ်ခိုင်းပါ့မလဲ၊ သူဟာ သေနတ်အပစ်လည်း တော်တယ်၊ အရာရာမှာ တော်တယ်၊ ကျုပ် သိပ်အားကိုးရတဲ့သူငယ်ပါ''

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ တစ်ချက်လည်း ချေလိုက်မိပြန်သည်။ ဌွန်ဖိုက်က တစ်ဘက်သို့ ခုန်ထွက်လိုက်သည်။

''ပိုတာ…ခင်ဗျားဟာ အသိပညာ နည်းပါးတဲ့ လူလား၊ ဒါမှမဟုတ် သိပ်ကို တုန်လှုပ်ချောက်ချားနေသလား''

''နှစ်ခုစလုံးပဲ ဖြစ်ပါလိမ့်မယ် ခင်ဗျာ''

ကျွန်တော်ကလည်း အပွင့်လင်းဆုံး ပြန်ဖြေလိုက်မိလေသည်။

''အက်ဒစ်ကိုသတ်တဲ့လူ ဖမ်းမိတာ မမိတာ ကျုပ် သိပ်စိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ လူသတ်သမားကို မိအောင် မဖမ်းနိုင်ဘူး ဆိုရင်တော့ လူ့လောကကြီးဟာ မကောင်းနိုင်တော့ဘူးပေါ့ဗျာ၊ ခင်ဗျားလည်း ဒီလိုပဲ သဘောရတယ် မဟုတ်လား၊ အက်ဒစ်ကို ဘယ်သူသတ်တယ်ဆိုတာ ကျုပ် ပြောပြီးပြီ ဒါပေမဲ့ အဲဒါနဲ့ ပတ်သက်ပြီး ခင်ဗျား တစ်ခုခု ဆက်လုပ်ချင်ပုံ မရဘူး''

''ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော့်ခေါင်းထဲမှာ အုံနေပါတယ်၊ အအေးမိထားတော့ ဘာကိုမှ ပြတ်ပြတ်သားသား စဉ်းစားလို့ မရလို့ပါ''

''လူသတ်တရားခံအစစ်ဟာ မက္ကလိန်းပေါ့ ကိုယ့်လူရ၊ အော်တိုမက္ကလိန်းပေါ့''

သူက ထိုသို့ပြောပြီး ပတ်လည်မှာ အလှပြထားသည့် သူရခဲ့ဖူးသော ဆုဖလားများကို လှည့်ငေးကြည့်နေသည်။



''ခင်ဗျား မော်တော်ကား စည်းကမ်းမဲ့ ရပ်ထားတာကိုဖမ်းပြီး ဒဏ်ရိုက်လိုက်လို့လား''

''ဒီမှာ ကိုယ့်ဆရာ၊ ကျုပ်ပြောတာကို သေသေချာချာ စဉ်းစားကြည့်၊ ဒီတောင်ကုန်းပေါ်ကို ခင်ဗျား တက်လာတာ တခြား ဘယ်သူသိသလဲ၊ ဘယ်အချိန်မှာ တက်လာတယ်ဆိုတာ သူ့အပြင် တခြား ဘယ်သူသိသေးသလဲ၊ ဒီတောင်ကုန်းပေါ်ကို ဘယ်အချိန်တက်လာရမယ်ဆိုတာ ခင်ဗျားကို ဘယ်သူက ပြောလိုက်တာလဲ''

''မြို့ထဲမှာ ကျွန်တော် တွေ့ခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ကလည်း ဒီအတိုင်းပဲ ကောက်ချက်ချပြပါတယ်၊ အဲဒီမိန်းကလေးကလည်း အော်တိုမက္ကလိန်းကို သဘောမကျ ဖြစ်နေတာပါ၊ ဒါပေမဲ့ သူ့စိတ်ကူးကို သူကပဲ ပြန်ပယ်လိုက်တယ်၊ လူသတ်တယ်ဆိုတာ သတ်ဖို့လုံလောက်တဲ့အကြောင်း ရှိရမယ် မဟုတ်လား၊ ကျွန်တော်တော့ ဒီလိုပဲ ကြားဖူးတယ်''

''ဟုတ်တယ်လေ၊ အက်ဒစ်ကို မက္ကလိန်း သိတယ်၊ ကျုပ်တို့အားလုံးကို တစ်မြို့လုံးက သိကြတယ်၊ အက်ဒစ်နဲ့ မက္ကလိန်းဟာ အမျိုးသားကာကွယ်ရေး ကော်မတီမှာ ပါကြတယ်၊ အဲဒီကော်မတီမှာ ဝင်လုပ်ဖို့ အက်ဒစ်ကို ကျုပ်ကပဲ ခိုင်းလိုက်တာပါ၊ ကျုပ်တို့မြို့ကသေးတော့ လူမှုရေးလုပ်ငန်းတွေကို ဒီလိုပဲ ဝိုင်းလုပ်ကြရတယ်၊ လူတိုင်း ကိုယ်နိုင်တဲ့တာဝန်ယူကြတော့ ငွေကုန်ကြေးကျ သက်သာသွားတာပေါ့ဗျာ''

''မစ္စတာဟေးလီးယတ်၊ ကျွန်တော်တို့ အော်တိုမက္ကလိန်းအကြောင်းကို ပြောနေကြတာပါ''

သို့သော်လည်း ဌွန်ဖိုက်က ကြောင်သွားပြန်သည်။ တစ်ချက်လည်း သမ်းဝေလိုက်သည်။

''အမြတ်တော်ကြေးဟာ သိပ်ကိုကြောက်စရာကောင်းတယ်၊ ကျုပ်မှာ သားယောကျ်ားလေး မထွန်းကားဘူး၊ ဒါကြောင့် အမွေပေးခဲ့စရာ ဘယ်သူမှ မရှိဘူး၊ ကျုပ် ပေးနေရတဲ့ အခွန်တော်တွေဟာ စုံနေတာပဲ၊ ပြောပြရင် ခင်ဗျား ယုံနိုင်မှာတောင် မဟုတ်ဘူး၊ ဒီတောင်ကုန်းကြီးအတွက် ပေးရတယ်၊ ကျောင်းခွန်၊ လမ်းခွန်၊ ဓာတ်ဆီခွန်၊ အမြတ်တော်ကြေး…အို…မရေနိုင်ဘူး''

''အက်ဒစ်ကို သတ်တဲ့ အော်တိုမက္ကလိန်းအကြောင်းကို ကျွန်တော်တို့

www.burmeseclassic.com



ပြောနေကြတာပါ၊ စကားတွေက ဘေးရောက်ကုန်ပြန်ပြီ''

''ဟုတ်ပြီ၊ သူလည်း အသတ်ခံရပြီးရော အက်ဒစ်ဟာ မစ္စတာစတိုင်း ဆိုသူရဲ့ သမီးမဟုတ်ကြောင်း ရဲအဖွဲ့က စုံစမ်းသိရှိရသတဲ့လား''

ကျွန်တော်က မှန်ကန်ကြောင်း ပြန်ပြောပြသည်။

''မက္ကာလိန်းဟာ ရဲအရာရှိဖြစ်တယ် ဆိုတာလည်း ခင်ဗျား သိတယ် မဟုတ်လား''

ကျွန်တော်က တစ်ချက်နှာချေလိုက်ပြန်သောကြောင့် ပါးစပ်နှင့် မဖြေနိုင်။ ခေါင်းသာ ညိတ်ပြလိုက်ရသည်။

''ဒီတော့ စတိုင်းဆိုတဲ့လူနဲ့ အက်ဒစ် လက်ထပ်ခဲ့တာကို မက္ကာလိန်းက စုံစမ်းသိရှိရမှာပေါ့၊ စတိုင်းနဲ့ သူ အဆက်အသွယ်လုပ်မယ်၊ စတိုင်းက သူ့ကို အသတ်ခိုင်းမယ်''

ဂျွန်ဖိုက်သည် သူ့ကို အော်တိုမက္ကာလိန်းက ဒဏ်ရိုက်ဖူးသောကြောင့် ယခုလို ကောက်ချက်တွေ ချနေခြင်း ဖြစ်ပါသည်။

''စောစောက ခင်ဗျားပြောတယ် မဟုတ်လား၊ ခင်ဗျား ဒီကိုလာတာ မက်ကလွဲပြီး ဘယ်သူမှ မသိဘူးဆိုတာ''

''မက်နဲ့ သူ့သမီး သိတယ်''

''ရယ်စရာပဲ၊ မစ္စမက္ကာလိန်းကတော့ ဘယ်ကလာပြီး လူသတ်သမား ဖြစ်နိုင်ပါ့မလဲဗျ၊ ကျွန်တော်တော့ မယုံဘူး''

''ကျွန်တော်လည်း မယုံပါဘူးဗျာ''

ဂျွန်ဖိုက်က ထိုင်ရာမှထပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

''အဲဒီကလေးမကလေးအတွက်တော့ တော်တော်ဆိုးတာပဲ၊ ကလေးမက ချောချောကလေးပါ၊ သူ့အဖေ လူသတ်မှုနဲ့ အရေးယူခံရမယ်ဆိုရင် တော်တော် စိတ်ထိခိုက်မှာပဲ၊ ဒါပေမဲ့ ရဲအမှုထမ်းတွေရဲ့ မိသားစုတွေဟာ ဒါမျိုး ခံနိုင်ရည် ရှိကြတယ်လို့ ကြားဖူးတယ်၊ ခင်ဗျားရော အဲဒီအတိုင်း ထင်သလား''

သူ့မေးခွန်းကို ကျွန်တော် ပြန်မဖြေပါ။ အော်တိုမက္ကာလိန်းကို စွပ်စွဲသူ နှစ်ယောက် ဖြစ်လာသည်။ ဂျင်နီဒင်ဒလာနှင့် ယခုဂျွန်ဖိုက် ဖြစ်သည်။

မက်နှင့် အက်ဒစ်တို့နှစ်ယောက် အဆက်အသွယ်ရှိသည် ဆိုခြင်းက



တော့ မှန်နေပြီ။

သူတို့နှစ်ယောက် ထိုထက်ပိုပြီး ခိုင်မာသည့် ဆက်သွယ်မှုများ ရှိမရှိ ကို ရှာဖို့လိုသည်။ သူတို့နှစ်ယောက် အတွင်းရေးများအထိ အဆက်အသွယ် ရှိနေကြသည်ဆိုလျှင် အတော်ကြီး လုံလောက်နေပေပြီ။

''မစ္စတာဟေးလီးယတ်၊ ခင်ဗျားပြောတာ မှန်တယ်လို့ ကျွန်တော် ထင်ဘယ်၊ ကျွန်တော့်ကို မော်တော်ကားတစ်စီးလောက် ခင်ဗျား ငှားနိုင်မယ် ဆိုရင် ကျွန်တော် အခု မြို့ထဲကိုသွားပြီး မက္ကာလိန်းကို ကြိုးစင်တင်ဖို့ လုပ်မယ်''

''ကားတစ်စီး…ကားတစ်စီး…ကျုပ်တော့ နားမလည်ဘူး''

စိတ်ရှုပ်ခြင်း၊ နားလည်ခြင်း၊ ယုံကြည်ခြင်းများအားလုံး ကျွန်တော့် ခေါင်းထဲသို့ စုပြုံရောက်လာကြသည်။

''ဒီတစ်နယ်လုံးမှာ ခင်ဗျားကားတွေကို လူတိုင်းက သိကြတယ်ဗျာ၊ ဒါကြောင့် ဘယ်သူကမှ ခင်ဗျားကားကို ဖမ်းတားမှာ မဟုတ်ဘူး၊ ဖမ်းတားရင် ရဲအဖွဲ့ဝင်ပဲ ဖြစ်ရမယ်၊ တခြားကားနဲ့ ကျွန်တော် သွားရင် ဖမ်းအတားခံရမယ်၊ ကျွန်တော့်ကိုတွေ့ရင် ရဲက ဖမ်းမယ်၊ ရဲက ဖမ်းရင် ကျွန်တော် ဘာမှဆက်လုပ် လို့ မရနိုင်တော့ဘူး''

''အင်း…ဒါလည်း မှန်ပါတယ်၊ ကျုပ်ကို လူတိုင်းက သိနေကြတာ မဟုတ်လား၊ ကျုပ် ဓာတ်ပုံတွေကလည်း မြင်းပွဲ မဂ္ဂဇင်းတွေထဲမှာ မကြာခဏ ပါတတ်တယ်လေ''

''ဟုတ်တယ်၊ ဒီအခွင့်အရေးကိုတော့ ကျွန်တော် ရအောင်ယူမှ ဖြစ်တော့မယ်၊ ဒါပေမဲ့ ကားမရှိဘဲနဲ့တော့ ကျွန်တော် ဘာမှလုပ်နိုင်မှာ မဟုတ် ဘူး''

''ခင်ဗျားမှာ ယာဉ်မောင်းလိုင်စင် ရှိသလား၊ ယာဉ်မောင်းလိုင်စင် မရှိတဲ့လူကို ငှားလိုက်မိရင် ကျုပ် မော်တော်ကားရဲ့ အာမခံတွေပျက်ပြီး တရားမဝင် ဖြစ်သွားနိုင်တယ်''

သည်းခံခြင်းတရားသည် မည်မျှအရေးကြီးကြောင်း၊ အောင်မြင်မှု၏ အခြေခံအကြောင်းရင်းဖြစ်ကြောင်း ကျွန်တော် သိပါသည်။ ထို့ကြောင့် ယာဉ် မောင်းလိုင်စင်နှင့် အာမခံကတ်ပြားများကို ထုတ်ပြလိုက်ရသည်။ သူ ကျေနပ် သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုခေါ်ပြီး အပြင်ခန်းသို့ ထွက်လာသည်။ အပြင်ခန်းသို့ ရောက်သောအခါ လူခေါ်ခေါင်းလောင်းကို နှိပ်သည်။ ခဏကြာတော့ အသျှိရောင် ယူနီဖောင်း ဝတ်ထားသူတစ်ယောက် ရောက်လာသည်။

"မစ္စတာပိုတာကို စတောရှင်ဝက်ဝွန်း ကားငှားဖို့ ဒင်နီယယ်ဘင်နီယံကို ပြောလိုက်၊ မစ္စတာပိုတာကိုပါ တစ်ခါတည်း ခေါ်သွား"

"ကောင်းပါပြီ မစ္စတာ ဟေးလီးယတ်"

ဂျွန်ဖိုက်က အခန်းထဲ ပြန်ဝင်သွားသည်။ ကျွန်တော့်ကို နှုတ်ဆက်ခြင်းလည်း မပြု။ ကံကောင်းပါစေဟုလည်း ဆုမတောင်း။ သူ့တပည့်က ကျွန်တော့်ကို အိမ်ရှေ့ဘက်သို့ ခေါ်လာပြီး တံခါးဖွင့်သည်။ တံခါးပြန်ပိတ်သောအခါ တစ်အိမ်လုံးတွင် ခေါင်းလောင်းသံများ မြည်သွားသည်ကို ကြားလိုက်ရလေသည်။

အပြင်မှာ မှောင်နေပြီ။ အလွန်လည်း အေးနေသည်။ မနေ့တုန်းက ကျွန်တော် လျှောက်ခဲ့သကဲ့သို့ပင် အိမ်ဘေးမှပတ်ပြီး လျှောက်လာခဲ့သည်။ မော်တော်ကား ဂိုဒေါင်နားတွင် ဒင်နီယယ် ရှိနေသည်ကို တွေ့ရသည်။ ပစ္စတို သေနတ်ကို ခါးမှာ ချိတ်ထားသည်။

"ဟာ…ဒုက္ခပဲ၊ ခင်ဗျား ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ၊ ကျွန်တော့် ကုတ်အင်္ကျီ ယူဝတ်သွားပါလား"

သူ၏ လှိုက်လှိုက်လှဲလှဲ စကားကို ကြားရသည့်အတွက် ကျွန်တော် အများကြီး နေသာထိုင်သာ ဖြစ်သွားပါသည်။

"ရပါတယ်ကွာ၊ ကားထဲမှာ အပူပေးတဲ့စက် ရှိနေမှာပဲ၊ မင်းကိုတော့ ငါ သဘောကျသွားပြီ ဒင်နီယယ်"

သူက ကားဂိုဒေါင်ကို ဖွင့်သည်။ အထဲရှိ စတောရှင်ဝက်ဂွန်းကားက ပြောင်လက်နေသည်။

"ကျွန်တော် တတ်နိုင်တာ ကူညီတာပဲဗျာ၊ သေနတ်တော့ ပေးလိုက်လို့ မဖြစ်ဘူး၊ တခြား ကျွန်တော် ဘာကူညီနိုင်မလဲပြော"

"စက္ကူလက်ကိုင်ပဝါရရင် တော်ပါပြီ"

"ကားထဲမှာ ရှိတယ်၊ ကားကို အလုပ်သမားတွေက နေ့တိုင်း သန့်ရှင်းရေးလုပ်တယ်၊ အဲဒီလိုလုပ်တိုင်း စက္ကူလက်ကိုင်ပဝါကို အသစ်ထည့်ရတယ်၊ နေပါဦး…ခင်ဗျား အခု ဘယ်ကိုသွားမှာလဲ မစ္စတာပိုတာ"



"လောင်ဒီစဘတ်မြို့ထဲကို သွားမယ်၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဒီအတိုင်း ငုတ်တုတ်ကြီး ထိုင်ခံနေရတဲ့ ဘဝမျိုးတော့ မဖြစ်ဘူး"

ဒင်နီယယ်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"မစ္စက်ဂျွန်ဖိုက်ကို ခင်ဗျား သတ်သလား၊ မသတ်ဘူးလား ဆိုတာတော့ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ အင်ဒီ သဘောကျနေတဲ့ ဘယ်လိုလူမျိုးကမှ သူ့အဘိုးကို မသတ်မှာတော့ သေချာတယ်၊ အဲဒီကိစ္စမှာတော့ ခင်ဗျားကို ကျွန်တော် ယုံတယ်"

စတောရှင်ဝက်ဂွန်း ကားထဲသို့ဝင်ပြီး အပူပေးစက်ကို ဖွင့်ကာ ထိုင်နေချေပြီ။

"မစ္စတာဂရေးကို ဘယ်သူမှ မသတ်ပါဘူး၊ ငါ သူနဲ့ အတူတူ ရှိနေခဲ့တာပဲ၊ မက်က အဘိုးကြီးကို ကလိမ်ကျလိုက်တယ်လေ၊ ဒါကြောင့် စိတ်ထိခိုက်ပြီး သေသွားတာပါ"

"မစ္စတာဂရေးနဲ့ မက်ဟာ သိပ်ပြီးမျက်နှာကြော တည့်ကြတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့နှစ်ယောက် အဆင်ပြေနေတယ်လို့ပဲ ထင်ရတယ်၊ ကဲ…သွားပေဦးတော့၊ ကျွန်တော်လည်း အိမ်ကြီးလုံခြုံရေးအတွက် ကင်းလှည့်လိုက်ဦးမယ်"

ကျွန်တော်လည်း ဂိုဒေါင်အပြင်သို့ ကားမောင်းထွက်ခဲ့တော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

လောင်ဒီစဘတ်မြို့တွင်းသို့ မောင်းလာခဲ့ရာ ကျွန်တော့်ကို မည်သူတစ်စုံတစ်ယောက်ကမှ ဖမ်းတားခြင်း မရှိချေ။ နှစ်နေရာတွင် လမ်းပိတ်ထားခြင်းနှင့်တော့ ကြုံခဲ့ရသည်။ သို့သော်လည်း ချောချောမောမောပင် ကျော်လွှန်နိုင်ခဲ့ပါသည်။

ဖမ်းမည့်လူများ စောင့်နေကြသည့် လောင်ဒီစဘတ်မြို့တွင်းသို့ ကျွန်တော် ရဲရဲတင်းတင်း ဝင်လာမည်ဖြစ်ကြောင်း မည်သူကမှ မျှော်လင့်ထားကြလိမ့်မည် မဟုတ်ပေ။

ကျွန်တော့်ကို ဖမ်းမမိနိုင်သည့်အတွက် လက်ဖတင်နင်ဂင်ဘယ်လ်တစ်ယောက်တော့ ဘုံဆောင့်နေချေရော့မည်။ သည်လောက်သေးငယ်သည့် မြို့ပေါက်စကလေးထဲတွင် ကျွန်တော် ပျောက်သွားသည့်အတွက် အလွန့်ကို မချင့်မရဲ ဖြစ်နေပေလိမ့်မည်။

မော်တော်ကားထဲမှာ ပေါင်ဒါမှုန့်များ ဖြူးထားသည်ကို တွေ့ရသည်။ လက်ဖွေယူသည့် ပေါင်ဒါမှုန့်များ ဖြစ်ရပေမည်။ ထိုအခါကျတော့မှပင် သည်ကားထဲမှာ အက်ဒစ် လည်ပင်းညှစ် အသတ်ခံသွားရကြောင်းကို ပြန်သတိရသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထ,သွားမိသည်။ ကားထဲမှ ချက်ချင်းဆင်းသွားချင်သည်။



သို့သော်လည်း ဆင်းသွားလို့ မဖြစ်သေး။ ကျွန်တော့်လုပ်ငန်းများကို ကုန်းကြောင်းလျှောက်လုပ်နေလို့မဖြစ်။ ကားတစ်စီးကတော့ မရှိမဖြစ် အခြေအနေမျိုးသို့ ရောက်နေသည်။ ထို့ကြောင့် ကိုယ့်စိတ်ကိုယ်ထိန်းပြီး ဆက်မောင်းလာခဲ့ရသည်။

ကျွန်တော် နယ်လှည့်သည့်အခါတိုင်း အချိန်ဖြုန်းသည့်အနေဖြင့် အပေါ်စား စုံထောက်ဝတ္ထုများကို ဖတ်ဖူးခဲ့သည်။ ထို့ကြောင့် စုံထောက်ဝတ္ထုများနှင့် အတော်ကလေး အကျွမ်းတဝင် ဖြစ်နေသည်ဟု ဆိုရမည်။ ယခုအချိန်အခါတွင် ထိုဝတ္ထုများအကြောင်းကို ပြန်စဉ်းစားကြည့်နေမိသည်။ မည်သည့်အချက်များကို ထုတ်နုတ်အသုံးပြုလျှင် ရမည်နည်းဟု တွေးကြည့်မိသည်။

တကယ်ဆိုတော့ ကျွန်တော်၏ မိုက်မဲမှု၊ ထုံထိုင်းထိုင်းနိုင်မှုများကြောင့် ယခုလို အကွက်ဆင်မှုကို ခံလိုက်ရခြင်းသာ ဖြစ်လေသည်။

ယခုတော့ လူသတ်တရားခံ အစစ်အမှန်ကို အော်တိုမက္ကလိန်း ဖော်ထုတ်နိုင်ပေတော့မည်။

မြို့တော်ခန်းမဆီသို့ ကျွန်တော် မောင်းလာခဲ့သည်။ ခါတ်ဆီမီတာခွက်ကို ငုံ့ကြည့်သောအခါ ဆီလက်ကျန် နည်းနေသည်ကို တွေ့ရသည်။ သည်ကားကို ရဲများ ယူမောင်းသွားပြီးသည့်နောက် ဂျွန်ဖိုက်၏တပည့်များက ဆီထပ်မဖြည့်ဖို့ မေ့နေကြပုံရသည်။

မြို့တော်ခန်းမနားသို့ ရောက်သောအခါ ပတ်ဝန်းကျင်ကို သတိထားကြည့်မိသည်။ ရဲကားများကို မတွေ့ရပါ။ ပြည်နယ်ရဲတပ်ဖွဲ့ဝင်တို့၏ ကားများကိုသာမက အော်တိုမက္ကလိန်း၏ ကားကိုလည်း မတွေ့ရပါ။ မလှမ်းမကမ်းက ရုပ်ရှင်ရုံနားတွင်မူ ကားအချို့ ရပ်ထားသည်ကို တွေ့ရသည်။ သို့သော် ရဲကားနှင့်တူသည့်ကားမရှိ။

အခြားတစ်နေရာတွင် လေမုန်တိုင်း ကျနေသောကြောင့် ရဲကားများအားလုံး ထိုနေရာသို့ သွားနေကြခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

မြို့တော်ခန်းမအနားမှာ ကားရပ်သည်။ ဂျွန်ဖိုက်၏ ကားဖြင့်သည်ပြည်နယ်ထဲမှ ကျွန်တော် ထွက်သွားမည်ဆိုလျှင် အလွယ်တကူ လွတ်မြောက်နိုင်မည်။ အက်ဒစ်ကိုသတ်သော တရားခံ အစစ်အမှန်ပေါ်သည့်အချိန်ထိ အခြားတစ်နေရာရာတွင် သွားရောက်ပုန်းအောင်းနေလျှင် ကောင်းမည်လားဟုလည်း စဉ်းစားမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြံကို ချက်ချင်း ပယ်ထုတ်လိုက်ရသည်။ လူသတ်သမား အော်တိုမက္ကလိန်းကို ဖမ်းမိတော့မည် ဖြစ်သောကြောင့် ကျွန်တော် ပုန်းအောင်း နေစရာ မလိုတော့ပြီ။

ရုတ်တရက် ကားထဲမှ မဆင်းသေးဘဲ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်နေမိသည်။ ရေဒီယို သတင်းလာချိန်ဖြစ်ကြောင်း သတိရသဖြင့် ကားထဲက ရေဒီယိုကို ဖွင့်သည်။ အမျိုးသမီးတစ်ဦးက သတင်းကြေငြာနေသည်။

သည်ပြည်နယ်တွင် ယခုနှစ်အတွင်း ယနေ့အထိ မော်တော်ယာဉ်တိုက်မှုကြောင့် လူပေါင်း (၉၄၂) ယောက် သေဆုံးခဲ့ကြောင်း၊ မနှစ်က သည်အချိန်အထိ အသေအပျောက်စာရင်းမှာ (၉၃၆) ယောက်သာ ရှိခဲ့ကြောင်း၊ လစ်ဗာတီဗီးရွာတွင် ဂိုဒေါင်တစ်လုံး မီးလောင်သွားသောကြောင့် ဒေါ်လာနှစ်သိန်းခွဲလောက် ဆုံးရှုံးသွားကြောင်းများကို ကြေငြာနေသည်။ သူတို့ပြည်နယ်သတင်းများကို အဓိက အသားပေးပြီး ကြေငြာနေခြင်း ဖြစ်သည်။

ရေဒီယိုကို ပိတ်မည်ပြုပြီးမှ ကမန်းကတန်း လက်ကို ပြန်ရုပ်လိုက်ရသည်။

"ဒီပြည်နယ်ထဲမှာ ပေါ်ပေါက်ခဲ့ဖူးသမျှ လူသတ်သမားတွေထဲမှာတော့ ပေါလ်ပိုတာဆိုတဲ့ လူသတ်သမားဟာ သွေးအအေးဆုံး လူသတ်သမားဖြစ်ကြောင်း ရဲအဖွဲ့က ထုတ်ဖော်ပြောဆိုပါတယ်။ အဲဒီလူသတ်သမား ပေါလ်ပိုတာဟာ လောင်ဒီစဘတ်မြို့ရဲ့မြောက်ဘက် မိုင်တစ်ရာအကွာမှာရှိတဲ့ မူလင်ဗီလ်မြို့ကလေးက တည်းခိုခန်းတစ်ခုထဲမှာ ပုန်းအောင်းနေပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေက အဲဒီတည်းခိုခန်းကလေးကို ဝိုင်းထားပြီး လူသတ်သမားကို လက်နက်ချဖို့ ပြောနေပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့…"

ရေဒီယိုခလုတ်ကို ကျွန်တော် ပိတ်ပစ်လိုက်သည်။ လူသတ်မှုနှင့် မည်သို့မျှ မပတ်သက်သော လူတစ်ယောက်ကို သူတို့ သေနတ်နှင့် ဝိုင်းချိန်နေကြပေရော့မည်။ ကျွန်တော် မမြင်ဖူး၊ မသိဖူးသော ထိုသူအတွက် စိတ်ပူလိုက်မိပါသည်။

သို့သော်လည်း မိမိအတွက်က ပိုအရေးကြီးကြောင်း ပြန်လည်စဉ်းစားမိသည်။

ကားပေါ်မှ ဆင်းခဲ့သည်။ ရဲဌာန ရှိရာသို့ လျှောက်လာခဲ့သည်။ ရုံးခန်းထဲမှာ နီးလ်စ်တစ်ယောက်တည်း ရှိနေသည်ကို တွေ့ရသည်။ အော်တို



မက္ကလိန်း၏ စားပွဲမှာထိုင်ပြီး မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသည်။ ကျွန်တော် ဝင်သွားတော့ မော့ကြည့်သည်။ ဖတ်လက်စ မဂ္ဂဇင်းကို စားပွဲပေါ်သို့ ပစ်တင်သည်။ သေနတ်မျိုးစုံ ကက်တလောက်စာအုပ် ဖြစ်နေသည်ကို တွေ့ရသည်။

"လာဟေ့ ဒီနေ့ညတော့ အေးအေးဆေးဆေးပဲ၊ အမှုသမား တစ်ယောက်မှ ရောက်မလာသေးဘူး"

"ဘယ်လိုအမှုသမားလဲ"

"ကျုပ်ရဲ့ ပုံမှန်ဖောက်သည်တွေပေါ့ မောင်ရာ၊ ညဘက် မူးရမ်းနေတဲ့ အမှုသည်မားတွေကို ရဲကဖမ်းပြီး တစ်ညချုပ်ထားလေ့ရှိတယ်"

"ခင်ဗျား မမေးခင် ကျွန်တော်ကပဲ ဦးနှင့်အောင် ပြောထားရဦးမယ် ဗျာ၊ မစ္စတာဂရေးကို ကျွန်တော် မသတ်ပါဘူး၊ ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ပါဘူး"

မစ္စတာနီးလ်စ်က ထိုင်ရာမှ ထ,သည်။ အညောင်းဆန့်သည်။

"ကျုပ်နဲ့ ဘာမှမဆိုင်ပါဘူး မောင်ရာ၊ ရဲက ဖမ်းတယ်၊ ကျုပ်ဆီကို ပို့ပေးတယ်၊ ကျုပ်က ဒီအထဲမှာ ထည့်ထားတယ်၊ ကျုပ်အလုပ်က ဒါပဲ"

"ကျွန်တော့်အာမ,ခံလည်း ပြန်အရုပ်သိမ်းခံရတယ်"

"အင်ဒီက မောင့်ကို အာမ,ခံဖို့ ကြိုးစားသေးတယ်၊ ဒါပေမဲ့ တရားသူကြီးက ငြင်းတယ်၊ ဟင်နရီလိုက်ဖ်တန်ကလည်း မောင့်ဘက်က မလိုက်တော့ဘူးလို့ ပြောတယ်"

မစ္စတာနီးလ်စ် ထိုင်နေကျကုလားထိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။ အတစ်ချက်ချော့လိုက်ပြန်သည်။ ကားထဲမှ စက္ကူလက်ကိုင်ပဝါများကို ယူခဲ့ဖို့ မေ့သွားသည်။ မစ္စတာနီးလ်စ်က အံဆွဲထဲမှ စက္ကူထုပ်ကိုယူပြီး လှမ်းပေးသည်။

"အဲဒီတော့ ဘယ်လိုများ ဖြစ်နိုင်ပါသလဲ ခင်ဗျာ"

"ကျုပ်နဲ့တော့ ဘာမှမဆိုင်ဘူးလေ၊ မောင်က အခုဝရမ်းပြေးဖြစ်နေပြီ ပေါ့၊ ဒါပေမဲ့ ကျုပ်အလုပ်က ဖမ်းတဲ့အလုပ် မဟုတ်ဘူး၊ ရဲက ဖမ်းရမှာ၊ သူတို့ ဖမ်းပေးတဲ့လူကို ကျုပ်က ဒီအထဲမှာ ထည့်ထားရုံပဲ၊ ကော်ဖီသောက်မလား"

"မစ္စတာနီးလ်စ်…ကျွန်တော် ခင်ဗျား အကူအညီရမှ ဖြစ်တော့မယ့် အခြေအနေ ရောက်နေပါတယ်ခင်ဗျာ"

သူက ခေါင်းခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နဲ့ ဘာမှမဆိုင်ဘူးလေ၊ ကျုပ်က ဖမ်းတဲ့အလုပ်ကို လုပ်တာ မဟုတ်ဘူး၊ ဒါကြောင့် မောင့်ကို ဘာဒုက္ခမှ မပေးနိုင်သလို ဘာအကူအညီမှလည်း မပေးနိုင်ဘူး၊ ကော်ဖီသောက်မယ် မဟုတ်လား၊ မောင်အအေးမိနေပုံရတယ်"

"မြောက်ပိုင်းက မြို့ကလေးတစ်မြို့မှာ မဆိုင်တဲ့လူတစ်ယောက်ကို ဖမ်းဖို့ သူတို့ ပိုင်းနေကြပြန်ပြီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကော်ဖီကလေး တစ်ခွက်လောက် သောက်ပါရစေ"

မီးဖိုပေါ်မှာ တင်ထားသော ကော်ဖီအိုးရှိရာသို့ သွားသည်။ မတ်ခွက်နှစ်လုံးနှင့် ကော်ဖီအိုးကိုယူပြီး ပြန်လာသည်။ သူ့ကော်ဖီက အလွန်အရသာရှိပါသည်။

"မင်းဇာတ်လမ်းကို ပြောပြစမ်းပါဦး၊ ဘယ်လိုများ ဒုက္ခရောက်နေပြန်သလဲ"

"ကျွန်တော့်မိန်းမကို သတ်ပစ်သူဟာ အော်တိုမက္ကလိန်း ဖြစ်တယ်လို့ ကျွန်တော့်ကို လူနှစ်ယောက်က ပြောတယ်၊ အဲဒီလူနှစ်ယောက်ကလည်း တစ်ယောက်နဲ့တစ်ယောက် ဘာမှမဆိုင်ဘူး၊ ဘာအဆက်အသွယ်မှလည်း မရှိပါဘူး"

ကုလားထိုင်တစ်လုံးကို သူ ဆွဲထိုင်သည်။

"တော်တော် အဓိပ္ပာယ်မရှိတဲ့ စကားပဲ"

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ သေချာအောင် ကျွန်တော် စုံစမ်းကြည့်ချင်ပါတယ်၊ မက်နဲ့ အက်ဒစ်တို့နှစ်ယောက် အဆက်အသွယ် ဘယ်လိုရှိသလဲ၊ ဘယ်အဆင့်အထိ ရင်းနှီးကြသလဲ ဆိုတာတွေ သိဖို့ လိုပါတယ်"

"မက်က ဘယ်နည်းနဲ့မှ သတ်မှာမဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူဟာ စိတ်လှုပ်ရှားတတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ တရားဥပဒေကိုလည်း အင်မတန် ရိုသေတယ်၊ ဘယ်တော့မှ မချိုးဖောက်ဘူး"

"ဒါလည်း မှန်ပါတယ်၊ ဒါပေမဲ့ မက်ကို သဘောမကျတဲ့လူတွေ ဒီနယ်မှာ တော်တော်များနေတယ်၊ သူ့ကို သဘောမကျတဲ့ လူတွေထဲမှာ အက်ဒစ်လည်း ပါကောင်း ပါနိုင်တယ်၊ ဒါကြောင့် သူတို့နှစ်ယောက် အဆင်မပြေဖြစ်ပြီး သတ်ပစ်လိုက်တာကော မဖြစ်နိုင်ဘူးလား"

နီးလ်စ်က ထိုင်ရာမှ ထ,သည်။ ကုန်သွားသော ကော်ဖီမတ်ခွက်နှင့်



ကော်ဖီအိုးကို လက်တစ်ဘက်တည်းနှင့် စုကိုင်သည်။

"ဟိုဘက်အခန်းထဲမှာ ရေသွားဆေးလိုက်ဦးမယ်၊ ဒီမှာ…ငါ့သား ကျုပ်အနေနဲ့ ရဲအရာရှိတစ်ယောက်အပေါ် စေဖန်ဖို့ ဘာအကြောင်းမှ မရှိဘူး၊ နောက်တစ်ကြောင်းက ကျုပ် သိသလောက် မက်ဟာ အင်မတန်တော်တဲ့ ရဲအရာရှိတစ်ယောက် ဖြစ်တယ်၊ အလုပ် လုပ်ရာမှာလည်း အင်မတန် စေ့စပ်သေချာတယ်၊ သူ ကြုံတွေ့ခဲ့တာတွေ မှန်သမျှ အားလုံးကို စာနဲ့ပေနဲ့ မှတ်တမ်းတင်ထားလေ့ရှိတယ်၊ ဘယ်တော့မှ လက်လွှတ်စပယ် မလုပ်ဘူး၊ မှတ်တမ်းတွေ အားလုံးကိုလည်း ဟောဟိုစင်ပေါ်မှာ စနစ်တကျ သိမ်းဆည်းထားလေ့ရှိတယ်၊ ဟုတ်တယ်…ဘယ်နည်းနဲ့မှ ဒီအလုပ်မျိုးကို သူ လုပ်မှာမဟုတ်ဘူး"

မတ်ခွက်များနှင့် ကော်ဖီအိုးကိုယူပြီး အချုပ်ခန်းကလေးများအတွင်းသို့ ဝင်သွားသည်။ အော်တိုမက္ကလိန်း၏ စားပွဲနားမှာ ဖိုင်တွဲများ တင်ထားသည့် စင်ရှိသည်။ ထိုအနားသို့ ကျွန်တော် အလျင်အမြန် ကပ်ခဲ့သည်။ မစ္စတာ နီးလ်စ်သည် လက်တစ်ဘက်တည်းရှိသူ ဖြစ်သောကြောင့် အချိန်အနည်းငယ် ကြာအောင်တော့ ဆေးကြောရပေလိမ့်မည်ဟု ခန့်မှန်းကြည့်မိသည်။

ဖိုင်တွဲများကို အကန့်လိုက်ထားပြီး အကန့်တိုင်းတွင် ခေါင်းစဉ်များကို ရေးထားသည်။

မော်တော်ယာဉ်တိုက်မှုများ၊ တရားရုံးမှ ချမှတ်သည့် ပြစ်ဒဏ်များ၊ ယောလီးယတ်တောင်ကုန်းနှင့်ဆိုင်သော ကိစ္စရပ်များ၊ ယောလီးယတ်…အက်ဒစ် စတိုင်း။

အက်ဒစ်စတိုင်းဆိုသော ဖိုင်တွဲကို ကျွန်တော် ကမန်းကတန်း ထုတ်ယူကာ လှန်လှောကြည့်သည်။

လတ်စီဂတ်စ်မြို့မှာရှိသော ရှေ့နေများထံသို့ ရေးသည့် စာတစ်စောင်။ ခါလီဖိုးနီးယားပြည်နယ်မှာရှိသော ရဲအရာရှိချုပ်ထံသို့ ရေးသည့် စာတစ်စောင်။ ထိုစာကို ကျွန်တော် ခပ်သုတ်သုတ် ဖတ်ကြည့်သည်။ ကားလ်စတိုင်းဆိုသောသူ မည်သည့် အရပ်တွင် ရှိနေနိုင်သနည်းဟု စုံစမ်းမေးမြန်းသည့်စာ ဖြစ်သည်။

ထို့နောက် နယူးယောက်မြို့၊ (၁၁၉) လမ်းတွင် ရှိနေသော ကားလ်စတိုင်း ဆိုသူထံသို့ ရေးသည့် စာတစ်စောင်။ ခင်ဗျား မိန်းမနှင့် ကွာရှင်းပြတ်စဲပြီးပြီလား၊ ခင်ဗျားမိန်းမ ဘယ်အရပ်တွင် ရှိနေသည်ကို သိသလား စသည်ဖြင့် မေးမြန်းထားသည့် စာတစ်စောင်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ပြီး ကားလ်စတိုင်း ဆိုသူထံမှ ပြန်စာ…။

မစ္စတာနီးလ်စ် ပြန်လာသည့် ခြေသံကို ကြားလိုက်ရသောကြောင့် ဖိုင်တွဲကို နေရာမပျက် ပြန်ထည့်ထားလိုက်ရသည်။ စောစောက ထိုင်နေသည့် ကုလားထိုင်သို့ ပြန်လာကာ ဟန်မပျက် ထိုင်သည်။ အမူအရာမပျက်အောင် ဂရုစိုက် ထိန်းနေရသည်။

ဒါလောက်ဆိုလျှင် လုံလောက်သွားချေပြီ။ အော်တိုမက္ကလိန်းနှင့် အက်ဒစ်တို့နှစ်ယောက် အဆက်အသွယ် ရှိနေကြသည်မှာ သေချာသည်။ ကားလ် စတိုင်း ဆိုသောသူမှာ အက်ဒစ်၏ ယခင်ယောက်ျား ဖြစ်သည်။ ထိုယောက်ျားနှင့် မက္ကလိန်းက အဆက်အသွယ် ယူသည်။ ပြီးတော့ အက်ဒစ်ကို ငွေညှစ်သည်။ ဇာတ်လမ်းကတော့ ဒါပဲဖြစ်သည်။ အလွန်သေချာပြီး အလွန်ရှင်းသော ဇာတ်လမ်း ဖြစ်ပါသည်။

"ကျွန်တော် သွားလိုက်ပါဦးမယ် ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

"ဘာအတွက် ကျေးဇူးတင်တာလဲ၊ ကော်ဖီအတွက်လား၊ မလိုပါဘူး ကွာ"

အပြင်သို့ ကျွန်တော် ထွက်ခဲ့သည်။

အော်တိုမက္ကလိန်းသည် ရက်စက်ကြမ်းကြုတ်သူ ဖြစ်သည်။ တရားခံ များကို နှိပ်စက်ညှဉ်းပန်းတတ်သည်။ ထိုအချက်ကို လူတိုင်းသိသည်။ ကိုယ်တိုင် အနှိပ်စက် အညှဉ်းပန်းခံခဲ့ရသူတွေ ရှိနေသည်။

ထိုမျှသာ မကသေး။ ကောက်ကျစ်စဉ်းလဲသူ တစ်ယောက်လည်း ဖြစ်နေသည်ကို တွေ့ရပြန်သည်။ အက်ဒစ်ကို သူ့ယောက်ျားဟောင်းအကြောင်း ပြောပြပြီး ငွေညှစ်သည်။ အက်ဒစ်က ငွေအညှစ်မခံသောအခါတွင် သတ်ပစ်လိုက် ခြင်းသာ ဖြစ်ရမည်။

သို့သော်…

ထို 'သို့သော်' မှာ ကျွန်တော့်အဖို့ ရင်အနာရဆုံးသော 'သို့သော်' ဖြစ်ပါသည်။

အော်တိုမက္ကလိန်း လူသတ်သမားဖြစ်ကြောင်း ကျွန်တော် ဖော်ထုတ် မည်ဆိုလျှင် အင်ဒီနှင့် ကျွန်တော်မှာ ဇာတ်လမ်းဆုံးသွားချေပြီ။ အင်ဒီကို ကျွန်တော် လက်လွှတ်ဆုံးရှုံးလိုက်ရပေတော့မည်။

မက္ကလိန်းသည် လူသတ်တရားခံအစစ် ဖြစ်နေသောကြောင့် ကျွန်တော့်



ကို အလွှတ်မခံနိုင်ခြင်း ဖြစ်သည်။ ကျွန်တော့်အာမ,ခံကို ပြန်လည်ရုပ်သိမ်း အောင် တရားသူကြီးနှင့်ကပ်ပြီး စီစဉ်ခြင်း ဖြစ်သည်။ မစ္စတာဂရေးသည် သူငယ်ပြန်နေသူ ဖြစ်သည်ဆိုကာ တရားသူကြီးကို အယုံသွင်းခြင်း ဖြစ်သည်။

သူ့ကိုယ်စား ကျွန်တော့်ကို ဓားစာခံအဖြစ် ကြိုးစင်တင်ပေးနိုင်မှ သည်အမှုကြီးထဲမှ သူ ကင်းကင်းရှင်းရှင်း လွတ်မည်။

အလွန်တရာရှင်းသော ဇာတ်လမ်းဖြစ်သည်။

ကျွန်တော်၏ ဖော်ထုတ်ချက်အရ အော်တိုမက္ကလိန်း အပြစ်ရမည်။ ကြိုးစင်တက်ရမည်။ သို့ဆိုလျှင် ဖော်ထုတ်သူ ကျွန်တော့်ကို သူ့သမီးက မည်သည့် နည်းနှင့်မှ ခွင့်လွှတ်မည် မဟုတ်။ အချစ်အတွက် အသက်အသေခံကြသည်ဟု ကဗျာဆရာများက ရေးဖူးသည်။

ကျွန်တော်သည် အချစ်အတွက် အသက်အသေခံရမည်လော။

မဖြစ်နိုင်ပါ။ ကျွန်တော်သည် ကျွန်တော့်ကိုယ် ကျွန်တော် အချစ်ဆုံး ဖြစ်သည်။ ထို့ကြောင့် တကယ်လက်တွေ့တွင်မူ အချစ်အတွက် အသက်အသေ ခံနိုင်ပါ။ အချစ်ကိုသာ လက်လွှတ်ရပေတော့မည်။ ဆုံးရှုံးသွားရသော ချစ်သူ အတွက် အသည်းသာ အကွဲခံတော့မည်။ အသက်တော့ အသေမခံနိုင်ပါ။

သည်အတိုင်းဆိုလျှင် ကဗျာဆရာများ ရေးသည်မှာ မှားယွင်းနေသည် ဟု ဆိုရပေတော့မည်။

ကဗျာဆရာများ မှားယွင်းကြောင်းကိုလည်း ကိုယ်တိုင်ကြုံတွေ့ရတော့ မှသာ တိတိကျကျ သိရှိရပေတော့သည်။

သို့သော် ကျွန်တော် ဘာဆက်လုပ်မည်နည်း။

သည်မြို့ကလေးထဲတွင် ကျွန်တော့်မိတ်ဆွေ မရှိ။ အသိအကျွမ်း များများစားစား မရှိ။ ကူညီမည့်သူ မရှိ။

ကျွန်တော့်ကို ကူညီခဲ့သည့် မစ္စတာဂရေးလည်း ကွယ်လွန်သွားပြီ။

အော်တိုမက္ကလိန်းသည် ကျွန်တော်၏ ရန်သူအစစ် ဖြစ်သည်။ ယခု အချိန်မှိုးတွင် ကျွန်တော့်ကို သူတွေ့မည် ဆိုပါက နေရာမှာပင် ပစ်သတ်ပေလိမ့် မည်။ သူ့မှာ သေနတ်ရှိနေသည်။ ကျွန်တော်က လက်နက်မဲ့။ သေနတ်တစ်လက် မျှ ရန်လည်း အကြောင်းမရှိ။

အင်ဒီက သူ့သမီးဖြစ်သည်။ သူ့အဖေ ကြိုးစင်တင်ဖို့အတွက်တော့ ဘယ်နည်းနှင့်မှ ကျွန်တော့်ကို ကူညီမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီလိုက်ဖ်တန်ကလည်း ငွေမက်သူ ဖြစ်သည်။ ငွေမျက်နှာကိုသာ ကြည့်သူဖြစ်သည်။ ငွေစကားသာ ပြောသူဖြစ်သည်။

သည်အတိုင်းဆိုလျှင် ဘာလုပ်ရမည်နည်း။

သည်နေရာမှာ ကြာကြာရပ်နေလို့တော့မဖြစ်။ အချိန်မရွေး အော်တို မက္ကာလိန်း ပြန်ရောက်လာနိုင်သည်။ သည်အချိန်တွင် သူနှင့် မျက်နှာချင်းဆိုင်၍ လုံးဝမဖြစ်နိုင်ပါ။

ဗျူန်ဖိုက်၏ ကားပေါ်သို့ ကျွန်တော် တက်သည်။ စက်နှိုးသည်။ ဓာတ်ဆီက အလွန်နည်းနေပြီ။ အိမ်မြှောင်ကလေးပင် မလှုပ်တော့။ ကားဓာတ်ဆီ ကုန်သွားပါက ကုန်းကြောင်းလျှောက်ရတော့မည်။ ကုန်းကြောင်းလျှောက်နေရ မည်ဆိုလျှင် လူတကာ၏ ပစ်ကွင်းကြီး ဖြစ်သွားတော့မည်။

◆◆◆

## အခန်း (၁၄)

မြို့တော်ခန်းမနားမှ ကျွန်တော် ကားမောင်းထွက်လာခဲ့သည်။ လောင်ဒီစဘာတ်မြို့ကလေး၏ လမ်းမီးများက အားနည်းလွန်းလှလေသည်။

ခပ်လှမ်းလှမ်းမှာ မီးရောင်ကို လှမ်းတွေ့ရသည်။ ဈေးဖြစ်သည်။ ပိတ်ထားပြီ။ ညဘက်စောင့်သည့် ဒရဝမ်များသာ ရှိပေလိမ့်မည်။ ဈေးရှေ့မှာ အများသုံး တယ်လီဖုန်းတစ်လုံး ရှိသည်။

ကျွန်တော် ဖုန်းဆက်ရမည်။ ကျွန်တော်၏ အင်အားများကို စုစည်းရမည်။ ဆက်လက်တိုက်ပွဲဝင်ရတော့မည်။

တယ်လီဖုန်းရုံနှင့် မလှမ်းမကမ်းသို့ အရောက်တွင် ကားဓာတ်ဆီကုန်ဘာ ထိုးရပ်သွားတော့သည်။ ထို့ကြောင့် လက်ကိုင်ဘရိတ်ကို ဆွဲတင်ကာ ကားထဲမှ ထွက်သည်။ တယ်လီဖုန်းရှိရာသို့ရောက်အောင် နှစ်မိနစ် သုံးမိနစ်လောက် လမ်းလျှောက်သွားရပေမည်။

ဘာကိုမှ ကျွန်တော် စဉ်းစားမနေနိုင်တော့ပါ။ ခြေလှမ်းကျဲကျဲဖြင့် အားသွန်လျှောက်လာခဲ့မိသည်။ တစ်စုံတစ်ယောက် မြင်တွေ့သွားမည်ကိုလည်း ဒိုးရိမ်ရသေးသည်။ တစ်စုံတစ်ယောက် တွေ့သွားလျှင် အစီအစဉ်တွေအားလုံး ချော်ပြားကုန်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မော်တော်ကားတစ်စီး မောင်းလာပြီး ကျွန်တော့်အနားမှာ ထိုးရပ်သည်။ ခေါင်းနားပန်းကြီးသွားမိသည်။

"ခတ်ဆီကုန်သွားလို့လား"

ထိုကားထဲမှ ဒရိုင်ဘာက လှမ်းမေးသည်။ ကျွန်တော့်က ခေါင်းညိတ်ရုံ ညိတ်ပြပြီး ဟန်မပျက် ဆက်လျှောက်သည်။

"ခတ်ဆီဆိုင်ကို လိုက်ပို့ပေးရမလား"

ကျွန်တော်က ခေါင်းခါပြလိုက်မိပြန်သည်။

"ဟေး…ခင်ဗျား ပိုတာ မဟုတ်လား"

သူ့ကို အထိတ်တလန့်ဖြင့် ကျွန်တော် ပြန်ကြည့်သည်။ ဂျင်နီဒင်ဒလာ၏အစ်ကို ဖြစ်သည်။ လမ်းဘေးမှာ သူ ကားထိုးရပ်သည်။ ပြီးတော့ ကားထဲမှ ဆင်းလာပြီး ကျွန်တော့်ရှေ့မှာ လမ်းပိတ်ရပ်သည်။ သူ့ကိုယ်ခန္ဓာမှာ ထွားထွားကျိုင်းကျိုင်းကြီးတော့ မဟုတ်။ သို့သော် ကျွန်တော့်ထက်တော့ ပိုပြီးတုတ်တုတ်ခိုင်ခိုင် ရှိသည်။ ဂျင်နီ့ထက် အရပ်ပိုရှည်သည်။

"ခင်ဗျား ဂျွန်ဖိုက်အိမ်မှာပဲ ရှိနေမယ်လို့ ထင်နေတာ"

"ငါ ခဏပဲ ကြာပါတယ်ကွာ"

"ဟုတ်လား၊ ဒီမှာ ကိုယ့်လူ…ခင်ဗျားကို ပြောရဦးမယ်၊ ဂျင်နီနဲ့ ကင်းကင်းရှင်းရှင်းနေပါ"

"မင်းညီမနဲ့တွေ့ဖို့ ငါ့မှာ အစီအစဉ် မရှိပါဘူးကွာ"

"ကျုပ်ညီမ မဟုတ်ဘူး…ကျုပ်အစ်မဗျ၊ ကျုပ်က အငယ်၊ သူက အကြီး၊ ဒါပေမဲ့ ခင်ဗျား သူနဲ့ ထပ်မတွေ့ပါနဲ့၊ ကျုပ်ပြောတာ နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်ကွာ၊ ကဲ…လမ်းဖယ်တော့"

သူက လမ်းမဖယ်သည့်အပြင် ရှေ့သို့ အနည်းငယ် တိုးလာသည်။ ကျွန်တော်သည် အထိုးအကြိတ် အသတ်အပုတ်တွင် ကျွမ်းကျင်သူတစ်ယောက် မဟုတ်ပါ။ ယခုတော့ သူနှင့် ရင်ဆိုင်ရတော့မည့်ကဲ့သို့ ဖြစ်နေသည်။

"ကျုပ်အစ်မ ဂျင်နီ ကြိုက်လိုက်ရင် လူရုပ်တွေချည်းပဲ၊ ရက်ဆိုတဲ့ အကောင်က အလကားကောင်၊ ဖရက်ဒီဆိုတဲ့ အကောင်လည်း ဘာမှအသုံးမကျဘူး၊ အခု ခင်ဗျားလို တေလေဂျပိုးတစ်ယောက်က ကျုပ်အစ်မကို ကပ်နေပြန်ပြီ ခင်ဗျား ရပ်တန်းက ရပ်ပါ"



"ငါနဲ့တွေ့ရအောင် မင်းအစ်မကို ဒီနေ့ပဲ မင်းကိုယ်တိုင် ကားခေါ်ပြီး လိုက်ပို့ပေးခဲ့သေးတာပဲ မဟုတ်လား"

ထိုမေးခွန်းကို ကျွန်တော် ဘာကြောင့်မေးလိုက်မိကြောင်း ကိုယ့်ဘာသာကိုယ်ပင် နားမလည်လိုက်ပါ။

"ဟုတ်တယ်လေ၊ သူက ကျုပ်အစ်မပဲ၊ သူခိုင်းရင် ကျုပ် လုပ်ရမှာပေါ့၊ ဒါပေမဲ့ ခင်ဗျားဘက်က ရှောင်ပေးပါ၊ ကျုပ်ပြောတာ နားလည်ရဲ့လား"

"ကဲ…မင်း လမ်းဖယ်တော့ကွာ"

သူက ရှေ့တိုးလာပြန်သည်။ သူ့မျက်နှာပေါ်မှာလည်း အပြုံးတစ်ခု ရှိနေသည်။

ကျွန်တော် နားလည်လိုက်ပါပြီ။ သူနှင့် ရင်ဆိုင်ရန်မှတပါး အခြားနည်းလမ်း မရှိတော့ပြီ။

သူ့ထံသို့ ကျွန်တော် လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ သို့သော် လက်သီးက သူ့ဆီသို့ မရောက်ပါ။ လမ်းခုလတ်မှာပင် ရပ်သွားသည်။ ထိုလက်သီးကို သူက လက်တစ်ဘက်တည်းနှင့် အလွယ်တကူ ဖမ်းယူပြီး ကျွန်တော့်ကို ဆွဲယမ်းပစ်လိုက်သည်။ မြေပြင်ပေါ်သို့ ကျွန်တော် အရှပ်ကြီးပြုတ်ကျသွားသည်။

သူက ကျွန်တော့်ဆီသို့ လျှောက်လာသည်။ အပေါ်မှစီးပြီး ငုံ့ကြည့်နေသည်။

"ဘယ်လိုလဲ…ချချင်သေးသလား"

"မချချင်ပါဘူးကွာ၊ မင်းနဲ့ငါ ချစရာ ဘာအကြောင်းမှ မရှိပါဘူး"

လဲနေရာမှ ကျွန်တော် ထ,သည်။ ကိုယ်ပေါ်မှ ဖုန်များကို ခါချသည်။

"ငါ ဖုန်းသွားဆက်မလို့ပါကွာ၊ ငါ့ကို မင်း မနှောင့်ယှက်ပါနဲ့"

"ဂျင်နီ့ဆီကိုလား"

"ပေါက်ပေါက်ရှာရှာကွာ၊ ဂျင်နီနဲ့ ငါနဲ့ ဘာဆိုင်တာမှတ်လို့၊ ဘာကြောင့် ငါက သူ့ဆီကို ဖုန်းဆက်ရမှာလဲ"

သူက ကျွန်တော့်ကို စိုက်ကြည့်နေပြန်သည်။

"ခင်ဗျားနဲ့ တကယ်ပဲ မဆိုင်ဘူးလား၊ ခင်ဗျားတို့နှစ်ယောက် ဘာမှ မဖြစ်ကြဘူးလား"

"မဖြစ်ပါဘူးကွာ၊ မင်းအစ်မက အော်တိုမက္ကလိန်း ဒုက္ခပေးမှာစိုးလို့ [illegible]အောင် ငါ့အနေနဲ့ လုပ်ပေးစေချင်တယ်၊ အော်တိုမက္ကလိန်းက ရက်ကို အမှုဆင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းခဲ့တယ် မဟုတ်လား၊ နိုပ်လည်း နှိပ်စက်ခဲ့တယ် မဟုတ်လား၊ တို့နှစ်ယောက်ကြားမှာ အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ ဆက်ဆံရေးပဲ ရှိတာယ်၊ ဒါထက် ဘာမှမပိုဘူး"

"မဂ္ဂလိန်း ဒုက္ခရောက်တော့ကော ရက်ဆိုတဲ့အကောင်က ဘာဖြစ်မှာလဲ၊ အဲဒီကောင်က အလကားကောင်ပဲ၊ ရက် မရှိတော့ ကျုပ်အစ်မက ဖရက်ဒီ ဆိုတဲ့အကောင်နဲ့ ဆက်ရှုပ်ပြန်တယ်၊ အခု ခင်ဗျားနဲ့ ဆက်ရှုပ်နေပြန်ပြီ"

"မဆိုင်တာပဲကွာ၊ မင်းအစ်မက မဂ္ဂလိန်း ဒုက္ခရောက်အောင် လုပ်ပေးပါလို့ ငါ့ကို ပြောတယ်၊ ငါက လုပ်မပေးနိုင်ဘူးဆိုတော့ ငါ့ကို ခါထုတ်လိုက်တာပဲ၊ မင်း အခုန ငါ့ကို ခါထုတ်ပစ်လိုက်သလိုပေါ့"

သူက နှုတ်ခမ်းကို လျှာဖြင့်ပွတ်နေသည်။ ပြီးတော့မှ သူ ပြန်ပြောသည်။ သူပြောသည့်စကားမှာ အော်တိုမဂ္ဂလိန်း ကောင်းကြောင်းဖြစ်သည်။ လောင်ဒီစဘတ်မြို့ ရောက်ကတည်းက မဂ္ဂလိန်းနှင့် မဆိုင်သူထံမှ ကောင်းကြောင်း ပြောသည်ကို ပထမဦးဆုံး ကြားရဖူးခြင်း ဖြစ်လေသည်။

"မက်က ဒါလောက်မဆိုးပါဘူး၊ သူ့ကိုဖယ်ပြီး နောက်တစ်ယောက်ကို အစားထိုးရွေးလို့၊ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲတယ် ဆိုတာမျိုး ဖြစ်သွားရင် မခက်ပေဘူးလား၊ ခင်ဗျားကို ကျွန်တော် ခါထုတ်ပစ်လိုက်မိတဲ့ အတွက် စိတ်မကောင်းပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ်ကွာ"

"ကားပေါ်တက်ပါ၊ လောင်းတို့ အရက်ဆိုင်ကိုသွားပြီး ခင်ဗျားအတွက် အရက်တိုက်ပါရစေ၊ လောင်းက ရက်ရဲ့အစ်ကို ဖြစ်ပေမယ့် သူက လူကောင်းဗျ"

"မလိုက်ပါရစေနဲ့ကွာ၊ ငါက ဝရမ်းပြေး ဖြစ်နေတယ်"

သူ အံ့အားသင့်သွားပုံ ရလေသည်။ ကျွန်တော့်ကိုလည်း ခြေဆုံးခေါင်းဖျား ကြည့်နေပြန်သည်။

"ဟုတ်လား၊ အင်း...ဟုတ်သွားပဲလေ၊ ဒါပေမဲ့ အရေးမကြီးပါဘူး၊ ကားထဲမှာ ခင်ဗျား ဝပ်နေပေါ့၊ ကျုပ် ဆင်းဝယ်ပေးမယ်"

ကျွန်တော် ဆက်မငြင်းသာတော့ပါ။ သူ့ကားထဲမှာ ဝင်ထိုင်သည်။ လောင်းတို့ အရက်ဆိုင်ဘက်သို့ သူ မောင်းလာသည်။ ဆိုင်ရှေ့ရောက်သောအခါ သူဆင်းသွားသည်။ ကျွန်တော်ကမူ ကားထဲမှာ အသာကလေး ဝပ်နေရသည်။

ခဏကြာတော့ သူပြန်လာသည်။ ကားပေါ်တက်ပြီး စက်နှိုးသည်။



ကျွန်တော့်ဆီသို့လည်း အရက်ပုလင်း လှမ်းပေးသည်။ တောအရက် အညံ့စားတစ်ပိုင်း ဝယ်လာပေးခြင်း ဖြစ်သည်။ အရက်က ညံ့သော်လည်း ရင်ထဲမှာတော့ နွေးသွားသည်။ နေသာထိုင်သာ ရှိသွားသည်။

ကားရပ်သွားပြန်သည်။ မော့ကြည့်သောအခါ တယ်လီဖုန်းရုံကလေးနားသို့ ရောက်နေသည်ကို တွေ့ရသည်။

"ခင်ဗျား ဖုန်းဆက်မလို့ဆို၊ ခင်ဗျား မော်တော်ကားအတွက် ကျွန်တော် ဓာတ်ဆီသွားဝယ်ပေးရမလား"

"ကောင်းတာပေါ့ကွာ၊ မင်း ဘာဖြစ်လို့ ဒါတွေလုပ်နေရတာလဲ"

"ခုန ခင်ဗျားကို ကျွန်တော် ဆွဲလှဲပစ်လိုက်မိတာ စိတ်မကောင်းလို့ပါဗျာ၊ ကဲ...ခင်ဗျား ဖုန်းသွားဆက်ချေ၊ ကျွန်တော် ဓာတ်ဆီတစ်ပုံး သွားဝယ်လာခဲ့ပေးမယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

သူထွက်သွားသည်။ ဖုန်းရုံထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ အထဲရောက်တော့ နာချေပြန်သည်။ စက္ကူလက်ကိုင်ပဝါများကို ကားထဲမှာ မေ့ထားခဲ့မိပြန်သည်။

ဟင်နရီလိုက်ဖ်တန်ဆီ ဖုန်းလှမ်းဆက်သည်။ ကံကောင်းထောက်မစွာပင် ရုံးမှာ သူရှိနေသည်။

"မောင်ရင် ဘယ်ရောက်နေတာလဲ၊ မောင့်အတွက် ကျုပ်သိပ်စိတ်ပူနေတယ်၊ မောင်ရင့်ကို တွေ့တဲ့နေရာမှာ သေနတ်နဲ့ ပစ်ဖမ်းရမယ်လို့ အမိန့်ထုတ်ထားတာ မသိဘူးလား၊ နေရာတိုင်းမှာ ရဲသားတွေ စောင့်နေကြပြီ"

"ကျွန်တော် အခု လမ်းဘေးက ဖုန်းရုံထဲ ရောက်နေတယ်၊ ခင်ဗျားဖုန်းကို သူတို့ အသံဖမ်းထားမယ် ထင်သလား"

"မဖြစ်နိုင်ဘူး၊ မင်း အခု ဘယ်နားမှာလဲ၊ ကျုပ် မော်တော်ကားနဲ့ လာခေါ်ရမလား"

"ခင်ဗျားနဲ့ ကျွန်တော် စကားပြောချင်တယ်၊ အင်ဒီနဲ့လည်း စကားပြောချင်တယ်၊ ပြီးတော့မှ ကျွန်တော့်ကို လက်ဖတင်နင်ဂင်ဘယ်လ်လက်အပ်လိုက်ပါ"

သူက မသေချာသည့် လေသံမျိုးဖြင့် ပြန်ပြောသည်။

"အင်ဒီက မင်းနဲ့ စကားပြောချင်မလား မပြောချင်ဘူးလားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် မသိဘူး၊ သူ့အဘိုး…"

"ကြိုးစားကြည့်ပါဦးလေ"

ကျွန်တော်က ဖုန်းကို ပြန်တင်လိုက်ဖို့ ဟန်ပြင်သည်။

"ကောင်းပြီ၊ မင်း ကျုပ်ရုံးကို မလာနဲ့၊ မြို့ထဲကအိမ်ကို လာခဲ့၊ ရုံးက မြို့တော်ခန်းမနဲ့ သိပ်နီးလွန်းနေတယ်"

တယ်လီဖုန်းလမ်းညွှန်စာအုပ် နောက်ကျောတွင်ရှိသော မြေပုံမှာ သူ့အိမ်လိပ်စာကို ရှာကြည့်သည်။ အလွယ်တကူပင် တွေ့ပါသည်။

ပြည်နယ်ရဲတပ်ဖွဲ့ကို ထပ်ဆက်ကြည့်သည်။ လက်ဖတင်နင်ဂင်ဘယ်လ် အပြင်သွားနေသည်ဟု ပြောသည်။

"ကျွန်တော် ပေါလ်ပိုတာပါ၊ လက်ဖတင်နင်ဂင်ဘယ်လ်နဲ့ အရေးတကြီး အခုချက်ချင်း စကားပြောချင်ပါတယ်"

"ဒီလိုဆိုရင် ခဏကိုင်ထားဦး မစ္စတာပိုတာ၊ သူ့ကို သွားရှာဖို့ အချိန်နည်းနည်းတော့ ကြာမယ်"

"ကျွန်တော် အကြာကြီးကိုင်ထားလို့ မဖြစ်ဘူး၊ ကျွန်တော် ဘယ်နေရာ ရောက်နေတယ်ဆိုတာ ဖုန်းကနေတဆင့် ခြေရာခံမိသွားလိမ့်မယ်"

"ဒါဆိုရင် ၃-၇၇၁၇ ကိုဆက်"

တစ်ဘက်က ဖုန်းချသွားသည်။ သူပြောသည့်ဖုန်းကို ဆက်သည်။ တစ်ဘက်မှ ပြန်ထူးသူမှာ လက်ဖတင်နင်ဂင်ဘယ်လ်ကိုယ်တိုင် ဖြစ်နေသည်။ သူ့ဘေးမှာ စကားပြောနေကြသည့် ယောကျ်ားသံများကိုလည်း ကြားရသည်။

"ခင်ဗျားကို ကျွန်တော် ယုံကြည်ပါရစေ လက်ဖတင်နင် နောက်မိနစ်နှစ်ဆယ်လောက်ကြာရင် ကျွန်တော် ဘယ်နေရာ ရောက်နေမယ်ဆိုတာ ပြောပါရစေ၊ လူတွေကို အသိမပေးပါနဲ့"

"ဒီမှာ မစ္စတာပိုတာ…"

"ကျွန်တော်ပြောတာ သဘောတူမယ် မတူဘူးပြောပါ"

"ကောင်းပြီ၊ သဘောတူတယ်"

"မြို့ထဲက ဟင်နရီလိုက်ဖ်တန်ရဲ့အိမ်ကိုလာပါ၊ ခြံထဲကအိမ် မဟုတ်ဘူး၊ ခင်ဗျားလူတွေကို ခေါ်ချင် ခေါ်လာခဲ့ပါ၊ ဒါပေမယ့် တခြားဘယ်သူ့ကိုမှ ခေါ်မလာပါနဲ့"

"အိုး…"



"ကျွန်တော် ပြောတဲ့အတိုင်းလုပ်ပါ့၊ အကျိုးအကြောင်းကို တယ်လီဖုန်းနဲ့ ကျွန်တော် မပြောနိုင်ဘူး၊ ကျွန်တော် ဖုန်းချလိုက်တော့မယ်"

နောက်တစ်နေရာသို့ ကျွန်တော် ဆက်ပြန်သည်။ မစ္စတာနီးလ်စ် ပြန်ထူးသံကို ကြားရသည်။

"မြို့မရဲတပ်ဖွဲ့ကပါ"

"ကက်ပတိန်အော်တိုမက္ကလိန်း ရှိပါသလား"

"အပြင်သွားနေတယ်၊ ဘာပြောချင်လို့လဲ"

"မစ္စတာနီးလ်စ် ကျွန်တော် ပေါလ်ပိုတာပါ၊ နောက်မိနစ်နှစ်ဆယ်လောက်ကြာရင် ကျွန်တော် ဟင်နရီလိုက်ဖ်တန်ရဲ့ မြို့ထဲကအိမ်ကို ရောက်နေမယ်၊ သူ့ကို အဲဒီလိုက်လာဖို့ ကျေးဇူးပြုပြီး ပြောပေးပါ"

တယ်လီဖုန်းရုံထဲမှ ကျွန်တော် ထွက်ခဲ့သည်။ ဂျင်နီ၏မောင်က ကျွန်တော့်ကားထဲသို့ ဓာတ်ဆီထည့်ပေးနေသည်ကို တွေ့ရသည်။ အပြင်မှာ ရာသီဥတု ပြောင်းလဲနေသည်။ နှင်းများ မကျတော့ဘဲ အတော်ကလေး နွေးနေသည်။

"ဓာတ်ဆီထည့်ပေးပြီးပြီ၊ ဒါပေမဲ့ ဆီအလျှည့်ကောင်းသွားအောင် ကားကို တွန်းနှိုးမှဖြစ်မယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းကို အပြီးနှုတ်ဆက်ခဲ့ရမှာလား"

"ဒါပေါ့ဗျ၊ ခင်ဗျားလို လူရုပ်လူပွေတစ်ယောက်နဲ့ ကျုပ်အစ်မ နီးစပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ကဲ…နံပါတ်နှစ်ဂီယာထိုး"

ကျွန်တော့်ကားကို ကုန်းဆင်းအတိုင်း သူတွန်းချပေးလိုက်သည်။ အရှိန်ရသောအခါ စက်နှိုးပြီး မြို့ထဲသို့ မောင်းဝင်ခဲ့သည်။

ဟင်နရီလိုက်ဖ်တန်၏အိမ်ကို အလွယ်တကူပင် ရှာဖွေတွေ့ရှိရပါသည်။ အိမ်ရှေ့မှာ သူ့ကား ရပ်ထားသည်ကို တွေ့ရသည်။ သတင်းထောက်များကြားမှ လွတ်အောင် သူ ဘယ်လိုရှောင်ပြေးလာလေသနည်းဟု စဉ်းစားကြည့်မိသည်။

ကားတစ်စီးနောက်မှာ ကျွန်တော့်ကားကိုရပ်ပြီး ကားထဲမှ ဆင်းခဲ့သည်။ စက္ကူလက်ကိုင်ပဝါများကို သည်တစ်ခါတော့ မှတ်မှတ်ရရ အိတ်ထဲ ထည့်ယူခဲ့သည်။

ရှေ့မှကားကို ကြည့်လိုက်သောအခါ 'ဂျေ၊ အက်ဖ်၊ ဂရေး တိရစ္ဆာန် အစားအစာနှင့် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးကုမ္ပဏီ' ဆိုသော စာတန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ မြင်ရသည်။ ကျွန်တော် အနည်းငယ် လန့်သွားမိသည်။ အော်တို မဂ္ဂလိန်း ရောက်နှင့်ချေပြီ။

ထို့ကြောင့် ကျွန်တော့်ကားထိုင်ခုံအောက်မှာ တွေ့ရသော ဘီးဖြုတ်သည့် ကအာန်းလက်မတစ်ခုကို ကောက်ယူပြီး ဘောင်းဘီအိတ်ထဲမှာ ထည့်လိုက်သည်။ လူတစ်ယောက်ကိုတော့ အလဲရိုက်နိုင်သည့် လက်နက်တစ်ခု ဖြစ်ပါသည်။

ထိုကားကလေးကို ပတ်လျှောက်ရင်း ကျွန်တော် ပိုကြောက်လာမိပြန်သည်။

သို့သော်လည်း ကျွန်တော့်အဖို့ အခြားလမ်း ရွေးစရာမရှိတော့ပြီ။

ထို့ကြောင့် ရှေ့သို့ဆက်လျှောက်ခဲ့ပြီး တံခါးခေါင်းလောင်းကို နှိပ်လိုက်သည်။

◆◆◆

## အခန်း (၁၅)

ဟင်နရီလိုက်ဖ်တန်လည်း ရောက်စ,ပင် ဖြစ်ပုံရသည်။ ဦးထုပ်နှင့် ကုတ်အင်္ကျီကို ချွတ်နေသည်။

"မင်းမျက်လုံးတွေ ရောင်နေပါလား"

ဟု သူက ဆီးပြောသည်။

"မျက်လုံးတင် မဟုတ်ပါဘူးဗျာ၊ တစ်ကိုယ်လုံး ရောင်နေတာပါ"

သူက ရယ်သည်။ သူ့ကို ရယ်စရာပြောသည်ဟုများ ထင်လေသလား မသိချေ။

"ကဲ…အထဲကိုကြွ"

"အပြင်မှာ အော်တိုမဂ္ဂလိန်းရဲ့ကားကို ကျွန်တော် မြင်ခဲ့မိတယ်"

"မင်း မှားပြန်ပြီ၊ အင်ဒီရဲ့ကားပါကွ၊ ဒီမှာ အင်ဒီ ရောက်နေပြီလေ၊ ဟား…ဟား…သူ့ရေမွှေးနံ့ မရဘူးလား၊ အခုပဲ သူနဲ့ ကျုပ်နဲ့ အဲဒီရေမွှေးနံ့ အကြောင်း နှောက်နေကြသေးတယ်"

"ဒါလောက် အအေးမိပြီး နှာစေးနေတာ ဘယ်ကရေမွှေးနံ့ ရနိုင်မှာလဲဗျာ"

တစ်ဘက်မှ အင်ဒီ၏အသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ ရေနွေးနဲ့ ရမ်နဲ့ ရောထားတယ်၊ ဒါကို သောက်လိုက်"

တစ်ဘက်ခန်းထဲမှ အင်ဒီ ထွက်လာသည်။ သူ့လက်ထဲမှာ မတ်ခွက် တစ်လုံး ကိုင်လာသည်။ ခွက်ထဲမှ အငွေ့တထောင်းထောင်း ထ,နေသည်။ သူ့မျက်နှာကလေးမှာ အနည်းငယ် ချောင်ကျနေပြီး ညှိုးနွမ်းနွမ်းလည်း ဖြစ်နေလေသည်။ သူ အကြီးအကျယ် ငိုထားပုံရသည်။

"ကျေးဇူးတင်ပါတယ် အင်ဒီ"

သူက ခေါင်းယမ်းပြသည်။

"ကျေးဇူးတင်တာတွေ ဘာတွေ လုပ်မနေနဲ့၊ ရှင် အအေးမိပြီး ဖျားနေပြီ၊ ဒါ သောက်လိုက်"

သူ့လက်ထဲမှ မတ်ခွက်ကို လှမ်းယူသည်။ အငွေ့တထောင်းထောင်း ထနေသည့်အတွက် သောက်လိုစိတ်ပေါ်လာသည်။ သို့သော်လည်း စားပွဲပေါ်မှာ တင်ထားလိုက်မိသည်။ ဂျင်နီ၏မောင် ဝယ်တိုက်လိုက်သော ချက်အရက်က ကျွန်တော့်ကိုယ်ထဲမှာ မွှေနေပြီ။ ထို့ကြောင့် နောက်ထပ် မသောက်ရဲအောင် ဖြစ်နေမိသည်။

"ဘိုးဘိုးကို ကိုယ် သတ်သွားတယ်လို့များ မင်း ထင်နေသလား ဟင်…၊ ဒီလိုတော့ မထင်ပါဘူးနော်"

အင်ဒီက သူ့နှုတ်ခမ်းကလေးကို ခပ်တင်းတင်း ကိုက်ထားသည်။

"ကျွန်မလည်း ဘာထင်ရမှန်း မသိတော့ပါဘူးရှင်၊ ဘာမှလည်း မစဉ်းစားတတ်တော့ဘူး၊ ဘာမှလည်း မတွေးတတ်တော့ဘူး"

"မင်းအဖေ ဘာလုပ်လိုက်တယ်ဆိုတာ မင်း သိဖို့ကောင်းတယ်၊ မစ္စတာဂရေး သူငယ်ပြန်နေတဲ့အတွက် သူ့အာမ,ခံကို ပြန်ရုပ်သိမ်းလိုက်ပြီလို့ အကြောင်းကြားတယ်၊ အဲဒီမှာတင် ဘိုးဘိုးဟာ ပိုက်ဆံတွေပေါ်ကို လဲကျသွားပြီး အသက်ကုန်သွားတာပဲ၊ နှလုံးသွေး ရပ်သွားတယ်ထင်တယ်"

ကျွန်တော်က သူ့လက်ကို လှမ်းကိုင်သည်။ သို့သော်လည်း အင်ဒီက နောက်သို့ မသိမသာ ဆုတ်သွားသည်။

"ရဲက ပြောတယ်၊ ဘိုးဘိုးဆီက ရှင် ငွေတောင်းပုံ ရတယ်တဲ့၊ လိုသလောက်မရတော့ ဘိုးဘိုးကို နှိပ်စက်တယ်တဲ့၊ ဒါကြောင့် ဘိုးဘိုး သေသွားတာလို့ ထင်ကြေးပေးနေကြတယ်"

ထိုစကားပြောပြီးသောအခါမှ အင်ဒီက ကျွန်တော့်ဘက်သို့ မသိမသာ



တိုးလာသည်။ ကျွန်တော်က သူ့ပခုံးကို သိုင်းဖက်ထားလိုက်မိသည်။

"ဘယ်ရဲက ပြောတာလဲ၊ မင်းအဖေက ပြောတာလား"

"ဘယ်သူကပြောပြော ဘာထူးမှာလဲ၊ ရဲလုပ်ငန်းနဲ့ ပတ်သက်လာရင် ဖေဖေက မမှန်တာကို ဘယ်တော့မှ မပြောဘူး"

အင်ဒီသည် ထိုသို့ပြောရင်း ကျွန်တော့်လက်ထဲမှ အသာအယာ ရုန်းထွက်ကာ တစ်ဘက်ရှိ ဧည့်ခန်းကလေးထဲမှာ သွားထိုင်သည်။ သူ့နောက်သို့ ကျွန်တော် လိုက်သွားသည်။

အင်ဒီသည် ကုလားထိုင်တစ်လုံးပေါ်မှာထိုင်ပြီး စတင်ငိုကြွေးတော့သည်။ ကျွန်တော်က ချော့သည်။

"မကြာခင် ရဲတွေ ဒီကိုရောက်လာကြတော့မယ်ထင်တယ်၊ လက်ဖတင်နင်ဂင်ဘယ်လ်က ကျုပ်ကို ဖုန်းလှမ်းဆက်တယ်၊ သူပြောတဲ့အတိုင်းဆိုရင် နောက်ဆယ့်နှစ်မိနစ်လောက်ကြာရင် ရောက်လာမှာပဲ၊ ဒါကြောင့် မင်းတို့ အချစ်ကိစ္စကလေးကို ဘေးခဏချထားပြီး ရှေ့နေနဲ့ စကားပြောပါဦး"

ဟင်နရီလိုက်ဖ်တန်က ကျွန်တော်တို့နောက်သို့ လိုက်လာပြီး ပြောသည်။ အရက်ဗီရိုနားမှာ သူ သွားရပ်သည်။

"မစ္စတာလိုက်ဖ်တန် ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ပါဘူးဗျာ၊ အက်ဒစ်ကိုလည်း မသတ်ဘူး၊ မစ္စတာဂရေးကိုလည်း မသတ်ဘူး၊ ကျွန်တော့်မှာ ပိုက်ဆံလည်း မရှိပါဘူးဗျာ၊ မော်တော်ကားတစ်စီး ရှိတယ်၊ အဝတ်အစား ရှိတယ်၊ အသက်အာမခံက ငွေနည်းနည်းပါးပါး ချေးလို့ရမယ်၊ ကျွန်တော့်အတွက် တစ်လခကိုလည်း ကုမ္ပဏီက ပို့ပေးလိုက်လိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော် ငွေကောင်းကောင်းရှာနိုင်ပါတယ်၊ အမှုတွေအားလုံး ရှင်းလင်းသွားရင် ကျွန်တော် ငွေရှာနိုင်မှာပါ၊ ဒါကြောင့် ကျွန်တော့်အမှုကို လက်ခံပြီး လိုက်ပေးပါ၊ ကျွန်တော် နောက်ပိုင်းမှာ ရအောင်ရှာပြီး ကျသင့်သမျှ ငွေတွေကို ပြန်ဆပ်ပါ့မယ်"

လိုက်ဖ်တန်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"ကျုပ်က အပေါစားရှေ့နေတော့ မဟုတ်ဘူးနော်၊ ငွေတွေ အများကြီး ပေးရလိမ့်မယ်၊ လူသတ်မှုဆိုရင် တစ်သောင်းယူတယ်၊ ဘယ်လိုလဲ၊ ဒါ ငါလွှဲစာမှာ လက်မှတ်ထိုးမလား"

"ထိုးမယ်ဗျာ၊ ဒါပေမဲ့…"

ကျွန်တော့်စကားကို အဆက်မခံဘဲ သူက ဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့တွေ လုပ်မနေနဲ့လေ၊ ဈေးဆစ်ဖို့ မကြိုးစားပါနဲ့"

"ဈေးမဆစ်ပါဘူးဗျာ၊ ဒါပေမဲ့ ကျွန်တော့်မှာ အပြစ်မရှိတဲ့အကြောင်း သက်သေပြချက်တွေကို နားမထောင်တော့ဘူးလား"

"မောင်ရင့်ဘက်က ကျုပ်လိုက်ပြီဆိုရင် မောင်ရင့်မှာ ဘာအပြစ်မှ မရှိဘူး"

"ရှင် ရမ်အရက် သောက်လိုက်ဦးလေ"

အင်ဒီက ပြောပြောဆိုဆို အပြင်ခန်းသို့ ကူးသွားသည်။ ခဏကြာတော့ စောစောက စားပွဲပေါ်မှာ ကျွန်တော် တင်ခဲ့သည့် မတ်ခွက်ကိုယူပြီး ပြန်ဝင်လာသည်။

"ဟင်နရီ…အပြင်က ရှင့်စားပွဲလှလှကလေးတော့ ပျက်သွားပြီရှင်၊ ရေနွေးခွက် တင်မိလို့ ကွက်သွားပြီ"

ဟင်နရီလိုက်ဖ်တန်က လက်ကို ဝှေ့ယမ်းပြလိုက်သည်။

"အရေးမကြီးပါဘူး၊ ပေါလ်…အရက်မသောက်တော့ဘူးလား"

"ကျွန်တော် စောစောကပဲ သောက်ခဲ့ပါသေးတယ်ခင်ဗျာ"

"ဒီတစ်ခါ အဖမ်းခံရရင် မောင်ရင် ထောင်ထဲမှာကြာမယ်၊ တခြား တစ်ယောက်ယောက်ကို ကျုပ် အာမ မခံနိုင်းတော့ဘူး၊ မောင့်ကားကိုရောင်းမယ် ဆိုရင်လည်း အချိန်နည်းနည်း ယူရလိမ့်မယ်၊ ချက်ချင်းရောင်းလို့ ထွက်ချင်မှ ထွက်မှာ၊ ကားဖိုးငွေအကျေ ပေးပြီးသားလား"

"အကျေပေးပြီးသားပါ၊ ဒါပေမဲ့ ကျွန်တော် ပြောတာကို နားထောင်ပါဦး၊ အက်ဒစ်ကို ဘယ်သူ သတ်သွားတယ်ဆိုတာ ခင်ဗျားကို ကျွန်တော် ပြောပြမလို့ပါ"

သူက လက်ကို ဝှေ့ယမ်းလိုက်ပြန်သည်။ သူ့လက်ပတ်နာရီကို မီးရောင် ဟပ်သဖြင့် အခန်းထဲမှာ လက်သွားသည်။

"ကျုပ်ဟာ မောင်ရင်ရဲ့ တရားဝင်ရှေ့နေ မဖြစ်သေးခင်မှာ ကျုပ်ကို ဘာမှပြောပြဖို့ မကြိုးစားပါနဲ့"

သူက အရက်ထားသည့် ကောင်တာမှာရှိသော အံဆွဲကိုဖွင့်ပြီး စာရွက် ခေါက်တစ်ခုကို ဆွဲထုတ်သည်။ စာရွက်ခေါက်ကိုဖြန့်ပြီး ကျွန်တော့်ဘက်သို့ ထိုးပြသည်။

"ကိုယ်စားလှယ် လွှဲစာကို ရုံးက ကျုပ် ယူလာခဲ့တယ်၊ ဒီပေါ်မှာ



လက်မှတ်အရင်ထိုးလိုက်ဦး"

ကျွန်တော်ကမူ သူ့ကိုသာ ငေးစိုက်ကြည့်နေမိသည်။

"ကိုင်း…ထိုးလေ၊ အချိန်တွေ အလကား ဖြုန်းမနေပါနဲ့"

သူ့ဆီသို့ ကျွန်တော် တိုးသွားသည်။ သူက ဖောင်တိန်ကမ်းပေးသည်။ ကျွန်တော်က ဆွဲယူလိုက်သည်။

သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်နေသည်။ သူ့နှုတ်ခမ်း များမှာ သွားရည်ဖြင့် ရွှဲနေသည်။

"ကိုင်း…လက်မှတ်ထိုးလိုက် ပေါလ်၊ မောင်ရင့်အဖို့ နောက်ဆုံး အားကိုးအားထားပြုစရာ မျှော်လင့်ချက်ဟာ ကျုပ်ပဲ ရှိတော့တယ်"

အင်ဒီက အထိတ်တလန့် လှမ်းအော်သည်။

"မထိုးနဲ့"

ကျွန်တော်က အင်ဒီကို လှည့်ကြည့်သည်။ အင်ဒီသည် စောစောတုန်း ကလို မဟုတ်။ အသံထွက်အောင် ငိုနေချေပြီ။

"ပေါလ်…တစ်ခုခုတော့ မှားနေပြီ၊ သူ့ကို ကြည့်ရတာ ရိုးသားပုံ မပေါ်ဘူး၊ လက်မှတ်မထိုးနဲ့"

ဟင်နရီလိုက်ဖ်တန်က ခပ်သာသာကလေး ရယ်သည်။ သူ့ရယ်ပုံမှာ လှောင်ပြောင်သည့် သဘောမျိုးလည်း ဖြစ်နေသည်။

"ငွေတစ်သောင်းလောက်ကိုမြင်တိုင်း ဒီလိုပဲ ကိုယ့်မျက်နှာ ပြုံးလာ မြဲပါ အင်ဒီ၊ ဘာကြောင့်လဲဆိုတော့ ကိုယ်က ငွေမက်တယ် မဟုတ်လား၊ ခင်းလည်း ဒီအတိုင်းပါပဲ အင်ဒီရယ်၊ ငွေလုံးငွေရင်း ရအောင်ရှာနိုင်မယ့် ပေါလ် ကိုတာကို တွေ့တဲ့အခါ မင်းမျက်နှာလည်း ပြုံးနေတာပါပဲ၊ မင်းတို့ လက်မှတ် ထိုးနိုင်ဘူး ဆိုရင်လည်း တစ်သောင်းကနေပြီး နှစ်သောင်းအထိ တိုးတောင်း ရတာပေါ့ကွယ်"

ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိအောင် ကြောင်သွားမိသည်။ သို့သော်လည်း ကျွန်တော့်စိတ်ကို ကျွန်တော် တင်းကာ ကိုယ်စားလှယ်လွှဲစာ ပုံစံပေါ်တွင် လက်မှတ်ထိုးချလိုက်လေတော့သည်။

ဟင်နရီလိုက်ဖ်တန်က ကျွန်တော့်လက်ထဲမှ ကိုယ်စားလှယ်လွှဲစာကို ဆွဲယူကာ လေထဲမှာ ဝှေ့ယမ်းလိုက်ပြီး ထိုစာရွက်ကိုပင် ပါးစပ်နှင့်တစ်ချက် နမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်လေဗျာ၊ ကျုပ်ကလည်း ငွေဆိုရင် အင်မတန် ချစ်တဲ့သူ မဟုတ်လား၊ ကဲ…စကားပြောကြစို့ ခဏကြာရင် လက်ဖတင်နင်ဂင်ဘယ်လ်ဒီကို ရောက်လာတော့မယ်၊ ရှိသမျှ အချိန်ကလေးအတွင်းမှာ ပြည့်စုံအောင်ပြောကြရတော့မယ်၊ မောင်ရင် မြန်မြန်ပြော၊ ရှင်းရှင်းလင်းလင်းပြော၊ တရားခံကိုသူ့ရှေ့နေကတဆင့် ရဲလက်အပ်ပေးရတယ်ဆိုတာ အမှုအတွက် ကျုပ်တို့ဘက်ကအင်မတန်ကောင်းတဲ့ အခြေအနေပဲ"

အင်ဒီက ကျွန်တော့်ကို လှမ်းမေးပြန်သည်။

"ပေါလ်…အက်ဒစ်ကိုသတ်တဲ့ လူသတ်သမားကို ရှင် သိတယ်ဆို"

ဟင်နရီက မည်သူ့ကိုမှ စကားအဆက်မခံဘဲ သူကပင် ဝင်ပြောသည်။

"ဒီအမှုမှာ ရဲတပ်ဖွဲ့အနေနဲ့ ခိုင်လုံတဲ့အကြောင်းပြချက်တွေ ရှာလို့မရဘူး ဖြစ်နေတယ်၊ တိုက်ဆိုင်မှုတစ်ခုတည်းနဲ့တော့ လူတစ်ယောက်ကို ကြိုးပေးသတ်လို့ မဖြစ်နိုင်ပါဘူး၊ နောက်ပြီးတော့ ကျုပ်လိုအင်မတန်တော်တဲ့ရှေ့နေကလည်း မောင်ရင့်ဘက်က လိုက်ပေးနေတာ မဟုတ်လား၊ ဒါပေမဲ့မစ္စတာဂရေး အမှုကျတော့ တစ်မျိုးဖြစ်သွားပြီ၊ အဘိုးကြီး သေသွားတဲ့အချိန်မှာမောင်ရင်ကလည်း အဲဒီနေရာမှာ ရှိနေတယ်၊ အာမခံပြန်အရုပ်သိမ်းခံရတဲ့အတွက်မောင် ထောင်ထဲပြန်သွားရတော့မယ်လို့ မစ္စတာဂရေးကပြောမယ်၊ ပြီးတော့သူ့အာမခံသေတ္တာကို ဖွင့်တယ်၊ ဒီလိုဖွင့်တာဟာ ရိုးရိုးသားသား သူ့သဘောနဲ့သူဖွင့်တာလား၊ မောင်ရင်က အကျုပ်ကိုင်လို့ ဖွင့်တာလားဆိုတာ ဘယ်သူပြောနိုင်မှာလဲ၊ သက်သေမရှိဘူး၊ ဒါပေမဲ့ သူသေတဲ့အချိန်မှာ မောင်ရင်တစ်ယောက်တည်းရှိနေတာရယ်…ဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်အခြေအနေတွေက မောင်ရင့်အတွက်အထောက်အကူ မပြုနိုင်တာတွေရယ်ဆိုတော့ အင်း…နည်းနည်းတော့ အကျပ်အတည်း ရှိလိမ့်မယ်"

"ဒါပေမဲ့ မစ္စတာဂရေးကို ဘယ်သူမှ သတ်တာမဟုတ်ဘူး၊ သူဟာသူလဲကျပြီး သေသွားတာ"

ဟင်နရီလိုက်ဖ်တန်က ဘားကောင်တာပေါ်မှာ မေးထောက်ပြီးကျွန်တော့်ကို ကြည့်နေသည်။

"ဒါပေမဲ့ ဂျူရီလူကြီးတွေက ယုံကြည်နိုင်ပါ့မလား၊ လက်ခံနိုင်လောက်တဲ့ အခြေအနေရော ရှိသလား၊ အက်ဒစ်စတိုင်းဟေးလီးယတ်အမှုကစွပ်စွဲချက်သက်သက်လောက်ပဲ ရှိတယ်၊ ခိုင်လုံတိကျတဲ့ သက်သေခံအထောက်



အထားကို မပြနိုင်ဘူး၊ ကျုပ်ဟာ ရှေ့နေတွေအားလုံးထဲမှာ အတော်ဆုံး ရှေ့နေပါ၊ ဒါကြောင့် မောင်ရင် လွတ်သွားအောင် အသာကလေး လုပ်ပြနိုင်တယ်၊ မစ္စတာဂရေးကျတော့ ဒီလိုမဟုတ်ဘူး၊ မောင်ရင် သတ်ရတဲ့ အကြောင်းရင်းခံတွေက အထင်အရှားပေါ်ပေတယ်၊ မစ္စတာဂရေးဟာ အလွန်ချစ်စရာကောင်းတဲ့ အဘိုးကြီးတစ်ယောက်ဖြစ်တယ်၊ ဒီလို အဘိုးကြီးတစ်ယောက်ကို သတ်တဲ့အတွက် မောင်ရင့်အပြစ်ဟာ ပိုလို့တောင် ကြီးသွားနိုင်သေးတယ်၊ ဒါပေမဲ့ဒီအမှုအတွက်လည်း မပူပါနဲ့၊ မောင်ရင် လွတ်သွားအောင် ကျုပ် လုပ်ပေးနိုင်ပါတယ်"

အင်ဒီက သူ့စကားကို ဖြတ်ပြီး ဝင်ပြောပြန်သည်။

"ဟင်နရီ…ပေါလ်ပြောတာကို နားထောင်ပါဦး"

သို့သော်လည်း သူ နားမထောင်ပါ။

"ဒီအမှုဟာ ရိုးရိုးလူသတ်မှုအနေနဲ့ ကျုပ်တို့ ရင်ဆိုင်ဖြေရှင်းရမှာမဟုတ်ဘူး၊ နိုင်ငံရေးပြဿနာတွေ ပါလာမယ်၊ နိုင်ငံရေးပါတီတွေက ဒီအမှုမှာဝင်ပြီး အမြတ်ထုတ်ကြလိမ့်မယ်၊ လူမှုရေးပြဿနာ လုပ်ကြလိမ့်မယ်၊ သူတို့ပါတီတွေ မဲများများရဖို့ မောင်ရင့်အမှုကို ခုတုံးလုပ်ကြလိမ့်မယ်၊ အဲဒါကိုလည်းကျုပ်တို့ ရင်ဆိုင်ဖြေရှင်းရမယ်၊ ဒါပေမဲ့ အဲဒီအတွက်လည်း မပူပါနဲ့"

အင်ဒီက သူ့စကားကို အတင်းဝင်ဖြတ်ပြန်သည်။

"ဟင်နရီ…အက်ဒစ်ကို ဘယ်သူ သတ်သွားတယ်ဆိုတာ ပေါလ်ကသိတယ်တဲ့"

ဟင်နရီလိုက်ဖ်တန်က လုံးဝစကားအဖြတ်မခံ။ လက်ဝှေ့ယမ်းပြမြဲပြနေသည်။

"အဲဒါက အရေးမကြီးပါဘူးလေ၊ ဒီအမှုမှာ ကျုပ်က အချက်အလက်ကို အချက်အလက်နဲ့ ပြန်တိုက်မှာ မဟုတ်ဘူး၊ ထင်ကြေးနဲ့ စွပ်စွဲချက်ကိုဥပဒေနဲ့ ပြန်တိုက်မှာ၊ အင်မတန်ကို ခိုင်လုံတဲ့ တရားဥပဒေတွေနဲ့ ပြန်တိုက်မှာ၊ဟုတ်တယ်…ကျုပ် ဘာကိုမှ ဂရုမစိုက်ဘူး"

အင်ဒီကို ကျွန်တော် လှမ်းကြည့်သည်။ သူ့မျက်နှာကလေးက အလွန်ချစ်စရာ ကောင်းနေပါသည်။ အင်ဒီကို ကျွန်တော် တစ်သက်လုံး ပိုင်ဆိုင်ချင်းလိုပါသည်။ သည်လောက်ချစ်စရာကောင်းသော အင်ဒီကို ကျွန်တော် ဆုံးရှုံးခံနိုင်ပါ။ သို့သော်လည်း ကျွန်တော့်ဘဝ၏ သေရေးရှင်ရေးပြဿနာမှု သည်အခွ

www.burmeseclassic.com

www.burmeseclassic.com



ရာယ်အတွင်းမှ လွတ်အောင် ရုန်းရပေတော့မည်။

"ဟင်နရီ…ခင်ဗျား ဂရုမစိုက်ပေမယ့် ကျွန်တော်က ဂရုစိုက်ရမယ်၊ သူဟာ ကျွန်တော့်မိန်းမ ဖြစ်ခဲ့ဖူးတယ်၊ လူသားတစ်ယောက်ဖြစ်တယ်၊ ကျွန်တော့်ဘဝ ပျက်စီးသွားအောင် သူလုပ်ခဲ့တာ မှန်တယ်၊ ကုန်းကောက်စရာ မရှိအောင် လုပ်သွားတာ မှန်တယ်၊ ဒါပေမဲ့ သူ့ကို သတ်သွားတဲ့ လူသတ်သမား အပြစ်ဒဏ် မခံရဘဲ လွတ်နေတာကိုတော့ ကျွန်တော် သည်းမခံနိုင်ဘူး၊ ဒီအတိုင်း ထိုင်ကြည့်မနေနိုင်ဘူး"

ဟင်နရီလိုက်ဖ်တန်က အရက်ထားသည့်နေရာသို့သွားပြီး ဖန်ခွက်တစ်လုံးယူကာ အရက်ထည့်သောက်သည်။

"ပေါလ်…မောင်ရင် ရှေ့နေလုပ်စားဖို့တောင် ကောင်းနေပြီ"

အင်ဒီကို ကျွန်တော် လှမ်းကြည့်မိပြန်သည်။ သူ့မျက်လုံးများ အရောင်တောက်နေကြသည်ကို တွေ့ရသည်။

"အက်ဒစ်ကို သတ်သွားတဲ့လူဟာ အော်တိုမက္ကလိန်းပဲ"

အင်ဒီ၏ တောက်ပြောင်နေသော မျက်လုံးများသည် ထိတ်လန့်ခြင်းသို့ ကူးပြောင်းသွားသည်။

"အို…ပေါလ်…" ဟုလည်း အော်လိုက်သည်။

"ကိုယ်ပြောတာကို နားထောင်ပါ အင်ဒီ၊ နောက်ပိုင်းကျရင် ကိုယ်ပြောတာတွေကို မင်း နားထောင်တော့မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းအကြောင်းကို ကိုယ်သိတယ်၊ မင်းဟာ အဖေအပေါ်မှာ သစ္စာရှိတယ်၊ လောလောဆယ် မင်းအဖေနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်ပေမယ့် မင်းအဖေ ဒုက္ခဖြစ်ပြီ ဆိုတာနဲ့ တစ်ပြိုင်တည်း မင်း သူ့ဘက်ကို ရောက်သွားမှာ သေချာတယ်"

ဟင်နရီလိုက်ဖ်တန်က အရက်တစ်ကျိုက်သောက်ပြီး ဖန်ခွက်ကို ကောင်တာပေါ်မှာ ပြန်တင်သည်။

"စိတ်မနှံ့တဲ့ အမှုသည် အရူးတစ်ယောက်အတွက် ကျုပ် အမှုလိုက်ပေးရတော့မယ့်ပုံမျိုး ဖြစ်နေပါပေါ့လား၊ ပေါလ်…မောင်ရင် ရူးနေပြီ၊ ဘယ်လိုနည်းနဲ့မှ မက် မဖြစ်နိုင်ဘူး"

"ကျွန်တော် ပြောတာကို နားထောင်ပါ၊ ပထမအချက်က မက္ကလိန်းဟာ ရဲတပ်ဖွဲ့က ထွက်တော့မယ်၊ ဒါကြောင့် မစ္စတာဂရေးက စိတ်မကောင်း



ဖြစ်နေတယ်၊ မက္ကလိန်းအနေနဲ့ ဒီမြို့မှာ အလုပ်ဆက်လုပ်နေလို့လည်း မဖြစ်တော့ဘူး၊ ဘာကြောင့်လည်းဆိုရင် သူဟာ တရားခံတွေကို နှိပ်စက်ညှဉ်းပန်းလေ့ရှိတယ်၊ ဒါကို လူတိုင်းသိနေကြတယ်၊ မနေ့တုန်းက ကားတိုက်မှု သူ စစ်နေပုံကို လက်ဖတင်နင်ဂင်ဘယ်လ်နဲ့ ကျွန်တော် မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပြီ"

စကားဖြတ်ပြီး သူတို့နှစ်ယောက်ကို လှမ်းကြည့်မိသည်။ ကျွန်တော့်ကို မုန်းတီးသည့် အရိပ်အရောင်များ သူတို့မျက်လုံးများထဲမှာ မြင်တွေ့နေရလေသည်။

"ဒုတိယအချက်က ဒီမြို့ကနေပြီး သူ ခွာသွားတော့မယ်၊ အခု လုပ်နေရတဲ့ လုပ်ငန်းလောက်ကို သူ မရောင့်ရဲနိုင်ဘူး၊ ဒီလို ထွက်သွားမယ်ဆိုရင် သူ့အဖို့ ငွေလိုတယ်"

"မက် ရနေတဲ့ ပင်စင်ဟာ သူ့အတွက် လိုတာထက်တောင် ပိုနေပါသေးတယ် မောင်"

ဟု ဟင်နရီက စကားဖြတ်ပြောသည်။

"သူ ရနေတဲ့ပင်စင်က မဖြစ်လောက်ပါဘူး၊ သူလိုတာက ဒါလောက်မကဘူး၊ ငွေတွေအများကြီး လိုနေတယ်၊ သူလိုတဲ့ငွေ ဘယ်သူ့ဆီက ရမလဲ၊ ဒီနယ်မှာ ငွေအများကြီးရှိတာ ဂျွန်ဖိုက်နဲ့ သူ့မိန်းမပဲဖြစ်တယ်၊ ဂျွန်ဖိုက်ဆီက ငွေရအောင် လုပ်ဖို့ထက် သူ့မိန်းမဆီကရအောင် လုပ်ဖို့က ပိုလွယ်တယ်၊ အက်ဒစ်ဆီက ငွေညှစ်လို့ရနိုင်တဲ့အကြောင်းကို သူသွားတွေ့တယ်၊ ဒါကြောင့် အက်ဒစ်ကို ငွေညှစ်တယ်၊ အက်ဒစ်ဟာ ငွေအင်မတန်မက်တဲ့မိန်းမ၊ ငွေနဲ့ ပတ်သက်လာရင် ဘယ်လိုစမ်းလို့မှ မရဘူး"

"တော်တော်စိတ်ကူးယဉ်တဲ့ ဇာတ်လမ်းပဲ ဟင်နရီ၊ ကျွန်မ ဆက်နားမထောင်ချင်တော့ဘူး"

အင်ဒီထံမှ ဒေါသသံ ပေါ်ထွက်လာသည်။ သူ့ကို ကျွန်တော် လှမ်းကြည့်သည်။ သူ့မျက်နှာမှာလည်း ဒေါသခိုးများ တထောင်းထောင်း ထွက်နေသည်ကို တွေ့ရသည်။

သို့သော်လည်း ကျွန်တော်က ဆက်ပြောမြဲ ပြောသည်။

"နံပါတ်သုံး၊ ဟေးလီးယတ်တောင်ကုန်းပေါ်ကို ဘယ်အချိန် ကျွန်တော် တက်သွားတယ်ဆိုတာ မက်နဲ့ အင်ဒီတို့နှစ်ယောက်ပဲ သိတယ်"

"ဒီလိုဆိုရင် အက်ဒစ်ကို သတ်တာ ကျွန်မ ဖြစ်ရမှာပေါ့၊ ပြီးတော့မှ ရှင့်ကို အကွက်ဆင်ပြီး ဖမ်းတယ်လို့ ဆိုလိုချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



အင်ဒီက မအော်မိအောင်ထိန်းပြီး ပြောလိုက်ကြောင်း သိသာပါသည်။

"မဟုတ်ဘူး…မက် သတ်တာ"

ဟင်နရီလိုက်ဖ်တန်က ကျွန်တော့်ကို ပြုံးကြည့်နေသည်။

"ထားလိုက်တော့ပေါ့လေ၊ ဒါတွေကို မေ့ပစ်လိုက်တော့၊ မောင်ရင့်ဘက်က ဟင်နရီလိုက်ဖ်တန် ရှိနေပြီ၊ ဘာမှကြောက်မနေနဲ့၊ မောင်ရင် ဘာမှမဖြစ်စေရဘူး၊ ဒီအမှုထဲက ကွင်းလုံးကျွတ်လွတ်အောင် ကျုပ် လုပ်ပေးမယ်၊ မဖြစ်နိုင်တဲ့ ဒီလိုဇာတ်လမ်းမျိုးတွေကို ဖန်တီးမနေနဲ့တော့"

"ရှင် ဒီလို ရက်ရက်စက်စက် စဉ်းစားနိုင်တဲ့အတွက် ရှင့်ကို ကျွန်မ ဘယ်တော့မှ ခွင့်လွှတ်တော့မယ် မထင်ဘူး၊ ဒါပေမဲ့ ကျွန်မကို တစ်ခုခုတော့ ပြောစမ်းပါဦး ပေါ့လေ၊ အက်ဒ်စ်နဲ့ ဖေဖေနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာကို ရှင် ဘယ်လိုလုပ်သိသလဲ၊ သာမန်ဆက်ဆံပေါင်းသင်းတာထက် လွန်ကဲတဲ့ ဆက်ဆံမှုမျိုး ရှိတယ်ဆိုတာ ရှင် ဘယ်လိုလုပ် သက်သေထူမလဲ"

"မင်းအဖေရဲ့ ရုံးကိုသွားပါ၊ သူ့စားပွဲနောက်နားက စင်ပေါ်မှာ ရှာကြည့်ပါ၊ ဖိုင်တွဲတွေ တွေ့လိမ့်မယ်၊ အက်ဒ်စ်စတိုင်း ပိုတာပေါလီးယတ် အကြောင်းတွေ စုဆောင်းထားတာ တွေ့ရလိမ့်မယ်၊ သူ့ရဲ့ နောက်ကြောင်းတွေကို စုံစမ်းထားတာ တွေ့ရလိမ့်မယ်၊ တခြားပြည်နယ်တွေမှာရှိတဲ့ ရဲအရာရှိတွေဆီကို စာရေးပြီး သူ စုံစမ်းခဲ့တယ်"

ထိုအခိုက် ကျွန်တော် ချောင်းပြန်ဆိုးလာပြန်သည်။ ဟင်နရီလိုက်ဖ်တန်က ရေတစ်ခွက်ခပ်ပြီး ကျွန်တော့်ရှေ့မှာ ချပေးသည်။ ထို့ကြောင့် ယူသောက်လိုက်သည်။

"အက်ဒ်စ်စတိုင်းပိုတာ ပေါလီးယတ်ရဲ့ နောက်ကြောင်းရာဇဝင်တွေ အပြည့်အစုံရတဲ့အခါမှာ သူ့အဖို့ အားလုံးအသင့်ဖြစ်သွားပြီ၊ ဒီအခါမှာ အက်ဒ်စ်ကို ငွေညှစ်ဖို့ ကြိုးစားတော့တာပဲ၊ အက်ဒ်စ်အကြောင်းကို ကျုပ် သိသလောက် ခင်ဗျားတို့ မသိပါဘူး၊ အက်ဒ်စ်ဟာ ဘယ်တော့မှ သူ့အိတ်ထဲက ငွေအထွက်ခံတဲ့ မိန်းမ မဟုတ်ဘူး၊ ငွေအညှစ်ခံမယ့်အစား သူ့ကို ငွေညှစ်နေကြောင်း ဖော်ပြမယ့် မိန်းမ"

ဟင်နရီလိုက်ဖ်တန်က လက်တစ်ဘက်ကို မြှောက်ပြသည်။

"တော်ပါတော့…တော်ပါတော့…ဒီအကြောင်းတွေ တရားရုံးရှေ့မှာ သွားအစစ်ခံရင် အရှုံးဖြစ်ကုန်မှာပေါ့၊ အက်ဒ်စ်ဟာ သူ့အထုပ်ကို လှုပ်



အလယ်မှာချပြီး ဘယ်ဖြေပြပါ့မလဲ၊ ဒီလိုလုပ်ရင်လည်း အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မှာပေါ့၊ ဂျွန်ဖိုက်ကလည်း သူ့ကို ဘယ်ဆက်ပေါင်းတော့မှာလဲ"

"အက်ဒ်စ်အကြောင်းကို ခင်ဗျား မသိပါဘူးဗျာ၊ မက်က သူ့ကို ငွေညှစ်တယ်၊ သူက ခါးခါးသီးသီး ငြင်းတယ်၊ ပြဿနာက ဒါပဲ၊ ငွေညှစ်ခံမရတော့ သတ်ပစ်တယ်၊ အက်ဒ်စ်အကြောင်း ကျုပ်လောက် ခင်ဗျားတို့ မသိပါဘူး"

"ဒါပေမဲ့ ဟင်နရီကလည်း အက်ဒ်စ်အကြောင်းကို သေသေချာချာ သိတယ်၊ လောင်ဒီစဘတ်တစ်နယ်လုံးမှာရှိနေတဲ့ လူတွေထက်ပိုပြီး ဟင်နရီက သိတယ်၊ သူ့ယောက်ျား ဂျွန်ဖိုက်ကလွဲရင်ပေါ့လေ၊ အက်ဒ်စ်နဲ့ ဟင်နရီလည်း တရင်းတနှီး ပေါင်းနေကြတာပဲ"

ဟု အင်ဒီက ဝင်ပြောသည်။

"ဒါပေမဲ့ ကိုယ်က အသိဆုံးပါ၊ အေး…တစ်ခုတော့ရှိတယ်၊ မက် အကြောင်းကိုတော့ ကိုယ်က မင်းလောက် ဘယ်သိနိုင်ပါ့မလဲ အင်ဒီ၊ မင်းတို့က သားအဖဆိုတော့ မင်းက ပိုသိရမှာပေါ့"

ကျွန်တော် ပြောချင်သည်များကို တဝကြီး ပြောချလိုက်ရပြီ။ ကျွန်တော် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကို လုပ်ပြီးသွားပြီ။ ထို့ကြောင့် ကျွန်တော် မောသွားပြီ။

"ဟင်နရီ…ကျွန်တော် အရက်သောက်တော့မယ်ဗျာ၊ ကျွန်တော် ပြောရမယ့်စကားတွေ ပြောပြီးပြီ"

သူက ခေါင်းညိတ်ပြသည်။ အရက်ပုလင်းကို လှမ်းဆွဲသည်။

"ဝီစကီပဲသောက်မယ် မဟုတ်လား၊ မောင်ရင်ပြောတာတွေက ယုံရမလိုတော့ ဖြစ်နေပြီ၊ ဒါပေမဲ့ ယုံရမလိုဆိုတဲ့ အဆင့်မှာပဲ ရှိသေးတယ်၊ လုံးလုံးလျားလျားတော့ မယုံနိုင်သေးဘူး"

ကျွန်တော့်ကို အရက်တစ်ခွက် ကမ်းပေးသည်။ ထိုင်ရာမှ ကျွန်တော် ထသည်။ အော်တိုမက္ကလိန်း၏ ရုံးခန်းထဲမှာ ရှိနေသော ဖိုင်တွဲအကြောင်း စဉ်းစားမိသည်။ ထိုဖိုင်တွဲကို သူ ဖျက်ဆီးပစ်လိုက်မည်ဆိုလျှင် ကျွန်တော့်အနေဖြင့် ဘာသက်သေခံအထောက်အထားမှ ပြစရာမရှိသည့် အခြေအနေမျိုးသို့ ဆိုက်ရောက်သွားနိုင်သည်။ ကျွန်တော့်ဘဝ၏ ကံကြမ္မာမှာ ထိုဖိုင်တွဲတစ်ခုတည်းပေါ်မှာသာ တည်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုကတည်းက ကျုပ် ရှင်းရှင်းလင်းလင်း ပြောထားရဦးမယ်၊ အခု မောင်ရင် ပြောပြတာတွေကို ရုံးတော်မှာ ကျုပ် မတင်ပြနိုင်ဘူး၊ အမှုက မောင်ရင် လွတ်အောင် တရားဥပဒေကြောင်းနဲ့ပဲ ကျုပ် ကာကွယ်မယ်"

သူပေးသည့် အရက်ကို သောက်လိုက်သောကြောင့် ကျွန်တော် ချောင်းဆိုးပြန်သည်။ မျက်ရည်များပင် ကျလာသည်။

"ဒါပေမဲ့ အော်တိုမက္ကလိန်းက…"

"အော်တိုမက္ကလိန်း ဘာမှမဖြစ်ပါဘူး၊ အော်တိုမက္ကလိန်းက သူ့ဇာတ်ကို သူနိုင်အောင် က,နိုင်ပါတယ် ငါ့လူရာ"

အော်တိုမက္ကလိန်း၏အသံ ပေါ်ထွက်လာသည်။

◆◆◆

## အခန်း (၁၆)

တံခါးပေါက်မှာ အော်တိုမက္ကလိန်း ရပ်နေသည်။ သူ့လက်ထဲမှာ သေနတ်ကိုင်ထားသည်။ ရဲအရာရှိယူနီဖောင်းကို ဝတ်ထားဆဲပင် ဖြစ်သည်။

"ပိုတာ…မင်း အလကားအကောင်၊ ငါ့ကို မင်း အရှုးလုပ်ခဲ့တယ်၊ မင်းကို တရားခံအစစ်လို့ ငါ ထင်ခဲ့တယ်"

အော်တိုမက္ကလိန်းက ပြောသည်။ သူ့လက်ထဲက သေနတ်ကို ကျွန်တော် လှမ်းကြည့်မိသည်။ သေနတ်က အလွန်ကြီးသည်ဟု ကျွန်တော် ထင်ပါသည်။

"ငါလို အတွေ့အကြုံ အင်မတန် များခဲ့တဲ့ ရဲအရာရှိတစ်ယောက်အနေနဲ့ ဒီအမှုမျိုးကိုပေါ်အောင် ဖော်ရမှာပေါ့ကွာ၊ ဒါပေမဲ့ မင်းစဉ်းစားတဲ့အချက်တွေကတော့ တော်တော်ကောင်းတာပဲ၊ မင်းဆီမှာတောင် သင်တန်းပြန်တက်ရမလို ဖြစ်နေပြီ"

"အို…ဘုရား…ဘုရား…ဖေဖေ"

အင်ဒီက သူ့အဖေကို လှမ်းအော်သည်။ ပြီးတော့ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုတော့သည်။

"မင်းရဲ့ ပြည်နယ်ရဲတပ်ဖွဲ့က ရဲအရာရှိကြီး ဘယ်ရောက်သွားပြီလဲ

www.burmeseclassic.com

www.burmeseclassic.com



ပိုတာ၊ မင်းကို ဒီမှာလာဖမ်းဖို့ မင်း ဖုန်းဆက်ထားပြီးပြီ မဟုတ်လား"

"ကျွန်တော် မသိပါဘူးခင်ဗျာ"

ကျွန်တော့်အသံကလည်း တုန်လှုပ်ချောက်ချားနေသည်ဟု ထင်ရသည်။

"မက်…ခင်ဗျား အားလုံးကြားပြီးပြီဆိုရင် အခု ခင်ဗျားပြောနေပုံကို ကြည့်ရတာတော့ အားလုံးကြားပြီးတဲ့ပုံပါပဲ၊ ဒီဇာတ်လမ်းကို ကျုပ် မယုံဘူး ဆိုတာလည်း ခင်ဗျား ကြားပြီးရောပေါ့"

ဟု ဟင်နရီလိုက်ဖ်တန်က လှမ်းပြောသည်။

"ခင်ဗျားစကားနဲ့ ပြောရမယ်ဆိုရင်တော့ ဘာမှကြောက်မနေနဲ့၊ ဟောဒီမှာ အော်တိုမက္ကလီန်း ရှိနေပြီ၊ အင်မတန်တော်တဲ့ ရဲအရာရှိလေ၊ တရားခံတွေကို အရှင်ရအောင် ဖမ်းတတ်တယ်၊ အမြဲတမ်းလည်း အရှင်ဖမ်းနိုင်ခဲ့တာပါပဲ"

"ဖေဖေ…ဖေဖေ"

အင်ဒီက ဝင်အော်ပြန်သည်။ မက်က တစ်ချက်ပြုံးလိုက်သည်။

"အင်ဒီ…သမီးရဲ့ ဖေတီဟာ အကျိုးအကြောင်း ခိုင်လုံအောင် တော်တော်ပြောနိုင်တာပဲ၊ အဲဒါတောင်မှ သူပြောတာတွေကို သမီး ဘာဖြစ်လို့ မယုံကြည်နိုင်ရတာလဲ"

အင်ဒီကလည်း ရိုးရိုးကလေးပင် ပြန်ပြောသည်။

"အရောင်းအဝယ်လုပ်ငန်းမှာတော့ ဖေဖေ တော်တော်ညံ့တာပဲ၊ ဒါပေမဲ့ ရဲလုပ်ငန်းမှာတော့ အင်မတန် တော်ပါတယ် ဖေဖေ"

"ဖေဖေသေရင် အုတ်ဂူပေါ်မှာ အဲဒီအတိုင်း စာတန်းထိုးပေးပါ၊ ဟင်နရီ ခင်ဗျားလက်နှစ်ဘက်စလုံး ကောင်တာပေါ်မှာ တင်ထားပါ"

ကျွန်တော် လန့်သွားသည်။ ပါးစပ်မှလည်း တစ်စုံတစ်ရာ ရေရွတ်လိုက်မိသည်။ ဘာလဲ…ဟူသော အသံလား၊ ဘယ်သူလဲ…ဟူသော အသံလား။ ဘာထွက်သွားမိမှန်း ကျွန်တော်ကိုယ်တိုင်ပင် အသေအချာ မသိလိုက်ရပါ။

"ဟင်နရီကလည်း မောင်ရင်ပြောတာတွေကို မယုံဘူး ပိုတာ၊ သူက ဘယ်လိုလုပ် ယုံမလဲကွ၊ မင်းမယားဟောင်းကို သူကိုယ်တိုင် လည်ပင်းညှစ်သတ်ပစ်ခဲ့တာပဲ"

"ဩ…ဇာတ်လမ်းနှစ်မျိုး တင်ဆက်တဲ့ ဇာတ်ရုံထဲကို ရောက်နေရတာကိုး"

ဟု ဟင်နရီလိုက်ဖ်တန်က ပြောသည်။



"လက်ဖတင်နင်ဂင်ဘယ်လ်လည်း ခဏကြာရင် ဒီကိုရောက်လာတော့မှာပါ၊ ခင်ဗျားတို့ ရောက်မလာခင်ကတည်းက ခင်ဗျားအခန်းတွေထဲကို ကျုပ် ဝင်ရှာပြီးပြီ ဟင်နရီ၊ ခင်ဗျားနဲ့ အင်ဒီ ရောက်လာကြတော့ ခင်ဗျားရဲ့ အဝတ်အစားဗီရိုထဲမှာ ကျုပ် ဝင်ပုန်းနေလိုက်တယ်၊ ခင်ဗျားက ရေမွှေး တအားသုံးတဲ့ လူပဲ၊ ကျုပ်ဖြင့် ဗီရိုထဲမှာ မွန်နေတာပဲ"

"ခင်ဗျား အခုပြောနေတာတွေကို အသံသွင်းထားရရင် ကောင်းမယ် ထင်တယ်မက်၊ ဇာတ်လမ်းပုံမှာအဖြစ် အပေါ်စားအသံလွှင့်ရုံကို ရောင်းစားရင် ရနိုင်တယ်"

ဟင်နရီလိုက်ဖ်တန်က ဣန္ဒြေမပျက် ပြန်ပြောသည်။

"အသံသွင်းလိုသပ,ဆိုရင် သွင်းနိုင်ပါတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျား လက်နှစ်ဘက်စလုံးကိုတော့ ဘားကောင်တာပေါ်မှာ တင်မြဲ တင်ထားပါ၊ လုံးဝ မရွေ့နဲ့"

"အရက်ကလေးတောင် ငှဲ့ထည့်လို့ မရဘူးလား"

ဟု ဟင်နရီလိုက်ဖ်တန်က မေးပြန်သည်။

"ကျုပ်မျက်နှာကို အရက်နဲ့ပက်ဖို့ မဟုတ်လား၊ မရဘူး ကိုယ့်လူ၊ လုံးလုံးမလှုပ်ပါနဲ့၊ ဒါမျိုးတွေ ကျုပ်က အံ့ခွနေပြီ ခင်ဗျားဟာ အကွက်ဆင်တဲ့ နေရာမှာတော့ တော်တော် တော်တဲ့လူပဲ၊ ကျုပ် ရေလိုက်လွဲခဲ့တယ်၊ ပိုတာ အနေနဲ့ အက်ဒစ်ကို သတ်မယ်ဆိုရင်လည်း သတ်လောက်တဲ့အကြောင်းတွေက ရှိနေတယ် မဟုတ်လား၊ ဒါပေမဲ့ တကယ်ကတော့ ခင်ဗျား သတ်ခဲ့တာ၊ သွေးအေးအေးနဲ့ ခင်ဗျား စီစဉ်ပြီး သတ်ခဲ့တာ"

"ခင်ဗျား ကျုပ်ကို မတရားစွပ်စွဲနေတာ ဟောဒီမှာ သက်သေ နှစ်ယောက် ရှိနေပြီနော်၊ အသရေဖျက်မှုနဲ့ ခင်ဗျားကို တရားစွဲလို့ရတယ်"

"စွဲပေါ့ဗျာ၊ အက်ဒစ်ဟာ ငွေသိပ်မက်တယ်၊ ကပ်စေးနှဲတယ်၊ ဒါပေမဲ့ ငွေလုံးငွေရင်းတွေ ဆုံးရှုံးမသွားဖို့အတွက်တော့ နည်းနည်းပါးပါး သုံးရဲတဲ့ မိန်းမပါ၊ ဒါကို ပိုတာ မသိဘူး၊ မင်းကတော့ မင်းကိုယ်မင်း အက်ဒစ်အကြောင်း သိပ်သိနေပြီလို့ ထင်နေတယ်၊ ယောကျ်ားနှစ်ယောက်စလုံး သူတို့လက်ထပ်ခဲ့ တဲ့ မိန်းမအကြောင်း သေသေချာချာ မသိတာကို ဒီအမှုစုံစမ်းရင်း ငါ သိလာရတယ်၊ ဒါတွေ ထားလိုက်ပါတော့၊ ဟင်နရီ ခင်ဗျားဟာ အင်မတန် တော်တဲ့ရှေ့နေတစ်ယောက် ဖြစ်ပါတယ်၊ ဥန်ဖိုက်ရဲ့ ဥပဒေရေးရာ အကြံပေး အရာရှိအဖြစ်နဲ့လည်း ဆောင်ရွက်နေတယ်၊ ဥန်ဖိုက် အက်ဒစ်နဲ့ လက်ထပ်တော့

www.burmeseclassic.com

www.burmeseclassic.com



သူပိုင်တဲ့ စည်းစိမ်ချမ်းသာတွေနဲ့ အက်ဒစ် မပတ်သက်နိုင်အောင် ဥပဒေကြောင်းအရ အကာအကွယ်တွေကို ခင်ဗျား လုပ်ပေးခဲ့တယ် မဟုတ်လား"

"မှန်တယ်၊ ဒါပေမဲ့ မက် ကျုပ်တာဝန်အရ သန့်သန့်ရှင်းရှင်း လုပ်ခဲ့တဲ့အလုပ်တွေကို ခင်ဗျားက ဘာကြောင့် ရှုပ်ထွေးအောင် လုပ်နေရတာလဲ"

ဟု ဟင်နရီလိုက်ဖ်တန်က မေးသည်။

အော်တိုမက္ကလိန်းက အားပါးတရ ရယ်သည်။

"ဟား…ဟား…ဒီလိုအကာအကွယ်တွေလုပ်ဖို့ လေ့လာရင်း အက်ဒစ်ဟာ သူ့အလျှင်ယောက်ျား ကားလ်စတိုင်းနဲ့ တရားဝင် ကွာရှင်းပြတ်စဲထားခြင်း မရှိသေးတာကို ခင်ဗျား သိသွားတယ်၊ ဘာကြောင့်လဲဆိုတော့ အက်ဒစ်က ငွေကုန်မခံချင်လို့ အရင်ယောက်ျားနဲ့ တရားဝင်မကွာဘဲ ဒီအတိုင်းထားပစ်ခဲ့ တယ်လေ၊ ဒါကိုလည်းသိရော ဒီနိုင်ကွက်ကို ကိုင်ဖို့ ခင်ဗျား ကြံစားတော့တာပဲ၊ မဟုတ်ဘူးလား"

ဟင်နရီလိုက်ဖ်တန်က ဘာမှပြန်မဖြေဘဲ ငြိမ်ပြီးနားထောင်နေသည်။

"တစ်နေ့ကျတော့ ကျုပ်ဆီကို အက်ဒစ် ရောက်လာတယ်၊ လောင်ဒီစဘာတ်မြို့မှာက အလွှတ်စုံထောက် မရှိဘူးလေ၊ ရှိမယ်ဆိုရင်လည်း ဘာမှအသုံးမကျတဲ့အကောင်တွေပဲ ဖြစ်မယ်၊ သူ့ကို ခင်ဗျား ငွေညှစ်နေတာ ရပ်တန်းကရပ်သွားအောင် လုပ်ပေးဖို့ ကျုပ်ကို ပြောတယ်၊ ဒီလိုလုပ်ပေးတဲ့အတွက် ကျုပ်ကို အထိုက်အလျောက် ငွေပေးပါ့မယ်လို့လည်း ပြောတယ်၊ အဲဒီအချိန်မှာပဲ စတိုင်းဆိုတဲ့လူနဲ့ ကျုပ် အမှတ်မထင် တွေ့လိုက်ရတယ်၊ သူက ကာလီဖိုးနီးယားပြည်နယ် စန်ဒိုင်ဂိုမြို့မှာ မော်တော်ကား တာယာကွန်ပေါင်းဆိုင် ဖွင့်ထားတယ်၊ လွန်ခဲ့တဲ့နှစ်ပတ်လောက်ကမှ နီဗားဒါးပြည်နယ်ကိုသွားပြီး အက်ဒစ်နဲ့ သူ ကွာရှင်းပြတ်စဲခဲ့ကြတယ်၊ ကုန်ကျတဲ့ စရိတ်တွေအားလုံးကို အက်ဒစ်က ကျခံတယ်"

"ဖေဖေ…သမီး တစ်ခါမှ စဉ်းစားမကြည့်ဖူးဘူး"

"အင်း…ဒါက တာဝန်နဲ့လည်း ဆိုင်တယ်လေ၊ ရဲလုပ်ငန်းနဲ့ ပတ်သက်ပြီး ဖေဖေ ခရီးထွက်ရင် ဘယ်ကိုသွားမယ်ဆိုတာ ကြိုတင်ပြောပြလေ့ မရှိဘူးလေ၊ နောက်ပြီးတော့ ဖေဖေ့အနေနဲ့ အခုလို ပြင်ပပုဂ္ဂိုလ်တွေရဲ့ အမှုတွေကိုပါ ကိုင်တွယ်ဖြေရှင်းပေးခွင့်ရှိတယ်"

"ဒါလည်း သမီး မစဉ်းစားမိဘူး"

"အဲဒီလို သူတို့နှစ်ယောက် တရားဝင်ကွာရှင်းပြတ်စဲလိုက်တဲ့ အကြောင်း ခင်ဗျားကို ပြန်မပြောဖို့ ကျုပ် တားထားခဲ့တယ်၊ ဒါကလည်း



ခင်ဗျား ဘာတွေလုပ်မယ်ဆိုတာ ရေဆုံးရေဖျား ကြည့်ချင်လို့ပဲ"

ကျွန်တော် နားရှုပ်လာပြန်သည်။ ထို့ကြောင့် ဘောင်းဘီအိတ်ထဲမှ စီးကရက်ဘူးကို နှိုက်သည်။ ပွန်ဖိုက်၏ ကားထိုင်ခုံအောက်မှ နှိုက်ပြီး ဘောင်းဘီအိတ်ထဲ ထည့်ခဲ့သော ကထာန်းခွကို စမ်းမိသည်။ အော်တိုမက္ကလိန်း၏ မော်တော်ကားကို တွေ့သဖြင့် သူနှင့် တိုက်ပွဲဖြစ်မည်ဆိုလျှင် လိုရမည်ရ သုံးနိုင်ရန် ယူလာခဲ့ခြင်း ဖြစ်သည်။

"ဒီအချိန်မှာပဲ အက်ဒစ် လည်ပင်းညှစ် အသတ်ခံသွားရတယ်၊ အစကတော့ ကျုပ် မသိခဲ့ဘူး၊ ခင်ဗျား သတ်ပစ်တယ်လို့ ကျုပ် မထင်ဘူး၊ ပွန်ဖိုက်ကို ကျုပ် စစ်ဆေးကြည့်တော့ အက်ဒစ်ရဲ့ ယောက်ျားတစ်ယောက်ဟာ ပေါလ်ပိုတာ ဖြစ်ကြောင်း သိရတယ်၊ ဒီအချိန်မှာပဲ ပေါလ်ပိုတာက ဒီမြို့ကို တိုက်တိုက်ဆိုင်ဆိုင် ရောက်နေတယ်၊ အက်ဒစ်ကို ဘဏ်တိုက်ရှေ့မှာ ပိုတာ လှမ်းမြင်လိုက်ရတယ်၊ ဒီအချိန်တုန်းက ပိုတာ မျက်နှာပျက်သွားတာကိုလည်း ကျုပ် သတိထားလိုက်မိတယ်၊ သူ့ဘဝကိုပျက်အောင် ဖျက်သွားတဲ့ မိန်းမ မဟုတ်လား၊ လူသတ်မှုဖြစ်လာတဲ့အခါမှာ ကျုပ်တို့က ပိုတာကို မသင်္ကာဖြစ်မိတယ်၊ ခင်ဗျားက ပိုတာတက်က ရှေ့နေခနည်းနည်းကလေးနဲ့ လိုက်ပေးဖို့ သဘောတူတယ်၊ ခင်ဗျား လိုတော်တဲ့ ရှေ့နေတစ်ယောက်က ဒါလောက် အခကြေးငွေ နည်းနည်းကလေးနဲ့ အမှုလက်ခံတယ်ဆိုတော့ စဉ်းစားစရာပဲ၊ ခင်ဗျားဘက်ကို မြားဦးမလှည့်ပဲ တခြားဘက်ကို မြားဦးလှည့်သွားအောင် ခင်ဗျား လုပ်လိုက်တာပဲ၊ ပိုတာကလည်း သူ့လွတ်မြောက်ရေးအတွက် တရားခံ အစစ်အမှန် ရအောင်ရှာတယ်"

"ကျွန်တော် လုပ်တာက…"

"တိတ်စမ်း…မင်း ဘာမှအသုံးကျတဲ့အကောင် မဟုတ်ဘူး"

အော်တိုမက္ကလိန်းက ကျွန်တော့်ကို လှမ်းအော်သည်။ ထို့ကြောင့် ကျွန်တော် စကားမဆက်သာဘဲ ဖြစ်သွားသည်။ ပြီးမှ သူက ဆက်ပြောပြန်သည်။

"မင်းပြောပြတဲ့ ဇာတ်လမ်းက တော်တော်ယုံချင်စရာကောင်းတယ်၊ ဒါပေမဲ့ ငါ့မှာ သက်သေပြစရာတွေ အများကြီး ရှိနေတယ်၊ အက်ဒစ် အသတ်ခံရတဲ့အချိန်တုန်းက မြို့ပြအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး ငါ တက်နေတယ်၊ အစည်းအဝေးပြီးတော့ မြို့တော်ဝန်က ငါ့ကို အိမ်လိုက်ပို့ပေးတယ်၊ အဲဒီနောက် အင်ဒီကို ခေါ်ဖို့ မင်း ရောက်လာတာပဲ"

"အို…"

ကျွန်တော် ထိုတစ်လုံးသာ အော်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းခုဘတ်လမ်းနဲ့ မင်းကတော့ ဟုတ်နေပြီပေါ့လေ၊ ဟော…ကားသံကြားတယ်၊ မင်း အင်မတန် အားကိုးတဲ့ ပြည်နယ်ရဲ့အရာရှိကြီး ရောက်လာပြီနဲ့တူတယ်၊ ဘယ်လောက်လျှင်မြန်ဖျတ်လတ်တဲ့ ရဲအရာရှိလဲ၊ မြင်းပြိုင်ပွဲမှာ နွားတစ်ကောင် ဝင်ပြိုင်သလိုပဲ"

"မက်…ခင်ဗျားနဲ့ ပြိုင်ဘက်ရဲ့အရာရှိတစ်ယောက် ရောက်လာပြီ၊ ဒီလိုအချိန်မျိုးမှာ ခင်ဗျား ကျုပ်ကို သေနတ်နဲ့ ပစ်ချင်တိုင်း ပစ်လို့မရနိုင်ပါဘူး၊ ကျုပ်လက်ကို ကျုပ်လှုပ်ရှားခွင့်ရှိတယ်၊ လက်လှုပ်တဲ့အတွက် သေနတ်နဲ့ ပစ်တယ်ဆိုရင်…"

"ဟင်နရီ…မလှုပ်နဲ့"

"ခေါင်းပေါ်မှာတော့ လက်မြှောက်ထားခွင့် ရှိတာပဲဗျာ၊ မဟုတ်ဘူးလား"

ဟင်နရီလိုက်ဖ်တန်က ပြောပြောဆိုဆို လက်နှစ်ဘက်ကို ခေါင်းပေါ်သို့ မြှောက်လိုက်သည်။ ရှပ်အင်္ကျီလက်က အောက်သို့ လျှောကျသွားသည်။ သူ့လက်ကောက်ဝတ်တွင် ငွေကွင်းကလေးတစ်ခုကို တွေ့ရသည်။

တစ်ပြိုင်တည်းမှာပင် အလွန်သေးငယ်သည့် ပစ္စတိုသေနတ်ကလေးတစ်လက် အင်္ကျီလက်အောက်မှ ထွက်လာပြီး သူ့လက်ထဲသို့ ရောက်သွားသည်။

ကျွန်တော်က ဘောင်းဘီအိတ်ထဲမှ ကဏာန်းခွကို ထုတ်ကာ ရုတ်တရက် လှမ်းပေါက်သည်။ သူ့ကို မထိပါ။ သူ့ဘေးမှာ ရှိနေသော အရက်ပုလင်းကို သွားထိသည်။ ပုလင်းကွဲပြီး ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားသည်။

သို့သော်လည်း အော်တိုမက္ကလိန်းက မလွဲပါ။

ဟင်နရီလိုက်ဖ်တန်ကို ချိန်အုပ်သည်။ သူ့လက်ထဲမှ ပစ္စတိုသေနတ်ဒင်က ဟင်နရီ၏ခေါင်းပေါ်သို့ အရှိန်ဖြင့် ကျသွားသည်။ နားထင်မှာ သွေးရဲကန်ဖြစ်သွားသည်ကို မြင်လိုက်ရသည်။ ပစ္စတိုသေနတ်ကလေးမှာလည်း ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။

ထိုအချိန်မှာပင် လက်ဖတင်နင်ဂင်ဘယ်လ် အခန်းထဲသို့ ရောက်လာသည်။ သူ့နောက်မှာ ရဲသားတစ်ယောက် ပါလာသည်။

"ဆောရီးပဲဗျာ၊ ကျွန်တော်တို့ ကားဘီးပေါက်သွားလို့ နည်းနည်းနောက်ကျသွားတယ်"

ဟု ဂင်ဘယ်လ်က ပြောသည်။

အော်တိုမက္ကလိန်းက ဘားကောင်တာနောက်မှ ထ,လာသည်။ အားပါး



တရလည်း ရယ်သည်။ ယခုတစ်ကြိမ် သူရယ်ခြင်းမှာ အမှန်တကယ် ရယ်ချင်သောကြောင့် ရယ်သည့်ပုံစံမျိုး ဖြစ်လေသည်။

"ဟား…ဟား…ဟား…တခြားကားတစ်စီးကို ငှိုင်ယာလက်နဲ့ လှမ်းခေါ်ဖို့ နည်းနည်းကလေးမှ မစဉ်းစားမိဘူးလား လက်ဖတင်နင်၊ ဒီခေတ်မှာ ရဲကားတွေအားလုံး ဝိုင်ယာလက်စက် တပ်ထားကြတယ်လေ၊ ပြည်နယ်ရဲအရာရှိကြီးတစ်ယောက် လုပ်နေပြီး ဒါလောက်ကလေးမှ မသိတာ အံ့သြပါရဲ့ဗျာ၊ ဟား…ဟား…"

လက်ဖတင်နင်ဂင်ဘယ်လ်မှာ ရှက်ကိုး ရှက်ကန်း ဖြစ်သွားလေသည်။

မက်က ဟင်နရီကို ဆွဲထူပေးသည်။ အခြေအနေကို ဂင်ဘယ်လ် ရိပ်စားမိသွားသည်။ ထို့ကြောင့် သူတို့နှစ်ယောက်ကြားသို့ ခုန်ဝင်သွားသည်။

"ရဲဘော်…ကက်ပတိန်ကို ထိန်းထားစမ်း"

ရဲသားက မက်၏ပခုံးပေါ်သို့ လက်တစ်ဘက် သွားတင်သည်။

မက်က ကျွန်တော့်ကို လှမ်းကြည့်ပြီး မျက်လုံးတစ်ဘက် မှိတ်ပြသည်။ ကျွန်တော့်ကို သူသဘောကျကြောင်း နားလည်လိုက်မိပါသည်။

လက်ဖတင်နင်ဂင်ဘယ်လ်က အိတ်ထဲမှ လက်ကိုင်ပဝါထုတ်ပြီး ဟင်နရီလိုက်ဖ်တန်၏ မျက်နှာပေါ်မှ သွေးများကို သုတ်ပေးသည်။

"ကျွန်တော့်ကားထဲမှာ ရှေးဦးသူနာပြုဆေးသေတ္တာရှိတယ် မစ္စတာလိုက်ဖ်တန်၊ ကျွန်တော် သွားယူပြီး ဆေးထည့်ပေးမယ်၊ ဒါပေမဲ့ ဆရာဝန်တစ်ယောက်ယောက်ကို ခင်ဗျား ဖုန်းဆက်ခေါ်လိုက်ရင် ကောင်းမယ်ထင်တယ်၊ ဆရာဝန်ရဲ့ ဆေးစာက နောက်ပိုင်းမှာ ကျွန်တော်တို့အတွက် အထောက်အကူအများကြီးပေးနိုင်မယ်"

ထိုအခိုက် အော်တိုမက္ကလိန်းက လှမ်းပြောသည်။

"လက်ဖတင်နင်…ကျုပ်သာဆိုရင် တရားခံကို သွေးသုတ်ပေးနေမယ့်အစား အဲဒီဘားကောင်တာနောက်မှာ ကျနေတဲ့ ပစ္စတိုသေနတ်ကို အလျင်ကောက်သိမ်းမိမှာပဲ၊ ခင်ဗျားလူနာက ကျုပ်ကို အဲဒီသေနတ်နဲ့ ခုခံဖို့ ကြိုးစားခဲ့တယ်လေ၊ ကျုပ်ကလည်း ဒါမျိုးတွေ အံ့ခွနေပြီဆိုတော့ ဘယ်ရမလဲဗျာ"

ဂင်ဘယ်လ်က မက်ကို လှည့်ကြည့်သည်။ ရဲသားက မက်၏ ပခုံးပေါ်မှာ လက်တစ်ဘက် တင်ထားနေဆဲ ဖြစ်သည်။

"ကက်ပတိန်…ကျွန်တော်ဟာ ခင်ဗျားရဲ့ ပိုင်နက်နယ်မြေထဲရောက်နေတဲ့အတွက် ဘာလုပ်ပိုင်ခွင့်မှ မရှိဘူးလို့ ထင်နေသလား၊ နယ်မြေအရာရှိတွေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မရိုးသားမှုနဲ့ ရက်စက်ကြမ်းကြုတ်မှုကို အရေးယူပိုင်ခွင့် ကျွန်တော့်မှာ ရှိနေတယ်ဆိုတာ သတိပေးပါရစေ''

''သိပ်ဟုတ်တာပေါ့ ကိုယ့်လူရာ၊ ပုဒ်မ-၂၉၁၁ နဲ့ အပုဒ်ခွဲ-၄ မှာ အတည့်အလင်း ဖော်ပြထားတယ်လေ၊ အဲဒီပုဒ်မတွေကို ကျုပ် ချိုးဖောက်နေတယ်လို့ ခင်ဗျား ထင်တယ်မဟုတ်လား''

ဟု မက်က ပြန်မေးသည်။

အင်ဒီက ရုတ်တရက် ရယ်ချလိုက်သည်။ သူရယ်ပုံမှာ စိတ်မနှံ့သူတစ်ယောက် စိတ်ဖောက်ပြန်ပြီး ရယ်သည့်ပုံစံမျိုး ဖြစ်နေလေသည်။ ထို့ကြောင့် ကျွန်တော်က သူ့ပခုံးကို လှမ်းကိုင်လိုက်ရသည်။ ခဏကြာတော့ သူ တည်ငြိမ်သွားလေသည်။

ဂင်ဘယ်လ်က မက်ကို လှမ်းကြည့်နေသည်။

''ဒါဟာ ရက်စက်ကြမ်းကြုတ်မှု မဟုတ်လို့ ဘာဖြစ်မလဲ ကက်ပတိန်၊ ရှေ့နေတစ်ယောက်ဟာ လက်နက်ကိုင်ဆောင်ခွင့် ရှိတယ်၊ ရဲအရာရှိတစ်ယောက်က သူ့ကို အကြောင်းမဲ့ နှိပ်စက်တော့မယ်ဆိုတာသိရင် ဟန့်တားပိုင်ခွင့်ရှိတယ်''

''ဟုတ်ရဲ့လား ကိုယ့်လူရာ၊ ကျုပ်လည်း ဒါလောက်တော့ ဥပဒေ တတ်ကျွမ်းပါသေးတယ်၊ ငါ့သား...မင်း လက်သိပ်ဖိမထားပါနဲ့ကွာ၊ ကျုပ်က အသက်ကြီးပြီ''

''တော်ပါတော့ ဖေဖေ၊ လက်ဖတင်နှင်ဂင်ဘယ်လ်ပါ ဖေဖေ့ရန်သူ ဖြစ်သွားပါဦးမယ်၊ ဖေဖေတို့ နောက်ထပ် အလုပ်အတူတူ ဆက်လုပ်ရမှာတွေ အများကြီး ရှိပါသေးတယ်''

ဟု ကျွန်တော့်ဘေးမှာ ရှိနေသော အင်ဒီက ဝင်ပြောသည်။

''အရေးမကြီးတော့ပါဘူး သမီးရယ်၊ ဖေဖေ ဒီပြည်နယ်ကနေ တခြားကို ပြောင်းတော့မယ်၊ စက်ရုံကြီးတစ်ခုမှာ လုံခြုံရေးတာဝန်ခံအဖြစ် အလုပ်သွားလုပ်တော့မယ်၊ အဲဒီစက်ရုံမှာရှိနေတဲ့ အလုပ်သမားဦးရေက ဒီနယ်မှာ ရှိနေတဲ့ လူဦးရေထက်တောင် များပါသေးတယ်''

လက်ဖတင်နင်ဂင်ဘယ်လ်မှာ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေပုံရသည်။ အော်တိုမက္ကလိန်း စကားပြောနေပုံမှာ ဥပဒေကို ချိုးဖောက်လိုက်မိသူ တစ်ယောက်ကဲ့သို့ မဟုတ်။ ကျွန်တော်လို လူသတ်သမား၏ ရင်ခွင်ထဲမှာ ရှိနေသော အင်ဒီကလည်း လူကြီးဆန်ဆန် စကားပြောနေသည်။ အနှိပ်စက်ခံရသည်ဟု သူထင်သော ဟင်နရီလိုက်ဖ်တန်က ရေငုံနှုတ်ပိတ်နေသည်။



ရဲသားက မက်၏ပခုံးပေါ်မှလက်ကို ရုပ်လိုက်သည်။

''အက်ဒစ်စတိုင်းပိုတာ ဟေးလီးယတ်ကို ဟင်နရီလိုက်ဖ်တန်က သတ်ခဲ့တယ်၊ ဒီအကြောင်းတွေ သူ့ကို ပြောပြနေတုန်း ဟောဟို ဘားကောင်တာနောက်မှာကျနေတဲ့ ပစ္စတိုသေနတ်နဲ့ ကျုပ်ကို သူပစ်ဖို့ ကြိုးစားခဲ့တယ်၊ ဒါကြောင့် သူ့ကို ခုန်အုပ်ပြီး နားထင်ကို သေနတ်ဒင်နဲ့ ရိုက်လိုက်တာ''

လက်ဖတင်နင်ဂင်ဘယ်လ်က ဟင်နရီလိုက်ဖ်တန်ကို လှည့်ကြည့်သည်။

''ကျွန်တော် ဘာမှမပြောလိုတော့ပါဘူးဗျာ''

ဟင်နရီလိုက်ဖ်တန်က ထိုမျှသာပြောပြီး မျက်နှာကို တစ်ဘက်သို့ လွှဲသွားလေသည်။

လက်ဖတင်နင်ဂင်ဘယ်လ်က အတွင်းအိတ်ထဲမှ ခဲတံတစ်ချောင်းကို နှိုက်ယူသည်။ ဘားကောင်တာနောက်သို့ သွားသည်။ ကြမ်းပေါ်မှ ပစ္စတိုသေနတ်ပြောင်းဝထဲသို့ ခဲတံသွင်းကာ ကလော်ယူပြီး ဘားကောင်တာပေါ်တင်သည်။ ဘေးအိတ်ထဲမှ စာအိတ်တစ်လုံးကို ထုတ်ပြန်သည်။ ထိုစာအိတ်ထဲသို့ ပစ္စတိုသေနတ်ကို ခဲတံနှင့် ကလော်သွင်းသည်။

''အောင်မယ်...လုပ်ပုံကိုင်ပုံ တယ်သေသပ်ပါလားဗျ''

ဟု အော်တိုမက္ကလိန်းက လှမ်းပြောသည်။

ဂင်ဘယ်လ်က ရဲသားကို မော့ကြည့်သည်။

''မင်း လက်ရေးတို မတတ်ဘူးထင်တယ်၊ ကောင်းပြီလေ...မော်တော်ကားဆီ ပြန်သွား၊ လက်ရေးတိုတတ်တဲ့ ရဲသားတစ်ယောက် အမြန်ဆုံးလာပါလို့ ဝိုင်ယာလက်နဲ့ပြော၊ ကက်ပတိန်မက္ကလိန်းရဲ့ ထွက်ဆိုချက်ကို ယူရမယ်''

''နောက်မှလုပ်ပါဗျာ...နောက်မှလုပ်ပါ၊ ခင်ဗျား တပည့်တစ်ယောက်ယောက်ကို ကျုပ်ရုံးလွှတ်လိုက်ပါ၊ ကျုပ် ထွက်ဆိုချက်က ဘယ်အချိန်ယူယူ ဖြစ်တာပဲ''

''ဟုတ်ပါတယ်ခင်ဗျာ၊ ဒါလည်း မှန်ပါတယ်''

ဟု ဂင်ဘယ်လ်က ပြန်ပြောသည်။

''ခင်ဗျား မော်တော်ကား ဘီးပေါက်မသွားဘူးဆိုရင် စောစောက ကျုပ်ပြောတဲ့စကားတွေကို ခင်ဗျား ကြားရမယ်၊ ဒါပေမဲ့ ရဲလုပ်ငန်းဆိုတာ အမြဲတမ်း အချိန်မီတော့ ဖြစ်မနေနိုင်ဘူး မဟုတ်လား၊ ရှေ့တစ်နေ့ နောက်တစ်နေ့ပေါ့လေ၊ ကဲ...သူ့ကို ခေါ်သွားတော့ လက်ဖတင်နင်၊ ကျုပ် အခန်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ထားချင်ထား၊ ခင်ဗျားတို့ ပြည်နယ်ရဲတပ်ဖွဲ့ဌာနချုပ်ကို ခေါ်ချင်ရင်လည်း ခေါ်သွား”

“ခရိုင်ရှေ့နေကြီးတော့ တော်တော်ဦးနှောက်ခြောက်သွားဦးမှာပဲ၊ ဟင်နရီလိုက်ဖ်တန်လို လူစားမျိုးကို ရုံးတင်တရားစွဲဖို့ဆိုတာ သိပ်လွယ်တာ မဟုတ်ဘူးလေ၊ သူကလည်း ဥပဒေကို အရည်ကျိုသောက်ထားတဲ့ လူမဟုတ်လား”

ထိုစကားကြားသောအခါ အော်တိုမက္ကလိန်းက ဂင်ဘယ်လ်ကို မော့ကြည့်သည်။ ပြီးတော့မှ တည်ငြိမ်သော လေသံဖြင့် ပြောသည်။

“အော်တိုမက္ကလိန်း လိုက်တဲ့အမှုဟာ ဘယ်တော့မှ ဟာကွက်ပျောက်ကွက် မရှိဘူး၊ အော်တိုမက္ကလိန်း စုံစမ်းပြီဆိုရင် အမှန်ပေါ်စမြဲပဲ၊ အော်တိုမက္ကလိန်း ဖမ်းပြီဆိုရင် တရားခံ အစစ်အမှန်ပဲလို့သာ သဘောထားလိုက်၊ ကဲ…သူ့ကို ခေါ်သွားတော့၊ ကျုပ်မှာ လုပ်စရာအလုပ်တွေ အများကြီး ကျန်နေသေးတယ်၊ ကျုပ်တို့ရဲ့ တိရစ္ဆာန်အစားအစာနဲ့ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးကုမ္ပဏီကို အင်ဒီတစ်ယောက်တည်း အုပ်ချုပ်သွားလို့ မဖြစ်နိုင်ဘူး၊ လူစားရှာမရသေးရင် ကျုပ်လည်း စက်ရုံက လုံခြုံရေးတာဝန်ခံအလုပ်ကို လက်ခံနိုင်ဦးမှာ မဟုတ်ဘူး၊ ပိုတာ…မင်း ဘယ်လိုသဘောရသလဲ၊ မင်းလည်း အရောင်းအဝယ်လုပ်ငန်းတွေ လုပ်နေခဲ့တဲ့လူပဲ၊ မင်း ကုမ္ပဏီက သူဌေးက မင်းလည်း ဒုက္ခရောက်တော့မယ် ကြံရော မင်းကို ကျောခိုင်းသွားတယ်လေ၊ အဲဒီလို လူမျိုးဆီမှာ မင်း အလုပ်ပြန်လုပ်ချင်သေးရဲ့လား၊ ဒါမှမဟုတ် မင်းကို ဒုက္ခပေါင်းစုံထဲက ဆွဲထုတ်ကယ်တင်လိုက်တဲ့ အော်တိုမက္ကလိန်းလို လူစားမျိုးအတွက် အလုပ် လုပ်မပေးချင်ဘူးလား”

ရင်ခွင်ထဲမှာရှိနေသော အင်ဒီကို ကျွန်တော် တင်းတင်းကြီး ပွေ့ထားလိုက်မိလေတော့သည်။

◆◆◆

အထောက်တော်လှအောင်